ဒေါက်တာသက်လှိုင်

# ဆင်းရဲတွင်းမှရုန်းထွက်ခြင်း

# (FREE FROM POVERTY)



DESIGN BY WIN THEIN

# ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်း

***FREE*** FROM ***POVERTY***

ဒေါက်တာသက်လွင်

ဒို့တာဝန်အရေး သုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | - | ဒို့အရေး။ |
| တိုင်းရင်းသား စည်းလုံးညီညွတ်ရေး | - | ဒို့အရေး။ |
| အချုပ်အခြာအာဏာတည်တံ့ရေး | - | ဒို့အရေး။ |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မာတိကာ


| ခေါ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာစာ | ၅ |
| (က) | **စီးပွားရေး အတွေးအခေါ်များ** | |
| ၁။ | ရည်မှန်းချက်နှင့် အောင်မြင်မှု | ၉ |
| ၂။ | ကြီးပွားချမ်းသာ နည်းလမ်းရှာ | ၁၂ |
| ၃။ | ငါလိုဖြစ်ချင် ငါလိုလုပ် | ၁၅ |
| ၄။ | လုပ်အားစွမ်းအင် မြှင့်ကြစို့ | ၂၅ |
| ၅။ | အသုံးနှင့် အဖြုန်း | ၂၇ |
| ၆။ | လက်မှုနိုင်ငံမှ စက်မှု နိုင်ငံသို့ | ၃၂ |
| ၇။ | ကြီးပွားချမ်းသာ အကြောင်းအရင်း | ၄၀ |
| ၈။ | ဝါသနာနဲ့ ယုံကြည်ချက် | ၄၄ |
| ၉။ | သုတေသန ပြုလုပ်ကြ | ၄၈ |
| (ခ) | **စီးပွားရေး အခြေအနေများနှင့် စီးပွားရေးနယ်ပယ်** | |
| ၁၀။ | နယ်စပ် ကုန်သွယ်ရေး တစေ့တစောင်း | ၅၁ |
| ၁၁။ | မဲဆောက်မြို့ | ၅၇ |
| ၁၂။ | မြဝတီမြို့ | ၆၈ |
| ၁၃။ | ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ | ၇၇ |
| ၁၄။ | စက်မှုစွမ်းအား ခေတ်ကျော်လွှား | ၈၀ |
| ၁၅။ | ဟဲလို၊ ဟဲလို | ၈၄ |
| ၁၆။ | ထုတ်ကုန် နှစ်ဆ တိုးမြှင့်ကြ | ၈၉ |
| ၁၇။ | အာရှစီးပွားရေးကပ်ကြီး | ၉၄ |
| (ဂ) | **စီးပွားရေး ဗဟုသုတ** | |
| ၁၈။ | ဘာလို့ရတာအကုန်စိုက် | ၉၆ |
| ၁၉။ | ပဲစင်းငုံရွှေခေတ် | ၁၀၂ |
| ၂၀။ | မန်ကျည်းပင် ရွှေခေတ် | ၁၀၆ |

၂၁။ သနပ်ခါးနိုက်ပျိုး ဝင်ငွေတိုး
၂၂။ စားလိုလျှင် မွေးကြပါ
၂၃။ ကြက်သားစားမလား
၂၄။ ကြွေးတင်ရင် ဝက်မွေးပါ
၂၅။ ရှင်မတောင်ပျားရည်
၂၆။ မြန်မာနိုင်ငံမှ တိုက်ကြက်ဖများ
၂၇။ တိုးတက်များပြား ခရီးသွားလုပ်ငန်း
၂၈။ ရှာဖွေစီးပွား လွန်ထူးခြား
၂၉။ နွားနှာခေါင်းကြိုးဈေးကွက်
၃၀။ ပန်းပဲဈေးကွက်
၃၁။ ရန်ကုန် ကြက်သားဈေးကွက်
၃၂။ ပုဂ္ဂလိက သစ်ထုတ်လုပ်ငန်း
၃၃။ သစ်တော သယံဇာတ ထိန်းသိမ်းကြ
၃၄။ ထင်ပေါ်လျှင် စင်ပေါ်မှကောက်
၃၅။ မဲဆောက်မြို့မှ ကိုရေဂဲ
၃၆။ လျှပ်စစ်မီးဖို ချွေတာသုံးစွဲကြပါစို့
၃၇။ ကြည်ကြည်နဲ့ပီအောင် မြည်မြည်ဆိုကြစို့
၃၈။ သာယာရွှေပြည်
၃၉။ ဗဟုသုတအဖြာဖြာ
၄၀။ ဟိုတစ်ချိန်က ဖားကန့်
၄၁။ ကြက်ဥကြက်သား များများစားဖို့ ပြင်ထားကြ
၄၂။ ထော်လာဂျီမြို့တော် ပခုက္ကူ
၄၃။ မြန်မာ ဂျစ်ကား စီးမလား
၄၄။ ပခုက္ကူမြို့မှ နွားဆွဲကားလှည်း
၄၅။ ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ၊
လေလွင့်မှန်သမျှကာကွယ်ကြ
၄၆။ ဒေါ်လာရဖို့ ကြယ်လိပ်မွေးကြစို့
၄၇။ အမွေပေးဖို့ ထန်းစိုက်စို့
၄၈။ ရွှေနိုင်ငံ သို့မဟုတ် သယံဇာတ ပေါကြွယ်ဝသည့်
မြန်မာနိုင်ငံ
၄၉။ အထူးခွဲစိတ်ဆရာကြီး

■

# စာရေးသူ၏အမှာစာ

"ကျန်းမာချမ်းသာကြပါစေခင်ဗျား" ဤစကားလေး ရှစ်လုံး [illegible] တိုသော်လည်း အဓိပ္ပာယ်ကား ထိလှ၏။ မိလှ၏။ လိုရင်းကို [illegible]ိုင်းဖြင့် ရေးသားထားခဲ့ကြ၏။ ပြောဆိုခဲ့ကြ၏။ လူ့လောကတွင် ကျန်းမာခြင်းနှင့် ချမ်းသာခြင်းဆိုသည်မှာ အလိုအပ်ဆုံး လာဒ်နှစ်ပါး ဖြစ်ပါ၏။ ကျန်းမာခြင်း ဆိုသည်မှာ လူတိုင်းလူတိုင်းအတွက် သဘာဝ တရားမှ အထိုက်အလျောက် ပေးကမ်းထားပြီး ဖြစ်၍ အထူးဆုလာဒ် [illegible]ောင်းရန်ပင် မေ့နေကြ၏။ မကျန်းမာသူများကသာလျှင် ကျန်းမာ ခြင်းကို သတိပြုမိကြတော့၏။ ချမ်းသာခြင်းကတော့ အာဏာရှိသူ များကလည်း လိုချင်ကြသည်။ သုံးမကုန်၊ ဖြုန်းမကုန်အောင်၊ ထားစရာ ရှိအောင် ချမ်းသာနေသူများကလည်း အလိုရှိသည်။ စားစရာ မရှိသူ များကလည်း အလိုရှိသည်။ ထို့ကြောင့် ချမ်းသာခြင်းဆိုသည်မှာ အသိ ဉာဏ် ဝင်လာသည့် အရွယ်မစပြီး သေခါနီး အရွယ်အထိ လူတိုင်း [illegible]ိုင်း တောင့်တကြသော လာဒ်တစ်ပါး ဖြစ်ပါ၏။ ချမ်းသာခြင်းကို [illegible]ယာ ပုဂ္ဂိုလ်များမှတစ်ပါး၊ အခြားအခြားသော လူသားတိုင်းသည် [illegible] ရှာဖွေနေကြ၏။ သို့သော် ကြိုးစားမှုကတော့ အတော် အား [illegible] ခနေကြသည်ကို တွေ့မြင်နေရ၏။ ပါးစပ်က ခန္ဓာကိုယ်က ချမ်းသာ [illegible] [illegible]ောင်းတတတ်ကြ၏။ ဉာဏ်က၊ ဝီရိယက ချမ်းသာအောင်

လုပ်ကြသူ အတော်နည်းပါးကြ၏။ ချမ်းသာခြင်း အကြောင်းများ
လည်း လေ့လာသူ၊ မှတ်သားသူ၊ လိုက်နာသူ ဦးရေမှာ အတော် နည်
၏။ မရှိတာထက် မသိတာခက်ဟု ဆိုကြ၏။ ထို့ကြောင့် ဤစာ
သည် သိမှုအတွက် အကျိုးပြုမှာ ဖြစ်၏။ ချမ်းသာခြင်း အကြေ
များကို မြတ်စွာဘုရားကိုယ်တိုင်မှပင် ဟောကြားထားခဲ့ပါ၏။ သို့
လိုက်နာသူ မည်မျှ ရှိပါသနည်း။ ကျွန်တော်သည် စီးပွားဥစ္စာ ချမ်း
ခြင်းနှင့် သက်ဆိုင်သော စာအုပ်စာပေများကို လေ့လာခဲ့သော်လ
အများအားဖြင့် ယေဘူယျသဘောတရားမျှသာ ဖြစ်ပါ၏။ ဂျပန်
တွင် အလွန် အောင်မြင်နေသော စီးပွားရေး လုပ်ငန်းရှင်ကြီး
၁၆၃ ဦးတို့ထံ သွားရောက်တွေ့ဆုံပြီး ယခုကဲ့သို့ ချမ်းသာခြင်
မည်သည့် စာပေများကြောင့်ပါနည်းဟု စာရေးဆရာ သုတေသီ တ
က မေးခဲ့၏။ "ကျုပ်တို့မှာဗျာ အလုပ်ကမအားတော့ ဘာစာ
မဖတ်အားပါဘူး။ ကျုပ်တို့ရဲ့ လမ်းညွှန်ချက်ကတော့ ဟိုန်ပေါ်မှ စ
တွေပါပဲ" ဟူ၍ ဖြေဆိုကြသည်။

"အလုပ်ဟူသမျှ ဂုဏ်ရှိစွ"

"ယနေ့ အကြွေးမပေး"

စသည်ဖြင့် တိုတောင်းလှသော ဆုံးမစာကလေးများ ဖြစ်သ
ဆို၏။ ထို့ကြောင့် ကျွန်တော်သည် ချမ်းသာခြင်း၏ အဆိုအမိန့်များ
စာအုပ်ကြီးများမှာ မရှာတော့ပဲ အမှန် ချမ်းသာ ကြီးပွားနေသူများ
သာ တွေ့ဆုံပြီး တစ်လုံးစ၊ နှစ်လုံးစ မေးမြန်းခဲ့ပါသည်။ တစ်ဦး
အယူအဆသည်လည်း တစ်ဦး၏ အယူအဆနှင့် မတူကြပါ။ ဥပမ
ကျွန်တော့်ဖခင်၏ အမြဲမပြတ် ဆုံးမနေသော စကား သုံးခုရှိသည်

(က) "ရေရှားတဲ့ နေရာမှာလည်း မနေနဲ့ကွ၊ ငွေရှားတဲ့ နေ
မှာလည်း မနေနဲ့ကွာ"

(ခ) "မယားလဲ မမြောင်နဲ့ကွာ၊ ကားကိုလဲ မထောင်နဲ့ကွာ

(ဂ) "မြို့သို့ ပြောင်းတာကိုလည်း နောက်မကျနဲ့ကွာ၊ ယော
ထုံး ဖြတ်တာကိုလည်း နောက်မကျနဲ့ကွာ" ဆိုပြီး သူ၏ ညီတော်မော
ဦးပြုံးဆိုသူ၊ ယောင်ထုံးကြီးဖြင့် ပုဂ္ဂိုလ်အား ပြောခဲ့သည်။

ထိုကဲ့သို့ ကြီးပွားချမ်းသာသူများ၏ ဘဝ အတွေ့အကြုံမှ ခံစားချက်ဖြင့် ပေါ်ထွက်လာသော စကားများကို စုစည်းပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် မကြာခဏ ဆောင်းပါးများကို ရေးခဲ့ပါသည်။ ထိုကဲ့သို့ ကြီးပွားချမ်းသာသူများ၏ ကိုယ်တွေ့ အလုပ်များကို စီးပွားရေး ပညာရှင်ကြီးများ၏ အဆိုအမိန့် အချို့နှင့် နိုင်ငံတော်၏ အခြေခံ ဘဝတရားကြီးများတို့ ပေါင်းစပ်ပြီး ဤစာအုပ်ကို ရေးသား ထုတ်ဝေ လိုက်ရခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါသော ဆောင်းပါးများသည်။ အမိန့်ပေးခြင်း မဟုတ်ပါ။ နမူနာပြခြင်း ဖြစ်ပါသည်။ နမူနာတို့ကို အတုယူပြီး ကိုယ်တိုင် လုပ်ကြည့်ကြရန် တိုက်တွန်းအပ်ပါသည်။ ဤစာအုပ်သည် ကြီးပွား ချမ်းသာရေးအတွက် အကျိုးများစေကာမူ လူဆင်းရဲဘဝမှ ရုန်းထွက်နိုင်ရန်တော့ ကူညီ နိုင်မည်မှာ ဧကန် ဖြစ်ပါသည်။

ဤစာအုပ်တွင် စီးပွားရေး အဆိုအမိန့်များကို ပညာရှင်များ၏ အဆိုအမိန့်များနှင့် အမှန်တကယ် ကြီးပွား ချမ်းသာနေသူများ၏ ပြောစကားများဖြင့် ပေါင်းစပ် ရေးသားထားပါသည်။ ဒုတိယ အပိုင်းတွင် နိုင်ငံတော်၏ စီးပွားရေး ပတ်ဝန်းကျင်ကို သိရှိရန် ရေးသား ထားပါသည်။ တတိယအပိုင်းတွင် အမှန်တကယ် ကြီးပွား ချမ်းသာနေသူများ၏ အကြောင်းများကို အမှန်တကယ် ရှာဖွေ တင်ပြထားပါသည်။ ထိုသို့ ရှာဖွေ တင်ပြရာတွင် ရေနံသူဌေးကြီးများ၊ မော်တော်ကား ထုတ်လုပ်သူ သူဌေးကြီးများ၊ ကုမ္ပဏီ ပိုင်ရှင်ကြီးများ ကဲ့သို့ လက်လှမ်း မမှီနိုင်သော ပုဂ္ဂိုလ်ကြီးများ၏ အကြောင်းအရာများကို မတင်ပြ၊ မဖော်ပြပါ။ အများနှင့် အံဝင် ဂွင်ကျ ကိုက်ညီသော အခြေအနေများ မဟုတ်ပါ။ သူတို့ကို အားကျမသွားပဲ၊ ငါတို့ ကံကိုက ညံ့ပါတယ်ကွာ ဆိုတာမျိုး ဖြစ်ပြီး ဘဝကို လက်လျော့၊ ကံတရားကိုသာ အားကိုးသွားတတ်သည့် ကြီးကျယ် ခန့်ညားသော လူပုဂ္ဂိုလ်ကြီးများကို အတုယူ မခိုင်းလိုပါ။ ထို့ကြောင့်၊ လက်လှမ်းမှီသော စီးပွားရေး လုပ်ငန်းရှင်အချို့၏ ဘဝကို ထုတ်ဖော်ပြ ရေးသားပါသည်။ ဤစာအုပ်ပါ အကြောင်းအရာများသည်

ကင်ဆာပျောက် ဆေးများမဟုတ်ပါ။ မြန်မာ တိုင်းရင်းဆေး လျက်ဆား မျိုးသာ ဖြစ်ပါသည်။

ဤစာအုပ်သည် သာမန် ဆင်းရဲသားဘဝမှ ရုန်းထွက်ရေး အတွက် စီးပွားရေးရာ အဖြာဖြာ ဖြစ်ကြောင်းပါခင်ဗျား။

ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်းဟုပင် ဆိုခြင်ပါ၏။

ဒေါက်တာသက်လွင်

၂၀–၁၁–၂၀၀၀

■



ဂန့်ဂေါမြို့ စာပေဟောပြောပွဲမှာ စာရေးသူ

# (က) စီးပွားရေး အတွေးအခေါ်များ

## ရည်မှန်းချက်နှင့် အောင်မြင်မှု

ယနေ့ကမ္ဘာပေါ်တွင် ထင်ပေါ် ကျော်ကြားနေသူများ အားလုံးသည် ကြိုးစားခဲ့သူများသာ ဖြစ်ပါတယ်။ မိဘ အမွေအနှစ်တွေ တစ်ပုံကြီး ရခဲ့သူများ မဟုတ်၊ အောင်မြင်မှု ရလိုလျှင် လမ်းတစ်ခုခုကို ခိုင်ခိုင်မြဲမြဲ ချမှတ်ရမည်သာ ဖြစ်သည်။ ရည်မှန်းချက် ဆိုသည်မှာ ရည်သည်၊ ရည်ရွယ် ထားသည်။ မှန်းသည်၊ မှန်းဆထားသည် ဟူသော အဓိပ္ပာယ်သာ ဖြစ်၏။ ဦးတည်ချက် တစ်ခုခုဆီသို့ ရည်ရွယ် မှန်းဆပြီး သွားမှသာလျှင် လိုအပ်သော ခရီးပန်းတိုင်သို့ ရောက်မည်ဖြစ်၏။ ရည်မှန်းချက် မရှိသောသူသည် တက်မပါသော လှေကဲ့သို့ ဖြစ်သည် ဟူသော စကားပုံသည် အလွန်မှ မှတ်သားဖွယ်ရာ ကောင်းလှပါ၏။

သင်သည် ကြီးပွား တိုးတက်လိုလျှင် ရည်မှန်းချက် တစ်ခုခုကို အရင်ဆုံး ချမှတ်ရမှာ ဖြစ်၏။ ရည်မှန်းချက်ကို ချမှတ်ရာတွင် နည်းလမ်း သုံးသွယ်ဖြင့် ချမှတ်နိုင်၏။

PLAN စီမံကိန်းစီမံချက်

TARGET လျာထားချက်

STANDARD စံနှုန်း

သင်၏ ရည်မှန်းချက်ကို ရွေးချယ်ရာတွင် ထိုနည်းလမ်း သုံးသွယ်ကို အသုံးပြုသင့်၏။ PLAN ခေါ် စီမံကိန်း၊ စီမံချက် ဆိုသည်မှာ ငါသည် သူဌေးကြီး ဖြစ်ရပါမည်။ လုပ်ငန်း သို့မဟုတ် အစိုးရဝန်ထမ်းများ၏ လူကြီးဖြစ်ရပါမည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီး ဖြစ်ရပါမည် စသည်တို့ ဖြစ်သည်။ လျာထားချက် TARGET ရှိသည် ဆိုသည်မှာ အသက် ၅၀ ပြည့်လျှင် ငါသည် နိုင်ငံကျော် ပုဂ္ဂိုလ်ဖြစ်ရမည်။ သို့မဟုတ် ငွေကျပ် သိန်း ၁၀၀ ချမ်းသာရမည် စသည်ဖြင့် ပိုမိုတိကျသော ကိန်းဂဏန်း သို့မဟုတ် ရာထူး အဆင့်၊ လူနေမှုအဆင့်ကို ချမှတ်ရမည် ဖြစ်၏။ STANDARD စံနှုန်းဆိုသည်မှာ ငါ့မှာ သူငယ်ချင်း ၁၀ ဦး ရှိသည်။ အခင်မင်ဆုံး သူငယ်ချင်း ၁၀ ဦးကို ရွေးချယ်လိုက်ပါ။ ငါသည် ထိုသူငယ်ချင်း ၁၀ ဦးတို့အနက် အတော်ဆုံး ဖြစ်ရမည်ဆိုပြီး ဆုံးဖြတ်လိုက်ပါ။ ငါသည် ထိုသူငယ်ချင်း ၁၀ ဦးအနက် စံနမူနာပြုခံရသူ ဖြစ်အောင် လုပ်ပြမည်။ ဤသို့ဆိုလျှင် ရည်မှန်းချက်တစ်ခုခုကို ရရှိလာပြီဖြစ်၏။ ထိုရည်မှန်းချက်ကို အောင်မြင်စေရန်အတွက် နည်းလမ်း သုံးသွယ်ဖြင့် ကြိုးစားရမည် ဖြစ်၏။

၁။ DESIRE လိုချင်သောစိတ်

၂။ EFFORT ကြိုးစားအားထုတ်မှု

၃။ METHOD နည်းလမ်း

DESIRE = လိုချင်သော စိတ်ဆိုသည်၏ ကိုယ်မှာ ရည်မှန်းချက်ကို အမှန်တကယ် လိုချင်သောစိတ် ရှိရမည်။ အိပ်နေလည်း ဒီစိတ်၊ စားနေလည်း ဒီစိတ်၊ သွားနေလည်း ဒီစိတ် ဖြစ်နေရမည်။ လိုချင်သော စိတ်ပြင်းထန်လျှင် ပြင်းထန်သလောက် အောင်မြင်မည် ဖြစ်၏။ နည်းလျှင် နည်းသလောက် အောင်မြင်မှု နည်းမည်။ ထို့ကြောင့် ကိုယ့်ရဲ့ ရည်မှန်းချက်ကို လိုချင်သော မိမိ၏ စိတ်အားအရှိန် မြင့်သည်ထက် မြင့်အောင် လေ့ကျင့်ပေးရမည်။ ကြီးပွားသူသည် မရောင့်ရဲ၊ ရောင့်ရဲ သူသည် မကြီးပွား ဆိုသော စကားကို အမြဲ နှလုံးသွင်းရမည် ဖြစ်၏။

EFFORT = ကြိုးစားအားထုတ်မှု၊ အောင်မြင်နေသော ပုဂ္ဂိုလ် သီးသီးတွင် တူညီသော အချက်တစ်ခုမှာ ကြိုးစား အားထုတ်မှု ခြင်းပင် ဖြစ်၏။ ကြိုးစားအားထုတ်မှုကို ဝီရိယဟုပင် ဆိုနိုင်၏။ ယကို ငွေနှင့် ဝယ်ယူ၍ မရ။ အချိန်နှင့် ဝယ်ယူရသော ပစ္စည်း သည်။ ကြီးပွားလိုသူ တစ်ဦးသည် အချိန်ကို အရင်းနှီး ပြုကြရမှာ ၏။ သူများထက် စောစော အိပ်ယာမှ ထရမည်။ သူများထက် စောစော သွားရမည်။ သူများထက် စောစော လုပ်ကြရမည် ဖြစ်၏။

METHOD = နည်းလမ်း မှန်ကန်မှု သင်၏ ကြိုးစားချက်များ ည် နည်းလမ်းမှန်ကန်မှု ဖြစ်အောင် အမြဲ လေ့ကျင့်ရမည် ဖြစ်၏။ ဖတ်ရမည်။ မေးရမည်။ စုံစမ်း လေ့လာရမည်။ ဆွေးနွေးရမည်၊ ိုင်ပင်ရမည်။ သူများထံ တပည့်ခံရမည်။ အပေါင်းအသင်း ကောင်းကို ရမည်။

အထက်ပါ နည်းလမ်း အဆိုအမိန့်များအတိုင်း ကြိုးစား အား ထုတ်သူများသည် အမှန်တကယ် ကြီးပွားချမ်းသာမည့် သူများ ဖြစ်ပါ ကြောင်းပါခင်ဗျား။

■



စာရေးသူနှင့် ဦးအုံးဖေ (ပခုက္ကူ) ဒေါက်တာ ကျော်ဇင်မြင့်

# ကြီးပွားချမ်းသာ နည်းလမ်းရှာ

၁၀–၂–၉၈ နေ့တွင် ဘိုကလေးမြို့သို့ ရောက်ခဲ့၏။ ဦးကျေ
လှိုင် ဆိုသူ တောင်သူကြီးတစ်ဦးက သူ၏ နေအိမ်တွင် ဘုန်းကြီး ဆွမ်
ကျွေးပွဲ ရှိသဖြင့် ကျွန်တော့်ကိုပါ နံနက်စာ စားရန် လာပြီး ဖိတ်ကြ
ခဲ့ပါသည်။ ဦးကျော်လှိုင်ကို ယခင်က သိကျွမ်းခင်မင်ခြင်း မရှိခဲ့။ ယမ
နေ့ကမှ ဦးဝင်း၏ မိတ်ဆက်ပေးမှုကြောင့် သိခဲ့ရခြင်းဖြစ်၏။ ဦးကျေ
လှိုင်သည် တောင်သူလယ်သမား တစ်ဦးဖြစ်သော်လည်း လယ်
ပေါင်း ၅၀ ကျော် ပိုင်ဆိုင်သဖြင့် လယ်ပိုင်ရှင်ကလေး တစ်ဦး
ဆိုချင်၏။ ထမင်းစားပွဲတွင် ဘိုကလေးမြို့ သမိုင်းကြောင်း၊ ကျေး
၏ သမိုင်းကြောင်း၊ လယ်ယာစိုက်ပျိုးရေးအကြောင်း၊ ငါးဖမ်း လုပ်င
အကြောင်း၊ ဂဏန်းရောင်းဝယ်မှု ဈေးကွက်၊ ငါးလင်ပန်းများကို တရ
ပြည် ယူနန်နယ်သို့ တင်ပို့ ရောင်းချနေပုံများမှအစ သတင်း အစုံ
သိခွင့်၊ ကြားခွင့်ရသဖြင့် ကျေးဇူးများလှပါ၏။ ဘိုကလေးမြို့တွင် ဂဏ
အဝယ်ဒိုင်၊ ကုမ္ပဏီပေါင်း ၂၀ ကျော် ရှိသည်ဆို၏။

ဒါထက် အဘတို့ရဲ့ ဘိုကလေးမြို့မှာ ဆန်စက်တွေ လုပ်ပြ
ကြီးပွားသွားတဲ့ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့သား ဦးစောဦးဆိုတ
သိကြသလား။ သိကြရင် ပြောပြစမ်းပါဟု ကျွန်တော်က သိလိုတ
များကို စပ်စုလိုက်၏။

သိရုံတင် ဘယ်ကမှာလဲဗျာ၊ ဦးစောဦးရဲ့ ဆန်စက်က ရတနာပုံဆန်စက်၊ ဟိုဘက်ကမ်း နားမှာပဲ။ ဦးစောဦး ဆိုတာကတော့ တကယ့်သူတော်ကောင်းကြီးပါဗျာ။ ကျုပ်တို့ရွာက လယ်သမားတွေကလည်း ထွက်သမျှ ဆန်စပါးကို ရတနာပုံ ဆန်စက်ကလွဲရင် တခြား မည်သည့် ဆန်စက်ကိုမှ မရောင်းကြဘူး။

ဆန်စက်လုပ်ငန်းသာ မကဘူးဗျ။ သင်္ဘောကြီး နှစ်စင်းလည်း ရှိတယ်။ ဘိုကလေးမြို့မှာ ဦးစောဦး လှူဒါန်းသွားတဲ့ ကောင်းမှုတွေ လက်ညှိုးထိုးလို့ မလွဲဘူးဗျာ။ ရတနာပုံ ပရိယတ္တိစာသင်တိုက် ဆိုတာလည်း ရှိတယ်။ မနက်ဖန်မှာ ကျင်းပမယ့် အကြိမ်သုံးဆယ်မြောက် ရန်ပြေ၊ မာန်ပြေ။ အောင်စကြာ စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး ဆိုတာကိုလည်း ဦးစောဦးတို့ ဦးစီး ဦးဆောင်လုပ်ပြီး ကျင်းပသွားခဲ့တာဗျ။ မနက်ဖြန်မှာလည်း ဦးစောဦးကို ရည်စူးပြီး ဦးစောဦးရဲ့ မိသားစုဖြစ်တဲ့ ဦးသောင်းထိုက်၊ ဒေါက်တာနွဲ့နွဲ့ဝင်း (ရတနာပုံဆန်စက်) တို့က တစ်မြို့လုံး မြို့မိ၊ မြို့ဖတွေနဲ့ ပူးပေါင်းပြီး မြို့ပေါ်က ကျောင်းတိုက်ပေါင်း ၅၃ တိုက်မှ သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူကြမှာဟု ဦးဝင်းက ရှင်းပြနေ၏။

ဦးစောဦး တော်သလို သူ့ရဲ့ မန်နေဂျာ ဦးထွန်းရင်ကလည်း တော်ပါသဗျာ။ ရတနာပုံ ဆန်စက်မှာ သစ္စာရှိရှိ ၁၉၃၆ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ နှစ်ပေါင်း ၆၀ နီးပါး အားကြိုးမာန်တက်၊ သစ္စာရှိရှိ ကြိုးစားဆောင်ရွက်သွားခဲ့တာ ကျုပ်တို့ရွာက လယ်သမားတွေဆိုလျှင် စပါးအိတ်တွေကို လှေပေါ်တင်ပြီး ပို့လိုက်တာဘဲ။ ချိန်တွယ်ပြီး လူကြုံနဲ့ပဲ ငွေရှင်းပေးလိုက်တာပဲ။ လူတောင် လိုက်ပြီး စပါးရောင်းတာ မရှိပါဘူး။ အလေး၊ တင်း၊ တောင်း၊ ဈေးနှုန်း ဘာမှ ပြောစရာမရှိဘူး။ ဒီလောက်ကတိသစ္စာရှိကြတဲ့ ပုဂ္ဂိုလ်တွေဟု အနားရှိ အဖိုးကြီးတစ်ဦးက ဝင်ပြီးပြောပြနေ၏။

ရန်ကုန်သို့ အပြန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဦးစောဦးတို့ မိသားစုပိုင် တည်ထောင်ထားသော ရတနာပုံ မော်တော်ကားအသင်းဖြင့် ရန်ကုန်သို့ ပြန်ခဲ့၏။ ဘိုကလေးမှ ရန်ကုန်ကားလမ်းသည် အမြတ်

အစွန်း ရရန် တည်ထောင်ထားခြင်း မဟုတ်၊ ဘိုကလေး မြို့သူ၊ မြို့သား များ သက်တောင့်သက်သာ သွားကြရအောင် အလှူလုပ်ထားခြင်း တစ်မျိုးဟု ကားဆရာက ရှင်းပြသဖြင့် ပိုပြီး ချီးကျူးမိပါ၏။ ဦးစောဦး သည် ၁၉၅၀ ခုနှစ်လောက်က ပခုက္ကူမြို့တွင် ထိုခေတ်ငွေ ကျပ် ၂၅ သိန်း အကုန်အကျခံပြီး မဟာဝိသုတာရာမ ပရိယတ္တိ စာသင်တိုက် ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့၏။ နှစ်စဉ် ကုသိုလ်ဒါန အမျိုးမျိုး ကိုလည်း လာပြီး ပြုလုပ်၏။ ဦးစောဦး အလှူဒါန ပြုလုပ်တိုင်း ယပ်တောင်များကို အမြဲကမ်း၏။ ယပ်တောင်များပေါ်တွင် အောက်ပါ စာတမ်းကလေးကို အမြဲ ရေးထိုးထားခဲ့၏။

ကြီးပွားချမ်းသာခြင်း အကြောင်း

၁။ ထကြွလုံ့လ၊ ဝီရိယ၊ နေ့ညမပြတ် အားထုတ်ပါ။

၂။ ပစ္စည်းဥစ္စာ၊ ရှာကြံရငြား၊ ပစ္စည်းအား၊ ဉာဏ်ဖြင့် သိမ်း ဆည်းပါ။

၃။ ဝင်ငွေ၊ ထွက်ငွေမျှတလေ၊ ချွေတာသုံးစွဲပါ။

၄။ မိတ်ကောင်း။ ဆွေကောင်း သူတော်ကောင်းနှင့် ပေါင်း သင်းပါ။

သူဌေးဖြစ်ချင်၊ ထိုလေးအင် ကျင့်လျှင် ဌေးကြွယ်ရာဟု ဆိုသော သူဌေးကြီး ဦးစောဦး၏ ဆုံးမစကားလေး ဖြစ်ကြောင်းပါခင်ဗျား။

■

## ငါလိုဖြစ်ချင် ငါလိုလုပ်

"ဟိုရှေ့က နွားကျောင်းနေတဲ့ ဆရာကြီး ထနောင်းကုန်းရွာကို ဘယ်လမ်းက သွားရမှာလဲ။ ကျွန်တော် အုံးဖေပါ"

"အဲဒီအတိုင်းသာသွား၊ ဘယ်လမ်းကပဲ သွားသွား ရတယ်။ ရေက အနက်ကြီး၊ မော်တော်ကြီးတွေတောင် နေ့တိုင်း သွားနေကြတာ"

"ခင်ဗျား... ကျွန်တော်တို့ မော်တော်ပေါ်တက်ပြီး လမ်းပြဖို့ မလိုက်နိုင်ဘူးလား၊ ကူညီစမ်းပါဗျာ၊ ကျုပ် အုံးဖေပါ ထနောင်းကုန်းသား"

"မလိုက်နိုင်ဘူးဗျ၊ ကျုပ်နွားတွေကို ထားပစ်ခဲ့လို့ မရဘူး"

"ဟိုမှာ လှေလာနေပြီ"

"ဟိုး...ဟိုး...လှေဆရာကြီး၊ ထနောင်းကုန်းရွာကို ဘယ်လမ်းက သွားရမှာလဲဗျို့"

"ကျွန်တော် အုံးဖေ၊ အုန်းဖေပါဗျ"

"ကြားတယ် ဘကြီးအုံး၊ ကြားတယ်၊ ကြားတယ်၊ ကျွန်တော်တို့ လာနေပါပြီ။ ဘကြီးအုံးတို့ရဲ့ မော်တော်ကို မြင်လို့ လှေလှော်လာတာပါ။ မနက်စောစောကတည်းက ဘကြီးအုံးတို့လာမှာ ဆိုပြီး စောင့်ကြိုနေကြတာ" ပြောပြောဆိုဆိုဖြင့် ထနောင်းကုန်းကျေးရွာ ဥက္ကဋ္ဌနှင့် အဖွဲ့သားများသည် ကျွန်ုပ်တို့၏ ရေမော်တော်ပေါ်သို့ တက်လာကြပါ

ကျွန်တော်တို့ အဖွဲ့ဝင်များ ဖြစ်ကြသော စာရေးဆရာကြီး ကျော်အောင်၊ ဦးအုံးဖေနှင့် မြဝတီ ရုပ်သံအဖွဲ့သားတို့သည် ထနောင်းကုန်း ကျေးရွာသို့ လာခဲ့ကြခြင်း ဖြစ်ပါ၏။ ၁၈–၈–၉၈ နေ့မှာ ဖြစ်၏။ ထနောင်းကုန်း ကျေးရွာသည် လေးဘက်လေးတန် ရေပတ်လည် ဝိုင်းနေ၏။ ရေပတ်လည် ဝိုင်းနေသော ကုန်းမြေကို ကျွန်းဟု ခေါ်သည် ဆိုသော ကလေးများ၏ ဖတ်စာသံကိုပင် သတိရလာနေပါ၏။

ကျွန်တော်သည် ထနောင်းကုန်း ကျေးရွာသို့ ရောက်ခဲ့သည်မှာ ယခုအကြိမ်သည် တတိယအကြိမ်မြောက် ဖြစ်ပါ၏။ ပထမအကြိမ် သွားရောက်ခဲ့စဉ်က ရေကြီးပြီး မြစ်ကမ်းပါးများ ပြိုကျသဖြင့် ဦးအုံးဖေမှ ရေဘေးကယ်ဆယ်ရေး အလှူလုပ် သွားသဖြင့် လိုက်ပါခဲ့ရခြင်း ဖြစ်၏။

"အုံးဖေရာ မင်းကလဲ ကျွန်းသားဖြစ်ပြီး ဘဝကို မေ့နေပြီလား။ ရေကြီးတာများ၊ ရေဘေးကယ်ဆယ်ရေး ဆိုပြီး လာလုပ်အနေစမ်းပါနဲ့၊ ရေမကြီးရင်သာ ရေမကြီး ကယ်ဆယ်ရေး လာလုပ်စမ်းပါ။ ငါတို့ ကျွန်းသားတွေ ဆိုတာက ရေကြီးမှာကို မျှော်နေကြရတာ။ ရေကြီးမှပဲ မြေဩဇာတွေကောင်း၊ သစ်ပင်တွေဖြစ်၊ သီးနှံတွေ ရကြတာပဲကွ၊ ရေအောင်တယ် ခေါ်တာပေါ့ကွာ"

"အဲ အဲ မြစ်ရေ မအောင်ရင်တော့ ရေမကြီးရင်တော့ မြေဩဇာက မကောင်း၊ သီးနှံတွေက မဖြစ်ထွန်း၊ ကြွက်တွေက နှိပ်စက်နဲ့ တောင်သူတွေ ဒုက္ခတွေ့ကြရတော့တာပဲဗျ" ဟူသော အဖိုးကြီး တစ်ဦး၏ အသံကို မှတ်သားခဲ့ရပါ၏။ ကျွန်တော်တို့ နိုင်ငံသည် ဘုရားသခင်၏ မျက်နှာလိုက်ထားခြင်းကို ခံရသော နိုင်ငံဟု နိုင်ငံခြားသားများက ခေါ်ဝေါ်ပြောဆို ရေးသားခဲ့ကြပေ၏။ မိုးခေါင်သော်လည်း အခြား နိုင်ငံများနှင့် နှိုင်းစာလိုက်လျှင် သက်သာပါ၏။ အနောက်ဘက်ပိုင်းတွင် အနောက်ရိုးမ တောင်တန်းကြီးများနှင့် ချင်းတောင်တန်းကြီးများက ကာကွယ်ပေးထားသဖြင့် ရေကြီးမှု နည်းပါးလှပါ၏။ လေမုန်တိုင်းကြီး များ၏ ဒဏ်ကိုလည်း မခံကြရပေ။ ကျွန်တော်တို့ နိုင်ငံ၏ ဆိုးဝါး လှသော ရာသီဥတုဒဏ်သည် အခြားနိုင်ငံများ၏ အဖျားအနားသာ

ဖြစ်ပါ၏။ ယခုနှစ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများတွင် အလွန် ဆိုးဝါးသော ရေကြီးမှုဒဏ်များကို ခံနေကြရပေ၏။ ကံကောင်းသော မြန်မာနိုင်ငံသားများဟု ဆိုချင်ပါ၏။

"အုံးဖေ... မင်းကတော့ အလွန် ကံကောင်းတဲ့ သူပါကွာ" ဆိုပြီး ဦးအုံးဖေ၏ ငယ်သူငယ်ချင်းများက အနားကပ်လာပြီး လက်ဆွဲနှုတ်ဆက်နေ၏။

"ကံကောင်းလို့ သက်သက် မဟုတ်ဘူးကွ။ ကံဆိုတာ အလုပ် အလုပ်လုပ်လို့ကွ။ အလုပ်လုပ်လို့၊ တကယ်ပါပဲ။ မင်းတို့ကလဲ ဘဆိပ်ရှိရင် 'ကံ' တကံထဲ ကံနေကြတာပဲ။ ကိုယ်အလုပ် မလုပ်ချင် ဘိုင်း ကံပေါ်ပဲ လွှဲချနေကြတာပဲ။ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံတွေ ချမ်းသာနေကြတာ တစ်နိုင်ငံလုံးမှ လူတွေ ကံကောင်းကြလို့လားကွ၊ ငါတို့ မြန်မာနိုင်ငံ ဆင်းရဲကြတာ၊ မတိုးတက်တာ။ တစ်နိုင်ငံလုံးမှ သူတွေ ကံဆိုးလို့လားကွ၊ ကံ မကောင်းကြလို့လား၊ မင်းတို့ကလဲ မဟုတ်တာပဲကွာ၊ ကံကို ယုံရင် ဆူးပုံကို နင်းကြည့်ဆိုတဲ့ စကားလဲ ရှိတာပဲကွ။ အလုပ်ကိုသာ ကြိုးစားလုပ်၊ မချမ်းသာတောင်မှ မမွဲဘူး။ ငွေနဲ့ မဝယ်ရတဲ့ ဝီရိယကိုတောင်မှ မရင်းနှီးချင်ရင်တော့ ဘာကံမှ သာပြီး ကယ်မှာ မဟုတ်ဘူးကွ။"

ထနောင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဝင်လာလျှင် ဝင်လာလျှင် ဦးအုံးဖေ၏ နှုတ်ဆက်စကား ဖြစ်ပါ၏။

ကျွန်တော်၏ ထနောင်းကုန်း ကျေးရွာကို ရောက်ခဲ့ရသော ခရီးယခရီးမှာ ပခုက္ကူမြို့၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး ဆောက်လုပ်ရန် အလှူခံ လာခဲ့ကြခြင်း ဖြစ်ပါ၏။ ပခုက္ကူမြို့ ခုတင် ၁၀၀ ဆံ့ အထူးကု ဆေးရုံကြီး ဆောက်လုပ်ရေးတွင် ဦးအုံးဖေသည် ဥက္ကဋ္ဌဖြစ်ပြီး ကျွန်တော် သည် အထွေထွေ အတွင်းရေးမှူး ဖြစ်ပါ၏။ ဆောက်လုပ်ရေး ဆပ်ကော်မတီတွင် ကျွန်တော်သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရ၏။ ပခုက္ကူမြို့ အထူးကု ဆေးရုံကြီး ဆောက်လုပ်ရန်ထိုအချိန်က မြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ ဦးသန်းဦး တစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ကျွန်တော်တို့ မြို့မိ၊ မြို့ဖများ ကိုယ်ထူကိုယ်ထ ကြိုးစား ဆောက်လုပ်

ခဲ့ခြင်း ဖြစ်၏။ မြို့နယ်ပါတီယူနစ် အဖွဲ့နှင့် ပြည်သူ့ကောင်စီအဖွဲ့ အပါအဝင် တိုင်းအဆင့် အဖွဲ့များက အားပေးအားမြှောက် ထောက်ခံမှု မရှိခဲ့ကြ။ ထိုအချိန်က စွန့်ပြီး လုပ်ခဲ့ကြခြင်းကို ပြန်ပြီး တွေးမိတိုင်း ဝမ်းသာ ကြည်နူး ဖြစ်နေရပါ၏။ ၂၀-၈-၉၈ နေ့က ပခုက္ကူဦးအုံးဖေ သည် ပခုက္ကူမြို့ အထူးကု ဆေးရုံကြီးကို အမှတ်တရ သွားပြီး ဘဝ မှတ်တမ်းတင်အဖြစ် မြဝတီရုပ်သံမှ ဗီဒီယို ရိုက်ခဲ့သေး၏။ ကျွန်တော် တော့ မအားလပ်သဖြင့် မလိုက်ပါနိုင်ခဲ့။ အစီအစဉ်များကိုတော့ အားလုံး လုပ်ပေးခဲ့ရပါ၏။ အမှန်တော့ ဦးအုံးဖေနှင့် ကျွန်တော် ရင်းနှီး ခင်မင်ခဲ့ရခြင်းမှာ ပခုက္ကူ အထူးကု ဆေးရုံကြီးကြောင့်ဟု ဆိုချင်၏။ အထူကု ဆေးရုံကြီး ဆိုသည်ကလည်း ဦးသန်းဦး၏ ကျေးဇူး ကြောင့် သာ ဖြစ်ပါ၏။ ၁၉၈၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ အထူးကု ဆေးရုံကြီး နှစ်ဆောင်ကို ယနေ့ ကာလတန်ဖိုးဖြင့် တွက်လျှင် ကျပ်သိန်းပေါင်း တစ်ထောင်ဖိုးမျှကို ၁၀ နှစ်ကျော် ကြိုးစား ဆောက်လုပ်ခဲ့ရ၏။ ဦးအုံးဖေနှင့်အတူ ၁၀ နှစ်ကျော် ပူးတွဲ လုပ်ကိုင် ခဲ့ရသည်များကို စဉ်းစားရင်း ကျွန်တော်သည် မော်တော်ပေါ်မှာ လိုက်ပါလာခဲ့၏။ ဦးအုံးဖေသည် ဆင်းရဲသားဘဝမှ သဌေးကြီးဖြစ်ခဲ့၏။ သေစာရှင်စာ မျှကိုသာ သင်ယူ ခဲ့ရုံဖြင့် နိုင်ငံကျော် စာရေးဆရာကြီး တစ်ဦး ဖြစ်ခဲ့ ရ၏။ စာပေနှင့် စာနယ်ဇင်း ဗဟိုကော်မတီဝင် တစ်ဦး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေ့လာရေး ခရီးပင် သွားခဲ့ရ၏။ ကံ၊ ကံ၊ ကံဟု ခေါ်ဆိုရမှာလား။ အလုပ်၊ အလုပ်၊ အလုပ်ဟု ခေါ်ဆိုရမှာလား။ စဉ်းစား မိပြန်၏။ တချို့က ဦးအုံးဖေ၏ စာပေ အရေးအသားများသည် ရှင်းလင်းသည်။ တင်ပြပုံ တင်ပြနည်း သွက်လက်သည်။ သူ၏ ပညာ အရည်အချင်းဖြင့် ရေးနိုင်မည် မဟုတ်၊ ကျွန်တော် ရေးပေးသည်ဟု ထင်မြင်သဖြင့် မကြာခဏ အမေးခံခဲ့ရ၏။ အမှန်မှာ လုံးဝမဟုတ်ပါ။ ဦးအုံးဖေ၏ ပင်ကိုယ် အရည်အချင်း သက်သက်သာ ဖြစ်ပါ၏။ ထို့ကြောင့် စာရေးဆရာ မောင်ဆုရှင်က "အသက် ၈၀ ကျော်မှ ကလောင်ကို စပြီး ကိုင်သူ" ဟု မှတ်တမ်း တင်ခဲ့ဖူး၏။ ဦးအုံးဖေသည် ငယ်စဉ်မှစပြီး စာရေး၊ စာဖတ် ဝါသနာ အထုံပါလာ၏။ စာဖတ်သင်းကို

ထူထောင်လို၏။ စာကြည့်တိုက် ဖွင့်လို ၏။ စာကို နေ့စဉ် စာဖတ်၏။ စာကို နေ့စဉ် မှတ်၏။ စာကို နေ့စဉ် ရေး၏။ ၁၉၄၇ ခုနှစ်မှစပြီး နှစ်ပေါင်း ၅၁ နှစ်တိတိ တစ်ရက်မှ မပျက်မကွက်အောင် နေ့စဉ် ဒိုင်ယာရီ ရေးမှတ်ခဲ့၏။ ကမ္ဘာပေါ်တွင် သူလို သူသည် သူတစ်ဦးသာ ရှိမည်ထင်၏။ နေ့စဉ် အိမ်သုံးစရိတ်များကို နှစ်ပေါင်း ၃၀ ကျော်လာသည် အထိ ယနေ့တိုင်အောင် နေ့စဉ် ရေးမှတ်၏။ လကုန်တိုင်း၊ သည်လမှာ ဘယ်အသုံးစရိတ်က များသွားသလဲဟု ပြန်လည် သုံးသပ်စဉ်းစား၏။

"မခင်မြင့် နင်ဆီသုံးတာများတယ်။ ၂ ရက်နေ့က သုံးပိဿာ၊ ၁၅ ရက်နေ့မှာ ၅ ပိဿာ၊ အခု ၃၀ ရက်နေ့မှာ ၅ ပိဿာဆိုတော့ အရင်ဝယ်တဲ့ ဆီကုန်ပြီလား"

"အဘကလဲ ဆီကုန်တာပေါ့။ ဘရဲ့ ညှိသည်တွေလဲ ရေတွက်ပါဦး။ ဆေးရုံ ကော်မတီတွေ အကုန်လုံးကို ထမင်း သုံးနပ် ကျွေးခဲ့ရသေးတယ်"

"အေးပါ..အေးပါ...ငါက ကုန်တာကို ပြောတာပါ။ အပိုတော့ မသုံးနဲ့၊ မဖြုန်းနဲ့၊ မဖြုန်းနဲ့၊ မလိုပဲနဲ့ သုံးတော့လဲ ဖြုန်းတာပဲ"

"အဘကလဲ ကျွန်မလည်း မလိုဘဲနဲ့ ဘယ်တုန်းကများ ဖြုန်းခဲ့လို့လဲ" ညနေမှာ ဦးအုံးဖေအိမ်သို့ သွားလျှင် မကြာခဏ ကြားခဲ့ရသော စကားများ ဖြစ်ပါ၏။

ကျွန်တော်သည် မော်တော်ပေါ်တွင် စီးနင်း လိုက်ပါလာရင်း ဦးအုံးဖေနှင့် ၁၀ နှစ်ကျော် အတူ လုပ်ကိုင်ခဲ့ရသော အလုပ်ကလေးများက ခေါင်းထဲကို ဝင်လာနေပြန်၏။ ပထမဆုံး စဉ်းစားမိသည်ကား အလှူငွေ ခံနည်းဖြစ်၏။

ကျွန်တော်တို့ အလှူခံ မသွားမီမှာ အကျိုးအကြောင်းကို စာစီ၊ စာရေးပြီး အလှူခံသွားမည့် အိမ်ကို စာပို့ထားကြရအောင်ဗျာ။ ဒါမှလည်း ဒီဆေးရုံကြီးကို ဘယ်လို ရည်ရွယ်ချက်နဲ့ ဆောက်တယ်၊ ဘယ်လောက် ကုန်မယ်၊ ဘယ်လောက် ကျသင့်တယ်ဆိုတာကို အလှူပေးမယ့် သူက မိသားစုနဲ့ တိုင်ပင် ဆွေးနွေး ဆုံးဖြတ်ထားနိုင်မှာ

ဖြစ်တယ်။ ဒီလို ကြိုတင်ပြီး စာပို့မထားရင် တစ်ရာကျပ်၊ နှစ်ရာကျပ် လှူတာနဲ့ ပြီးနေမယ်။ ကျပ်သောင်းဂဏန်း၊ ကျပ်သိန်းဂဏန်း လှူမယ့် လူရှိမှာ မဟုတ်ဘူး။ စေတနာပါအောင် စည်းရုံးပြီး တစ်နေ့ ၅ အိမ်ထက် မပိုပါစေနဲ့ဗျာ။ ထိုနည်းဖြင့် စည်းရုံးပြီး အလှူခံခဲ့ရာ ၁၉၈၄ ခုနှစ်ကပင် ငွေကျပ် သိန်းလေးဆယ်ကျော် ရရှိခဲ့ပေ၏။

အလှူခံရတဲ့ငွေကိုလည်း ဘဏ်တိုက်၊ ငွေတိုက်ကို နေ့ချင်း အပ်ဗျာ။ ငွေစုစာအုပ်ထဲကို ထည့်ထား။ ဒါမှ အတိုးရမှာ။ ငွေရှင် စာရင်းထဲကို လိုအပ်သလောက်ပဲ ထည့်သွင်းပါစေ။ စနေနေ့မှာ အလှူခံ ရတဲ့ ငွေဆိုရင် ပွဲစားကြီး၊ ကုန်သည်ကြီး ဦးမြဝင်း၊ ဦးဘိုကြည်၊ ဦးကြီး စိန်၊ ဦးစိန်တိတ်တို့ ထံမှာ သွင်းထားဗျာ။ တနင်္လာနေ့မှာမှ ဘဏ်တိုက် ကို သွင်းပေါ့ဗျာ။ သူတို့ ကုန်သည်ကြီးတွေ ငွေကို ခိုင်းတတ်တယ်။ စနေနေ့နဲ့ တနင်္ဂနွေနေ့ နှစ်ရက်တော့ သူတို့ သုံးကြပေါ့။ အဲ တစ်ခုတော့ ရှိတယ်။ စနေနေ့နဲ့ တနင်္ဂနွေနေ့မှာ ငွေစက္ကူတွေကို တရားမဝင် ငွေ အဖြစ်နဲ့ ကြေညာခဲ့ရင်တော့ သူတို့က စိုက်ပြီး ပေးလျော်စေပေါ့ဗျာ။ တကယ်လည်း ကြုံခဲ့ပါ၏။ အချို့ လူမှုရေး လုပ်ငန်းများမှာ ငွေမည်း တွေ ကျပ်သောင်းနှင့် သိန်းနဲ့ ချီပြီး တရားမဝင်ငွေ ဖြစ်သွားကြသည်ဟု နောက်နေ့မှာ ကြားခဲ့ရ၏။ ကျပ်သိန်းလေးဆယ်ကျော် အလှူခံရထား သော ကျွန်တော်တို့ ဆေးရုံကြီးမှာ ၃၂၂၅ ကျပ်မျှသာ တရားမဝင်ငွေ ဖြစ်သွားခဲ့ရ၏။

ငွေထုတ်ရင်လည်း လစဉ် လစဉ်တိုင်း ၂၀ ရက်ကျော်ရင် မည်သူ့ ကို ပေးစရာရှိသည် ဖြစ်စေ၊ ငွေထုတ် မပေးပါနဲ့ဗျာ။ ငွေစု စာအုပ်မှာ စုဆောင်းငွေက လဆန်း ၄ ရက်နေ့အတွင်း ပေးသွင်းရပြီး လကုန် အောင် ထားမှသာ ထိုလအတွက် ငွေတိုးရတယ်ဟု ဦးအုံးဖေက တင်ပြ ဆွေးနွေးခဲ့သဖြင့် စည်းကမ်း သတ်မှတ်ခဲ့ကြ၏။ သို့သော် ဖော်ပြခဲ့သော ပွဲစား၊ ကုန်သည်ကြီးများကတော့ အရေးပေါ်ငွေလိုလျှင် ၂၀ ရက် နောက်ပိုင်းမှာ လကုန်အထိ ငွေစိုက်ပေးထားကြရ၏။ ဤမျှ အနစ်နာ ခံခဲ့ကြသော ဦးမြဝင်း၊ ဦးဘိုကြည်၊ ဦးစိန်တိတ်၊ ဦးကြီးစိန်တို့၏ စေတနာ ကိုကား ယနေ့ ဆေးရုံကြီးပေါ်မှ တက်ရောက်ကုသမှု ခံယူနေကြသော

သူနာများက သိနိုင်မည် မဟုတ်ပေ။ ကျွန်တော်တို့အဖွဲ့ ဤကဲ့သို့ မှန်းစားခဲ့ကြလို့၊ ယခု နယ်သူ နယ်သားတွေ ဤသို့ ခံစား နေကြရသည်ကိုလည်း သိရှိသူ အလွန် နည်းပါးလှပါ၏။ ဒီလူကြီးတွေ ယနေ့ ကိစ္စ ရှိလို့ ဆေးရုံဝင်းထဲသို့ ဝင်တာကိုပင် ဂိတ်ကြေးငွေ ပေးပြီး ဝင်နေကြရသည်ဟု ပြောနေကြပြန်၏။ ထနောင်းကုန်းရွာသို့ သွားနေစဉ် မော်တော်ပေါ်မှာ လိုက်ပါလာရင်း စဉ်းစားနေမိခြင်း ဖြစ်ပါ၏။

"ဟေး... မောင်နန်း၊ ခင်ဝမ်း၊ အောင်ဆန်းမော်၊ စိန်မောင်မြင့် ဘာကြစမ်း လာကြစမ်း... ဒီမှာ ဘိလပ်မြေ အိတ်ခွံတွေ၊ စုထား ပါလားကွ။ ဟိုမှာ အိတ်ခွံ၊ ဒီမှာ အိတ်ခွံတစ်ခွံ လူတွေ တက်နင်း သွားကြတော့ ကြေမွ ပျက်စီးကုန်ပြီး အလဟဿ ပျက်စီး ဆုံးရှုံး ကာပေါ့ကွ။ စုထား...ဂိုဒေါင်ထဲမှာ ထပ်ထား၊ ပြီးတော့ လေလံတင် ရောင်းကွ" ဆိုသော စကားများကို လည်း ကြားနေပြန်၏။

ဆောက်လုပ်ရေး အပိုပစ္စည်းများကို လေလံတင် ရောင်းချရာမှာ သည်း ကော်မတီများက ကြမ်းခင်းဈေးကို သတ်မှတ်ကြရ၏။ လေလံကို လာပြီး ဆွဲယူသူများက ဈေးပိုပေးလျှင် ပိုပေးတဲ့သူကို ရောင်း၊ ကြမ်းခင်းဈေးထက် နိမ့်နေရင် ကြမ်းခင်းဈေးကို သတ်မှတ်ပေးခဲ့သော ကော်မတီ လူကြီးတွေ စုပြီး ဝယ်ကြရ၏။ ပခုက္ကူ ဆေးရုံကြီး ဆောက် လုပ်ရေး ကော်မတီ၏ မူဝါဒကြောင့် ကျွန်တော်တို့ အဖွဲ့ဝင်များမှာ ကြောခဏ အနစ်နာ ခံခဲ့ကြရ၏။

ကျွန်တော်တို့ အဖွဲ့ဝင်များသည် ကျေးရွာများအထိ သွားရောက် ပြီး အလှူခံခဲ့ကြ၏။ အလှူခံ သွားမည့် နေ့ရက်တွင် နံနက် ၄ နာရီမှာ ခရီးထွက်မည် ဆိုပါစို့၊ နံနက် ၃ နာရီ ထိုးလျှင် တယ်လီဖုန်းက မြည် လာ၏။ ဦးအုံးဖေသည် နံနက် ၃ နာရီ ထိုးလျှင် လိုက်ပါမည့် ကော်မတီ ဝင်များ အားလုံးကို တယ်လီဖုန်းဆက်ပြီး နှိုးနေ၏။

"ကိုယ့်လူ အိပ်ယာမှ ထနေပြီလား။ လုပ်လုပ် အမြန်လုပ်တော့ ရေချိုး၊ မျက်နှာသစ်။ ကျုပ်အိမ်ရောက်မှ ငချိပ်ပေါင်း၊ ကောက်ညှင်း ပေါင်းနဲ့ ငါးခြောက်ဖုတ်နဲ့ ရေနွေးကြမ်းနဲ့ စားကြရအောင်။ ပြင်ထား

ပြီးပြီ။ ခင်ဗျားတို့ အိမ်လိုတော့ လက်ဖက်ရည်၊ ကော်ဖီ၊ ကိတ်မုန့်။ မိသားစု မုန့်ဘူးတို့တော့ မရှိဘူးနော်"

အလှူခံထွက်သည့် နေ့များတွင် တစ်လှည့်စီ ထမင်း ကျွေးကြ ရ၏၊

ထိုသို့ ရှေးဟောင်းနှောင်းဖြစ် များကို စဉ်းစားရင်း စီးနင်း လိုက် ပါလာခဲ့ရာ ထနောင်းကုန်းကျေးရွာ ဆိပ်ကမ်းသို့ နံနက် ၁၀ နာရီ ခန့်တွင် ရောက်ပါတော့၏။

"ဟောဒီမှာ ပြောင်းဖူးကြော်၊ ဘကြီးအုံး စားနော်၊ ဟင်းချိုမှုန့် မပါဘူး။ စားအုံးဆီနဲ့ ကြော်ထားတာ မဟုတ်ဘူး ဘကြီးအုံးရဲ့ သွားက ကောင်းပါ သေးတယ်" "အေးကွ ဟုတ်တယ် အသက် ၈၂ နှစ်ရှိပြီး သွားတစ်ချောင်းမှ မကျိုးပဲ့သေးဘူး" ဟု ဦးအုံးဖေက ပြောပြနေ၏။

ဦးအုံးဖေနဲ့ အဖွဲ့ရောက်နေသည် ဆိုတာနဲ့ ထနောင်းကုန်း ရွာထဲ မှ ရွာသူ၊ ရွာသားများသည် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းသို့ စုပြုံလာနေကြသည်။ ထုံးစံအတိုင်း အမျိုးသမီးများသည် ခေါင်းပေါ်မှာ လက်ဖက်ရည်ပွဲများ ယူဆောင်လာကြသဖြင့် ဘုန်းတော်ကြီး ကျောင်း ပေါ်တွင် ညှော်သည်ဦးရေထက် လက်ဖက်ရည်ပွဲ၊ အချိုပွဲများက လေး ငါးဆ ပိုပြီး များနေ၏။ သို့သော် အထူး သတိပြုမိသည်မှာ အစားအစာ များသည် လတ်ဆတ်ပြီး ဒေသထွက်ကုန်များသာ ဖြစ်ပေ၏။ ငါးကြော်၊ ကြက်သားကြော်၊ ကြက်ဥကြော်၊ ပုစွန်ထုပ်ကြော်၊ ဘရာကြော်၊ ဘူးသီး ပေါင်း၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ ပဲမုန့်၊ ပဲပြုတ်၊ ပြောင်းဖူးကြော် စသည် စသည်တို့ စုံနေ၏။ စားပွဲများပေါ်တွင် ချထားရန် နေရာ မရှိသဖြင့် ဖျာများပေါ်တွင် ချထားနေရ၏။

မြဝတီရုပ်သံ အဖွဲ့သားများမှာလည်း ဦးအုံးဖေ (ပခုက္ကူ) ၏ ဘဝဖြစ်စဉ် မှတ်တမ်းတင် ဗီဒီယို ရိုက်ကူးရန် ပြင်ဆင်နေကြတော့၏။

"ကိုအုံးဖေကတော့ ကံကောင်းပါတယ်တော်။ ဒီလောက် ကံ ကောင်းတဲ့လူ မတွေ့ဘူးပါဘူးတော်" ဆိုပြီး အဖွားအိုကြီးက အနားသို့ ကပ်လာပြီး ပြောနေပြန်၏။

"လာပြန်ပြီလား ကံ ခင်ဗျားတို့ကလဲ ကံတစ်ခုတည်းကိုပဲ ပြောနေကြတယ်။ ကံကောင်းအောင် ဆိုတာက အလုပ် လုပ်မှဗျ။ အလုပ် မလုပ်ဘဲနဲ့တော့ ဘယ်ကံကမှ လာပြီး ကောင်းလာမှာ မဟုတ်ဘူး။ ကျုပ် ဒီအခြေအနေ ရောက်အောင် ဘယ်လောက် အလုပ်လုပ်ခဲ့ရတယ် မှတ်သလဲ၊ ဘယ်လောက် ချွေတာခဲ့ရတယ် မှတ်သလဲ၊ ဘယ်လောက် စုဆောင်းခဲ့ရတယ် မှတ်သလဲ၊ ဘယ်လောက် ရှာဖွေခဲ့ရတယ် မှတ်သလဲ၊ ခင်ဗျားတို့ကို ပြောပြရရင် ယုံမှာတောင် မဟုတ်ဘူး။ ရှေးဘဝ ကုသိုလ်ကံ ဆိုတာလည်း ပါဝင်ပါတယ်။ ဟုတ်ပါတယ်။ ဒါပေမဲ့ အခုဘဝက လုပ်တဲ့ ကံက ပိုပြီး အရေးကြီးတယ်ဗျ။ မင်းတို့ လူငယ်တွေ အားလုံးလည်း မှတ်ထားကြ။ ဘကြီးအုံးလို ဖြစ်ချင်ရင် ဘကြီးအုံး လုပ်သလို လုပ်ကြ ဟုတ်လား၊ အေး...အေး တရားနာ၊ ရေစက်ချ ကြရအောင်၊ လုပ်ကြ.. လုပ်ကြ"

ကျွန်တော့်မှာတော့ ဆရာတော်၏ တရားသံကို နားထဲမှာ မသွင်းနိုင် "ငါ့လိုဖြစ်ချင်ရင်၊ ငါ့လို လုပ်" ဆိုတဲ့ ဦးအုံးဖေရဲ့ စကားကိုသာ ကြားနေပါတော့၏။

ငါ့လိုဖြစ်ချင် ငါ့လိုလုပ် ဆိုတာကို စာဖတ်သူများ စဉ်းစား ခွဲခြားကြည့်ရမှာကတော့–

၁။ နှစ်ပေါင်း ၃၀ နေ့စဉ် အိမ်သုံးစရိတ်များကို ဒိုင်ယာရီ ရေးမှတ်ခဲ့ပြီလား။ နေ့စဉ် အသုံးစရိတ်ကို စစ်ဆေးနိုင်ပြီလား။

၂။ နှစ်ပေါင်း ၅၀ ကြာအောင် နေ့စဉ် ရက်ပျက်မရှိ စာဖတ်၊ စာမှတ်၊ ဒိုင်ယာရီ ရေးမှတ်နိုင်ပါပြီလား။

၃။ သိန်းပေါင်းများစွာ ချမ်းသာသောအခါ ဇိမ်ခံကားမရှိ၊ တီဗွီမရှိ၊ လေအေးစက်မရှိ၊ ရေခဲသေတ္တာမရှိ၊ နိုင်ငံခြားဖြစ် အစားအစာကို မစား၊ ပစ္စည်းကို မဖြုန်း ကျင့်ကြံနေနိုင်ပါပြီလား။

၄။ ရသမျှ ငွေကို ဘဏ်မှာပဲ အပ်ထားပြီး စုဆောင်းနိုင်ပါပြီလား။ ရငွေ၊ သုံးငွေကို နေ့စဉ် စစ်ဆေးနိုင်ပြီလား။

၅။ ဖောင်သမား၊ မြင်းစာကျွေးသမား၊ ကွမ်းယာရောင်းသမား၊ အိမ်

စေ လုပ်ပြီး စုဆောင်းတဲ့ ငွေနဲ့ လုပ်ငန်းကြီးကြီး လုပ်နိုင်အောင် မလျှော့ သော ဖွဲ့နဲ့ အမြဲကြိုးစား နေနိုင်ပါပြီလား။

ဆိုတာကို ဖြေကြည့်ကြစေလိုပါတယ်ခင်ဗျား။

"သူ့လိုဖြစ်ချင်၊ သူ့လိုလုပ်"

■



ငါလိုဖြစ်ချင်၊ ငါလိုလုပ် ဆိုသော ပခုက္ကူဦးအုံးဖေ

# လုပ်အားစွမ်းရည် မြှင့်ကြစို့

အလုပ်ကို ရူပဗေဒပညာ သဘောအရဆိုလျှင် အရာဝတ္ထုတစ်ခုအား ရွေ့လျားစေအောင် ပြုလုပ်ခြင်းကို ဆိုလိုသည်။ လူသားတို့ စတင်ပေါ်ပေါက်လာသည့် အချိန်မှစပြီး လူသားတို့သည် အလုပ်ကို လုပ်ခဲ့ကြ၏။ ကမ္ဘာဦးစတွင် လူသားတို့သည် အလုပ်လုပ်ရခြင်းကို ဘုရားသခင်၏ အပြစ်ဒဏ် ပေးခံရခြင်းဟု ယူဆခဲ့ကြ၏။ သို့သော် ယဉ်ကျေးမှုတိုးတက်လာသောအခါ အလုပ်လုပ်ရခြင်းကို ဂုဏ်ယူ ထင်မြင်လာခဲ့ကြ၏။

လုပ်ငန်းခွင်၊ ကျန်းမာရေးဆေးပညာ လေ့လာချက်များအရဆိုလျှင် လူတို့ အလုပ် လုပ်စေရန်အတွက် စေ့ဆော်မှု တစ်ခုရှိရန်လိုအပ်၏။ စေ့ဆော်မှု MOTIVE တွင် အတွင်းဇီဇ စေ့ဆော်မှု Intrinsic Motive ဥပမာ– သီချင်းဆိုမည်၊ ကမည်၊ တရားထိုင်မည် စသည်တို့ ဖြစ်သည်။ အတွင်း စေ့ဆော်မှု မရှိလျှင် အပြင် စေ့ဆော်မှု တစ်မျိုးမျိုးဖြင့် အလုပ်ကို လုပ်စေနိုင်၏။ အပြင် စေ့ဆော်မှု Extrinsic Motive သည် မက်လုံး Incentive ကြောင့် ဖြစ်ပေါ်စေ၏။ မက်လုံး ဆိုရာမှာသည်း ပုံစံရှိသော မက်လုံးနှင့် ပုံစံမရှိသော မက်လုံးဟူ၍ နှစ်မျိုးရှိသည်။ ပုံစံရှိသော မက်လုံး Formal Incentive များသည် ပုံစံမရှိသော မက်လုံး !nformal Incentive များထက် လူတို့ကို အလုပ်

လုပ်စေဖို့ ပိုမို ထိရောက်မှုကို ဖြစ်စေ၏။ ပုံစံမရှိသော မက်လုံးတွင် Negative Informal In-centive အနုတ်လက္ခဏာ ဆောင်သည့် ပုံစံမရှိသော မက်လုံး ဥပမာ ရှုံ့ချခြင်းတို့ ပြုနိုင်၏။ ဘောလုံးပွဲမှာ ရှုံးလျှင် လူတို့က ပြစ်တင်ကဲ့ရဲ့ ရှုံ့ချမှာ စိုးသဖြင့် ဘောလုံးကို နိုင်အောင် ကန်ကြ၏။ Positive Informal Incentive ပုံစံမရှိသော အပေါင်းလက္ခဏာ ဆောင်သည့် မက်လုံးကို ချီးကျူးခြင်းဖြင့် ဖြစ်စေ၏။ ဥပမာ– ဘောလုံးပွဲမှာ ဗိုလ်စွဲလျှင် ဂုဏ်ပြုပွဲများ ပြုလုပ်၏။ ချီးကျူးကြ၏။ ဘွဲ့ထူး ဂုဏ်ထူးများ ပေးကြ၏။ သို့သော် ပုံစံမရှိသော မက်လုံးများသည် ပုံစံရှိသော မက်လုံး များကဲ့သို့ ထိရောက်မှု မရှိလှပေ။ ပုံစံရှိသော မက်လုံးများမှာလည်း အနုတ်လက္ခဏာ ဆောင်သော ပုံစံရှိသည့် မက်လုံး Negative For-mal Incentive ဥပမာ– ဒဏ်ပေးခြင်း ဆိုပြီးရှိ၏။ ဒီအလုပ်ကို မပြီးလျှင် လခကို ဖြတ်မည်။ အလုပ်ဖြုတ်မည်။ ရာထူးအဆင့် လျှော့ချ ခံရမည်။ စသည်တို့ဖြင့် ဒဏ်ပေးနိုင်၏။ လူတို့ အကြိုက် အနှစ်သက်ဆုံးမှာ Positive Formal Incentive ပုံစံရှိသော အပေါင်းလက္ခဏာ ဆောင်သည့် မက်လုံးဖြစ်၏။ ဆုပေးခြင်း၊ ရာထူး တိုးမြှင့်ပေးခြင်း၊ လစာ တိုးပေးခြင်းတို့ ပြုလုပ်နိုင်၏။ သာမန် အခွင့်အရေးထက် ပိုပေးခြင်း၊ မျှော်မှန်းထားသော အခွင့်အရေးထက် ပိုပေးခြင်းတို့ဖြင့် အလုပ်ကို ပိုမို လုပ်စေနိုင်သည်။ ယနေ့ မြန်မာနိုင်ငံတွင် အလိုအပ်ဆုံးမှာ လူတို့ အလုပ်ပိုပြီး လုပ်ကြစေရန် ဖြစ်ပါ၏။ ငွေအရင်းနှီး ကျွမ်းကျင်မှု အတတ်ပညာ၊ စီမံခန့်ခွဲမှု နည်းလမ်းတို့ကို သူ့နေရာနှင့်သူ ထိထိရောက်ရောက် အသုံးပြုသွားကြရမှာ ဖြစ်ကြောင်းပါခင်ဗျား။

■

# အသုံးနှင့်အဖြုန်း

ပခုက္ကူဦးအုန်းဖေသည် သူ၏ နေ့စဉ် အိမ်သုံးစရိတ်များကို တစ်ပြားတစ်ကျပ်မှစပြီး နှစ်ပေါင်း ၃၀ ကျော်လာသည်အထိ တစ်ရက်မျှ ပျက်ကွက်မှု မရှိစေဘဲ နေ့စဉ်မှတ်သားလာခဲ့၏။ လကုန်သောအခါ မည်သည့် ကိစ္စမှာ အသုံးများသွားသည် ဆိုသည်ကို ပြန်လည် စစ်ဆေး၏။ ကျွန်တော့်အနေဖြင့် အတုယူပြီး နေ့စဉ် အိမ်သုံးစရိတ်များကို မှတ်သားဖူးပါ၏။ သို့သော် တစ်လ နှစ်လမျှပင် နေ့စဉ် မှတ်တမ်း တင်နိုင်ခဲ့ခြင်း မရှိပါ။ တစ်နှစ်မှာ တစ်လ နှစ်လ မှတ်သားနိုင်ခဲ့ခြင်း ကပင်လျှင် မိမိအိမ်ထောင်စု၏ ဝင်ငွေ၊ ထွက်ငွေကို ခန့်မှန်း တွက်ချက် နိုင်ခဲ့ပါ၏။ ယနေ့ ကမ္ဘာကြီးသည် စီးပွားရေးကပ်ကြီး ဆိုက်နေသော အချိန်အခါ ဖြစ်ပေ၏။ စီးပွားရေးကပ်ကြီး ဆိုက်နေခြင်းမှာ ရာသီဥတု ဖောက်ပြန်ပြီး ကုန်ထုတ်လုပ်မှု ကျဆင်းလာခြင်းသည် အဓိက အကြောင်းအရင်း မဟုတ်၊ လူတို့သည် အသုံးထက် အဖြုန်းက များလာ ခြင်းကြောင့် ဖြစ်ပေ၏။ အသုံးဆိုသည်မှာ မရှိလျှင် မဖြစ်သော၊ မသုံး လျှင် မဖြစ်သော ကိစ္စအတွက် ကုန်ကျငွေကိုခေါ်၏။ အဖြုန်းဆိုသည် မှာ မရှိလျှင် ဖြစ်သေးသော ကိစ္စအတွက် ငွေအကုန်အကျ ခံခြင်းကို ခေါ်၏။ လိုအပ်သော ပစ္စည်းကို ဝယ်ပါ။ လိုချင်သော ပစ္စည်းကို မဝယ် ပါနဲ့ဟုလည်း လူကြီးသူမများက ပြောဆို ဆုံးမခဲ့ကြ၏။ ချွေတာခြင်း

ဆိုသည်မှာ လိုအပ်သောပစ္စည်းကိုပါ လျှော့ပြီး သုံးစွဲရန်ဖြစ်ပါ၏။ လိုချင်စရာ ပစ္စည်းများနှင့် သုံးစွဲစရာ ပစ္စည်းများသည် အလွန်ပေါများလှပါ၏။ အထူးသဖြင့် နိုင်ငံခြားဖြစ် ပစ္စည်းများသည် လူတို့ စွဲမက်စရာဖြစ်အောင်၊ လှပအောင် စီမံပြုလုပ်ထား၏။ ဝယ်ယူလိုအောင်လည်း ကြော်ငြာအားက ကောင်းလှ၏။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းကြောင့် လူတို့၏ ကုန်ကျငွေမှာပင် ကျန်းမာရေးအတွက် ကုန်ကျငွေနည်းပါး ဖြစ်နေ၏။ ကျွဲရိုင်း၊ အချိုရည်၊ ဟင်းချိုမှုန့်များကို မသုံးစွဲကြရန်အတွက် ကျန်းမာရေးဌာနမှ ပညာပေးနေ၏။ ဘေးဥပဒ်ဖြစ်စေနိုင်လျှင် ရောင်းခွင့်မပြုပဲ တားမြစ်သင့်ပါ၏။ အထူးသဖြင့် အင်ဖက်တမိုးခေါ် မူးယစ်ဆေးဝါးတစ်မျိုး ပါဝင်သည်ဟု ကျွမ်းကျင်သူ ပညာရှင်များက ထုတ်ပြန် ကြေငြာထားသော ကျွဲရိုင်း အချိုရည်ကို ဖမ်းဆီးဖျက်ဆီးပစ်ရမည် ဖြစ်ပါ၏။ အမှန်တော့ မည်သည့် ကုန်ပစ္စည်းမဆိုသဘာဝစစ်စစ်မဟုတ်လျှင် အသုံးမပြုနိုင်က ကောင်းပါ၏။ အနည်းနှင့် အများ ဘေးအန္တရာယ် ပေးနိုင်ပါ၏။ အထူးသဖြင့် ဆေးလိပ်နှင့်ကွမ်းယာကို ပညာပေး တားမြစ်သင့်ပါ၏။ ဆေးလိပ်ဖြတ်သဖြင့်၊ ကွမ်းယာ ဖြတ်သဖြင့် ဆေးရုံတက်ရသူ မရှိပါ။ တဖြည်းဖြည်း မလျှော့ပါနှင့် တစ်ခါတည်း အပြတ် ဖြတ်သင့်ပါ၏။ ၁၉၉၆ ခုနှစ်များ၌ ရန်ကုန်၊ မန္တလေး မြို့ကြီးများရှိ အိမ်ထောင်စုများ၏ လစဉ် အသုံးစရိတ်များကို သက်ဆိုင်ရာမှ စာရင်းကောက်ယူပြီး လေ့လာခဲ့၏။ အစားအစာကြောင့် ကုန်ကျငွေသည် အိမ်ထောင်စု တစ်စု၏ လစဉ် ကုန်ကျငွေ၏ မန္တလေးမြို့၌ ၇၀ % နှင့် ရန်ကုန်မြို့တွင် ၆၅ % အသီးသီး ရှိကြ၏။ မန္တလေးမြို့မှ အိမ်ထောင်စုများကို လေ့လာဖော်ပြရာတွင် အောင်မြေသာဇံ ရပ်ကွက်၊ မဟာအောင်မြေ ရပ်ကွက်၊ ချမ်းမြသာစည် ရပ်ကွက်၊ ပြည်ကြီးတံခွန် ရပ်ကွက်တို့မှ အိမ်ထောင်စုများကို လေ့လာခဲ့ခြင်းဖြစ်သည်ဆို၏။ ရန်ကုန်မြို့တွင်လည်း လသာမြို့နယ်၊ အလုံမြို့နယ်၊ ဗဟန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ဒေါပုံမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အင်းစိန်မြို့နယ်ရှိ အိမ်ထောင်စုများကို ကွင်းဆင်း စစ်ဆေးမေးမြန်း စစ်တမ်း

ကောက်ယူခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြထားပေ၏။ ထိုစစ်တမ်း ကောက်ယူမှု ကိန်းဂဏန်းများသည် ပျမ်းမျှ ကုန်ကျငွေများ ဖြစ်သဖြင့် မိမိ၏ အိမ်ထောင်စု အသုံးစရိတ်များနှင့် နှိုင်းယှဉ် လေ့လာသင့်ပါ၏။ ထို အသုံးစရိတ် စံနှုန်းများနှင့် ထူးကဲစွာ ကွာခြားနေသော မိမိအိမ်ထောင်စု၏ အသုံးစရိတ်များကို ပြုပြင်သင့်ပါ၏။ အိမ်ထောင်စု ထက်ဝက်ကျော်၏ ကုန်ကျစရိတ်သည် တစ်လလျှင် ကျပ်တစ်သောင်း၏ အောက်မှာ ရှိ၏။ ဥပမာ– လသာမြို့နယ်တွင် အိမ်ထောင်စုများ၏ ၃၁.၄% သည် ကျပ်တစ်သောင်းအောက် ကုန်ကျ၏။ ၆၀.၄ % သော အိမ်ထောင်စုများသည် ကျပ်တစ်သောင်းမှ သုံးသောင်းအထိ လစဉ် အသုံးစရိတ်ရှိ၏။ ၅.၂ % အိမ်ထောင်စုများသည် ကျပ်သုံးသောင်းမှ ကျပ်ငါးသောင်းအထိ လစဉ် အိမ်သုံးစရိတ်ရှိ၏။ ၂ % သော အိမ်ထောင်စုများသည် လစဉ် အိမ်သုံးစရိတ် ကျပ်ငါးသောင်းအထက်ရှိ၏။ မြို့နယ်တစ်ခုမှ အိမ်ထောင်စုများ၏ အသုံးစရိတ်သည် အခြားမြို့နယ်မှ အိမ်ထောင်စု အသုံးစရိတ်နှင့် များစွာ ကွာခြားပါ၏။ အိမ်ထောင်စု တစ်စု အသေးစိတ် ကုန်ကျငွေများမှာလည်း စားသောက်မှုအတွက် ၆၅ % နှင့် အခြားစရိတ် ၃၅ % ရှိသည်ဟု ဆိုပြန်၏။ စားသောက်စရိတ်တွင်လည်း ဥပမာ– ဒေါပုံမြို့နယ်မှ အိမ်ထောင်စုအတွက် ဆန်အတွက် ၁၇ %၊ သားငါးအတွက် ၁၅ %၊ ဆီအတွက် ၄ %၊ အသီးအရွက်အတွက် ၅ % ကုန်ကျသဖြင့် စုစုပေါင်း အစားအစာအတွက် ကုန်ကျငွေ၏ သုံးပုံနှစ်ပုံမှာ ထိုစားကုန် လေးမျိုးမှာ သုံးစွဲကြရ၏။ စားကုန်မဟုတ်သော အခြား ကုန်ကျစရိတ် ၃၅ % တွင် ဆေးလိပ်အတွက် [illegible] %၊ ရေ၊ မီးအတွက် ၆ %၊ အဝတ်အထည် အတွက် ၅ %၊ သွားလာစရိတ်အတွက် ၅ %၊ အလှူအတန်းအတွက် ၄ %၊ ဆေးဖိုးဝါးခအတွက် ၂ % စသည်ဖြင့် အသီးသီး သုံးစွဲနေကြ၏။ အမှန်တော့ ထိုအသုံးစရိတ်များမှာ ပျမ်းမျှ အသုံးစရိတ်များ ဖြစ်သဖြင့် အမှန်သုံးနေသော အသုံစရိတ်များ ဖြစ်ပါ၏။ အဖြုန်းမဟုတ်ပေ။ စာဖတ်သူများသည် မိမိ၏ အိမ်ထောင်စု အသုံးစရိတ်များနှင့် နှိုင်းယှဉ် လေ့လာနိုင်ရန် တင်ပြလိုက်ရပါ၏။

## အိမ်ထောင်စု တစ်စု၏ လစဉ် အသုံးစရိတ်များ ၁၉၉၆ ခုနှစ် လူနေမှု အဆင့်

| စဉ် | လစဉ်သုံးစရိတ် (ကျပ်ပေါင်း) | အိမ်ထောင်စုများ၏ ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|---|
| | | လသာ | ရန်ကင်း | ဒေါပုံ | ဒဂုံ (တောင်) | မန္တလေး |
| ၁။ | ၂၀၀၀– ၁၀၀၀၀ | ၁၃.၄ | ၅၆ | ၈၈.၈ | ၆၀.၄ | ၅၁.၄ |
| ၂။ | ၁၀၀၀၁– ၃၀၀၀၀ | ၆၁.၄ | ၃၉.၂ | ၉.၂ | ၃၈.၀ | ၄၅.၈ |
| ၃။ | ၃၀၀၀၁– ၅၀၀၀၀ | ၅.၂ | ၃.၂ | ၁.၂ | ၁.၂ | ၂.၀ |
| ၄။ | ၅၀၀၀၁– အထက် | ၂ | ၁.၆ | ၀.၈ | ၀.၄ | ၀.၈ |
| စုစုပေါင်း ရာခိုင်နှုန်း | | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |

မှတ်ချက်။ ။ သင်၏ မိသားစုသည် မည်သည့် လူနေမှုအဆင့်တွင် ပါဝင်ပါသနည်း။ မည်သည့် မြို့နယ်တွင် နေထိုင်ပါသနည်း။ ထိုဇယားတွင် ရှာကြည့်ပါ။

## ရန်ကုန်မြို့ရှိ အိမ်ထောင်စုတစ်စု၏ အသုံးစရိတ်ရာခိုင်နှုန်း

(အသုံးစရိတ် ၁၀၀ ကျပ် ကုန်ကျလျှင်)


| (က) အစားအသောက် | စုစုပေါင်း အသုံးစရိတ်၏% |
|---|---|
| (၁) ဆန် | ၁၅ ကျပ် ၄၅ ပြား |
| (၂) ပဲမျိုးစုံ | ၁ ကျပ် ၄၃ ပြား |
| (၃) အသား+ ငါး | ၁၆ ကျပ် ၂၀ ပြား |
| (၄) ငါးပိ+ ငံပြာရည် | ၁ ကျပ် ၆၃ ပြား |
| (၅) ဆီ | ၄ ကျပ် ၁၄ ပြား |
| (၆) အသီးအရွက် | ၄ ကျပ် ၉၀ ပြား |
| (၇) သကြား+ နို့ | ၂ ကျပ် ၁၂ ပြား |
| (၈) အခြား | ၁၈ ကျပ် ၈ ပြား |
| စုစုပေါင်း | ၆၄ ကျပ် ၆၉ ပြား (၆၄.၆၉%) |

(...) အစားအစာ မဟုတ်သော ကုန်ကျစရိတ်များ (ဝတ်ရေး+နေရေး)

| | | |
|---|---|---|
| (၁) | ဆေးလိပ် | ကျပ် ၄၅ ပြား |
| (၂) | သွားလာစရိတ် | ၅ ကျပ် ၆၀ ပြား |
| (၃) | ရေ၊ မီး၊ လျှပ်စစ် | ၅ ကျပ် ၁၇ ပြား |
| (၄) | အဝတ်အထည် | ၃ ကျပ် ၄၂ ပြား |
| (၅) | အိမ်ပြုပြင်ငှား | ၃ ကျပ် ၉၁ ပြား |
| (၆) | အလှူဒါန | ၃ ကျပ် ၉၄ ပြား |
| (၇) | အခြား | ၁၃ ကျပ် ၂၇ ပြား |
| | စုစုပေါင်း | ၃၅ ကျပ်၃၁ ပြား (၃၅.၃၁%) |

...ျမ်းကိုး။ ။ ၁၉၉၇ ခုနှစ်၊ စာရင်းဇယား ကိန်းဂဏန်းများ (အမျိုးသား
...င်မံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန)
...င်ငွေကိုတိုးပြီး မရှာနိုင်ကြလျှင် အသုံးကို လျှော့ကြပါစို့။

■



ပခုက္ကူမြို့ပေါ်မှာ ဆိုက္ကား နင်းသွားသော ဦးအုံးဖေ

# လက်မှုနိုင်ငံမှ စက်မှုနိုင်ငံသို့

"ကလင်... ကလင်... ကလင်"

"ဖေဖေ ခြောက်နာရီ ထိုးပြီ၊ ထတော့လေ၊ ကနေ့ဥပုသ်နေ့ တောင်ပေါ်ဘုရားပွဲကို သွားရမှာ"

ကျွန်တော်တို့ မိသားစု အားလုံးသည် တောင်ပေါ်ဘုရားပွဲသို့ သွားရန်အတွက် ထမင်းချက်သူကချက်၏။ ဆွမ်းတော်ကြီးပွဲ ပြင်သူက ပြင်၏။ အင်္ကျီ၊ လုံချည်၊ အဝတ်အထည်များကို မီးပူတိုက်သူကတိုက်ဖြင့် အလုပ်ရှုပ်နေကြ၏။

"သားသား မျက်နှာသစ်၊ သွားတိုက် မြန်မြန်လုပ်ကြ"

တစ်အိမ်သားလုံး ဆူညံနေကြ၏။ မီးဖိုအတွင်း ဝင်သွား သောအခါ မှေးမှေးမှိန်မှိန် လာနေသော လျှပ်စစ်မီးကြောင့် ဖန်ချောင်းနှင့် မီးသီး တို့မှာ မလင်းတစ်ချက်၊ လင်းတစ်ချက် ဖြစ်နေ၏။ ထို့ကြောင့် ထမင်းချက်၊ ဟင်းချက်၊ ဆွမ်းပွဲ ပြင်နေရသော သမီးတို့မှာ ဖယောင်း တိုင် မီးပင် ကူနေရရှာ၏။

"ဟဲ့ ဟဲ့၊ ဘုန်းကြီးကန်တော့ပွဲအတွက် လှူမယ့်ပစ္စည်းတွေ စာရေးမှတ်ကြ၊ ဒီမှာ ဘောပင် ရော့ ရော့"

"ရေးမယ် ပြောကြ"

"တရုတ်သံဇလုံကြီး တစ်ခု၊ နို့ဆီတစ်ဘူး၊ ယိုးဒယား ဆပ်ပြ

သွားတိုက်ဆေး၊ ယိုးဒယားရေချိုင့်၊ ဖန်ခွက်လေးလုံး၊ တော့ချိုက်စ် ...နံ့ပုံးတစ်ပုံး၊ ကော်ဖီမစ်တစ်ထုပ်၊ အချိုရည်သံဘူး သုံးဘူး"

"ကိုင်း ကိုင်း စုံပြီ မဟုတ်လား"

"ဒီမှာ တရုတ်မျက်နှာသုတ်စောင် တစ်ထည်နဲ့ တရုတ်ဓာတ်ဘူး တစ်ဘူး ကျန်နေသေးတယ်"

"ဟုတ်တယ်ဟ၊ ဒီမျက်နှာသုတ်နဲ့ ဓာတ်ဘူးကို သမီးကြီးက ...ပြီးလှူသွားတာ"

"ဟုတ်ပြီ ဆွမ်းတော်ကြီးပွဲ ပြင်ကြ၊ ပြင်ကြ"

"ဆွမ်းချိုင့်ကို စတီး(သံမဏိ) ချိုင့်အကြီးနဲ့ ထည့်ပေးဟေ့၊ စတီး ချိုင့် အငယ်ကိုတော့ ဟင်းလျာတွေပဲ ထည့်ကြ၊ စတီးဇွန်းအပို ၄-၅ ချောင်းလဲ ယူခဲ့ကြဦး"

"ဖေဖေကြီး ရာသီဥတုကအေးတယ်၊ မိုးရွာနေတာ ဆိုတော့ အနွေးထည်ကြီးကို ဝတ်ခဲ့၊ စပို့ရှပ်ကလေးနဲ့ မလုပ်နဲ့၊ အအေးမိပြီး ဖျားသွားလိမ့်မယ်၊ ဖျားသွားရင် မလွယ်ဘူး။ ဆေးဈေးတွေက ကြီးပါ ...နဲ့၊ တစ်ယောက်နေမကောင်း၊ တစ်ယောက်ဖျားရင် ကျပ် ၄၀၀၊ ၅၀၀ ဆိုတာ အလွယ်လေး ကုန်တာပဲ၊ ဒါတောင်မှ ဆရာဝန်က အိမ်တွင် "လက်ဖြစ်" မို့လို့ တော်သေး၊ သူများတွေဆိုရင် ကျပ် ၁၀၀၀ အနည်းဆုံး ကုန်ကြတာ"

ကျွန်တော်၏ ဇနီးက စီစဉ်ပေးနေပါတော့သည်။ ကျွန်တော်၏ သမီးကြီးကလည်း ဆရာဝန်ဖြစ်၍ ကျွန်တော်၏ ဇနီးက ဆရာဝန်က အိမ်တွင် လက်ဖြစ်ဟု သုံးနှုန်းပြောဆိုခြင်း ဖြစ်ပါ၏။ ကျွန်တော့် ဇနီး ပြောသော "လက်ဖြစ်" ဆိုသော စကားကို ကြားမိတော့ ကျွန်တော့်မှာ ခေါင်းကြီး သွားရ၏။

"ငါတို့အိမ်မှာ ပြုလုပ်တဲ့ ပစ္စည်း၊ ငါတို့ရဲ့ နိုင်ငံမှ ထုတ်လုပ်တဲ့ ပစ္စည်း ဘာများရှိပါလိမ့်" ဟု စဉ်းစားမိ၏။

ယခု ပြင်ဆင်နေသော ပစ္စည်းများကို တစ်ခုချင်းလိုက်ပြီး ကြည့် ...ကြ၏။ လေ့လာလိုက်၏။ ကျွန်တော်ရှေ့တွင် တွေ့ရသော ပစ္စည်းများ ...နာရီ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ဆပ်ပြာကြူတ်၊

ရေခွက်၊ ရေနွေးအိုး၊ ရေနွေးပန်းကန်၊ လျှပ်စစ်မီးဖို၊ မီးကြိုး၊ မီးခလုတ်၊ ထမင်းအိုး၊ ပေါင်းအိုး၊ ဇွန်း၊ ထမင်းချိုင့် စသည့် မီးဖိုချောင်သုံး ပစ္စည်းများ အားလုံးနှင့် ဘုန်းကြီး ကန်တော့ပွဲအတွက် ပြင်ဆင်ထားသော သံ‌ေလ ကြီး၊ ဓာတ်ဘူး၊ စောင်ကြီး၊ နို့ဆီ၊ ဆပ်ပြာ၊ ကော်ဖီမစ်၊ မုန့်ပုံးစသည့် ပစ္စည်းများ အားလုံးသည် နိုင်ငံခြားမှ ဝင်လာသော ပစ္စည်းများသာ ဖြစ်ပါသည်။

ကျွန်တော်စနီးပြောသော "လက်ဖြစ်" ဆိုသည်က လျှပ်စ ဓာတ်အား တစ်မျိုးသာရှိ၏။ ဤသည်ကလည်း မလင်းတစ်ချက် လင် တစ်ချက် ဗို့အားက မမီ။ သောက်ရေးအိုးမှ ရေသည်ပင်လျှင် မော်တာ ဖြင့် စုပ်ယူပြီး တင်မှရ၏။ ရေခွက်နှင့် သောက်ရေအိုး အဖုံးတို့က "နိုင်ငံခြားပစ္စည်း" များ ဖြစ်ပါ၏။

"ဒီပစ္စည်းတွေကို ငါတို့နိုင်ငံသားတွေ မလုပ်တတ်ကြ ပဘူး လား၊ အထုတ်နိုင်ကြ ပဘူးလား၊ မြန်မာလူမျိုးတွေဟာ မညံ့ပါဘူး၊ အခေပါဘူး၊ ဘာအခြေအနေတွေ လိုအပ်နေလို့ မထုတ်လုပ်နိုင် ကြတာ လဲ၊ ဒီပစ္စည်းတွေကို ငါတို့နိုင်ငံမှာ ထုတ်နိုင်ရင် ကောင်းမှာပဲ"

စသည်၊ စသည်ဖြင့် စဉ်းစားနေမိပြန်၏။ လေယာဉ်ပျံ၊ မော် တော်ကား၊ မထုတ်လုပ်နိုင်ချင် နေပါစေ၊ မီးဖိုချောင်သုံး ပစ္စည်းလေး တွေ စသည်၊ စသည် တွေးနေမိပါ၏။

"ဒီပစ္စည်းတွေ ငါ့အိမ်ကို ဘယ်လို ရောက်လာပါလိမ့်၊ ဝယ်လို့ ရောက်လာတာပေါ့၊ ဝယ်ရနိုင်အောင် မြန်မာနိုင်ငံအတွင်းကို ဘယ်လို ရောက်လာပါလိမ့်၊ ဘာငွေနဲ့ဝယ်ပြီး ဘာပစ္စည်းနဲ့ လဲလို့ မြန်မာပြည် အတွင်း ဝင်လာပါလိမ့်"

စသည်၊ စသည်ဖြင့် အတွေးများက အဆက်မပြတ် တရစပ် ဖြစ်နေ၏။ ကျွန်တော့်မှာ အလေ့အကျင့်တစ်ခု ရှိ၏။ တစ်စုံတစ်ခုကို စိတ်ဝင်စားလျှင် ထိုအကြောင်းအရာများကို အဖြေရသည်အထိ ဆက် တိုက်၊ ချက်ချင်း ဖြေရှင်းပစ်တတ်၏။ ဦးနှောက်ထဲမှာ မထား၊ မှတ် မထား၊ ချက်ချင်း ဖြေရှင်းပစ်တတ်၏။ ဦးနှောက်ထဲမှာ တေးမထား၊ မှတ်မထား၊ တန်းလန်းမထား။ ပြဿနာတစ်ခုကို ဦးနှောက်ထဲမှာ

တေးမှတ်ထားခြင်းကို (TENSION) တင်းရှင်းဟု ခေါ်၏။ စိတ်ရောဂါ ဖြစ်စေသော အကြောင်းအရင်း တစ်ရပ် ဖြစ်၏။ ကျွန်တော်သည် အလုပ်ကြောင့် စိတ်ဝေဒနာ၊ စိတ်ရောဂါ မဖြစ်စေရန် အမြဲသတိထား၏။ ကျွန်တော်နှင့် ရင်းနှီးသော ကျန်းမာရေး ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါက်တာ ဦးတင်မြင့်က ပြောခဲ့ဖူး၏။

"ကိုသက်လွင် ခင်ဗျားနဲ့အတူ တွဲလုပ်ခဲ့ကြတာ ကျွန်တော် ခင်ဗျားဆီက အကျင့်တစ်ခု ယူခဲ့တယ်ဗျာ၊ အလုပ်တစ်ခုကို အရေးကြီးရင် ကိုယ်တိုင် ချက်ချင်းလုပ်ပစ်လိုက်တယ်၊ အရေးမကြီးရင် တပည့်တွေကို လွှဲထားလိုက်တာပဲ၊ ကိုယ်တိုင်ကတော့ လှည့်တောင်မကြည့်ဘူး၊ ခင်ဗျားနဲ့ မတွေ့ခင်ကတော့ ကျွန်တော့်မှာ ဘာအလုပ်ကိုမဆို ငါမပါရင် မပြီးဘူး၊ ငါကြီးကြပ်ရမယ်၊ ငါလုပ်ရမယ်၊ ငါ့တပည့်တွေကို စိတ်မချဘူး ဆိုပြီး တစ်ခါတလေမှာ စဉ်းစားတာနဲ့ အိပ်တောင်မပျော်ဘူး၊ အခု ခင်ဗျားနဲ့ တွေ့ပြီးတော့ ငါမလုပ်လို့ ရနိုင်တဲ့ အလုပ်ကို ငါမလုပ်ဘူးလို့ ဆုံးဖြတ်လိုက်တာ အိပ်ပျော် စားကောင်း ဖြစ်နေပြီ" ဟု ပြောပြခဲ့၏။

ဒေါက်တာဦးတင်မြင့်သည် အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီးအဖြစ် မကွေးတိုင်းတွင် ကျွန်တော်နှင့်အတူ လုပ်ကိုင်သွားခဲ့ကြ၏။ ကျွန်တော်က တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာဝန် ဖြစ်ပါ၏။ ထို့နောက် ဒေါက်တာဦးတင်မြင့်သည် ကျန်းမာရေး ဒုတိယ ညွှန်ကြားရေးမှူးမှ အငြိမ်းစားယူပြီး ကမ္ဘာ့ကျန်းမာရေး ကိုယ်စားလှယ်အဖြစ် အင်ဒိုနီးရှား နိုင်ငံတွင် အချိန်ကြာမြင့်စွာ သွားရောက် အမှုထမ်းခဲ့၏။ ပြီးခဲ့သည့်လက မြန်မာနိုင်ငံသို့ ပြန်လာသဖြင့် ကျွန်တော့်ကို သူ့အိမ်မှာခေါ်ပြီး ညှိခံခဲ့သေး၏။ သူ့အိမ်မှာ ဆုံကြပြန်တော့လည်း ကျွန်တော်တို့နိုင်ငံ တိုးတက်ဖို့၊ သွင်းကုန်တွေကို ချွေတာဖို့နဲ့ ပို့ကုန်တွေ မြှင့်တင်ဖို့၊ နိုင်ငံတော်မှာ နိုင်ငံခြားငွေရဖို့ သူ့အမြင်၊ ကိုယ့်အမြင်များကို ဆွေးနွေးကြရသည်မှာ အရသာရှိလှ၏။

သို့သော် ကျွန်တော်တို့ကဲ့သို့ ဆရာဝန်ဆိုသည့် လူတန်းစားသည် နိုင်ငံတော် တိုးတက်ရေးအတွက် ဘာမျှ လုပ်ပေးနိုင်စွမ်း ရှိသူများ မဟုတ်ကြ။ ဘေးထိုင်၊ ဘိုင်ကျ၊ ဘုပြောနေခြင်းမှတပါး ဘာမျှ မတတ်နိုင်။ ကိုယ့်အခြေနေကို ကိုယ်သိလျှင် မပြောဘဲ နေခြင်းက ကောင်းပါ၏ ဟု တစ်ခါတရံဖြင့်လည်း မိမိကိုယ်ကို ဆုံးမရ၏။ သို့သော် သိချင်သည်ကိုဖြင့် မသိရသေးလျှင် "တင်းရှင်း" ခေါ် စိတ်ဝေဒနာတစ်ခု ရမှာဖြစ်၏။ ထို့ကြောင့် ကျွန်တော် စဉ်းစားနေသော နိုင်ငံခြားမှ တင်သွင်းလာသည့် ပစ္စည်းများကိစ္စကို အဖြေရှာရန် ဆုံးဖြတ်လိုက်၏။ မျက်နှာသစ်ပြီးသော်လည်း သွားမတိုက်သေးပဲ စာကြည့်စားပွဲသို့ သွား၏။

ပထမဦးစွာ အမျိုးသား စီးမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာနမှ အင်္ဂလိပ်လို နှစ်လတစ်ကြိမ် ထုတ်ဝေသော လစဉ် စီးပွားရေး အခြေအနေကို ကိန်းဂဏန်းများ အချို့ဆိုသည့် စာအုပ်ကို ထုတ်ယူလိုက်၏။ သွင်းကုန် တန်ဖိုးသည် နှစ်စဉ် ထုတ်ကုန် တန်ဖိုး၏ နှစ်ဆဖြစ်နေသည်ကို တွေ့ရှိရ၏။ တစ်နှစ်ချင်းဖြစ်စေ၊ တစ်လချင်းဖြစ်စေ နှစ်ပေါင်း ၂၀ ကျော် အတွင်း တစ်ကြိမ်တစ်ခါမျှ အမြတ်မဖြစ်ခဲ့။ လစဉ်၊ နှစ်စဉ် ကုန်သွယ်ရေး အရှုံးပြနေသည်ကို သတိပြုမိပါ၏။ စာမျက်နှာ နံပါတ် (၁) ကို ကြည့်မိခြင်း ဖြစ်ပါ၏။ ထို့ကြောင့် စာမျက်နှာ (၂) နှင့် (၃) တို့ကို ဆက်လက်ပြီး ကြည့်မိပြန်၏။ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသော ကုန်ပစ္စည်း အမျိုးအစားများနှင့် တန်ဖိုးများကို ဖော်ပြထား၏။ သွင်းကုန်တန်ဖိုးကို ဖော်ပြရာတွင် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရပိုင် ကဏ္ဍဆိုပြီး ခွဲခြား တင်ပြထားပါ၏။ ထို့နောက် သွင်းကုန် ပစ္စည်းအချို့၏ အမည်များကို ဖော်ပြထား၏။

စာမျက်နှာ (၆) နှင့် (၇) တို့တွင် မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ ရောင်းချလိုက်သော ကုန်ပစ္စည်းစာရင်းကို ပြန်ကြည့်မိ၏။ ဆန်စပါး၊ ပြောင်း၊ ပြောင်းဖူး၊ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ကြက်ပေါင်စေး၊ တိရစ္ဆာန်များ၏ အရေခွံများ၊ ငါး၊ ပုစွန်၊ ကျွန်သစ်၊ သစ်မာ၊ သုံးထပ်သား၊ သတ္တု အမျိုးမျိုးဖြင့် အရောင်းအဝယ်လုပ်ပြီး တင်သွင်းလာသော ပစ္စည်းများ ဖြစ်ပါ၏။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ဝေသော ကုန်သွယ်မှုသတင်း (Trade News) စာအုပ်ကိုရှာပြီး ဖတ်ရပြန်၏။ ထုတ်ကုန်များ စာရင်းတွင်

က။ လယ်ယာကိုင်းကျွန်းထွက် ကုန်ပစ္စည်း

ခ။ သစ်တောထွက်ပစ္စည်း

ဂ။ ရေထွက်ပစ္စည်းဆိုပြီး ထုတ်ကုန်ပစ္စည်းများကို တွေ့ရ၏။ ရေထွက်ပစ္စည်းများတွင်လည်း ရှာရှာဖွေဖွေ ခရုအသားခြောက်၊ ရေငန်ကျောက်ငါး အကောင်သေး၊ ရေငန်ငါးကသပေါင်း၊ ငါးစားလွယ်မှ အစ ရှာရှာဖွေဖွေ ရောင်းချကြ၏။ သစ်တောထွက် ပစ္စည်းများမှာလည်း အင်တွဲ၊ စကားဝါသစ်၊ တောင်သရက်သစ်၊ အင်္ဂါသစ်၊ တောင်ပိန္နဲသစ်၊ ကောင်းမှုသစ်၊ တောင်စကား သစ်မှ အစ သစ်မျိုးစုံ ထုတ်ယူ ရောင်းချနေ၏။ အထွေထွေကုန်ပစ္စည်း ရောင်းကုန်စာရင်းတွင်လည်း ဒီဒူးဘုတ်ချောင်း၊ ဘိလိယက်ထိုးတံ၊ ကင်ပွန်းသီးမှအစ ရှာရှာဖွေဖွေ ရောင်းချပြီး နိုင်ငံခြားငွေ ရှာနေကြ၏။ ကျွန်တော်တို့ ရောင်းရငွေသည် သဘာဝ ပစ္စည်းများကို ရောင်းရသဖြင့် ရသောငွေ ဖြစ်ပါ၏။

"ကိုင်း ကိုင်း လုပ်ကြလုပ်ကြ၊ လုပ်ကြ၊ ဟဲ့ မြန်မြန်လုပ်ကြ၊ သွားမယ်၊ သွားမယ်၊ တီဗီခလုတ် ပိတ်ခဲ့၊ အောက်စက်ကို ကြိုးတွေဖြုတ်ခဲ့၊ ကက်ဆက်နဲ့ ရေဒီယိုလည်း သေတ္တာထဲကို ထည့်ထားခဲ့ကြ၊ အိမ်ဝိုင်းကို သော့ခတ်ထားခဲ့ကြ၊ သွားကြမယ်၊ သမီးကြီးတို့က စက်ဘီးနဲ့ သွားကြ၊ သားနဲ့ ဖေဖေက မော်တော်ဆိုင်ကယ်နဲ့ လိုက်ခဲ့ကြ၊ ဆိုင်ကယ် ဖြေးဖြေးစီးကြနော်၊ လမ်းပေါ်မှာ မော်တော်ကားတွေ၊ မော်တော်

ဆိုင်ကယ်တွေ၊ စက်ဘီးတွေက ရှုပ်ပါသနဲ့၊ ပေါင်ဒါမှုန့်နဲ့၊ ရေမွှေးနံ့တွေက မွှေးပါဘိ၊ မွှေးလို့၊ သင်းလို့၊ ကြိုင်လို့"

"ဟော့ ဟော့ ဥပုသ်ဇရပ်မှာ စားဖို့ လက်ဖက်လေး ထည့်ခဲ့ပါဦးဟဲ့၊ ဟင်းချိုမှုန့် တစ်ထုပ်လောက် ထည့်ခဲ့ဦး၊ ဆီနည်းနည်းလဲ ယူခဲ့ကြဦး"

"ဆီက မြေပဲဆီ ကုန်နေတယ် မေမေရဲ့၊ စားအုန်းဆီတွေပဲ ရှိတယ် မကောင်းဘူး" ဟု သမီးငယ်က ဖြေနေ၏။

"စားအုန်းဆီဆိုတာလည်း မြေပဲဆီနဲ့ အတူတူပါပဲ၊ မြေပဲဆီဆိုတာလည်း စားအုန်းဆီပါပဲအေ၊ မထူးပါဘူး၊ ယူသာ ယူခဲ့ပါ" ဟု ပြောရင်း အိမ်မှ ထွက်လာခဲ့ကြပါတော့၏။

"ဆရာ သတင်းစာ လာတယ်"

"အေး အေး သတင်းစာယူခဲ့၊ ယူခဲ့ ဥပုသ်ဇရပ် ရောက်မှပဲ သတင်းစာ ဖတ်တော့မယ်။ ယူခဲ့၊ ယူခဲ့" ဟု ကျွန်တော်က အော်ပြီး ပြောသဖြင့် သမီးငယ်သည် သတင်းစာကို ယူလာခဲ့၏။

ဥပုသ်ဇရပ်သို့ ရောက်၍ ကော်ဖီမစ်တစ်ခွက်ကို ဖျော်သောက်ပြီး လက်ကျန် မိသားစုမုန့် တစ်ခုကို ဝါးလျက် သတင်းစာကို ဖတ်ရန် တံုးလုံးလှဲလိုက်တော့၏။

၂၉-၉-၉၇ နေ့ သတင်းစာကို ဖတ်ရန် မျက်နှာဖုံး ခေါင်းကြီးပိုင်း ခေါင်းစီးကို ဖတ်လိုက်၏။

"အားလုံး ပူးပေါင်း ဆောင်ရွက်မှ အောင်မြင်မှု ရမည်၊ စက်မှုကဏ္ဍ တိုးတက်ရေး၊ စက်မှုဇုန်များ ထူထောင်ကာပေးနေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်က ပိုမို ကြိုးပမ်း တီထွင်ဆောင်ရွက် အတွင်းရေးမှူး (၂) မန္တလေး စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအား မှာကြား" ဟူသော ခေါင်းစီးပိုင်းကို ဖတ်လိုက်ရပါတော့၏။

"အင်းအင်း၊ နိုင်ငံ အကြီးအကဲ လူကြီးများက ငါတို့ နိုင်ငံအတွက် သွင်းကုန် အစားထိုးရေး၊ စက်မှုလက်မှု လုပ်ငန်းများနှင့် ပို့ကုန် တိုးမြှင့်ရေး၊ စက်မှုလုပ်ငန်းများ တိုးချဲ့ဖို့ လုပ်ဆောင် နေကြပြီပေပဲ။ ယနေ့ ငါတို့ မြင်နေ၊ သုံးနေ၊ ဝယ်နေရတဲ့ ပစ္စည်းတွေကို

ကြောမိ ငါတို့နိုင်ငံမှာ ထုတ်လုပ်နိုင်တော့မှာပါပဲလား" ဟု စဉ်းစား
မျှော်မှန်းလျက် အနားယူရင်း စာဖတ်လျက် အိပ်ပျော်သွားခဲ့ပါတော့၏။
(လက်မှုနိုင်ငံမှ စက်မှုနိုင်ငံသို့ သွားကြပါစို့ဟု ဆန္ဒပြုလျက်)

■



နိုင်ငံခြားငွေ ချွေတာလေ

## ကြီးပွားချမ်းသာခြင်းအကြောင်းရင်း

အတိတ်ဘဝ ကုသိုလ်ကံကြောင့်ဟု ဖြေဆိုသူ သုံးဦး။

အပေါင်းအသင်းကောင်းနှင့် တွေ့ဆုံရခြင်းကြောင့်ဟု ဖြေဆိုသူ သုံးဦး။

သင့်တင့်လျောက်ပတ်သော နေရာဒေသ၊ ရာထူး၊ ဌာန နေ ရခြင်းကြောင့်ဟု ဖြေဆိုသူ သုံးဦး။

အလုပ်ကြိုးစားခြင်း၊ (ဝီရိယ) ကြောင့်ဟု ဖြေဆိုသူ သုံးဦး။

အဝတ် အနေအထိုင် သန့်ပြန့်စွာ နေထိုင်တတ်ခြင်း ဆိုသူ သုံးဦး။

စီးပွားရေးသတင်း အချက်အလက်များကို ဦးစွာရအောင် စုဆောင်းခြင်းဆိုသူ တစ်ဦး။

ပခုက္ကူမြို့တွင် အတော်အတင့် ချမ်းသာကြီးပွားနေသူများ စုဝေးရာ ဥပုသ်သည်များ ဇရပ်တစ်ခုတွင် ဖြစ်ပါ၏။ ပခုက္ကူမြို့ မြောက်ဖျားတွင် တောင်ကုန်းလေး ၁၅ ခုရှိ၏။ တောင်ကုန်းများပေါ် တွင် ကိုယ်ပိုင် ဇရပ်ကလေးများ ဆောက်လုပ်ထားကြ၏။ ဝါတွင်း ဖြစ်စေ၊ ဝါပဖြစ်စေ၊ ဥပုသ်နေ့များတွင် အလုပ်များကို ပိတ်ပြီး တော ပေါ်ရှိ ဇရပ်ကလေးများတွင် ဥပုသ် စောင့်တတ်ကြ၏။ ဥပုသ်သည် များ၏ သဘာဝအတိုင်း ဗုဒ္ဓအကြောင်း၊ ဓမ္မအကြောင်း၊ စီးပွားရေ

…ရေးမှအစ ပြောကြဆိုကြ၊ ငြင်းကြ၊ ခုံကြ တတ်ကြပါ၏။ ကျွန်တော်
…သည် "လူတစ်ဦးမှာ ကြီးပွား ချမ်းသာလာရခြင်းဟာ ဘာ အဓိကလဲဟု
…များတို့ ထင်ပါသလဲ၊ တစ်ဦးကို တစ်ခုစီ ပြောကြစမ်းဗျာ" ဆိုပြီး
…င်းစဉ် တစ်ခုကို ကျွန်တော်ကပေးလိုက်သည်။ ပုဂ္ဂိုလ် ၁၂ ဦးမှာ
…ာက်ပါအတိုင်း ဖြေလိုက်ကြခြင်း ဖြစ်ပါသည်။

လူ့ဘဝမှာ ချမ်းသာတယ်ဆိုတာ အတိတ်ကံကောင်းတဲ့ သူများ
… ချမ်းသာတယ်။ အမှတ် ၁၅ ရပ်ကွက်ထဲက သူဆိုရင် အရင်က
…န်းသည် လုပ်နေတာပဲ၊ ထီ ၂၆ သိန်းပေါက်တယ်။ အမှတ် ၁၁
…ပ်ကွက်ထဲက လူဆိုရင်လဲ ဈေးထဲမှာ ဈေးသည်လေးပဲ၊ ထီ ၃၀ သိန်း
…ါက်တယ် စသည်ဖြင့် ထီပေါက်သူ ၁၀ ဦးကို နမူနာ ပြသွား၏။
…ါဆိုရင် မြန်မာပြည်မှာ ထီပေါက်လို့ ချမ်းသာတဲ့လူ ဘယ်နှစ်ဦး
…သလဲကွာ၊ သူတို့ ချမ်းသာကြသလား၊ ထီထိုးလို့ မွဲသွားတဲ့ သူတွေကို
…ာရဦးမှာလား ဆိုပြီး ဆွေးနွေးကြပြန်၏။ အမွေရလို့ ချမ်းသာတယ်၊
…ယ်ထဲ ရှာထဲမှာ ရွှေအိုးကြီးတွေ တွေ့လို့ ချမ်းသာတယ်၊ ဈေးဆိုင်
…ါမှာ ရွှေထုပ်ကြီးကို လူတစ်ဦးက မေ့ကျန်ခဲ့ရစ်လို့ ကောက်ရပြီး
…မ်းသာတယ်ဆိုပြီး ကံကို ယုံသူများက တင်ပြလာ၏။ ထိုသူများကို
…ကြောင့် ချမ်းသာတဲ့လူ ဘယ်နှစ်ဦးရှိသလဲဆိုပြီး ချေဖျက် ပြောဆို
…ကြပြန်၏။ ရာခိုင်နှုန်း အတော်နည်းပါ၏။ အပေါင်းအသင်းကောင်း
… တွေ့ဆုံရခြင်းကြောင့် ချမ်းသာကြသည် ဆိုသူများက ချမ်းသာသူ
၄- ၅- ၆ ဦး ခန့်ကို နမူနာပြသွားကြ၏။ ဦးရေ ၁၀၀ အထိ သက်သေ
…ပါသည်ဟု ပြောပြ၏။ ကျွန်တော့်မိတ်ဆွေ တစ်ဦးကတော့ သစ်
…န်း ပျက်ပြီး အပေါင်းအသင်းကောင်းကို လိုက်၍ ရှာနေတာ
… ကြာတယ်။ ငွေရှစ်သိန်းလောက် ကုန်သွားတယ်။ မတွေ့ရသေး
… ဆို၏။ ခင်ဗျားက ဘယ်နေရာကိုသွားပြီး အပေါင်းအသင်း မိတ်ဆွေ
…ာင်းကို ရှာနေပါသလဲဟု မေးကြည့်မိရာ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊
…ာင်ကြီး၊ မော်လမြိုင် မြို့များရှိ တည်းခိုခန်းများ၌ တစ်မြို့လျှင်
…တ်လောက်စီ နေထိုင်ပြီး မိတ်ကောင်း၊ ဆွေကောင်းများ ရှာနေ
…သည်ဟု ဆို၏။ ကြီးပွား ချမ်းသာရန်အတွက် မိတ်ကောင်း ဆွေ

ကောင်း ရရှိခြင်းကို ယုံကြည်သူ တစ်ဦး ဖြစ်ပါပေတကား။ မင်္ဂလာသုတ် တရားတော်မှာ 'ပတိရူပ၊ ဒေသဝါသောစ' ဆိုပြီး ပါတယ်ကွာ။ လူရယ် လို့ ဖြစ်လာရင် မြန်မာပြည်မှာ နေစရာ ဒေသတွေ အများကြီး ရှိတယ် ရေရှားတဲ့နေရာကိုလည်း မနေနဲ့ကွာ၊ ငွေရှားတဲ့ နေရာကိုလဲ မနေ ကွာ ဆိုပြီး ငါကို ငါတို့ အဖေက ပြောသွားတယ်။ ဒီနေရာ၊ ဒီအရပ် ဒီဌာနာ၊ ဒီအလုပ်မှာ သုံးနှစ်လောက် လုပ်ကြည့်လိုက်ရင် သိလာ ပေါ့ကွာ။ သုံးနှစ်နေလို့မှ တိုးတက်ဖို့ လမ်းစ မမြင်ရင် အဲဒီမြို့၊ အဲ ရွာကို မနေနဲ့တော့၊ တခြား မြို့ တခြားရွာကို ပြောင်းသာ ပြော ပေတော့၊ တခြားမြို့၊ တခြားနေရာကို မပြောင်းနိုင်ရင်လဲ တခြ ရပ်ကွက်ကိုတော့ ပြောင်းနေကွာ၊ အိမ်မပြောင်းနိုင်ရင် အလုပ်စခ ကိုတော့ နေရာပြောင်းပြီး ဖွင့်ပါ ဆိုပြီး ပြောခဲ့ဖူးတယ်ဟု တစ်ဦး ပြောပြ ဆွေးနွေးလာပြန်၏။ ငြင်းချက် ထုတ်သူများ မရှိ။ အများ ထောက်ခံ ဆွေးနွေးကြပြန်၏။ မင်းတို့၊ ငါတို့ဟာ ကိုယ့်ရွာမှာပဲနေ အစုလို ချမ်းသာကြမှာလား ဆိုပြီး မေးခွန်းထုတ်၍ အနိုင်ယူလိုက်

အေးကွာ ဟုတ်ပြီ။ မင်းတို့ ချမ်းသာတယ်ဆိုတဲ့သူ အားလုံး ပြန်ကြည့်စမ်းပါ။ တခြားသူများထက် ပိုပြီး ဝီရိယရှိတာကို တွေ့ရမ ကွ၊ အလုပ်ကို ပိုပြီး ကြိုးစားတဲ့သူဟာ ဝီရိယကြောင့် ချမ်းသာကြတာ ဟု တစ်ဦးက ဆိုလာပြန်၏။ ဟုတ်ပါတယ်ကွာ၊ ဝီရိယဆိုတာ လိုအ ပါတယ်။ ဒါပေမဲ့ ချမ်းသာအောင်တော့ ဖြစ်မလာနိုင်ဘူး။ ထမင်းတေ မငတ်ပါဘူး ဆိုပြီး တစ်ဦးက ဆွေးနွေးလာပြန်၏။ လူတစ်ဦး ချမ်းသ ဖို့ ဆိုတာ အဝတ်အစားကို အမြဲ သန့်သန့်ပြန့်ပြန့် ဝတ်ရမယ်ကွ အနေအထိုင်လဲ အမြဲ သန့်သန့်ရှင်းရှင်း နေတတ်ရမယ်ကွာ၊ ဒါမှသ ကိုယ့်စိတ်ကို အမြဲ မြှင့်တင်ပေးနေတာ၊ လန်းဆန်း တက်ကြွနေတ ဆိုပြီး အပြောနဲ့ အလုပ် ညီသူ ပခုက္ကူမြို့မှ ထမင်းဆိုင် ပိုင်ရှင်တစ် ဖြစ်သူ ဒေါ်လေးမေ ထမင်းဆိုင်ရှင် ကိုလှကြိုင်၊ကို သက်သေပြ ယခု မန္တလေးမှာ ထမင်းဆိုင်ခွဲတွေ ဖွင့်ပြီး ကြီးပွား ချမ်းသာသွာ များကို တင်ပြသွား၏။ ပွဲစားတစ်ဦးဖြစ်သူ ဦးခင်မောင်မြင့် မှာ အလုပ်သမားဘဝမှ စပြီး ရတဲ့ ဝင်ငွေရဲ့ ထက်ဝက်ကို အဝတ်အစ

ယ်ပြီး ဝတ်နေပုံနဲ့၊ ချမ်းသာ ကြွယ်ဝသွားပုံများကို တင်ပြ ဆွေးနွေးသာပြန်၏။ ဦးဘိုကြည်ဆိုသူ ကုန်သည်ကြီး တစ်ဦးကိုလဲ နမူနာအဖြစ်င်ပြသွားသေး၏။ မင်းဟာကကျွာ အဝတ်ကြောင့်ချည်း မဟုတ်ဘူး။ ဒီလူငယ်တွေ ငယ်ငယ်ကတည်းက ချမ်းသာချင်တဲ့ လူတွေကွ၊ကြီးရင် ချမ်းသာရမယ် ဆိုပြီး ယုံကြည် နေကြတဲ့ လူတွေပဲ ဆိုပြီးင်းချက် ထုတ်ကြပြန်၏။ ကံကြောင့်ပါ ဆိုပြီး ကံသမားများကလာပြန်၏။ စီးပွားရေး လုပ်ရာမှာ စီးပွားရေးနဲ့ ဆိုင်တဲ့ သတင်းကိုဦးစွာ ရအောင် လုပ်ရမယ်။ ဒါဟာ အရေးအကြီးဆုံးပဲ ဆိုပြီး ပစ္စုပ္ပန်မြို့ပေါ်မှာ အောင်မြင်နေသော ကုန်သည်ကြီး ဦးယုံပါရဲ့ စကားကို ကိုးကားဘော်ပြနေပြန်၏။ ထိုကုန်သည်ကြီးသည် တစ်နေ့မှာ နယ်ဝေးမှမိတ်ဆွေများ ထံကို တယ်လီဖုန်း အကြိမ် ၂၀ ထက် မနည်း ဆက်ပြီးစီးပွားရေး၊ ရာသီဥတု၊ သီးနှံထွက်ကုန်မှအစ နေ့စဉ် မေးမြန်း စုံစမ်းနေသည် ဆို၏။ မည်သို့ပင် ဖြစ်စေ သူတို့ အားလုံး၏ စကား များမှာအတွေ့အကြုံများမှ တစ်ဆင့် ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြ၊ ငြင်းခုန်ကြသော စကားများ ဖြစ်ပါသည်။ သူတို့၏ ယုံကြည်ချက်၊ ခံယူချက်များကို ကြီးပွား ချမ်းသာလိုသူများ အားလုံးအတွက် မှတ်သားသင့်လှကြောင်းပါခင်ဗျား။

■



ကံမဟုတ် အလုပ်သာ အဓိကဆိုသော ဦးအုံးဖေ

# ဝါသနာနဲ့ ယုံကြည်ချက်

ဆရာအောင်သင်းက ကျွန်တော်၏ဆောင်းပါးများ အပေါ်မှ အတွေးနယ်ချဲ့ပြီး ဈေးကွက် ဂျာနယ်အမှတ် ၁၁၁ မှာ ဆောင်းပါ တစ်ပုဒ် ရေးလိုက်ပါသည်။ ဆရာအောင်သင်းဟု ရေးလိုက်၍ ရိုင်းများ သွားမလား မသိပါ။ တကယ်တော့ ဆရာကြီး ဦးအောင်သင်းတို့ ဆိုတာ စာပေဝါမှာ ကျွန်တော်တို့ထက် အများကြီး ရင့်သော ကျွန်တော်တို ဆရာကြီးတွေပါ။ သို့သော် စာရေးဆရာဆိုတာက အမည်ရင်းကို ခေါ တာထက် ကလောင်အမည်ကို ခေါ်တာ ပိုပြီးကြိုက်ကြပါသည်။ ဆရ ကြီး၏ ဆောင်းပါးကို ဖတ်ပြီး ကျွန်တော့်မှာလည်း ထိုဆရာဝန်ကြီး၏ အကြောင်းကို ပြန်စဉ်းစား မိပြန်ပါသည်။ ဆရာဝန်ကြီး ပြောသ စကားတွေကိုလည်း နားထဲမှာ ကြားလာနေပါသည်။ ကျွန်တော်တ ကျောင်းနေဖက် ၁၉၆၃ ခုနှစ် အမ်ဘီဘီအက်စ် ဒုတိယနှစ် အကြီးတန် မန္တလေး ဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပြန်လည် တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲကို ၁၃-၂-၉၉ နေ့မှ ကျင်းပခဲ့ပါသည်။ ၁၄-၂-၉၉ နေ့မှာ ထိုဆရာဝန်ကြီးသည် ကျွန်တော တို့ကို သူ့ကားဖြင့် လာခေါ်ပါသည်။

"ဟော့ကောင်တွေ မင်းတို့ကို ငါက ဧည့်ခံချင်သေးတယ်ကွ လာကြ လာကြ၊ ငါ့အိမ်မှာ မန်ဒါလီ တစ်ကောင်၊ တောကြောင် တစ်

ကောင်ကို ငါကိုယ်တိုင် ချက်ထားခဲ့တယ်။ စကားပြောမယ်ကွာ၊ စားကြမယ်၊ သောက်ကြမယ်ကွာ လာလိုက်ခဲ့ကြ" ဆိုပြီး နန်းရှေ့၊ တိုင်းဘုရားသူကြီးရုံးအနီး သူ၏ တိုက်သို့ ခေါ်သွားပါတော့၏။ သူ၏ နာမည်ကိုတော့ ထည့်ပြီး မရေးပါနဲ့ ဆိုတာနှင့် မရေးတော့ပါ။ "ငါပြောတာတွေက အမှန်ပဲကွာ၊ မင်းရေးချင်တာရေး၊ နာမည်ကိုတော့ မဖော်နဲ့" ဟုလည်း ဆိုသည်။ ကျွန်တော်တို့အဖွဲ့တွင် ဒေါက်တာညွန့်လွင် (မန္တလေး ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီး၊ မေ့ဆေး ဆရာဝန်ကြီး)၊ ဒေါက်တာခင်မောင်ဖြူ (ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပဲခူးဆေးရုံကြီး)၊ ဒေါက်တာစံလွင် (ခွဲစိတ် အထူးကု ဆရာဝန်ကြီး လားရှိုးဆေးရုံကြီး) တို့ ဖြစ်ပါသည်။ ဆရာကြီးတို့အိမ်ကိုရောက်တော့ ပြတိုက်ကြီး တစ်ခုထဲကို ရောက်သွားရသလို ခံစားမိပါသည်။ ဧည့်ခန်းတွင်းမှာ ပန်းချီဆရာကြီး ပေါ်ဦးသက်စတဲ့ နာမည်ကျော် ပန်းချီဆရာကြီးများ၏ လက်ရာ ပန်းချီကားများ၊ ပန်းပုရုပ်တုများ၊ စောင်း၊ ပတ္တလား စသော ဂီတပစ္စည်းများ စုံလင်လှပါသည်။ ကျွန်တော်တို့ကို ၁၉၆၄ ခုနှစ်မှာ ဆေးပညာ သင်ပေးခဲ့သည့် ဆရာကြီးနှင့်တကွ သူ၏ဇနီး ကျွန်တော်တို့၏ ဆရာမကြီးတို့ကို ကျန်းကျန်းမာမာ တွေ့ရတော့ ဝမ်းသာမှုကိုလည်း ခံစားလိုက်ရပါသည်။ ဆရာမကြီးကို ကျွန်တော်တို့ အားလုံးက လက်အုပ်ချီပြီး ကန်တော့ကြသည်။ ဆရာက ကျွန်တော်တို့ကို ဘီယာ၊ ဝီစကီတို့ဖြင့် ဧည့်ခံပါသည်။ သောက်နေရင်း ဘီယာ တစ်ဒါဇင်မှာ ကုန်သွားတော့ ဆရာမကြီးက အပြင်ကို သူကိုယ်တိုင် ကား မောင်းထွက်သွားပြီး ဘီယာဘူးတွေ၊ ပုလင်းတွေ ဝယ်ပြီး ပြန်ဝင်လာပါသည်။ ကျွန်တော်တို့မှာ အထူး အံ့ဩနေမိရပြန်၏။ ဆရာကြီးက သူလုပ်ထားသည့် ကျောက်ပစ္စည်းများကို ထုတ်ပြီးပြသပါသည်။ ကျောက်များမှာ ကျောက်စိမ်း၊ ပတ္တမြား စသည့် အဖိုးတန် ကျောက်များမဟုတ်၊ ဒေသတိုင်းမှာ အလွယ်တကူ တွေ့ရသော ကျောက်တုံးများကို လူသုံးပစ္စည်းမျိုးစုံ ပြုလုပ်ထားခြင်း ဖြစ်ပါ၍ ထူးဆန်းသည်မှာ ထန်းကျောက်ဖြစ်သည်။ ထန်းပင်ကနေပြီး ကျောက်ဖြစ်နေသည်ဟု ဆိုသည်။ ထန်းပင်မှ ကျောက်ဖြစ်ရန်မှာ နှစ်ပေါင်း၊ သန်းပေါင်းများစွာ ကြာသည်

ဆို၏။ ဒီလိုဆိုလျှင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထန်းပင်များ ပေါက်ရောက်မှုသည် နှစ်ပေါင်း၊ သန်းပေါင်းများစွာ ကြာခဲ့ပြီပေါ့ဟု ကျွန်တော်က ပြောမိ၏။ ကျောက်အမျိုးမျိုးကို ပိန်အိတ်ဖြင့် ထည့်ထားလေရာ ဂိုဒေါင်တစ်ခုစာ ရှိသည်။ မြစ်ကြီးနားမြို့အနီး မြစ်ဆုံးဒေသမှ ကျောက်များကိုလည်း တွေ့ရသည်။

"ငါက ဒီအလုပ်တွေကို လုပ်တာက စီးပွားရေး သက်သက် မဟုတ်ဘူးကွ၊ ဝါသနာပါလို့၊ ဝါသနာပါတဲ့ အလုပ်ကို လုပ်ရတော့ ပျော်တာပေါ့ကွာ။ မင်းတို့ကို စာသင်ပေးခဲ့တုန်းက တစ်နာရီစာ သင်ခန်းစာ သင်ကြားဖို့အတွက် ငါ့မှာ ငါးည စာကျက်ခဲ့ရတယ်ကွာ။ အမှန်ပြောရင် မင်းတို့ ယုံသလားမသိဘူး။ ငါဆိုတဲ့အကောင်က သူများ နိုင်းတာကို လိုက်ပြီး မလုပ်ချင်ဘူးကွ၊ ငါ့စိတ်ကူးနဲ့ငါ တီထွင်ပြီး အလုပ်လုပ်ချင်တာ၊ မင်းတို့ ပင်စင်ယူရင် ငါ့ဆီကိုလာခဲ့ ငွေကို ဘယ်လို ရှာရမယ် ဆိုတာ ငါသင်ပြပေးမယ်။ ကုန်သည် လုပ်မလား၊ စိုက်ပျိုးရေး လုပ်မလား၊ ကုန်ထုတ်လုပ်ရေး လုပ်မလား၊ ပေါလိုက်တဲ့ အလုပ်တွေကွာ ပြည့်နေတာပဲ။ ငွေလဲရမယ်၊ ပျော်လဲ ပျော်ရမယ်ကွာ၊ အလုပ်ကို ဘာအလုပ်ပဲ လုပ်လုပ်၊ စိတ်ညစ်ခံပြီး မလုပ်နဲ့ကွာ၊ စိတ်ပျော်ရတဲ့ အလုပ်ကို ရှာပြီးလုပ် "ဆရာကြီး၏ စကားများသည် မှတ်သားဖွယ်လည်း ကောင်းပါ၏။ ဆရာကြီးသည် ပျော်ပျော်နေပြီး၊ ပျော်ပျော် သေချင်တယ် ဆို၏။ မှန်ပေမည်။ ၁၃-၂-၉၉ နေ့တွင် ကျွန်တော်တို့သည် မန္တလေး ခရီးသည် အမည်ရှိ အပျော်စီး သင်္ဘောကြီးဖြင့် မန္တလေးမှ မင်းကွန်း လှူအိုရုံသို့ သွားခဲ့၏။ ဆရာကြီးက ကျွန်တော်တို့ ကျောင်းသားဟောင်း များနှင့် အတူ လိုက်ပါလာသည်။ ကျွန်တော်တို့ နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်ဖို့အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းသည်။ တစ်ဖန် မော်လမြိုင်မြို့ ခရစ်ယာန် အသင်းတော်၏ အနာကြီး ရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ စောဝါထူး ပြောပြသည်ကို သဘောကျပြီး ငွေကျပ်ငါးသိန်း လှူဒါန်း ပြန်သည်။ ငွေလှူဒါန်းပြီး ဆရာကြီးက မိန့်ခွန်းပြောပြရာမှာ "ဤသို့ ယနေ့ယခု လှူဒါန်းရသော ငွေကျပ် ခြောက်သိန်း အလှူဒါနကြောင့်

ကျွန်တော်မျိုး သေရသောအခါမှာ ခေါက်ခနဲ သေရပါလို၏ ဘုရား" ဆိုပြီး ဆုတောင်း သွားသည်။ တပည့်များ အားလုံးမှာ ပွဲကျ သွား တော့၏။

"ကျွန်တော့်တို့၏ ဆရာကြီး ယခုကဲ့သို့ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ငွေကျပ်ခြောက်သိန်း လှူဒါန်းသွားသောအကျိုး ကျေးဇူး ကြောင့် ခေါက်ခနဲ သေရပါစေဗျာ" ဆိုပြီး အခမ်းအနားမှူး ဒေါက်တာ သန်းထွန်းဦးက ကြေညာသည်။ အားလုံးပွဲကျသွားရပြန်၏။

ဆရာကြီးသည် တပည့်များကို အပြောဖြင့်မဟုတ်၊ အလုပ်ဖြင့် ဆုံးမ ပဲ့ပြင်သွားပါ၏။

မိမိတို့ ဝါသနာပါသော အလုပ်ကို ယုံကြည်ချက်အပြည့်ဖြင့် နိုင်ငံနှင့်လူမျိုး ကောင်းစားရေးအတွက် အလုပ်လုပ်နိုင်ကြပါစေ။

■



ဝါသနာအရ လုပ်ကိုင်ကြ

# သုတေသနပြုလုပ်ကြ

သုတေသနဆိုလျှင် စကားလုံးကြီးက ကြီးသွား၏။ ပညာရှိကြီးများ၊ ပညာရှင်ကြီးများ၊ ဆရာကြီးများတို့သာ ပြုလုပ်နိုင်သော လုပ်ငန်း။ အလုပ်ဟု ထင်သွားတတ်ကြ၏။ သုတေသနလုပ်ငန်း လုပ်နိုင်ရန် ဓာတ်ခွဲခန်းကြီးများ ခေတ်ပေါ် စက်ပစ္စည်းများ ရှိမှသာ လုပ်နိုင်သည်ဟု ထင်မြင်တတ်ကြသည်။

အမှန်တော့ မည်သည့် အကြောင်းအရာကိုမဆို စနစ်တကျ လေ့လာလျှင် သုတေသန ပြုလုပ်ခြင်းသာ ဖြစ်ပါ၏။ ဈေးကွက်သုတေသန၊ ပညာရေးသုတေသန၊ စိုက်ပျိုးရေး သုတေသန စသည်တို့ ဖြစ်၏။ အခြားနိုင်ငံများတွင် သုတေသန လုပ်ငန်းများကို မူလတန်း အရွယ်မှစပြီး လေ့ကျင့် သင်ကြားပေး၏။ မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသား၊ အလုပ်သမား၊ ဈေးသည်၊ စာရေးဆရာ၊ သာသနာပြု ပုဂ္ဂိုလ်များ အားလုံးတို့သည် မိမိတို့ စိတ်ဝင်စားရာများကို အမြဲ သုတေသန ပြုလုပ်နေကြပါ၏။

ကျွန်တော်တွေ့ခဲ့ဖူးသော နိုင်ငံခြားသားများတွင် ငှက်ကလေးများကို လေ့လာနေသူ၊ တောကြီးအတွင်းမှ မြွေများကို လေ့လာနေသူ၊

လိပ်ပြာလေးများကို လေ့လာနေသူ၊ ပိုးမွှားကောင်လေးများကို လေ့လာနေသူ၊ ငါးများကို လေ့လာနေသူ၊ သစ်ခွပန်းများကို လေ့လာနေသူ စုံနေအောင် တွေ့ခဲ့ရဖူး၏။ နိုင်ငံခြားသား တစ်ဦးကလည်း လမ်းဘေးမှ ရေအိုးစင်များကို လေ့လာလိုသည် ဆို၏။ အခြား နိုင်ငံများတွင် ထို အလေ့အကျင့်မျိုးကို တွေ့မြင်ရခဲသည်ဟု ဆို၏။ လမ်းဘေးရှိ ဇရပ်ကြီးများမှာလည်း စိတ်ဝင်စားဖွယ်ရာပါပဲဟုလည်း ပြော၏။

မြန်မာနိုင်ငံသို့လာပြီး ရေချိုးလပိုင်များကို လေ့လာသူ အမျိုးသမီး ငှက်ချောင်းအဖွဲ့၊ ဂေါတမ မြတ်စွာဘုရား၏ ခြေရာများကို နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာအောင် လေ့လာနေသူ မစ္စတာ စီဆေးလား၏ နှင့် ဘုရားဝင်းများရှေ့မှ ခြင်္သေ့ရုပ်ထုများကို လေ့လာနေသူများ၏ အကြောင်းကို ကျွန်တော် ရေးခဲ့ပြီး ဖြစ်ပါ၏။ ခြေတော်ရာ ၁၀၈ ကွက် တစ်ကွက်အတွက် စာတစ်အုပ်၊ စာအုပ်ပေါင်း ၁၀၈ အုပ် ရေးသားနေသည် ဆို၏။ တစ်ခါကလည်း နိုင်ငံခြားသား တစ်ဦးက အနော်ရထာ မင်း၏ ကောင်းမှုတော် ဘုရားများ၊ အလောင်းစည်သူ မင်း၏ ကောင်းမှုတော် ဘုရားများ၊ ကျန်စစ်သားမင်း၏ ကောင်းမှုတော် ဘုရားများ၊ အာသောက မင်းကြီး၏ ကောင်းမှုတော် ဘုရားများ သီးခြား လေ့လာပြီး ရေးထားသော စာအုပ်ကို လိုချင်ပါတယ်ဟု အရှာခိုင်း၏။ ဘုရား တစ်ဆူချင်း၏ သမိုင်းစာအုပ်များကိုသာ အထိုက်အလျောက် ရှိ၏။ ထိုသို့ သီးခြား လေ့လာပြီး ရေးထားသော စာအုပ်ကို ကျွန်တော် မတွေ့ဘူးပါကြောင်း ပြောပြရ၏။

သည်လောက် စိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်ကြီးကို ဘာပြုလို့ မလေ့လာကြတာလဲ၊ ဘာပြုလို့ မရေးကြတာလဲဟု ဆိုပြန် ၏။ ကျွန်တော်တို့မှာ အမှန်ပြောရလျှင် ရှက်စရာကောင်းလှပါ၏။ မေသိသူကလည်း ကျော်သွားနေ၏။ တစ်ခုခုကို မေးလိုက်လျှင် ကြားဖူး တာပဲ။ ပြောကြတာပဲဖြင့် အဆုံးသတ်သွားကြ၏။ ပြောကြတာပဲ၊ ကြားဖူးသားပဲ ထားလိုက်ပါ။ ထိုထိုသော ပြောဖူးတာတွေ၊ ကြားဖူး တာတွေကို စုစည်း လေ့လာထားလျှင် အကောင်းဆုံး သုတေသန လုပ်ငန်းကြီး ဖြစ်လာပါလိမ့်မည်။

လူထုဦးလှ၏ ရိုးရာပုံပြင်များ စာအုပ်တို့သည် ထိုကဲ့သို့ လူတွေ အချင်းချင်း ပြောနေကြသော ပုံပြင်များကို စုစည်း ရေးသားထားခြင်းသာ ဖြစ်ပါ၏။ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လေ့လာစရာတွေ ပေါပါဘိ ဆိုပြီး လူထုဦးလှသည် သူ၏သား အလယ်တန်း ကျောင်းသားလေးနှင့် လာတွေ့သော နိုင်ငံခြားသားတစ်ဦးအကြောင်းကို ဆောင်းပါး ရေးခဲ့တာ ဖတ်ခဲ့ဖူးပါ၏။ မြန်မာနိုင်ငံမှ လူငယ် ပန်းချီဆရာများကို လာပြီး လေ့လာ နေသူဟု ဆို၏။

ဦးလှ၏ ဆောင်းပါးကို ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ လောက်က ဖတ်ခဲ့ရသော်လည်း ယနေ့အထိ အတုယူနေခဲ့ရ၏။ သင်၏ သားသမီး၊ ကျွန်တော်၏ သားသမီးများမှာ ကျောင်းပိတ် ထား သဖြင့် နားနေ အားနေကြ၏။ သုတေသနစိတ်သာ ရှိခဲ့လျှင် နားနေသူ မရှိ၊ အားနေသူမရှိ၊ အမြဲအလုပ် လုပ်နေကြမှာဖြစ်၏။ ဘာကိုမျှ လေ့လာ စရာမရှိသေးလျှင်၊ မိမိ၏ အမေ၊ အဖေတို့၏ မျိုးရိုး၊ မိမိရပ်ကွက် သမိုင်း၊ မိမိကျေးရွာ သမိုင်း၊ မိမိကျေးရွာမှ ဘုရား၊ မိမိတို့ရွာတွင်းမှ စီးပွားရေး လုပ်ငန်းများ၊ မိမိတို့ ပါတ်ဝန်းကျင်မှ ထူးခြားသော ပုဂ္ဂိုလ် များ အကြောင်းအရာများကို လေ့လာပြီး၊ စာပေဖြင့် မှတ်တမ်း တင် ထား သင့်ကြပါ၏။

ဒါတွေသိတော့ ဘာလုပ်မှာလဲဟု မေးကြပေလိမ့်မည်။ တစ်နေ့ နေ့မှာ ဘာလုပ်ရမယ်ဆိုတာ ပေါ်လာပါလိမ့်မည်။ ကြီးပွား တိုးတက် ဖို့ လမ်းစဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် လူတိုင်း လူတိုင်း သုတေသန ပြုလုပ်ကြဟု တိုက်တွန်းရေးသား လိုက်ရပါသတည်း။

■

# (၁) စီးပွားရေး အခြေအနေများနှင့် စီးပွားရေးနယ်ပယ်

## နယ်စပ် ကုန်သွယ်ရေး တစေ့တစောင်း

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြင့် အဓိက နယ်နိမိတ်ခြင်း ဆက်စပ်နေ၏။ ထို့ကြောင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေး စနစ်သည် ဟိုရှေးယခင်နှစ် ထောင်ပေါင်းများစွာမှစပြီး တည်ရှိခဲ့၏။ ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်၊ ဒဂုံမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်းအစီး ၅၀၀ ဖြင့် အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံတို့အထိ ကုန်ရောင်း၊ ကုန်ဝယ် သွားခဲ့သော မဟာဝင်၊ သာသနာဝင်များ အထင်အရှား ရှိခဲ့ပါ၏။ နယ်စပ် ကုန်သွယ်ရေးသည် ရောင်းရာ၊ ကုန်စည် စီးဆင်းရာ လမ်းကြောင်းတစ်ခုမျှသာ ဖြစ်ပါ၏။ ဖွံ့ဖြိုး တိုးတက်အောင် လုပ်ရန် ခက်ခဲသကဲ့သို့ ပျောက်ပျက်အောင် လုပ်ရန်လည်း မဖြစ်နိုင်ပေ။ တရုတ်ပြည်နယ်စပ် ထွက်ပေါက်သို့ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ မိုးမောက်မြို့နယ်၊ ထိုင်းနိုင်ငံ ထွက်ပေါက်များအတွက်

ကော့သောင်းမြို့နယ်၊ မြဝတီမြို့နယ်၊ တာချီလိတ်မြို့နယ်၊ ကျိုင်းတုံ မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အိန္ဒိယနိုင်ငံ ထွက်ပေါက်တွင် တမူးမြို့နယ်၊ တီးတိန်မြို့နယ်၊ မတူပီမြို့နယ် စသည့် မြို့နယ်အသီးသီး တို့တွင် ကုန်စည် စီးဆင်းမှုများကို တရားဝင် နယ်စပ် ကုန်သွယ်ရေး စခန်းဌာနများ ဖွင့်ပြီး ဆောင်ရွက်ခဲ့ကြ၏။ ကုန်သွယ်ရေး လမ်းကြောင်း ယခင်က သူ့နည်း သူ့ဟန်ဖြင့် သွားလာနေခဲ့ကြ၏။ အမှန်တော့ နယ်စပ် ကုန်သွယ်ရေးသည် အလွန် အရေးပါ အရာရောက်လှပါ၏။ မြန်မာနိုင်ငံ၏ ငွေကြေးတန်ဖိုး ဈေးနှုန်းများကို နယ်စပ် ကုန်သွယ်ရေးမှ ချုပ်ကိုင်ထား၏။ မြန်မာကျပ်နှင့် ထိုင်းနိုင်ငံသုံး ဘတ်ငွေ၊ တရုတ် နိုင်ငံသုံး ယွမ်ငွေ၊ အိန္ဒိယ နိုင်ငံသုံး ရူပီးငွေ လဲနှုန်းများသည် တစ်ဘက် နိုင်ငံ ကုန်သည်ကြီးများ၏ ပါးစပ်ထဲမှာသာ ရှိ၏။ သူတို့သည် မြန်မာနိုင်ငံ ငွေကြေး စနစ်ကို ထုံးလိုချေ၊ ရေလို နှောက်နေ၏။

မြန်မာနိုင်ငံ ငွေကြေးတန်ဖိုးကို ထိန်းချုပ်လိုလျှင်၊ နယ်စပ် ကုန်သွယ်ရေး စနစ်ကို အရင်ဆုံး ထည့်သွင်း စဉ်းစားကြရပေမည်။ မကြာမီက ကျွန်တော်သည် ထိုင်းနိုင်ငံနယ်စပ်၊ မြဝတီမြို့၊ မယ်တော် မြို့နှင့် မဲဆောက်မြို့များကို သွားရောက် လေ့လာခဲ့၏။ မဲဆောက်မြို့ ဈေးအတွင်းတွင် ကျောက်စိမ်းဈေးကွက်မှာ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း ကျောက်စိမ်း ဈေးကွက်ထက် စည်ကား၏။ လူတိုင်းက မြန်မာစကား ကို ပြောနေကြ၏။ ကျောက်သွေးဆိုင်များမှာလည်း နေရာအနှံ့ တွေ့ ရ၏။ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ အတွင်းသို့ ဝင်လာသော ပစ္စည်းများမှာ ဘိလပ်မြေ၊ မော်တော်ကား တာယာများ ဖြစ်သည် ဆို၏။ အချိုရည် များ၊ မုန့်များ၊ အလှကုန်များမှာ အနည်းငယ်မျှသာ ဖြစ်၏။ မြန်မာ နိုင်ငံဘက်မှ ထွက်သွားသော ကုန်ပစ္စည်းများများမှ ရှေးဟောင်း ပစ္စည်း များ၊ ပရိဘောဂများ၊ ဘုရား ဆင်းတု၊ ပန်းပုရုပ်များ၊ ပိတောက်သား ဖြင့် ပြုလုပ်ထားသော အိမ်သုံး ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ မန္တလေးလက်ရာ ပန်းပုရုပ်များ၊ အခန်းဆီး သစ်သားချပ်များ၊ ပခုက္ကူ ဒေသမှ ထွက်သော ဝါဒစောင်၊ လုံချည်၊ လွယ်အိတ်၊ သနပ်ခါး၊ ခဲ တိုက်ကြက်ဖများတို့ ဖြစ်ကြ၏။ မမြင်သာသော ပစ္စည်းများ ဖြစ်သော

ကျောက်မျက်ရတနာများ၊ စီးကရက်၊ အရက်များကိုလည်း ထိုင်းနိုင်ငံဘက်သို့ တင်ပို့ကြသည်ဟု ကြားခဲ့ရ၏။ အစက ကျွန်တော် ထင်မြင်ယူဆခဲ့သည်မှာ ပဲမျိုးစုံ၊ အသားငါး စသည်တို့ကို ထိုင်းနိုင်ငံဘက်သို့ မြန်မာနိုင်ငံဘက်မှ ထွက်နေသည်ဟု ယူဆခဲ့၏။ မြဝတီသို့ ရောက်သောအခါ ဆန်၊ အသား၊ ငါး၊ အသီးအရွက်၊ စားစရာ၊ ဝါးစရာ မှန်သမျှသည် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံ၊ မြဝတီမြို့သို့ နေ့စဉ် ဝင်လာနေ၏။ ယွမ်း (ထိုင်း) တောင်သူ လယ်သမားများ စိုက်ပျိုးတာကို မြဝတီ မြို့သားများနှင့် ကိုရွှေမြန်မာ ဧည့်သည်များက ဝယ်ယူစားနေကြ၏။ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ နံနံ၊ အာလူး၊ ဘူးသီး၊ ခရမ်းသီး၊ ဆန်စပါး စသည်တို့ကို ဘာကြောင့် မြဝတီမှာ မစိုက်ပျိုးကြသလဲဗျာဟု မေးကြည့်သောအခါ ပျံကျဈေး နေ့စား သယ်ပိုး အလုပ်လုပ်လျှင် တစ်နေ့ ၅၀၀ ကျပ်၊ ၆၀၀ ကျပ် ရကြသဖြင့် စိုက်ပျိုးရေးကို မလုပ်လိုကြတော့ဘူးဟု ပြောပြကြ၏။ မြန်မာများလည်း ကိုယ့်နိုင်ငံဘက်မှ မြေတွေ၊ ယာတွေကို စွန့်ပစ်ထားပြီး တစ်ဘက်နိုင်ငံသို့ သွား၍ အထမ်းသမား လုပ်နေကြသည်မှာ ဝမ်းနည်းဖွယ်ရာ တွေ့ခဲ့ရပါ၏။ မယ်တော်မြို့နှင့် မဲဆောက်မြို့မှ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ လယ်လုပ်သား၊ ယာလုပ်သားများသည် ကိုရွှေမြန်မာများသာ ဖြစ်ကြသည် ဆို၏။ ရောင်းချနေသော ပစ္စည်းများမှာလည်း မြန်မာပြည်ဘက်မှ လာသော ပစ္စည်းများ ဖြစ်၏။ အထူးသဖြင့် တရုတ်ပြည်မှလာသော ရေဒီယို၊ ကက်ဆက်၊ ဘက်နိပ်မီး၊ ဓာတ်ခဲ၊ အလှကုန်၊ ကလေးကစားစရာ အဆုံး ကုန်ပစ္စည်းများသည် မြန်မာပြည်ဘက်မှ ဝင်လာပြီး ထိုင်းနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်နေ၏။ နိုင်ငံခြားသား အများအစားကိုလည်း တွေ့ခဲ့ရ၏။ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဈေးဝယ်စရာများသည် မြဝတီဘက်မှာ ဘာတစ်ခုမျှ မရှိ၊ နိုင်ငံခြားသားများထံမှ မြန်မာတွေ ဒေါ်လာ မရကြ၊ ထိုင်း လုပ်ငန်းရှင်များသာ ဒေါ်လာရကြ၏။ အမှန်တော့ နယ်စပ်ဒေသမှ ထွက်သွားသော ကုန်ပစ္စည်းများသည် ပို့ကုန်စနစ်ဖြင့် တရားဝင် ရောင်းချ၍ ရနိုင်သော ပစ္စည်းများ မဟုတ်။ ဥပမာ– သနပ်ခါးခဲ၊ ...ခေါင်၊ ရှေးဟောင်း ပစ္စည်း၊ တရုတ်ပြည်ဖြစ် ပစ္စည်း၊ ဥပမာ–

ကက်ဆက်၊ ရေဒီယို၊ ကလေး ကစားစရာ၊ လေသေနတ်၊ အဝတ်အထည်၊ စီးကရက်၊ အရက်၊ တရုတ်နယ်စပ်သို့ ထွက်သော တိရစ္ဆာန်များ၊ မြွေ၊ တောက်တဲ့၊ ဝဥ၊ သစ်ခွပန်း၊ ကွမ်းသီး၊ ကွမ်းရွက်၊ ဆေးရွက်ကြီး စသည်တို့ကို ဘယ်လိုလုပ်ပြီး ထုတ်ကုန် ပါမစ် တောင်းခံနိုင်ပါမည်နည်း။ သယ်ပို့ရောင်းချသော ကုန်သည်လေးများမှာလည်း တစ်ပိုင်တစ်နိုင်သာ ဖြစ်ကြပါ၏။ သည်တစ်ခေါက်လာရင် ဘာပစ္စည်းကို ယူခဲ့ပေးပါဆိုပြီး တစ်ဘက်နိုင်ငံမှ အမှာရှိသော ကုန်ပစ္စည်းများကို သယ်လာပြီး ရောင်းချနေကြ၏။ ထုတ်ကုန်၊ သွင်းကုန် ဒေါ်လာ ၂၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းများကို ကြားပင် မကြားဖူးကြ။ ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် မြန်မာကုန်တိုက်ကြီးများကို နယ်စပ်မြို့များမှာ ဖွင့်ဖို့ လိုအပ်နေ၏။ မြန်မာပြည်ဘက်မှလာသော တစ်ပိုင်တစ်နိုင် ကုန်သည်လေးများ သယ်ဆောင်လာသော ကုန်ပစ္စည်း မှန်သမျှကို ဝယ်ပြီး၊ နယ်စပ်မြို့ရှိ မြန်မာပိုင် ကုန်တိုက်ကြီးများပေါ်တွင် တင်ပြီး ရောင်းချနိုင်ရမည် ဖြစ်ပါ၏။ ထိုလုပ်ငန်းသည် လုပ်သင့်သော လုပ်ငန်းဖြစ်သလို အကျိုးအမြတ်များစွာ ရနိုင်သော လုပ်ငန်းလည်း ဖြစ်ပါ၏။ မြန်မာ ကုမ္ပဏီများသည် ရန်ကုန်မှာ ထိုင်နေမည့်အစား၊ နယ်စပ်မြို့များသို့ သွားပြီး လုပ်ကိုင်သင့်ပေ၏။ ကုန်ပစ္စည်းများကို ယူသွားရန်မလိုပါ။ ငွေကိုသာ ယူသွားပြီး ထိုင်ဝယ်၊ ထိုင်ရောင်းလုပ်ပါ။ ဈေးကွက်တွေ့သွားမည်မှာ သေချာပါ၏။ သို့မှသာလျှင် မြန်မာပြည်ထွက် မြန်မာပစ္စည်းများ၏ ဈေးကွက်သည် မြန်မာပြည် အတွင်းမှာသာ ရှိမည်ဖြစ်၏။ မြန်မာကုမ္ပဏီများ ဘာကြောင့် နယ်စပ်မြို့များမှာ သွားပြီး အလုပ်မလုပ်ကြသနည်းဟု စဉ်းစားမိ၏။ လေ့လာမိပါ၏။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသည်ဟု ထင်မြင်ခြင်း၊ ဒေသလုံခြုံရေး စိတ်မချရဘူးဟု ယူဆခြင်း၊ အလုပ်မဖြစ်နိုင်ဟု ထင်မြင်ခြင်း၊ အခက်အခဲများကို ပိုပြီး တွေးဆနေခြင်းတို့ကြောင့် ဖြစ်နိုင်၏။ ဥပမာ– ရန်ကုန်မှ မြဝတီမြို့သည် မိုင် ၃၀၀ မျှသာ ဝေးကွာ၏။ ရန်ကုန်မှ မကွေး၊ ရန်ကုန်မှ မိတ္ထီလာ ခရီးမျှပင်မရှိ။ လမ်းမှာလည်း တောက်လျှောက် ကတ္တရာလမ်း ဖြစ်ပါ၏။

နံနက်မှာ ရန်ကုန်မှ ထွက်သွားလျှင် ညနေမှာ မြဝတီမြို့သို့ ရောက်နိုင်ပါ၏။ ထိုသို့ အချိန်မရွေး လွယ်လွယ်ကူကူ သွားနိုင်နေကြောင်း အားလုံး သိရှိကြလျှင် မြန်မာကုန်သည်ကြီးများ၊ မြန်မာကုမ္ပဏီများသည် နယ်စပ်မြို့များတွင် သွားရောက် နေထိုင်ပြီး လုပ်ကိုင်ကြမှာ ဖြစ်ပါ၏။ ထိုသို့ ငွေကြေးချမ်းသာသူ၊ အမြင်ကျယ်သူ။ အပေါင်းအသင်းများသူ၊ စီးပွားရေး ကျွမ်းကျင်သူများ ကိုယ်တိုင် နယ်စပ် မြို့များမှာ နေထိုင်ပြီး အလုပ် လုပ်မှသာလျှင် မြန်မာနိုင်ငံထွက် ကုန်ပစ္စည်းများ ဈေးကောင်းရခြင်း၊ ကုန်ပစ္စည်း ဈေးကွက်ကို ထိန်းထားနိုင်ခြင်း၊ နယ်စပ်အထိ လာသော နိုင်ငံခြားသားများထံမှ ဒေါ်လာရခြင်း၊ ဥပမာ- မြဝတီမြို့တွင် တည်းခိုခန်းဆိုလို့ တစ်ခုသာ ရှိ၏။ မြန်မာငွေကြေး လဲလှယ်နှုန်း တည်ငြိမ်စေခြင်း စသော အပေါင်းလက္ခဏာဆောင်သော ကုန်သွယ်ရေးစနစ် ဖြစ်ပေါ်လာမှာ ဖြစ်ပါ၏။ တစ်ဘက်နိုင်ငံမှ ကုန်သည်ကြီးများကို ယှဉ်ပြိုင်နိုင်သော မြန်မာကုန်တိုက်ကြီးများ ဖြစ်ပေါ်လာစေရေးကို အလွှာပေါင်းစုံမှ မြန်မာများ စုပေါင်းပြီး နယ်စပ် ကုန်သွားရေး ဖွံ့ဖြိုး တိုးတက်ဖို့ စုပေါင်း ကြိုးစားစို့ တိုက်တွန်းရေးသားလိုက်ရပေသတည်း။

၁၉၉၈ ခုနှစ်၊ မတ်လ ၂၂ ရက် နေ့စွဲဖြင့် ထုတ်ပြန်သော ကြေညာချက် အမှတ်- ၆/၉၈ အရ၊ နယ်စပ် ကုန်သွယ်ရေးမှ နိုင်ငံခြားသို့ ဘင်ပို့ ရောင်းချခွင့် မပြုသော ကုန်ပစ္စည်းများ

(၁) ကျွန်းသစ်နှင့် ကျွန်းထွက်ပစ္စည်း
(၂) စိုက်ပျိုးရေးပစ္စည်း ဆန်၊ ဆန်ကွဲ၊ ကြို၊ သကြား၊ မြေပဲ၊ နှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ မြေပဲဆီ၊ နှမ်းဆီ။
(၃) ဓာတ်သတ္တုများ၊ ကြေးနီ၊ ကြေးဝါ၊ ခဲ၊ သွပ်၊ သံဖြူ၊ ငွေ စသည်တို့။
(၄) ကျောက်သံပတ္တမြား၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ ရွှေ။
(၅) တိရစ္ဆာန်များ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ သိုး၊ ဆိတ်၊ ရှားပါး တိရစ္ဆာန်များနှင့် သားရေ၊ ပုစွန်ခြောက်။

(၆) ရာဘာနှင့် သားရေးမျိုးစုံ
(၇) ခဲယမ်းမီးကျောက်၊ လက်နက်၊ ပေါက်ကွဲစေသော ပစ္စည်းများ စသည်တို့ ဖြစ်သည်ဟု သိရကြောင်းပါခင်ဗျား။

■



စာရေးသူ နယ်စပ် ကုန်သွယ်ရေး သွားရောက်လေ့လာစဉ်

# မဲဆောက်မြို့

၂၀-၁၁-၉၇ နေ့နံနက် (၇) နာရီ တိတိတွင် ကျွန်တော်တို့ အဖွဲ့သည် ထွက်ခွာလာခဲ့၏။ မြအိမ်ရွှေကားသည် ရန်ကုန်မှ ဘားအံမြို့ကို ပြေးဆွဲနေသော မှန်လုံကားကြီးဖြစ်၏။ လူတစ်ဦးလျှင် ၄၀၀ ကျပ် ပေးရ၏။ ညနေ ၃ နာရီ တိတိတွင် ဘားအံမြို့သို့ ရောက်၏။ နောက် တစ်နေ့တွင် ပြည့်အားမာန် မှန်လုံကားဖြင့် နံနက် ၈ နာရီ တိတိမှာ ဘားအံမြို့မှ ထွက်ခွာလာခဲ့ရာ၊ မြဝတီမြို့သို့ ညနေ ၆ နာရီ မထိုးမီမှာ ရောက်တော့၏။ မြဝတီမြို့ မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌကြီး ဦးမောင်သန်း၏ နေအိမ်တွင် တည်းခိုကြ၏။ မြဝတီနှင့် မယ်တော်မြို့ သည် နှစ်မြို့ တစ်မြို့လို ဖြစ်နေ၏။ ချစ်ကြည်ရေး တံတားထိပ်မှာ အကောက်ခွန် ဌာနတွင် နယ်စပ်ဖြတ်ကူးခွင့် လက်မှတ်ကို ငွေ ၁၀၀ ကျပ်ဖြင့် ပြုလုပ်ရ၏။ အမည်နှင့် အသက်ကိုသာ ပြောပြရ၏။ ကျွန်တော်တို့ သည် ငွေလဲသည့် ဌာနသို့ အရင်သွား၏။ မြန်မာငွေကို ထိုင်းဘတ်ဖြင့် လဲကြ၏။ မြန်မာငွေ ၁၀၀၀ ကျပ် (တစ်ထောင်) ပေးလျှင် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၃၂ ဘတ် ရ၏။ ဘာမျှ ခက်ခက်ခဲခဲ မရှိ၊ ၁၀ မိနစ် အတွင်း ထိုင်းနိုင်ငံဘက်မှ နယ်ခြားမြို့ကလေး ဖြစ်သော မယ်တော် မြို့ကလေးသို့ ရောက်၏။ တစ်ဘက်နှင့် တစ်ဘက် ကူးသန်း သွားလာ နေကြသူများမှာ ဘုရားပွဲတော်တမျှ စည်ကားလှ၏။

နိုင်ငံခြားသား အချို့ကိုလည်း တွေ့ရ၏။ မယ်တော်မြို့တွင် မြေကြီးမှန်သမျှကို ကွန်ကရစ်ဖြင့် ခင်းထား သဖြင့် သန့်ရှင်းလှ၏။ အမှိုက်မရှိ၊ တောင်းစားသူမရှိ၊ ဂိတ်ဝမှလွဲပြီး အခြား နေရာများတွင် အစစ်အဆေးမရှိ၊ ရေဒီယိုမှ ထိုင်းနိုင်ငံ သီချင်း သံကြီး ထွက်ပေါ်လာသောအခါ လမ်းပေါ်ရှိ လူများ အားလုံးနှင့် မော်တော်ဆိုင်ကယ်၊ မော်တော်ကားများ အားလုံးသည် ရောက်သည့် နေရာမှာ ရပ်နေကြ၏။ လမ်းပေါ်မှ လူများအားလုံးနှင့် ဈေးဆိုင်များ အတွင်းမှ လူများအားလုံးသည် မတ်ရပ်ထပြီး ရပ်နေကြ၏။ ငြိမ်သက် နေကြ၏။ အလေးပြုကြ၏။ နံနက် (၇) နာရီ ဆိုလျှင် ထိုင်းနိုင်ငံ၏ နိုင်ငံတော်သီချင်း ထုတ်လွှင့်လျှင် တစ်နိုင်ငံလုံး လူအားလုံးက အလေး ပြုကြရသည်ဟု သိရ၏။ ကျွန်တော်တို့ နိုင်ငံတွင် ရုပ်ရှင်ရုံမှာ နိုင်ငံတော် သီချင်း ဖွင့်ပြီး အလံတော် ပြသည်ကိုပင် တချို့က ထိုင်ရာမှ မထကြ၊ အခြား နိုင်ငံများနှင့် ကွာခြားလှပါ၏။

ကျွန်တော်တို့သည် နံနက်စောစော အစာစားရန် လမ်းဘေးစားသောက်ဆိုင် တစ်ဆိုင်အတွင်းသို့ ဝင်လိုက်၏။ မီးဖိုမှာ ဂက်စ်မီးဖိုကို သုံးကြ၏။ စားသောက်ဖွယ်ရာများအားလုံး စတီး ဘီရိုကြီးဖြင့် မှန်လုံ သိမ်းဆည်းထား၏။ သန့်ရှင်း သပ်ရပ်လှပါ၏။ ရှမ်းခေါက်ဆွဲတစ်ချိုးကို စားရန် မှာလိုက်၏။ လူတစ်ဦးသည် တစ်ပွဲဆိုလျှင် ဗိုက်ဝ၏။ မြန်မာငွေ လဲနှုန်းအရ တစ်ဦးအတွက် ၁၅၀ ကျပ် ကျသင့်၏။ ရန်ကုန်က ဈေးနှုန်းဖြင့် မကွာခြားလှပါ။ နံနက်စာ စားကြပြီးနောက် ဈေးဆိုင်တန်းများကို လျှောက်ပြီး ကြည့်၏။ ပစ္စက္ကူဒေသမှလာသော ဝါဂွမ်းစောင်များ၊ သနပ်ခါးခဲများ၊ လုံချည်များ၊ လက်သုတ်ပဝါမှအစ မြက်ဦးထုပ်၊ ဖိနပ် စသည်ဖြင့် အညာကုန် အားလုံးကို တွေ့ရ၏။ အထူးသဖြင့် တရုတ်ပြည်ဖြစ် ကုန်ပစ္စည်းများက ထိုင်းပစ္စည်းများကို လွှမ်းမိုးနေ၏။ မည်သည့် ပစ္စည်းကို မေးမေး တရုတ်ပြည်က လာတာပါဟု ဖြေတတ်၏။ လမ်း၏ ဘယ်ဘက်ခြမ်းသို့ ကူးပြောင်းလိုက်၏။ မျဉ်းကြားမရှိ၊ မီးပွိုင့်မရှိ၊ မော်တော်ကားများမှာ အသစ် တင်သွင်းလာသော မှန်လုံကားများသာ ဖြစ်၏။ ရေးဟောင်း ပစ္စည်းများ၊ ထု

ဆင်းတုတော်များ၊ ရှေးဟောင်းဘီရိုကြီးများ၊ ပန်းပုလက်ရာများ စုံလှ၏။ ရှေးဟောင်းဘီရိုတစ်လုံးကို ဈေးမေးကြည့်ရာ ဘတ်ငွေ တစ်သောင်းခွဲနှင့် နှစ်သောင်း အသီးသီး ရှိကြ၏။ မြန်မာငွေ ကျပ်တစ်သိန်း ကျော်၏။ ကျွန်တော်တို့ ဘုန်းတော်ကြီးကျောင်းတွင် ထိုဘီရိုကြီးထက် ကောင်းသော ဘီရိုကြီး အလုံးပေါင်း ၁၀ လုံးထက်မနည်း ရှိပါ၏။

ထို့နောက် မယ်တော်ကမ်းနား ဈေးဘက်သို့ လျှောက်သွားကြပြန်၏။ ပျံကျဈေး ဆိုသော်လည်း ပစ္စည်းစုံလှ၏။ သစ်သီးများ၊ ယိုများ။ မုန့်များကို ပလပ်စတစ်အိတ်များဖြင့် ထည့်ထား၏။ တရုတ်ပြည်မှ ကုန်ပစ္စည်းများဖြစ်သော ရေဒီယို၊ ကက်ဆက်၊ အလှကုန်အမျိုးမျိုး၊ ကလေးကစားစရာ လေသေနတ်မှအစ ရန်ကုန် မင်္ဂလာဈေးအတိုင်းဖြစ်၏။ လမ်းလျှောက် စကားပြောစက်ကလေးတစ်စုံကို မေးကြည့်ရာ မြန်မာငွေကျပ် ၂၀၀၀ ကျော်မျှသာ ဈေးရှိ၏။ ကိုင်ဆောင်ခွင့် မရှိသဖြင့် ဝယ်ခဲ့ရပေ။ ကမ်းနားဈေးနှင့် ရေမြောင်းကလေး တစ်ခုသာ ခြားသော ရေလယ်ကျွန်းသို့ လမ်းလျှောက်သွားကြပြန်၏။ ထိုကျွန်းကလေးမှာ မြန်မာပိုင် နယ်မြေဖြစ်၏။ ထိုင်းနိုင်ငံ၏ မြစ်ကမ်းမှ တာဘောင် အုတ်ခုံးမှ ၁၀ ပေမျှ ကျယ်သော တံတားလေးဖြင့် ကူးသွားနိုင်၏။ သောင်ရင်းမြစ်၏ မြစ်လက်တက်ကလေးက နှစ်နိုင်ငံ နယ်နိမိတ်ကို ပိုင်းခြားထားပါ၏။ မြန်မာနိုင်ငံဘက်တွင် စီးကရက်နှင့် အရက်တို့က ဈေးချိုသည်၏။ ထိုင်းနိုင်ငံသားတစ်ဦး ဆိုပါက စီးကရက် နှစ်ကာတွန်းအထိ ဝယ်ယူလာခွင့် ရှိ၏။ မြန်မာလူမျိုးဆိုပါလျှင် ထိုင်းနိုင်ငံအတွင်းသို့ စီးကရက် တစ်ဘူးယူဆောင်လာပါက ထောင်ဒဏ် သုံးနှစ် ကျခံရမည် ဆို၏။ ထိုင်းနိုင်ငံအတွင်း၌ စီးကရက်နှင့် အရက်ကြော်ငြာ တစ်ခုမျှ မတွေ့ရ။ မြန်မာနိုင်ငံသည် အတုယူဖို့ ကောင်းလှပါ၏။ စီးကရက်သောက်နေသော ထိုင်းလူမျိုးဆိုပြီး တစ်ဦးမျှ မတွေ့ခဲ့ရ၊ သူ့နေရာနှင့်သူ သောက်ချင်လျှင် သောက်ကြပါမည်။ မော်တော်ကားဂိတ်၊ စားသောက်ဆိုင်၊ ဈေးများအတွင်း၌ စီးကရက် သောက်နေသူကို ရှာဖွေ ရှာမ်းကြည့်ရာ နှစ်ရက်အတွင်း တစ်ဦးမျှမတွေ့ခဲ့ရ။ တွေ့ခဲ့ရသော လူငယ် သုံးဦးမှာလည်း မြန်မာလူငယ်များ ဖြစ်၏။

ကျွန်တော်တို့ အဖွဲ့သည် မဲဆောက်မြို့သို့ ခရီးဆက်ကြမည် ဖြစ်၏။ လူဝင်မှု ကြီးကြပ်ရေးဌာနသို့ သွားပြီး အမည်နှင့် အသက်ကို ပြောရ၏။ လက်ဗွေပုံစံ နှိပ်ရ၏။ လူတစ်ဦးလျှင် မြန်မာငွေ ၁၀၀ ကျပ် သို့မဟုတ် ဘတ်ငွေ ၂၀ ပေးရ၏။ လူတိုင်းက မြန်မာငွေကျပ် ၁၀၀ ကိုသာ ပေးနေကြ၏။ မယ်တော်မြို့နှင့် မဲဆောက်မြို့သည် ၇ မိုင်ကျော် ၈ မိုင်မျှသာ ဝေးသည်ဟု သိရ၏။ မော်တော်ကားခ မြန်မာငွေ ၁၀၀ ကျပ် သို့မဟုတ် ဘတ်ငွေ ၁၀ ပေးရ၏။ သည်မှာတော့ ကားခကို လူတိုင်းက ဘတ်ငွေကို ပေးချေကြ၏။ သက်သာသည့် ငွေအမျိုးအစားကို ပေးခြင်းသည် သဘာဝပင် ဖြစ်၏။ ကားလမ်းမှာ တောက်လျှောက် ကွန်ကရစ်လမ်း ဖြစ်၏။ မော်တော်ကားကို ဘယ်ဘက်မှ ကပ်မောင်းသော စနစ် ဖြစ်၏။ လမ်းမှာ ချောမွတ်နေ၏။ ကျင်း၊ ချိုင့်၊ အဖု အထစ်ဆိုပြီး လမ်းပေါ်မှာ ဘာတစ်ခုမျှ မရှိ၊ ညီညာနေ၏။

တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ကျော် မောင်း၏။ လယ်ကွက်များကို ဖြတ်ပြီး မောင်းနေသဖြင့် ဝဲယာ ဘက်တွင် လယ်ရိတ်နေသူများကိုလည်း တွေ့ရ၏။ မော်တော်ကား လမ်းများကိုလည်း လယ်ကွက်များအထိ ဖောက်လုပ်ထား၏။ လယ်ကွက် အစပ်ထိ ကတ္တရာလမ်းများ ရှိ၏။ လယ် သမားများသည် မိမိ တို့၏ လယ်ယာဘေးတွင် ဟိုင်းလပ်စ် ကားများကို ရပ်နားထားသည်ကို တွေ့မြင်နေရ၏။ ဓာတ်ဆီဆိုင်တွင် ကျွန်တော်တို့ စီးနင်းလိုက်ပါ လာသော မော်တော်ကားသည် ဓာတ်ဆီဖြည့်ရန် မော်တော်ကားကို ထိုးရပ်လိုက်၏။ ဈေးနှုန်းကို မေးကြည့်ရာ တစ်ဂါလံလျှင် ၂၀၀ ကျပ် သာသာ ဈေးကျသင့်နေ၏။ မကြာမီ မဲဆောက်မြို့သို့ ရောက်၏။ ဈေးတွင် မြေညီထပ်မှာသာ ဈေးရောင်း၏။ အပေါ် ထပ်များမှာ လူနေအိမ်များ ဖြစ်၏။

ဈေးမှာ သန့်ရှင်းလှ၏။ ပဲသီး၊ ခရမ်းချဉ်သီး၊ ဘူးသီး များကို ပလပ်စတစ် ခြင်းကြား အတွင်းမှ ထုတ်ယူပြီး သွားတိုက်တံ ကဲ့သို့ ပလပ်စတစ် ဘီးဖြင့် ပွတ်ပြီး ဆေးနေ၏။ ဆေးပြီး အသီးအနှံ များကို မှ ဆိုင်ခန်း ပေါ်သို့ လှလှပပ ဖြစ်အောင် စီပြီး လိုချင်လာအောင် ဆိုင် ပေါ်တွင် ပြသထား၏။ ဈေး အတွင်းမှာ ခွေးလေ ခွေးလွင့်မရှိ

...ကောင်မရှိ၊ အမှိုက်မရှိ၊ ရေပုပ်ရေသိုး၊ အနံ့အသက်ဆိုး လုံးဝမရှိ၊ ...သည်နှင့် ဈေးဝယ်သူများအားလုံး သန့်ရှင်းအောင် နေတတ်ကြ ... ကုန်ဈေးနှုန်းများမှာ ရန်ကုန်မြို့ပေါ် ကုန်ဈေးနှုန်းနှင့် မကွာခြား ...၊ မေးရသမျှ ကုန်ဈေးနှုန်းများကို တင်ပြလိုက်ရပါ၏။

ကုန်ဈေးနှုန်းကို မြန်မာငွေဖြင့် တွက်ချက် ဖော်ပြလိုက်ပါ၏။

ရေခဲ တစ်ဖန်ခွက် – ၇ ကျပ် ၅၀ ပြား

ရေသန့်တစ်ဘူး – ၃၇ ကျပ် ၅၀ ပြား

မုန့်ဟင်းခါး၊ ကြာဆံတစ်ပွဲ – ၁၅၀ ကျပ်

လိမ္မော်သီးတစ်လုံး – ၁၀ ကျပ်မှ ၂၀ ကျပ်

ဆန်တစ်ကီလို – ၇၅ ကျပ်

ကြက်သွန်နီ တစ်ကီလို – ၁၈၇ ကျပ် ၅၀ ပြား

ပန်းသီးတစ်လုံး – ၁၅ ကျပ်

ဖရဲသီး – ၂၁၀ ကျပ်

သံပုရာသီးတစ်လုံး – ၆ ကျပ်

မုန်လာထုပ် – ၂၂ ကျပ်

ငါးကြင်းသားအစို – ၁၃၅ ကျပ်

ဝက်သား – ၆၀၀ ကျပ်

ကြက်သား – ၃၃၇ ကျပ် ၅၀ ပြား

ငါးရှဉ့် – ၂၂၅ ကျပ်

ဆံပင်ညှပ်ခ – ၁၅၀ ကျပ်

အာလူး – ၁၀၅ ကျပ်

အသားဟင်း ထမင်းတစ်ပွဲ – ၁၅၀ ကျပ်

...ချက်

ကြက်သားဟင်းမှာ အရိုး လုံးဝမပါဝင်ရအောင် ပြုလုပ် ပေး၏။

အဝတ်အထည်များ ဈေးကလည်း မြန်မာဈေးနှုန်းနှင့် မကွာ ...းလှပါ။ ကုန်ဈေးနှုန်းမှာ ဈေးကြီးသည်ဟု မဆိုသာပါ။ စတိုးဆိုင်များ၊ ...ဆိုင်များ၊ စားသောက်ဆိုင်များတွင် အလုပ် လုပ်ကိုင်နေသော မြန်မာ ...ရင်းသား လူငယ်များကို လခမည်မျှ ရပါသနည်းဟု မေးကြည့်ရာ

အစာကျွေး၊ ထမင်းကျွေး၊ နေအိမ်ပေး စရိတ်ငြိမ်း တစ်လလျှင် မြန်
ငွေ ၇၅၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်အထိ ရကြ၏။ လယ်ရိုင်
အလုပ်ကြမ်းသမားများ ဆိုလျှင် တစ်နေ့လျှင် ၅၀၀ ကျော် ရသည်
ဆို၏။ နေ့စား ပန်းရံ အလုပ်သမားများမှာ ၈၀၀ ကျပ်မှ ၁၀
ကျပ် ရသည်ဟု သိရ၏။ အထူးသဖြင့် စီးကရက်ဈေးက ကြီးမြင့်လှ
တစ်ဘူးလျှင် ၂၅၀ ကျပ်မှ ၃၀၀ ကျပ် ကျော်အထိ တန်ဖိုးပေးရ
ဖလင်လိပ်ဈေးမှာလည်း ကိုနီကာဖလင် တစ်လိပ်လျှင် ၇၀၀ ကျ
ကျော် ၈၀၀ ကျပ် ဈေးရှိ၏။ ကျွန်တော်တို့ နိုင်ငံမှာကဲ့သို့ ဈေး
ကြရ၏။ ဈေးဆစ်တတ်လျှင် ဈေးဆစ်တတ်သလောက် ဈေးချိုသည်
သိရ၏။ ကျောက်စိမ်း၊ ပတ္တမြား၊ ရတနာဆိုင်တန်းသို့ သွားရော
လှေ့လာပြန်၏။ ကျွန်တော်တို့ မန္တလေးကျောက်ဝိုင်း၊ ရန်ကုန် ဈေး
သာလမ်း ကျောက်ဝိုင်းမှာကဲ့သို့ပင် အထုပ်ကလေးများကို ကိုင်
လာတဲ့သူတွေကို ပြပြီး ရောင်းနေကြ၏။ ဆယ်လူလာ တယ်လီဖုန်း
ကိုယ်စီဖြင့် ပြောဆိုနေကြသံများနှင့် ကျောက်ဝိုင်းမှ ဈေးဝယ်၊ ဈေးသ
အချင်းချင်း ပြောဆိုနေသံများမှာ အများအားဖြင့် မြန်မာ စကား
သာ ဖြစ်၏။

ဒီကျောက်စိမ်းလက်စွပ် ဘယ်ဈေးလဲဟု ကျွန်တော်မှ ဆိုင်
အမျိုးသမီးကို အင်္ဂလိပ်လို မေးလိုက်၏။ မြန်မာလိုပဲ တတ်တ
အင်္ဂလိပ်စကားကို နားမလည်ဘူးဟု မြန်မာသံ ပီပီသသဖြင့် ပြ
ဖြေဆိုနေ၏။

"ခင်ဗျားက မြန်မာလူမျိုးလား"

"မဟုတ်ပါဘူး။ ကျွန်မ ရှမ်းလူမျိုးပါ"

"မြန်မာပြည်က ရှမ်းလူမျိုးလား"

"မဟုတ်ပါဘူး။ ထိုင်းလူမျိုးကို ကျွန်မတို့က ရှမ်းလူမျိုး
ခေါ်ကြပါတယ်။"

"ခင်ဗျား မြန်မာနိုင်ငံကို ရောက်ဖူးလား"

"မြဝတီမြို့အထိပဲ တစ်ခေါက် ရောက်ဖူးပါတယ်"

ဟာဗျာ ခင်ဗျားရဲ့ စကားက မြန်မာအသံ ပီသလှပါလ

…င်ယူ ထားတာလား"

မဟုတ်ပါဘူး။ ကျွန်မတို့ ငယ်စဉ်ကတည်းက မြန်မာတွေနဲ့ …ဘူ နေလာခဲ့ရပါတယ်"

"ဘယ်မြို့မှာလဲ"

"သည်ဈေးအတွင်းမှာပါ"

မှန်ပါသည်။ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့စဉ်ကလည်း …န်းတော်ကြီးကို မဲဆောက်မြို့မှာ မြန်မာတွေ ပေါများကြောင်း …ျောက်ထားခဲ့ရာ ဘုန်းတော်ကြီးက–

"အခုမှ မြန်မာတွေ ပေါများလာတာ မဟုတ်ပါဘူး ဒကာကြီး၊ …ျပ်တို့ကျောင်းမှာ ပျံလွန်တော်မူသည့် ဆရာတော်ကြီး၏ ပြောစကား …ရ လွန်ခဲ့သော အနှစ် ၆၀ က ဆိုလျှင် မဲဆောက်မြို့ဟာ မြန်မာ …ကားကိုပဲ ပြောကြတယ်။ ရပ်ရှင့်ရုံမှာလည်း မြန်မာဇာတ်ကားကိုပဲ …ကြတယ်။ အငြိမ့်မှာပင် မြန်မာလို ကကြ၊ မြန်မာသီချင်း ဆိုကြနဲ့ပဲ …ကာကြီး၊ ပိုက်ဆံကိုလည်း မြန်မာပိုက်ဆံကိုပဲ အသုံးပြုကြတယ်။ …ိုင်းနိုင်ငံသုံး ငွေကိုတော့ လှူဒါန်းတော်ပေးဖို့ တစ်နှစ်မှာ ငါးဘတ်ပဲ …က်ထဲမှာ ကိုင်ထားကြတယ်ဟု မြန်မာ ဘုန်းတော်ကြီးကျောင်းမှ …န်းတော်ကြီးက ပြောပြခဲ့ပါ၏။ ဘုရားများ ကျောင်းများကိုလည်း မြန်မာနိုင်ငံမှ ဘုရားဒကာများက ဆောက်လုပ် လှူဒါန်းခဲ့ကြ၏။ ၁၂၉၄ …နှစ် တပို့တွဲလဆန်း ၁၀ ရက်နေ့ ဘုရားဒကာ ဦးကျောင်းဖန်၊ ဘုရား …မ ဒေါ်နု သားသမီးတစ်စု ကောင်းမှု၊ မန္တလေး ကျောက်ဆစ်တန်း …ပြီး ဗုဒ္ဓဆင်းတုတော်ကြီး နှစ်ဆူကို တွေ့မြင် ဖူးမြော်ခဲ့ရ၏။ မဲဆောက် …မြို့ မြန်မာ ဘုန်းတော်ကြီးကျောင်းကို ပဌမမြောက် ထိုင်းဘုရင်မှ …မြေရမ် ထုတ်ပေးခွင့် ပြုတော်မူခဲ့ပြီး တောင်ကြီးမြို့ ပအို့ဝ် လူမျိုး …ကျောင်းနှင့် ဘုရားဒကာများက လှူဒါန်း ဆောက်လုပ်ခဲ့သည်ဟု …ရ၏။ ကျောင်းထိုင် ဆရာတော် ၃ ပါး ရှိခဲ့ပြီး ဖြစ်၏။ မြန်မာ၊ …မ်း ကရင် ဘုန်းကြီးများ ဖြစ်ကြသည်ဟု သိရ၏။

ပထမဆရာတော်ကြီးမှာ ဦးပညာ သာသနာသက္ကရာဇ် ၂၄၁၅ …နှစ်၊ (ကောဇာသက္ကရာဇ် ၁၂၃၆) (မင်းတုံးမင်းခေတ်) ၊ ဒုတိယ

ဆရာတော်ကြီးမှာ ဦးသြဘာ ၂၄၈၅ ခုနှစ် (၁၃၀၃)၊ တတိယ
ဆရာတော်ကြီးမှာ ဦးသုန္ဒရ ၂၅၁၅ ခုနှစ် (၁၃၃၃) စသည်တို့ အသီးသီး
ဖြစ်ခဲ့ကြသည်ဆို၏။ စတင်ပြီး ကျောင်းထိုင်ခဲ့သော ခုနှစ်များကို
ကျောက်သင်ပုန်းကြီးတွင် ထိုင်းဘာသာဖြင့် မှတ်တမ်း တင်ထား၏။
ကောဇာသက္ကရာဇ်ကို မရေးထားပါ။ သာသနာ သက္ကရာဇ်ကိုသာ
ရေးထားပါ၏။ ထိုကျောင်းဝင်း အတွင်းမှ စေတီတော်ကို သာမည
ဆရာတော်ကြီးကိုယ်တိုင် လာရောက် ထီးတင်သွားခဲ့၏။

မြန်မာဘုန်းတော်ကြီး ကျောင်းအတွင်းမှ ဘီရိုကြီးများ၊ စာတိုက်
သေတ္တာကြီးများသည် အမရပူရခေတ် လက်ရာများ ဖြစ်ပါ၏။
ကြေးစည်ကြီး တစ်ခုကို တွေ့သဖြင့် အလှူရှင် စာတန်းကို ရှာဖွေ
ကြည့်မိရာ–

သာသနာသက္ကရာဇ် ၂၄၉၆ ခုနှစ်၊ ၁၃၁၄ သီတင်းကျွတ် လပြည့်
နေ့ ယိုးဒယားပြည် မဲဆောက်မြို့ သူဌေးကုန်းရပ်နေ၊ ကုန်သည်ကြီး
ဦးချစ်မြိုင်+ ဒေါ်သောင်းရီ သားသမီးတစ်စု ကောင်းမှုဟု တိတိကျကျ
စာတန်းကို တွေ့ခဲ့ရ၏။

ယခုတော့ သူဌေးကုန်းတို့ မြန်မာစုရပ်ကွက်၊ မုံတီကုန်းတို့
ဆိုတဲ့ ရပ်ကွက်တွေမရှိတော့ပါဘူးဗျာ။ သည်ကျောင်းကြီးကို မြန်မာ
ဘုန်းတော်ကြီး အဆက်ဆက် ကျောင်းထိုင်ခဲ့တာပဲ။ ဒါပေမဲ့ အခုတော့
ထိုင်းမှတ်ပုံတင် ထိုင်းတိုင်းရင်းသား ဘုန်းတော်ကြီး မဟုတ်လျှင်
ကျောင်းထိုင်ဆရာတော် မပြုလုပ်ရဘူးဆိုပြီး ဥပဒေပြဋ္ဌာန်းလိုက်တော့
ထိုင်းလူမျိုး ဘုန်းတော်ကြီးဖြစ်မှသာ ကျောင်းထိုင် ဆရာတော် လုပ်ရ
ပါတော့တယ်ဟု ရှင်းပြနေ၏။ ကျုပ်တို့ကတော့ မန္တလေးမြို့မှာ
စာသင်ကျောင်း နေခဲ့တာဆိုတော့ တရားဟောလျှင် မြန်မာလို
ဟောပြောတယ်၊ သီလပေးတယ်၊ မျက်ခုံးမွေးကိုလည်း မရိတ်ဘူး
ခေါင်းတုံးကိုလည်း ဆံပင်ရှည်တဲ့အခါမှာ ခေါင်းတုံးလိုက်တာပဲ
ယိုးဒယား ဘုန်းတော်ကြီးတွေကတော့ လစဥ် လဆန်း ၁၄ ရက်
နေ့တိုင်းမှာ မျက်ခုံးမွေး ရိတ်ရတယ်။ ခေါင်းတုံး ရိတ်ရတယ်
တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ခေါင်းရိတ်ကြရတာပဲ။

ဘယ်လို ထုံးစံကြောင့် တစ်နိုင်ငံလုံး တစ်ပြိုင်တည်း မျက်ခုံးမွေး ရိတ်၊ ခေါင်းတုံးရိတ်ကြရတာလဲဘုရားဟု ကျွန်တော်က စပ်စု မေးလိုက်ပြန်၏။

အတိအကျရယ်တော့ မသိပါဘူး ဒကာကြီးရယ်။ ပြောကြတာကတော့ ဦးအောင်ဇေယျသည် ထိုင်းနိုင်ငံကြီးကို ဝန်းရံထားခဲ့တယ်။ ဦးအောင်ဇေယျ၏ မြန်မာ စစ်သားတွေက ဘုန်းကြီး အယောင်ဆောင်ပြီး ယိုးဒယားနိုင်ငံထဲသို့ ဝင်ပြီး တိုက်ခိုက်ကြတယ်လို့ ပြောတာပဲ။ ဒါနဲ့ပဲ ယိုးဒယားဘုန်းကြီးတွေနဲ့ ဦးအောင်ဇေယျရဲ့ ဘုန်းကြီးအတု အယောင်တွေနဲ့ ခွဲခြား သိနိုင်အောင် ယိုးဒယား ဘုန်းကြီးကို ဘုရင်က အမိန့်ထုတ်ခဲ့တယ်။ လဆန်း ၁၄ ရက် နေ့တိုင်းမှာ တစ်နိုင်ငံလုံး ဘုန်းကြီးတွေ မျက်ခုံးမွေး ရိတ်ရမယ်။ ဦးခေါင်း ရိတ်ရမယ် ဆိုပြီး လျှို့ဝှက်အမိန့် ထုတ်ခဲ့ရာမှ စခဲ့တယ်ဆိုပြီး အဆိုရှိတာပဲဟု ဆရာတော်မှ ရှင်းပြနေပါ၏။ ကျွန်တော်တို့ အဖွဲ့သည် မြန်မာကျောင်းကို လေ့လာပြီး ပြန်လာခဲ့၏။ မဲဆောက်ဈေးအထိ လမ်းလျှောက်ပြီး ပြန်လာခဲ့ကြ၏။ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများ ရှုပ်လှ၏။ ကိုယ့်နည်း ကိုယ့်ဟန် ရှောင်တိမ်းပြီး သွားရ၏။ လမ်းပေါ်တွင် သွားလာနေကြသူများ အားလုံးသည် မော်တော်ဆိုင်ကယ် သို့မဟုတ် မော်တော်ကားများဖြင့်သာ သွားနေကြ၏။ လမ်းလျှောက်နေသူဟူ၍ ကျွန်တော်တို့ အဖွဲ့သာ ရှိ၏။ သို့သော် ထူးဆန်းတယ်ဆိုပြီး ကျွန်တော်တို့နိုင်ငံမှာကဲ့သို့ မည်သူကမျှ ဂရုစိုက်ပြီး ကြည့်သူမရှိ၊ သူ့လမ်း သူသွား၊ ကိုယ့်လမ်းကိုယ်သွား၏။ ကျောက်စိမ်းပိုင်း၊ ရတနာဈေးမှအပ အခြားဈေးများတွင် စကားပြောမနေကြဘဲ ငြိမ်သက်နေကြ၏။ မဲဆောက်ဈေးအတွင်းမှာ မြန်မာစာအုပ်ဆိုင်နှစ်ဆိုင်ကို တွေ့ခဲ့၏။ မြန်မာ မဂ္ဂဇင်းများဖြစ်သော ကြီးပွားရေး၊ မနေ၊ မြန်မာ့မနေ၊ ဂမ္ဘီရ၊ ကြော်ငြာလမ်းညွှန်၊ သောင်းပြောင်း ထွေလာ ရယ်စရာ စသည့် မဂ္ဂဇင်း များကို တွေ့ခဲ့ရ၏။ ရောင်းဈေးမှာ တစ်အုပ်ကို ဘတ် ၃၀ ဟု သိရ၏။ ငှားဖတ်လျှင် တစ်ရက်အတွက် တစ်ဘတ် ပေးရမည်ဟု သိရ၏။ လပေးယူသူများကို အိမ်သို့ အရောက်ပေးပို့ပေးသည်ဆို၏။ လစဉ် တစ်မျိုး စာအုပ် ၃၀ လောက် ရောက်သည်ဟု

ပြောပြ၏။ မြန်မာသတင်းစာတော့ မရောက်။ ဂျာနယ်လည်းမရောက်။ တစ်ခါတလေ လူကြုံဖြင့် ပါလာပါက ဖတ်ကြရသည်ဟု သိရ၏။ ကျွန်တော့်ကို ထိုပုဂ္ဂိုလ်က စာရေးဆရာ ဒေါက်တာသက်လွင်ပါဟူ၍ မိတ်ဆက် ပေးလေရာ အနီးအနားမှ ဈေးသည် ၃-၄ ဦးကပင် စာရေးဆရာ နာမည်ကို ကြားဖူးကြောင်း ဆရာရဲ့ စာတွေကို နှစ်သက် သဘောကျပါကြောင်း ပြောပြကြသဖြင့် ထိုင်းနိုင်ငံမှာပင် ကျွန်ုပ်၏ စာဖတ်ပရိသတ် ရှိနေပြီဆိုတာ ကြားရသဖြင့် ဝမ်းသာခဲ့ရ၏။

ထို့နောက် ရွှေဆိုင်တန်းသို့ ဝင်ကြည့်ရာ ရွှေဆွဲကြိုးများမှာ ကျွန်ုပ်တို့မြို့တွင် နွားနဖားကြိုးများ ချိတ်ဆွဲထားသကဲ့သို့ အတွဲလိုက် အတွဲလိုက် တွေ့နေရ၏။ ရန်ကုန်မှ ရွှေဆိုင်များထက် အဆပေါင်းများစွာ များပြားလှ၏။ ရွှေဆိုင်တိုင်းလိုလိုတွင် တယ်လီဗီးရှင်း ကင်မရာဖြင့် ဆိုင်အတွင်းသို့ ဝင်လာသူများကို ရုပ်ရှင် ရိုက်ထား၏။ လုံခြုံရေးအတွက် အသုံးပြုထားခြင်း ဖြစ်ပါ၏။ ရွှေဈေးကို မေးကြည့်မိရာ တစ်ကျပ်သားကို ဘတ်ငွေ ၄၅၀၀ ဈေး ရှိ၏။

သယ်ယူခွင့်ရှိမရှိ မသိရသဖြင့် မဝယ်ခဲ့ရပါ။ မော်တော်ဆိုင်ကယ်တန်းသို့ ဆက်လက် လျှောက်သွားရာ ဟွန်ဒါထရိန်း မော်တော်ဆိုင်ကယ် တစ်စီးလျှင် ဘတ်ငွေ ၂၉၀၀၀ ဟု သိရ၏။ ထိုင်း နိုင်ငံလိုင်စင်ပါသည်ဟု သိရသည်။

ထိုင်းနိုင်ငံမှာ အလုပ်လုပ်သူ ဆိုပါက ၃ နှစ် အတွင်း အရစ်ကျပေးဆပ်နိုင်သည်ဟု သိရ၏။ မဲဆောက် ဈေးအတွင်းတွင် မော်တော်ဆိုင်ကယ်များသည် ဈေးတန်းကြီး အတွင်းထိ မော်တော်ဆိုင်ကယ်စီးခွင့်ရှိ၏။ ဈေးဝယ်ရာမှာပင် ဆိုင်ကယ်များ ပေါ်မှမဆင်း၊ ဆယ်လူလာတယ်လီဖုန်းကတော့ လူငယ်တိုင်းလိုမှာ ပါလာတတ်ကြ၏။ အင်္ဂလိပ်စကား ပြောတတ်သော ယိုးဒယား လူမျိုးသည် ရှားလှ၏။ ထမင်းစားရသောက်ပင် မသိကြ။ ကျွန်တော်တို့ နိုင်ငံသည် အင်္ဂလိပ်စကားပြောခြင်းကို အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်နှင့် စင်ကာပူပြီးလျှင် တတိယအဆင့်မှာ ရှိမည်ထင်ပါ၏။

မော်တော်ကားဂိတ်သို့ ရောက်သောအခါ ကားပေါ်တွင် ခရီး


သည် ၈ ဦး ထိုင်နေ၏။ ကျွန်တော်တို့ ၃ ဦး လိုက်လိုပါသည်ဟု ပြောပြရာ ဘယ်လိုမျှ လက်မခံပါ။ ခရီးသည် ၁၀ ဦးထက် ပိုပြီး တင်ဆောင် ခွင့်မရှိပါ။ တစ်ဦးကို နောက်ကားမှာ လိုက်ခဲ့ပါဟု ဆိုနေ၏။ အမှန်မှာ ဟိုင်းလပ်စ် ၅ ချိတ်ကားသည် တစ်ဖက် ၅ ယောက် မကတင်နိုင်ပါသည်။ ကျွန်တော်တို့ ရန်ကုန်တွင် တစ်ဖက်မှာ ၇ ဦး ထိုင်ရ၏။ ကြားထိုင်ခုံပင် ထိုးထားပြီး နောက်မှ တွဲလွဲတွေက ပါသေး၏။ နောက်မှ တက္ကစီ ဟိုင်းလပ်စ်ကားမှာ ၆-၇-၈- ယောက် ရှိလျှင် တစ်ခါတလေ ထွက်တတ်၏။ ၁၀ ဦးထက်တော့ လုံးဝမတင်ပါ။ ကြားထိုင်ခုံ မပါဝင်ပါ။ ကားခမှာ ၇ မိုင်မျှ ခရီးကို ၇၅ ကျပ် ပေးရသဖြင့် ဈေးများသည်ဟုတော့ အဆိုနိုင်ပါ။ ခရီးသည် နည်းသဖြင့် တစ်ခေါက်မှာ ယွမ်းမျှ ၅၀၀ ကျပ်မျှသာ ရကြပါသည်။ အဝေးပြေး လမ်းများသည် ကွန်ကရစ်လမ်းများ ဖြစ်ပါ၏။

ညနေ ၆ နာရီ ထိုးလျှင် မြဝတီ- မယ်တော်ချစ်ကြည်ရေး တံတားကြီးက ပိတ်သွားမည် ဖြစ်၍ အမြန် ပြန်ခဲ့ရပါတော့သည်။

■



ချစ်ကြည်ရေး တံတားပေါ်မှ မယ်တော်မြို့ (ထိုင်းနိုင်ငံ)



# မြဝတီမြို့

"ဆရာတို့ ယနေ့တော့ မော်တော်ကား အဆင်းနေ့ ဖြစ်နေတယ်။ မြဝတီကို ဆက်ပြီး သွားလို့ မရသေးဘူး။ ဘားအံဒေသမှာပဲ သွားလို တဲ့ နေရာတွေကို ပို့ပေးမယ်"

ဒေါက်တာဟန်ပိုမှ ပြောပြနေပါ၏။ ကျွန်တော်တို့အဖွဲ့သည် ၂၄–၁၀–၉၈ နေ့ ည ၈ နာရီ မြဝတီသို့သွားရန်အတွက် ဘားအံသို့ ထွက်ခွာလာခဲ့ကြခြင်း ဖြစ်ပါ၏။ နံနက် ၆ နာရီခွဲတိတိတွင် ဘားအံ မြို့သို့ ရောက်၏။ ပတ်ဝန်းကျင်ကို လေ့လာမည်ဟု ပြောပြီး အစီအစဉ် ရေးဆွဲပေးရ၏။ 'သီးသန့်' အမည်ရှိ တည်းခိုရိပ်သာမှာ တည်းခိုကြ၏။ တစ်ဦး တစ်ည ၂၀၀ ကျပ်ပေးရ၏။ မျက်နှာချင်းဆိုင်မှာရှိသော 'ပါရမီ' တည်းခိုးခန်းမှာ နေရာမရသဖြင့် 'သီးသန့်' တည်းခိုးခန်းမှာ တည်းကြ ရ၏။

နောက်တစ်နေ့ နံနက် ၈ နာရီတွင် 'ပြည့်အားမာန်' မှန်လုံ ကားဖြင့် မြဝတီသို့ ခရီးဆက်ခဲ့ကြပြန်၏။ သာမညတောင်ခြေမှ ဖောက် လုပ်ထားသော မော်တော်ကားလမ်းသည် ကောင်းလှပါ၏။ ဂျိုင်းမြစ် သို့ နံနက် ၁၀ နာရီတွင် ရောက်ပါ၏ ဂျိုင်းမြစ်ကို ဇက်ကလပ်ဖြင့် ကူးပြီး ကျုံးဒိုးမြို့သို့ နာရီဝက် အကြာမှာ ရောက်၏။ ကော့ကရိတ်မြို့သို့ ရောက်တော့ ၁၁ နာရီခွဲနေပြီ ဖြစ်ပါ၏။ ကော့ကရိတ်မြို့တွင် လုပ်စရာ

ကိစ္စများ ရှိသဖြင့် ညနေ ၂ နာရီတိတိတွင် မြဝတီသို့ ဆက်လက်ထွက်ခွာလာခဲ့ရ၏။ ညနေ ၅ နာရီ တိတိတွင် မြဝတီသို့ရောက်၏။ အမှန်တော့ ရန်ကုန်မှ မြဝတီခရီးသည် မိုင် ၂၈၀ မျှသာ ရှိသဖြင့် ရန်ကုန်မှ တောင်တွင်းကြီးမြို့ သို့မဟုတ် ရမည်းသင်းမြို့ ခရီးမျှသာဝေးကွာပါ၏။ ရန်ကုန်မှ မကွေးသို့မဟုတ် မိတ္ထီလာမြို့သည် မိုင် ၃၃၀ ကွာဝေးသဖြင့် ရန်ကုန်မှ မြဝတီခရီးထက် မိုင် ၅၀ မျှ ပိုဝေးပါ၏။ ရန်ကုန်မှ နိုင်ငံခြား တိုင်းပြည်တစ်ခု၏ နယ်စပ်နှင့် အနီးဆုံး ခရီးလမ်းသည် ရန်ကုန်မှ မြဝတီလမ်း ဖြစ်ပါ၏။ မော်တော်ကားလမ်း ကောင်းလျှင် ၁၀ နာရီ ခရီးသာ ဖြစ်ပါ၏။ ရန်ကုန်မှ ဘားအံလမ်းမှာလည်း လမ်းတွေက ကျဉ်းပြီး ကားကြီးတွေက ကြီးသဖြင့် အချိန်တွေ ကြာနေရ၏။ မြဝတီမြို့တွင် အခက်အခဲ တစ်ခုမှာ တည်းခိုခန်း နေရာရရေးပင် ဖြစ်ပါ၏။ မြဝတီမြို့တွင် မော်တော်ကားတွေ အဝင် အစီး ၈၀ မှ ၁၀၀ ရှိနေသော်လည်း တည်းခိုခန်းမှာ 'ဖြိုး' တည်းခိုခန်းနှင့် 'မြနှင်းအိမ်' တည်းခိုခန်း နှစ်ခုသာ ရှိသေး၏။ နောက်ထပ် တည်းခိုခန်း ၁၀ ခုမက လိုအပ်နေသေး၏။ နိုင်ငံခြားသားများ တည်းခိုခွင့်ရှိသော တည်းခိုခန်းများ ရှိသင့်နေပြီ ဖြစ်ပါ၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်၏ မိတ်ဆွေ ကိုညွန့်ဝင်းက လာရောက် တွေ့ဆုံ၏။ သူသည် ကမ္ဘာလှည့် ခရီးသည် လုပ်ငန်းကို လုပ်ကိုင်လို၏။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အောင်မြင်အောင် မည်သည့် အချက်အလက်တွေ လိုအပ်ပါသလဲဟု မေးနေ၏။

"ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဆိုတာကတော့ဗျာ ကမ္ဘာပေါ်မှာ တတိယအကြီးဆုံး စီးပွားရေး လုပ်ငန်းကြီးပါပဲ။ ရေနံလုပ်ငန်းနဲ့ မော်တော်ကား လုပ်ငန်း ပြီးရင် ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းပါပဲ။ နိုင်ငံတစ်နိုင်ငံမှာလည်း နိုင်ငံခြားငွေကို အများဆုံး၊ အမြန်ဆုံးနဲ့ အသေချာဆုံး ရနိုင်တဲ့ စီးပွားရေး လုပ်ငန်းဟာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံကလည်း လက်ခံ အတည်ပြု ထားပါတယ်။ ဒါကြောင့်လည်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရဲ့ ကြွေးကြော်သံ မှဝါဒကတော့ များများလာ၊ ကြာကြာနေ၊

များများသုံး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ ပြောရရင် တော့ဗျာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း တိုးတက်ဖို့ရာအတွက်–

FIRST ဆိုပြီး ရှိပါတယ်။

F = Freedom- လွတ်လပ်မှု

I = Infra - Strueture – အခြေခံ ပစ္စည်းများ လမ်း၊ လျှပ်စစ်နှင့်ရေ

R = Resources – သဘာဝအရင်းအမြစ်

S = Security – လုံခြုံမှု

T = Treatment – ဧည့်ခံဖျော်ဖြေမှု

ဆိုတဲ့ အချက်ငါးချက် လိုအပ်ပါတယ်။ အဲသည် အချက်ငါးမျိုးဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့ ခရီးသွား လုပ်ငန်းရှင်များအပြင် အစိုးရ အဖွဲ့အစည်းအားလုံး ပူးပေါင်း ဆောင်ရွက်ကြမှသာလျှင် အောင်မြင်မှာ ပါပဲဗျာ"

"ဒကာကြီးပြောသွားတဲ့ သဘာဝ အရင်းအမြစ်ဆိုလို့ ကျုပ်တို့ မြဝတီမှာ ကျုံးနဲ့ မြို့ရိုးတွေကို ကျူးကျော်ပြီး အိမ်ဝိုင်းတွေ ချဲ့နေကြ တယ် ဒကာကြီးရဲ့" ဟု အနားမှာ ထိုင်နေသော ဆရာတော် ဘိုး ပေါက်ဆိန်က ဝင်ပြီး ဆွေးနွေးလာပြန်၏။

အမှန်တော့ မြဝတီမြို့၏ မြို့ရိုးနှင့် ကျုံးသည် ရှေးဟောင်း အမွေအနှစ်များ ဖြစ်ပါ၏။ မည်သည့် ရှေးဟောင်း နယ်မြေကိုမဆို သက်ဆိုင်ရာ ရှေးဟောင်း ယဉ်ကျေးမှု ဦးစီးဌာန၏ ခွင့်ပြုမိန့် မရဘဲ မြေကို တူးဆွခြင်း လုံးဝ မပြုကြရပါ။ မြဝတီမြို့ရိုးနှင့် ကျုံးကြီးသည် မြဝတီမြို့ကြီးကို တည်ဆောက်ခဲ့စဉ်က ပြုလုပ်ခဲ့သလော သို့မဟုတ် ထိုခေတ်ထက် ရှေးကျလေသလော မသိရသေးပေ။ ၁၉၅၆ ခုနှစ်၊ စက် တင်ဘာလထုတ် "လူထုဂျာနယ်" အမှတ် ၇၇ တွင် စာရေးဆရာ မောင်မဲက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

၁၁၄၇ ခုနှစ် ဘိုးတော်ဘုရား၏ လက်ထက်တွင် ယိုးဒယား (ထိုင်း) သို့ ချီရာတွင် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ချီတက်ခဲ့၏။ မုတ္တမ၊ ကျုံဒိုး၊ ကော့ကရိတ်တို့မှ ဒေါနတောင်တန်းကြီးကို ဖြတ်ကျော်ရသော လမ်းကို မြင်းဝန်မင်းကြီး မဟာ မင်းလှမင်းခေါင်သည် မြင်း ၁၁၀၀၊

ရဲ့ ၁၁၀၀၀ (တစ်သောင်း တစ်ထောင်) ရှိ တပ်ဖြင့် ချီသည်။ ပ်ကြီးသည် သောင်းရင်းချောင်း ဘေးသို့ ရောက်သောအခါ ကျယ် သော မြေနှင့် ရိက္ခာအတွက် လယ်ယာလုပ်ကိုင်ကြရင်းမှ ခံတပ် အနေဖြင့် မြဝတီကို တည်ခဲ့ပုံရပါသည်။ မြဝတီကား ယခု တိုင် လူနှစ်သောင်းမျှ စခန်းကောင်းမွန်စွာ ချထားနိုင်သော မြေပြန့် လေးဘက် လေးတန်မှ ပျက်စီး ပြိုကျနေသည့် မြို့ရိုးများ၊ ျုးများကို တွေ့နိုင်ပါသေးသည်။ မြဝတီ ရွာလယ်တွင်လည်း မြင်းဝန်စေတီ ဟူ၍ စေတီတစ်ဆူကိုပါ မြင်းဝန်မင်းကြီး မဟာ င်းလှမင်းခေါင်သည် တည်ခဲ့ဟန် တူပေသည်" ဟု ရေးသား ပြခဲ့ပါ၏။ ထိုစာပိုဒ်ကို ဖတ်ရခြင်းအားဖြင့် ၁၉၅၆ ခုနှစ်တွင် ရိုးနှင့် ကျုံးကြီးမှာ ပျက်စီးနေပြီ ဖြစ်သော်လည်း အထင်အရှား ရသည်မှာ သိသာလှပါ၏။ မြို့ရိုးနှင့် ကျုံးသည် မြဝတီမြို့၏ မြဝတီမြို့၏ အသက်သွေးကြော တမျှ အရေးပါ အရာရောက် ပါ၏။ မြို့ရိုးနှင့် ကျုံးတို့ ပြန်လည် ဖော်ထုတ် ပေးလိုက်ပါက ဝတီမြို့သည် ကမ္ဘာလှည့် ခရီးသည် တို့အတွက်၊ လေ့လာစရာ ကောင်းတစ်ခု ဖြစ်မည်မှာ ဧကန် ဖြစ်ပါ၏။

"အခြောက်၊ ရေ၊ နွံ
ကျုံးသုံးတန်
မြို့ထံပတ်လည်မှာ"

ဆိုသော စိန္တကျော်သူဦးညို၏ စာသားလေးကို သတိရလာမိ တော့။ ကျုံးဆိုသည်မှာ အခြောက်ကျုံး၊ ရေကျုံးနှင့် နွံကျုံး ဆိုပြီး ကြောင်း ဖော်ပြထား၏။ နွံကျုံးမှာ ရန်သူများ၏ ဆင်၊ မြင်း စသည် နစ်မြုပ်စေရန် ဖြစ်ပါ၏။ မြင်းဝန်မင်းကြီး မဟာ မင်းလှမင်းခေါင် နေပြည်တော် အမရပူရသို့ အပြန်တွင် ဒေါနတောင်တန်းကြီး၏ များသို့ ရောက်သောအခါ ကော့ကရိတ် လွင်ပြင်ကြီးကို မြင်လိုက် "ငါတို့မှာ လွတ်ကင်းခဲ့ရလေပြီ။ နေပြည်တော် အမရပူမြို့တော် ရောက်ရပေတော့မည်" ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သဖြင့်

ဒေါနတောင်ကြီး၏ ထိပ်ဖျားတွင် သက်လွတ်စေတီ နှစ်ဆူကို တည်ထ
ခဲ့ပေ၏။ ထို့နောက် ကျွန်တော်တို့အဖွဲ့သည် မြဝတီမြို့မှ ထိုင်းနိုင်
မယ်တော်မြို့ ဘက်သို့ ကူးကြရန် လာခဲ့ပါတော့၏။ မြဝတီမြို့တွ
ထူးခြားသည်မှာ အိမ်သုံး လျှပ်စစ်မီတာများကို အိမ်ခြံအတွင်းမှာ မထ
ဘဲ လမ်းဘေး လျှပ်စစ်မီးတိုင်များတွင် ချိတ်ဆွဲထားကြ၏။ လျှပ်စစ်
သည် ၂၄ နာရီ ပျက်သည်ဟု မရှိပါ။ လျှပ်စစ်မီတာခကတော့ မနည်
လှပါ။ တစ်ယူနစ်လျှင် သုံးဘတ်ခွဲမျှ ပေးရ၏။ လျှပ်စစ်မီးမှာ ထို
ဘက်မှ ပေးခြင်းဖြစ်ပါ၏။

ကိုညွန့်ဝင်း၏ နေအိမ်တွင် ခေတ္တနားနေကြပြီး မယ်တော်မြို့သ
ကူးကြပါတော့၏။ နယ်မြေ ဖြတ် သန်းခ အဖြစ် လူတစ်ဦးလျှင် ၁၅
ကျပ် ပေးရ၏။ ငါးမိနစ်မျှသာ ကြာပါ၏။ မြန်မာငွေကို ဘတ်ငွေ
လဲကြရ၏။ နယ်စပ်ကုန်သွယ်ရေးကို မကြာမီက ဖွင့်ခဲ့ပြီး ဖြစ်သေ
လည်း ထိုင်းတို့ဘက်မှ အသာစီး ယူထားသဖြင့် အလုပ် မဖြစ်ကြ
မြန်မာဘက်မှ ခွင့်ပြုသော ပစ္စည်း ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်နီ၊ ကြ
သွန်ဖြူများကို ထိုင်းနိုင်ငံ လယ်သမားများက ကန့်ကွက်သဖြင့် အက
အသတ်နှင့်သာ တင်သွင်းခွင့် ပြုနေ၏။ အရက်၊ စီးကရက်များ
လုံးဝ တင်သွင်းခွင့် မပြု။ စီးကရက် တစ်ကာတွန်း ဖမ်းမိလျှင် ထော
သုံးနှစ်ဟု ကြားခဲ့ရ၏။ မြန်မာ လူမျိုးသည် စီးကရက်တစ်လိပ် သော
နေတာကို ထိုင်း နိုင်ငံ ဘက်မှာ တွေ့လျှင် ထောင် ခေါက်လ
ဘတ်ငွေ ခေါက်ရာ ဒဏ်ရိုက်သည်ဟု ပြောပြကြ၏။ ဆေးပေါ့လ



မဲဆောက်ဈေးအတွင်းမှ
ဟင်းသီးဟင်းရွက်ဆိုင်

တံဆိပ်ပြောင်းပြီး ယူသွားကြရသည်ဟု သိရ၏။ ထိုင်းနိုင်ငံ ပ်ကပ်ပြီးမှ ထိုင်းနိုင်ငံဘက်မှာ သနပ်ဖက် ဆေးလိပ်ကို က်ကြရသည် ဆို၏။ အသား၊ငါးများ အားလုံး၊ အသီးအရွက်များ းလုံးကို ထိုင်းနိုင်ငံ၊ မယ်တော်မြို့မှ မြန်မာပိုင် မြဝတီမြို့သို့ နေ့စဉ် ဘာနေ၏။ သို့သော် ဈေးနှုန်းကတော့ မများလှပါ။ ကြက်ဥတစ်လုံး ကျပ်၊ ကြက်သား တစ်ပိသာ ၈၀၀ ကျပ်၊ ကီလိုဖြင့်သာ ရောင်းပါ၏။ သား တစ်ကီလိုလျှင် ဘတ် ၄၀၀၊ ဆန် တစ်ကီလိုလျှင် ၂၃ ဘတ်၊ မွှော်သီးတစ်လုံး တစ်ဘတ် စသည်ဖြင့် အသီးသီး ဈေးရှိ၏။ ကုန်မြို့၊ ကုန်ဈေးနှုန်း နှင့် မကွာခြားလှပါ။ မြန်မာနိုင်ငံ ဘက်မှ က်သော ကုန်ပစ္စည်းများမှာ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ သုံးမျိုးမျှသာ ဖြစ်ပါ၏။ သစ်သားနှင့် သားရေများ။ ၊ ဆန်တို့ကို ထိုင်းနိုင်ငံဘက်မှ အလိုရှိသော်လည်း မြန်မာဘက်မှ က်မခံဟု ဆို၏။ အမှန်တော့ သစ်သားများကို အလုံးလိုက်သော် ည်းကောင်း၊ ခွဲသားသော် လည်းကောင်း အထွက်မခံချင်နေပါ။ ထုလုပ်ပြီး (Value Added) ထုတ်ကုန်ပစ္စည်း ရောင်းနိုင်ရန် မြဝတီမြို့တွင် ပရိဘောဂ လုပ်ငန်းရှင်များ လုပ်နိုင်အောင် ကုန်ကြမ်း သားကို ရောင်းချပေးသင့်ပါ၏။ ဆန်၊ အသား၊ ငါး၊ ပဲမျိုးစုံ လည်း မြဝတီမြို့သို့ လွတ်လပ်စွာ သွားလာရန် ခွင့်ပြုသင့်ပါ၏။ မြဝတီ မြို့သူ မြို့သားများနှင့် ဧည့် သည် များသည်။ ထိုင်းနိုင်ငံဘက်မှ ကုန်များကို ဝယ်ယူ စားသောက် နေကြရသဖြင့် နိုင်ငံတော်အတွက် မှာ နစ်နာနေပါသည်။ နိုင်ငံခြားငွေ ထွက်ပေါက်ကြီး တစ်ခု နေပါ၏။ တမူးမြို့၊ မူဆယ်မြို့များမှ တစ်ဆင့် ဆန်နှင့် စားကုန် တစ်ဖက် နိုင်ငံများသို့ ထွက်ပါမည်။ မယ်တော်နှင့် မဲဆောက်မြို့ တွင် ထိုပစ္စည်းများ၏ ဈေးနှုန်းသည် မြဝတီမှာထက် ချိနေသဖြင့် မထွက်နိုင်ပါ။ ထို့ကြောင့် တစ်ဖက်နိုင်ငံဘက်သို့ ဘ်မှာ စိုးရိမ်ပြီး မြဝတီသို့ စားကုန်များနှင့် ဆန်များ တင်ပို့ခွင့် ခြင်းသည် နိုင်ငံခြားငွေ ထွက်ပေါက် ယိုစိမ့်မှုကြီး ဖြစ်နေပါ၏။ တောင်သူလယ်သမားများသည် အခြား နိုင်ငံများကို

အတုခိုးသင့်ပါ၏။ သစ်ခွပန်းများကို အများ အစား တွေ့မြင်ရသဖြ
ဘယ်မှာ စိုက်ပျိုးပါသလဲဟု မေးမြန်း ကြည့်မိရာ ဗန်ကောက် မြို့တော်
ဝင်လာကြောင်း သိရ၏။ သစ်ခွပန်းခိုင် ၂၅ မှ ၃၀ အခိုင်ပါ အ
တစ်စီးကို နှစ်ဆယ်ကျပ် ပေးရသဖြင့် ရန်ကုန်၊ ဗိုလ်ချုပ်ဈေးအ
သယ်ယူ ရောင်းချနေကြ၏။ အဖြူရောင်အပြင် အခြားအရော
ရှိပါသေးသလားဟု မေးကြည့်မိရာ ကြိုက်တဲ့အရောင်၊ လိုချင်
အရောင်ကို အရောင်ဆေးရည် ပက်ဖျန်း ပေးလိုက်တာပါပဲ
သစ်ခွသည် အမျိုးသမီးက ရှင်းပြပါ၏။ သစ်ခွပန်းများသည်
ရက်အထိ အထားခံသည်ဟု သိရ၏။ ပြီးခဲ့တဲ့ အခေါက်ကတော့
တော်ကား ပျက်သဖြင့် သစ်ခွပန်း ကျပ်ငါးသောင်းဖိုး ဝယ်သွားတ
ကျပ်နှစ်သောင်း မျှသာ ငွေပြန်ရသည်ဆို၏။ စရိတ်နှင့် ဆိုလျှင် ငွေက
ခြောက်သောင်းကျော် ရှုံးသည်ဟု ပြောပြနေ၏။ စက်ဘီးတာယာမျ
ပလတ်စတစ်များ၊ အပ်ချုပ်စက်ခေါင်းများ။ ခေါင်းလျှော်ရည်မျ
ပလတ်စတစ် ပစ္စည်းများမှာ သွင်းကုန်များ ဖြစ်ပါ၏။

သို့သော် ကျွန်တော်၏မိတ်ဆွေ ကိုညွန့်ဝင်းကတော့ နယ်
ကုန်သည်ကြီးများ အသင်းဝင်ပါဟု မဲဆွယ်သဖြင့် ငွေကျပ် ၁
ပေးပြီး အသင်းဝင်ခဲ့ပါ၏။ နယ်စပ် ကုန်သွယ်ရေးတွင် ထုတ်က
များများ ထုတ်နိုင်မှသာ မြန်မာငွေ တန်ဖိုး မြင့်တက်လာမှာဖြ
ကုန်ပစ္စည်းများကို များများ တင်ပို့နိုင်ရန် ခွင့်ပြုသင့်ပါသည်။

မြဝတီမြို့တွင် မော်တော်ကား စီးရေမှာ ယမန်နှစ်ကထ
နည်းသွား၏။ အထူးသဖြင့် ဟိုက်လက်ကားများ နည်းသွား၏။ ခ
သည် ဦးရေလည်း သိသိသာသာ နည်းသွား၏။ သို့သော် ယခု တွေ့
သော ခရီးသည်များမှာ ယမန်နှစ်က တွေ့ခဲ့ရသော ခရီးသည်များထ
အဆင့်မြင့်သည်မှာ သိသာလှ၏။ ယခု သွားလာနေကြသော ခရီးသ
များသည် ကုန်သည် အလတ်စားများ ဖြစ်ကြ၏။ ကုမ္ပဏီ ပိုင်ရှင်မ
လည်း လာနေကြပြီ ဖြစ်ပါ၏။ ယခင်နှစ်က သွားလာနေကြသေ
သူများမှာ အလုပ် သွားလုပ်သူများနှင့် ဈေးသည်ကလေးများသာ ဖြစ်
၏။ တစ်ပိုင်တစ်နိုင် ကုန်သည်လေးများ နေရာတွင် ကုန်သည် အလ

ား‌များ ဝင်လာနေ၏။ အကြီးစား ကုန်သည်ကြီးများ ဝင်လာမှသာလျှင် ဘစ်ဖက်နိုင်ငံမှ ကုန်သည်များကို ယှဉ်ပြိုင်နိုင်မှာ ဖြစ်ပါ၏။ မြဝတီမြို့တွင်းမှာ ကြည့်ချင်တဲ့ နေရာကို ကြည့်ပါ။ အဆောက်အဦး အသစ်များ ဆောက်နေကြ၏။ ယမန်နှစ်က မြဝတီနှင့် ယနေ့ မြဝတီသည် မတူတော့ပေ။ မနက်ဖန် မြဝတီသည် မြို့သစ်ကြီး မြဝတီ ဖြစ်လာတော့မှာ ဖြစ်ပါ၏။ မြေဈေးတွေလည်း တစ်ဟုန်ထိုး တက်သွား၏။ ဘံတားထိပ် လမ်းမကြီးပေါ်တွင် ပေ ၄၀ × ၆၀ မြေကွက်တစ်ကွက်ကို သိန်းရာချီပြီး ဈေးခေါ်သော်လည်း ဝယ်သူမရှိ။ ကျွန်တော်၏ မိတ်ဆွေ ကိုညွန့်ဝင်း၏ ပေ ၂၀ × ၅၀ နှစ်ထပ်တိုက် တစ်လုံးကို အခန်းငှားခ တစ်လလျှင် ကျပ်တစ်သိန်းလိုချင်တယ်ဟု ပြောပြ၏။ အထူးသဖြင့် မြဝတီကမ်းနား တစ်လျှောက်တွင် ပြီးခဲ့တဲ့ နှစ်က တွေ့ရသော ဘဲအိမ်။ ဈေးဆိုင်လေးများကို ဖျက်ပြီး တိုက်ကြီးများ ဆောက်လုပ်နေ၏။ ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ ဟိုတယ်ကြီးများ။ လူနေခန်းများ။ ဆောက်ရန် ကုမ္ပဏီကြီး တစ်ခုမှ မြေညှိနေ၏။ မကြာမီ နှစ်နှစ်၊ သုံးနှစ် အတွင်းမှာ မြဝတီသည် မယ်တော်မြို့ကို ကျော်လွန်သွားမည်မှာ သေချာနေ၏။ သောင်းရင်းမြစ်သည် မြဝတီကို ဂငယ်ကွေ့ ရစ်ပတ်နေ၏။ သောင်းရင်းမြစ်မှာ ရန်ကုန်၊ ပုဇွန်တောင်ချောင်းမျှသာ ကျယ်ဝန်းပါ၏။ တချို့နေရာများတွင် ထိုင်းနိုင်ငံမှ မြဝတီမှာ ကိုက် ၅၀ မျှသာ ခြားပါ၏။ သောင်းရင်းမြစ်သည် တောင်မှ မြောက်သို့ ီးဆင်းနေသော ထူးဆန်းသည့် မြစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနောက်ပျားမှ ဂန့်ဂေါမြို့၊ မြစ်သာမြစ်မှာလည်း တောင်မှ မြောက်သို့ စီးဆင်းသော မြစ်ဖြစ်ပါ၏။ မြစ်သာမြစ်နှင့် သောင်းရင်းမြစ်တို့သည် တောင်မှ မြောက်သို့ စီးဆင်းကြသဖြင့် ရောဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် မြစ်ကြီးများနှင့် ပြောင်းပြန် စီးဆင်းနေကြပေ၏။ သောင်းရင်းမြစ်အတိုင်း အောက်ဘက်သို့ ဆင်းသွားလျှင် ဘယ်အရပ်သို့ ရောက်ပါသလဲဟု မေးကြည့်မိရာ ဝမ်ခ၊ မဲသဝေါ၊ မာနယ်ပလော စသည့် ကျေးရွာကြီးများ ဘစ်ဆင့် သံလွင်မြစ် အတွင်းသို့ စီးဝင်သွားတာပေါ့ဟု ရှင်းပြကြ၏။ မြဝတီမြို့ကို ထိုင်းလူမျိုး တို့က 'မလပ်မတီး' ဟု ခေါ်ဝေါ်ကြ၏။

ကရင်လူမျိုးတို့ကမူ 'ဝေရာမတီး' ဟု ခေါ်ကြ၏။ အမှန်တော့ 'ရာမတီး' ပါပဲ။ 'ဝေ' ဆိုတာက မြို့ကို ခေါ်တာပါ။ သက်န်းညီနောင်ကိုတော့ ကရင်လူမျိုးတွေက သေဃာတော်လို့ ခေါ်ကြပါတယ်။ အဓိပ္ပာယ်ကတော့ 'သစ်ခြောက်ပင်ကြီး လဲနေတဲ့ ကျေးရွာ ဆိုတာပါပဲ' ဟု ကျေးရွာလူကြီး တစ်ဦးက ရှင်းပြ၏။ မည်သို့ပင်ဖြစ်စေ ထူးခြားလှသည့် မြဝတီခေါ်တဲ့ 'ရာမတီး' မြို့ကဖြင့် ရှေးဉ္စသည်များကို ကြိုဆိုလျက် ရှိပါကြောင်းပါ ခင်ဗျား။

■



မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကို ပိုင်းခြားထားသော တံတားလေး

## ပို့ကုန်နှစ်ဆ တိုးမြှင့်ကြ

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံ အသီးသီးတို့သည် စီးပွားရေး ပြဿနာများဖြင့် ကြုံတွေ့နေကြရလေသည်။ အထူးသဖြင့် အရှေ့တောင် အာရှနိုင်ငံများ၊ ဥပမာ– အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် ငွေကြေးစနစ်များ ဖရိုဖရဲ ဖြစ်ခြင်းကြောင့် နိုင်ငံရေးအခြေအနေကိုပင် ခြိမ်းခြောက်လျက်ရှိပေ၏။ ထို့ကြောင့် နိုင်ငံ ခေါင်းဆောင် များတို့သည် မိတ်ဆွေနိုင်ငံများ အချင်းချင်း ညှိနှိုင်း တိုင်ပင်ပြီး နေ့မအား ညမနား စီးပွားရေး ပြဿနာများကို အဖြေရှာလျက် ရှိကြ၏။ စီးပွားရေး ပြဿနာများကို အဖြေရှာရာတွင် အစိုးရ၏ အသုံးစရိတ်များကို လျှော့ချခြင်း၊ ပြည်သူများသည် နိုင်ငံခြား ပစ္စည်းများကို သုံးစွဲခြင်းမှ လျှော့ချခြင်း၊ ပို့ကုန်များကို တိုးမြှင့်ရန် နည်းလမ်းများ ရှာကြံခြင်း၊ နိုင်ငံခြားမှ အကူအညီ အထောက်အပံ့များ ရရှိအောင် ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းနှင့် ပြည်တွင်း ကုန်ထုတ်လုပ်မှု တိုးမြင့်လာရေး အတွက် ကြိုးစားဆောင်ရွက်ခြင်း စသော နည်းလမ်းများကို အသုံးပြု ဆောင်ရွက်လျက်ရှိပေ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ အနေဖြင့် ၁၉၉၂–၉၃၊ ၁၉၉၃–၉၄၊ ၁၉၉၄–၉၅၊ ၁၉၉၅–၉၆၊ ၁၉၉၆–၉၇ ငါးနှစ်ဘာ ဘဏ္ဍာရေးနှစ် ကာလများအတွင်း နိုင်ငံတော်၏ ပို့ကုန်နှင့်

သွင်းကုန် စာရင်း ဇယားများကို ပြန်လည် သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ် ဆောက်ရွက်လျက်ရှိကြောင်း တွေ့ရှိနေရပေ၏။ ထိုင်းနှစ်တာ ကာလအတွင်း နိုင်ငံခြားမှ သွင်းကုန်တန်ဖိုးမှာ ကျပ်သန်းပေါင်း ၄၃၃၅ဖြ ရှိခဲ့ပေ၏။ ထိုကာလအတွင်း ထုတ်ကုန်မှ ရရှိသောဝင်ငွေမှာ ကျပ်သန်းပေါင်း ၂၃၄၇၁ ရှိခဲ့သဖြင့် နိုင်ငံခြား ကုန်သွယ်ရေးစာရင်းတွင် ကျပ်သန်းပေါင်း ၁၉၈၈၅ အရှုံးပြခဲ့ပေ၏။ နိုင်ငံ တစ်နိုင်ကိုတည်ဆောက်ဆဲ ကာလတွင် ထုတ်ကုန်နှင့် သွင်းကုန်တန်ဖိုး မညီမျှမှုမှာ ဖြစ်ရိုးဖြစ်စဉ် တစ်ရပ်သာ ဖြစ်ပေ၏။ သို့သော် ကုန်သွယ်ရေးအရှုံးမှာ ရေရှည် ဆက်လက် ဖြစ်ပေါ်နေမည်ဆိုလျှင် စီးပွားရေး အခက်အခဲများနှင့် တွေ့ကြုံရမည်မှာ သေချာပါ၏။ အမေရိကန် နိုင်ငံများကဲ့သို့ ချမ်းသာကြွယ်ဝသော နိုင်ငံကြီးမှာပင် ဂျပန်နှင့် ကုန်သွယ်ရာတွင် ဂျပန်နိုင်ငံဘက်မှ အသာစီးရနေမှုကို အတော် ဖြေရှင်းယူခဲ့ရ၏။ တရုတ်ပြည်နှင့် ကုန်သွယ်ရာမှာလည်း တရုတ်ပြည်မှ တင်သွင်း ကုန်များသည် အမေရိကန်မှ တင်ပို့ ကုန်များ တန်ဖိုးထက် နှစ်စဉ် အမေရိကန် ဒေါ်လာ သန်းပေါင်း ၃ သောင်း ကျော်ဖိုး၊ တရုတ်ပြည်ဘက်မှ အမြတ်ရနေသဖြင့် ပြဿနာများ တက်နေခဲ့ကြရ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ရာတွင် အိန္ဒိယ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် ကုန်သွယ်ရာ၌သာလျှင် ကုန်သွယ်ရေး အမြတ်ငွေ ရရှိခဲ့၏။ အခြား နိုင်ငံများနှင့် ကုန်သွယ်ရာတွင် အရှုံးနှင့်သာ ကုန်သွယ် နေခဲ့ရ၏။ အထူးသဖြင့် ဂျပန်၊ တရုတ်နှင့် မလေးရှား နိုင်ငံများနှင့် ကုန်သွယ်ရာတွင် အရှုံးများစွာ ရှိနေ၏။ ထို့ကြောင့် ၁၀-၃-၉၈ နေ့တွင် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မဟာသီဘင်မိုဟာမက်၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီး လာရောက်စဉ်၌ သွင်းကုန်နှင့် ပို့ကုန်များ နှစ်ဦးနှစ်ဖက် ကုန်သွယ်မှု ညီမျှစေရန် ကုန်သွယ်မှု မျှတရေးအတွက် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကို ပိုမို ဝယ်ယူသွားမည် ဖြစ်ကြောင်း သတင်းကောင်း ကြားခဲ့ရပေ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ ထုတ်ကုန် လုပ်ငန်းရှင်များ အနေဖြင့် လာသာတုန်း ဗိုင်းငင် ဆိုသလို ပို့ကုန် နှစ်ဆ တိုးမြှင့်ကြဟု တိုက်တွန်း ရေးသားလိုက်ရပေသတည်း။

၁၉၉၂-၉၃ မှ ၁၉၉၆-၉၇ ရနှစ် ငါးနှစ်တာ ကာလအတွင်း မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နိုင်ငံများအကြား ကုန်သွယ်ရေး အရှုံးအမြတ် စာရင်း

| စဉ် | နိုင်ငံအမည် | ကျပ်သန်းပေါင်း | | ကုန်သွယ်ရေး အရှုံးအမြတ် | |
|---|---|---|---|---|---|
| | | ထုတ်ကုန်မှ ရငွေ | သွင်းကုန်သို့ ပေးရငွေ | မြတ်ငွေ ကျပ်သန်း | ရှုံးငွေ ကျပ်သန်း |
| ၁။ | စင်ကာပူ | ၄၃၀၇ | ၆၅၅၄ | - | ၂၂၄၇ |
| ၂။ | ထိုင်း | ၃၀၁၁ | ၄၇၈၉ | - | ၁၇၇၈ |
| ၃။ | မလေးရှား | ၇၁၄ | ၃၁၄၂ | - | ၂၄၂၈ |
| ၄။ | ဖိလစ်ပိုင် | ၂၀၂ | - | ၂၀၂ | - |
| ၅။ | အင်ဒိုနီးရှား | ၁၃၆၉ | ၁၆၄၄ | - | ၃၅ |
| ၆။ | တရုတ် | ၁၃၀၃ | ၅၇၂၇ | - | ၄၄၂၄ |
| ၇။ | ဂျပန် | ၁၂၃၈ | ၁၀၅၇၈ | - | ၉၃၄၀ |
| ၈။ | ဟောင်ကောင် | ၁၇၄၆ | ၇၄၆ | ၁၀၀၀ | - |
| ၉။ | အိန္ဒိယ | ၃၉၇၃ | ၁၆၄၄ | ၂၃၂၉ | - |
| ၁၀။ | အမေရိကန် | ၉၇၄ | ၁၅၂၉ | - | ၅၅၅ |
| ၁၁။ | ဂျာမဏီ | ၂၀၄ | ၉၁၄ | - | ၇၁၀ |
| ၁၂။ | ဗြိတိန် | ၁၅၈ | ၂၂၉ | - | ၇၁ |
| ၁၃။ | ကိုရီးယား | ၂၂၇ | ၁၆၅၁ | - | ၁၄၂၄ |

ကျမ်းကိုး - ***Selested Montholy Economic Indicators*** စက်တင်ဘာ၊ ၁၉၉၇ စာအုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာနမှ နှစ်လတစ်ကြိမ် ထုတ်ဝေသော စာအုပ်။

■

# စက်မှုစွမ်းအား ခေတ်ကျော်လွှား

ယနေ့ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲ နိုင်ငံများကို လေ့လာလျှင် စက်မှု လက်မှု ကဏ္ဍသည် အထူး အရေးပါ အရာရောက်လှပေ၏။ နိုင်ငံတစ်နိုင်ငံကို မြန်မြန် ဖွံ့ဖြိုးတိုးတက်စေလိုပါက စက်မှု လက်မှု ကဏ္ဍမှ ဝင်ငွေသည် တစ်နိုင်ငံလုံး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် နှစ်စဉ် မှန်မှန် တိုးတက်လာရမည်ဟု စီးပွားရေး ပညာရှင်များက ရေးသား ဖော်ပြခဲ့ကြ၏။ ဥပမာ– ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၉၇–၉၈ ခုနှစ်အတွက် ဘဏ္ဍာရေး၊ စီးပွားရေး။ လူမှုရေး အခြေအနေများ တင်ပြချက် (၁၉၉၈ ခုနှစ် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန) ၏ စာအုပ်တွင် စက်မှု လက်မှု ကဏ္ဍမှ ဝင်ငွေသည် တစ်နိုင်ငံလုံး ဝင်ငွေ၏ ၁၉၉၃–၉၄ ခုနှစ်တွင် ၉.၁၄ % ဖြစ်ပြီး၊ ၁၉၉၇–၉၈ ခုနှစ်တွင် ၉.၂၅ % ဖြစ်ပေ၏။ လေးနှစ်တာ ကာလအတွင်း ၀.၁၁ % မျှသာ တိုးတက် ပြောင်းလဲလာခဲ့ပေ၏။ စက်မှု လက်မှု ကဏ္ဍမှ ဝင်ငွေသည် တစ်နိုင်ငံလုံး၏ ဂျီဒီပီ၏ ၉.၂၅ % ရှိသည် ဆိုသည်ကပင် များစွာ နည်းပါးနေသေး၏။ စက်မှုလက်မှု ကဏ္ဍကို ယခုအခြေအနေထက် များစွာ တိုးချဲ့ ကြရန် လိုအပ်နေကြောင်း ဖော်ပြနေ၏။ ဥပမာ– အိမ်နီးချင်း အရှေ့တောင် အာရှ နိုင်ငံများ၌ စက်မှု လက်မှုမှ ဝင်ငွေသည် ဂျီဒီပီ၏ ရာခိုင်နှုန်း

... ဖော်ပြလိုပါ၏။ ဘရူနိုင်းတွင် ၆၃.၁ %၊ မလေးရှားတွင် ... % ၊ အင်ဒိုနီးရှားတွင် ၄၀.၆ %၊ စင်ကာပူတွင် ၃၅.၉ %၊ ...ပိုင်နိုင်ငံတွင် ၃၃ %၊ ဗီယက်နမ် နိုင်ငံတွင် ၃၂ %၊ ထိုင်းနိုင်ငံ ...၅.၃ %၊ လာအိုနိုင်ငံတွင် ၁၇.၈ % ဖြစ်သော်လည်း မြန်မာ ...တွင် ၉.၂၅ % သည် ကွာခြားလှပါသေး၏။ ထို့ကြောင့် ကျွန်ုပ်တို့ ...် ဝယ်ယူ သုံးစွဲနေရသော ပစ္စည်းများအားလုံးသည် နိုင်ငံခြား ...စ္စည်းများသာ ဖြစ်နေပါ၏။ ပြည်တွင်းဖြစ် ပစ္စည်းဆို၍ တစ်ဈေး ... ဘစ်ရာမျိုးထက် မပို၊ နိုင်ငံခြားဖြစ် ကိုသာ အားကိုးနေကြရ၏။ ...ည်တွင်းဖြစ် ပစ္စည်းများကို ထုတ်လုပ်သော ပုဂ္ဂလိက စက်ရုံလေးများ ...သည်ကလည်း မိသားစု တစ်ပိုင်တစ်နိုင် အိမ်တွင်း စက်မှုလက်မှု ...င်န်းလေးများသာ ဖြစ်နေပါ၏။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိက စက်ရုံ၊ ...ုပ်ရုံပေါင်း ၅၁၁၀၁ ရုံ ရှိသည်ဟု ဖော်ပြထား၏။ စက်ရုံ၊ အလုပ် ...ပေါင်း ၄၈၈၉၈ ရုံ (၉၅.၇ %) သည် လုပ်သားဦးရေ ၁၀ ဦး၏ ...ာက်ရှိသော စက်ရုံ၊ အလုပ်ရုံများ ဖြစ်သည်ဆို၏။ စက်ရုံ၊ အလုပ်ရုံ ...၏ ပမာဏကို ပြောဆိုရာတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် လုပ်သား ... ၅၀ ၏ အောက်ကို အသေးစား စီးပွားရေးလုပ်ငန်းများ၊ လုပ်သား ... ၁၀ ဦး၏ အောက်ကို အလွန်သေးငယ်သော စီးပွားရေး လုပ်ငန်း ...များနှင့် လုပ်သားဦးရေ ၅ ဦး၏ အောက်ကို အိမ်ဆိုင်လေးများဟု ...မှတ် ခေါ်ဝေါ် သုံးစွဲတတ်ကြ၏။ ဥပမာ– မလေးရှားနိုင်ငံတွင် ...သားဦးရေ ၂၀၀ ၏ အောက်ကို အသေးစား စီးပွားရေးလုပ်ငန်းဟု ...၏၊ အသေးစား စီးပွားရေး လုပ်ငန်းဆိုသည်ကို ဂျပန်နိုင်ငံတွင် ...သားဦးရေ ၃၀၀ ၏ အောက်နှင့် အမေရိကန်နိုင်ငံတွင် ၅၀၀ ၏ ...က် လုပ်သားဦးရေကို ခေါ်ဆို၏။ သို့သော် အချို့ စီးပွားရေး ...ငန်းများကမူ လုပ်သားအင်အား တစ်မျိုးတည်းဖြင့် မသတ်မှတ်ဘဲ ...မြှုပ်နှံမှု ငွေရင်းပမာဏ၊ နှစ်စဉ် ကုန်ထုတ်လုပ်မှု တန်ဖိုးတို့ကို ...ဖော်ပြသင့်ကြောင်း ပြောဆိုထားကြ၏။ မည်သည့် ကိန်းဂဏန်း ...ဖော်ပြသည်ဖြစ်စေ၊ မြန်မာနိုင်ငံတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ...က်ရုံ၊ အလုပ်ရုံများသည် အလွန်သေးငယ်သော စက်ရုံ အသေးစား

များ အဆင့်သာ ရှိပါ၏။ ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံ များသ
တဖြည်းဖြည်း ကြီးကြီးလာရမည့်အစား ငယ်ငယ်ပြီး လာနေ
ဥပမာ– ပခုက္ကူမြို့တွင် လွတ်လပ်ရေးရပြီး စက သစ်စက်ကြီး
ဆီစက်ကြီးများ ရှိခဲ့၏။ သစ်စက်ကြီး တစ်စက်နေရာတွင် သစ်
အငယ်ကလေး ၄ စက် ဖြစ်ပေါ်လာ၏။ ဆီစက်ကြီး (သမာဆန္ဒဆီ
နှင့် ဓေယျသုခဆီစက်) များ ပျောက်သွားပြီး ဆီစက် အငယ်
၁၁၀ လောက် ပေါ်လာ၏။ ယခင် ဆိုရှယ်လစ် စီးပွားရေး စ
အခြေအနေများ ဖြစ်ပါ၏။ ယခုအခါတွင် နိုင်ငံတော် အစိုးရသ
စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စက်မှုဇု
တည်ဆောက်နေသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာပီတိ ဖြစ်ရ
အထက်ပါ စာအုပ်တွင်လည်း ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်း
ဖွံ့ဖြိုးရေးအတွက် ဥပဒေများနှင့်အညီ ကြီးကြပ် ဆောင်ရွက်လ
ရှိခြင်း၊ ဘဏ်ချေးငွေများ ထုတ်ချေးပေးခြင်းနှင့် ပြည်တွင်းပြ
ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း တည်ဆောက်ခြင်းများ ပြု
နေကြောင်း ဖော်ပြထားသဖြင့် အားရပီတိ ဖြစ်ရပါ၏။ စက်မှုဇု
တည်ဆောက်ရာတွင် အသေးစား အိမ်တွင်း စက်မှုလက်မှု လုပ်
ရှင် လေးများဖြင့် တည်ဆောက်နေခြင်းအားဖြင့် စက်မှုလက်မှု ဖွံ့
တိုးတက် မလာနိုင်ပေ။ စက်မှု လက်မှု ဇုန်များကို အလတ်စား၊ အ
စား စက်မှုလက်မှု လုပ်ငန်းရှင်ကြီးများဖြင့် တည်ဆောက် သင့်
၏။ လုပ်သားဦးရေ ၁၀ ဦးလောက်ရှိသော လုပ်ငန်းရှင် တစ်
လုပ်ငန်း လည်ပတ်ငွေရင်းသည် ကျပ်တစ်ဆယ်သိန်းထက် မ
ကုန်ပစ္စည်း ဝယ်ယူရန် ကျပ်တစ်ဆယ်သိန်းကို လုပ်ငန်းအသစ်၊
အသစ် ထူထောင်လိုက်ပါက၊ အရင်းပြုတ်ပြီး လုပ်ငန်း တိုးတက်
မည် မဟုတ်တော့ပေ။ ထို့ကြောင့် နိုင်ငံတော် အစိုးရ၏ စေတနာ
အကျိုးသက်ရောက်မှု နည်းပါးသွားစေမည် ဖြစ်ပါ၏။ ထို့ကြေ
အလတ်စား၊ အကြီးစား စက်မှုလက်မှု လုပ်ငန်း လုပ်ကိုင်လိုသူမျ
အလုပ်ဖြစ်အောင် မြေနေရာများ ရောင်းချပေးခြင်း၊ လျှပ်စစ်ဓာတ်
အတတ်နိုင်ဆုံး စီစဉ်ပေးခြင်း၊ ချေးငွေများ ချေးပေးခြင်း၊ ကုန်ပြ


...ည်း၊ ဥပမာ– သစ်လုံးများ ရောင်းချပေးခြင်းတို့ဖြင့် အားပေးသင့် ...ါ၏၊ သို့မှသာ ကုန်ထုတ်စွမ်းအား မြင့်မား တိုးတက်လာပြီး စက်မှု ...အား ခေတ်ကျော်လွှား ရည်မှန်းချက်ကို ပေါက်ရောက် အောင်မြင် ...ည်ဟု ယူဆကြောင်းပါခင်ဗျား။

**စက်ရုံ၊ အလုပ်ရုံ ဦးရေ**

| စဉ် | လုပ်သားဦးရေ | ၁၉၉၂–၉၃ | ၁၉၉၇–၉၈ | တစ်နှစ်ပျမ်းမျှ တိုးတက်လာမှု (စက်ရုံပေါင်း) |
|---|---|---|---|---|
| ၁။ | ၁၀ ဦးအောက် | ၃၄၆၄၉ | ၄၀၀၉၈ | ၂၈၅၀ |
| ၂။ | ၁၅ ဦးမှ ၅၀ ဦး | ၁၈၉၇ | ၁၉၇၈ | ၁၆ |
| ၃။ | ၅၀ ဦးမှ ၁၀၀ ဦး | ၆၇ | ၁၂၄ | ၁၂ |
| ၄။ | ၁၀၀ ဦးအထက် | ၁၉ | ၁၀၁ | ၁၆ |
| | စက်ရုံလုပ်ရုံပေါင်း | ၃၆၆၃၂ | ၅၃၃၃၈ | ၃၃၄၁ |

...မ်းကိုး– ၁၉၉၇–၉၈ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး
အခြေအနေများ တင်ပြချက်

■



# ဟဲလို ဟဲလို ဟဲလို

"ဟဲလို.. ဟဲလို ဒေါက်တာသက်လွင်နဲ့ စကား ပြော
ပါတယ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျား။ ကျွန်တော် ဒေါက်တာသက်
ဖြစ်ပါတယ်"

"အေး... အေး.. ကိုသက်လွင် ကျွန်တော် ကျွန်တော် တင်
ပါ၊ ဒေါက်တာတင်မြင့်ပါ"

"ဟာ... ဟုတ်ကဲ့ဆရာ၊ ပြောပါ။ ကျွန်တော် ဘာလုပ်
မလဲ"

"မလုပ်ရပါဘူးဗျာ။ ကျွန်တော်က ပင်စင်စားဆိုတော့ ဘယ်
မှလဲ မသွားပါဘူး။ အိမ်တွင်းမှာ နေပြီး သစ်ခွစိုက်တယ်။ စာ
တယ်၊ စာဖတ်တယ်ဆိုရာမှာ ဈေးကွက်ဂျာနယ်ကိုတော့ အမြဲ
တယ်၊ သဘောလဲ ကျတယ်ဗျာ၊ ယနေ့ ဈေးကွက် ဂျာနယ်မှာ ခင်
ရေးလိုက်တဲ့ ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ ဆိုတဲ့ ဆောင်းပါးနဲ့ ဟိုအ
ပတ်က သစ်တော သယံဇာတ ထိန်းသိမ်းကြ ဆိုတဲ့ ဆောင်းပါး
ပတ်သက်ပြီး အကြံပြုချင်လို့ ခင်ဗျားဆီကို ဖုန်းခေါ်တာပါ။ ဖုန်း
တွေက မကောင်းလို့ နှစ်ရက်ခေါ်ယူရတာဗျာ"

ဒေါက်တာတင်မြင့်ဆိုသူသည် အနာကြီးရောဂါ တိုက်ဖျက်ရေး ဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး အဆင့်ဖြင့် ပင်စင်ယူခဲ့ပြီး ကမ္ဘာ့ ကုလသမဂ္ဂ၏ တာဝန်ဖြင့် အင်ဒိုနီးရှား နိုင်ငံတွင် အတိုင်ပင်ခံ ဆရာဝန် ကြီး အဖြစ် ၆ နှစ်ကျော် တာဝန် ထမ်းဆောင်ခဲ့ကာ၊ အင်ဒိုနီးရှား နိုင်ငံတစ်အဝန်း နေရာအနှံ့ သွားရောက်ခဲ့သူ ဖြစ်၏။

"သံယံဇာတ ပစ္စည်းတွေကို ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ လူမျိုးတွေဟာ အတော် လေ့ကျင့် ပညာပေးဖို့ အချိန်တန်နေပြီဗျ။ ဥပမာ- အင်ဒိုနီးရှားနိုင်ငံမှာ ခရုခွံလေး တစ်ခွံကိုတောင် ကောက်ခွင့် မရှိဘူး။ ကျွန်တော်တို့ နိုင်ငံမှာတော့ ခင်ဗျားပြောသလို သမင်၊ ချေ၊ ဆတ်၊ ယုန်၊ ငုံး၊ ခါ။ တောကြောင်၊ တောဝက်သားတွေကို သတ်ဖြတ် ပြီး ဆိုင်ပေါ် တင်ပြီး ရောင်းနေကြတာပဲဗျာ။ မြို့လယ်ခေါင်က ဈေးကြီး ရဲ့ အပေါ်က ဆိုင်တွေပေါ်မှာတောင် ရောင်းနေကြတယ်ဗျာ။ အင်ဒို နီးရှား နိုင်ငံမှာ အိမ်မွေးတိရစ္ဆာန်တွေကိုလဲ မှတ်ပုံတင် ကြရတယ်ဗျ။ အိမ်မွေး တိရစ္ဆာန်တွေ နေမကောင်းရင် ဥပမာ- အိမ်မှာ မွေးထားတဲ့ ခွေးကလေးတစ်ကောင် နေမကောင်းရင်တောင်မှ တိ/မွေးကု ဆရာဝန်ကို ဖုန်းဆက်ခေါ်ပြီး ကုသနေကြရတယ်။ နောက်ပြီး ကျွန် တော်တို့ နိုင်ငံမှာ ထုတ်ကုန်နှစ်ဆ တိုးမြှင့်ဖို့ ဆိုရင်လဲ ကုန်ပစ္စည်း အမယ် သစ်တွေကို နိုင်ငံခြား တင်ပို့နိုင်ဖို့ ဈေးကွက်တွေ ရှာရမယ်။ ဒီနေရာမှာ နှစ်ပိုင်းရှိတယ်။ ဈေးကွက် ရှာတဲ့အပိုင်း၊ ကုမ္ပဏီတွေက တစ်ပိုင်းနဲ့ ကုန်ထုတ်တဲ့ လုပ်ငန်းရှင်တွေက တစ်ပိုင်းပေါ့။ ကုန်ထုတ် လုပ်တယ်ဆိုတော့ မော်တော်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ၊ လူသုံး ကုန်ကြီးတွေကို ပြောတာ မဟုတ်ပါဘူး။

"ဆောရီးပဲဗျာ၊ တယ်လီဖုန်းလိုင်းက ပြတ်သွားတယ်၊ သည် တစ်ခါ လိုင်းပြတ်သွားရင် ကျွန်တော် ပြန်ခေါ်မယ်နော်။ ပြောစရာ တွေက အများကြီး ကျန်သေးတယ်။

"ထုတ်ကုန် အမယ်သစ်တွေဆိုတာ၊ လူတိုင်း ဒေသတိုင်းမှာ ထုတ်နိုင်တဲ့ ထုတ်ကုန်တွေ အများကြီး ရှိတယ်ဗျာ။ ဥပမာဗျာ ဖား သတ္တဝါ ဆိုပါတော့၊ အင်ဒိုနီးရှားနိုင်ငံမှာ ဖားမွေးမြူရေးကို ကျေးရွာ

တိုင်း လိုလိုမှာ တွေ့ရတယ်။ လယ်သမားတိုင်း မွေးကြတယ်။ ဖားရဲ့ အကောင်ကလဲ အကြီးကြီးဗျ။ ဖားကို တစ်ကောင်လုံး မရောင်းဘူး။ ပေါင်နှစ်ပေါင်ကို ဖြတ်ပြီး နိုင်ငံခြားကို ထုတ်ကုန်ပစ္စည်းအနေနဲ့ တင်ပို့ ရောင်းချ ကြတယ်။ ဖားရဲ့ ပေါင်ကလဲ ကျွန်တော်တို့ဆီက ကြက်ရဲ့ ပေါင်လောက် ရှိတယ်ဗျာ။ ဖားရဲ့ အခြား အစိတ်အပိုင်းတွေကိုတော့ မြေသြဇာပြန်ပြီး လုပ်ကြတယ်။ ဖားကျွေးဖို့ အစာကိုတော့ ထိုင်ဝမ်က မှာယူ တင်သွင်းရတယ်။ ကျွန်တော်တော့ အစက ဓာတ်မြေသြဇာ အိတ်တွေ ထင်နေတာပဲဗျာ။ နောက်တော့မှ ဖားကျွေးဖို့ အစာအိတ် တွေ ဆိုတာ သိရတယ်။ သည်လိုပါပဲဗျ။ အင်ဒိုနီးရှားနိုင်ငံက ရွာတွေ ကို ရောက်တော့ လယ်ကွက်တွေထဲမှာ အပေါက်တစ်ပေါက်မှ မပါတဲ့ တိုက်ကြီးတွေကို တွေ့မြင်ရတယ်၊ သည်တိုက်ကြီးတွေက လူနေအိမ် လဲ မဟုတ်၊ ဂိုဒေါင်လဲ မဟုတ်ပါဘူး။ ဘာလုပ်တာလဲလို့ မေးကြည့် တော့ ငှက်သိုက် မွေးတာတဲ့။ ငှက်သိုက်ကလဲ တစ်ပိဿာကို အမေရိ ကန် ဒေါ်လာ ၄၀၀၀ လောက် ရောင်းရတယ် ဆိုပဲဗျ။ အဲဒီ တိုက်ကြီး တွေမှာ ငှက်တွေဝင်ဖို့ အပေါက်ကလေးတွေပဲ ရှိတယ်။ လူဝင်ပေါက် တစ်ပေါက်ကိုတော့ အမြဲ သော့ခတ်ပြီး ပိတ်ထားတယ်။ ငှက်သိုက်ကို ကျုံးယူဖို့ လူဝင်ရန် လူဝင်တဲ့အခါမှာ လူရဲ့ ခန္ဓာကိုယ်ကို ငှက်ချေးတွေ သုတ်လိမ်းပြီး ဝင်ရတယ်။ ငှက်တွေက လူနံ့ရသွားရင် သည်တိုက်ကြီး ထဲကို မဝင်တော့ဘူးတဲ့။ အဲဒီ လုပ်ငန်းဟာလဲ ကျေးရွာတွေက ဆင်းရဲ သားတွေ အတော်များများ ဝင်ငွေရတယ်ဗျ။ စိုက်ပျိုးရေး ဆိုရင်လဲ သိပ္ပံနည်းက စိုက်ပျိုးကြတာပဲဗျ။ မျိုးစေ့ကိုလဲ နိုင်ငံခြားမှ အမြဲ တင်သွင်း ပေးနေတယ်။

"တီဗီ၊ ရေဒီယို တွေကလဲ ယခုတင်သွင်းလာတဲ့ မျိုးစေ့ကို စိုက်ပြတယ်။ အသီးအပွင့်တွေ ပြပေးနေတယ်။ သည် အသီးအပွင့် တွေ စိုက်ပျိုးပါ။ သူတို့က ဝယ်ပြီး နိုင်ငံခြားကို ရောင်းပေးမယ် ဆိုပြီး ကြော်ငြာပေးကြတယ်။ လူတိုင်း မြင်ရတော့ အားကျတာပေါ့ဗျာ"

"ဟုတ်ပ..ဟုတ်ပ...ဆရာရယ်၊ ကျွန်တော်တို့ နိုင်ငံ ရုပ်/သံ ကတော့ ကြော်ငြာနဲ့ ရုပ်ရှင် မင်းသမီး၊ မင်းသားတွေ ပုံ

ဘတ်စား ဆင်ယင်မှု တွေပဲ ပြနေတော့ တစ်နိုင်ငံလုံးမှာ လူငယ်တွေလဲ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ ပုံစံတွေ ဖြစ်ကုန်ပါပြီ ဆရာရယ်။ ခိုက်ပျိုးရေးတို့ မွေးမြူရေးတို့ ဆိုတာကတော့ လူတွေက စိတ်မဝင်စားလို့ ရုပ်/သံ မှ မပြတာလား။ ရုပ်/သံ မှ မပြလို့ လူတွေ စိတ်မဝင်စားတာလား မသိပါဘူး ဆရာရယ်" ဟု ကျွန်တော်က အသောကလေးဖြင့် ပြောလိုက်မိပါ၏။ တစ်ခါတစ်ရံတော့လည်း ရုပ်/သံ မှ ပြသပေးတတ်ပါ၏။

ဆရာဦးတင်မြင့်ကတော့ အင်ဒိုနီးရှား နိုင်ငံမှာ လိပ်ပြာ မွေးမြူရေးနဲ့ စီးပွားဖြစ်သူတွေ၊ ခါချဉ်ကောင် မွေးပြီး သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနေပုံတွေ၊ ကြက်မောက်သီး စိုက်ပြီး စီးပွားရှာနေကြသူတွေအကြောင်း စုံအောင် ပြောပြနေပါ၏။ စကားပြောလို့ ကောင်းနေစဉ်မှာပဲ တယ်လီဖုန်းလိုင်းက ခဏခဏ ပြတ်သွားသဖြင့် မကြာခဏ ပြန်ပြီးခေါ်နေရ၏။ ဆရာပြောပြသော အခြားနိုင်ငံများမှ စီးပွားရှာနေကြသူများရဲ့ အကြောင်းအရာများက စိတ်ဝင်စားဖွယ် ကောင်းလှပါ၏။ ဆရာကိုယ်တိုင် စာရေးပြီး ဂျာနယ်တွေမှာ ဖော်ပြပါဆိုတော့ ကျွန်တော့်ကိုသာ တာဝန်ပေးနေပြန်၏။

မည်သို့ပင်ဖြစ်စေ ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြဆိုပြီး ပြောနေကြရုံဖြင့်မပြီး၊ မည်သည့် ကုန်တွေကို မည်သူတွေကို ထုတ်ဖို့ စီစဉ်ပေးမယ် ထုတ်လုပ်တဲ့ ကုန်တွေ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးမှအစ မည်သို့ တင်ပို့ ရောင်းချမယ် ဆိုတာတွေကို စီမံချက်ချပြီး စုပေါင်းဆောင်ရွက်ကြဖို့ အချိန်တန်ပြီ ဖြစ်ကြောင်းပါခင်ဗျား။

## ၁၉၉၆–၉၇ ခုနှစ်အတွင်း နိုင်ငံခြားသို့ တင်ပို့ရောင်းချရသော ကုန်ပစ္စည်းများနှင့် တန်ဖိုး၊ အရေအတွက်

| စဉ် | ကုန်ပစ္စည်း | ရေတွက်ပုံ | တန်ပေါင်း | ကျပ်သန်းပေါင်း |
|---|---|---|---|---|
| ၁။ | ဆန် | တန် | ၉၃၁၀၀ | ၁၂၅.၇ |
| ၂။ | ပြောင်း၊ ပြောင်းဖူး | ။ | ၁၀၃၈၀၀ | ၁၀၈.၄ |
| ၃။ | မတ်ပဲ | ။ | ၂၀၉၂၀၀ | ၄၆၄.၄ |
| ၄။ | ပဲတီစိမ်း | ။ | ၁၂၇၃၀၀ | ၂၇၈.၈ |
| ၅။ | အခြားပဲမျိုးစုံ | ။ | ၂၆၅၉၀၀ | ၅၂၄.၆ |
| ၆။ | နှမ်း | ။ | ၅၂၃၀၀ | ၁၉၁.၀ |
| ၇။ | နှမ်းဖတ်၊ ပဲဖတ် | ။ | ၇၂၀၀ | ၄.၄ |
| ၈။ | ရာဘာကုန်ကြမ်း | ။ | ၂၅၄၀၀ | ၁၆၈.၈ |
| ၉။ | အရေခွံအခေါက် | ။ | ၇၀၀ | ၁.၃ |
| ၁၀။ | ပုစွန်အစို၊ အခြောက် | ။ | ၁၂၈၀၀ | ၅၆၄.၂ |
| ၁၁။ | ငါးနှင့် ငါးထွက်ပစ္စည်း | ။ | ၃၄၀၀၀ | ၂၂၇.၈ |
| ၁၂။ | ကျွန်းသစ် | ။ | ၁၃၈၇၀၀ | ၉၈၇.၈ |
| ၁၃။ | သစ်မာ | ။ | ၁၄၇၈၀၀ | ၁၅၃.၁ |
| ၁၄။ | သုံးထပ်သား | အချပ် | – | ၃၅.၆ |
| ၁၅။ | သတ္တုများ | တန် | ၁၇၀၀၀ | ၂၆.၇ |
| ၁၆။ | အခြား | – | – | ၁၃၇၉.၆ |
| | စုစုပေါင်း | | | ၅၂၄၂.၂ (ကျပ်သန်းပေါင်း) |

ကျမ်းကိုး– *Selected Monthly Economic Indicators. 1997, Nov, Des:*

■

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးတို့သည် စစ်ပွဲကြီးများကို ရပ်ဆိုင်းပြီး စီးပွားရေးကို ဦးစားပေး လုပ်ဆောင်လျက် ရှိကြပေ၏။ နိုင်ငံ ခေါင်းဆောင်များမှာလည်း စီးပွားရေး ဦးဆောင်နိုင်သူများကို နေရာပေးပြီး နေ့မအား၊ ညအနား စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေကြရ၏။ မကြိုးစားလို့ကလည်း မဖြစ်။ မြန်မာ စကားပုံတွင် အုမတောင့်မှ သီလစောင့်မည်ဆိုသော ခေတ်ကို ဦးတည်နေကြပြီ ဖြစ်၏။ စီးပွားရေး သည် စစ်ရေး၊ စီးပွားရေးသည် လူမှုရေး၊ စီးပွားရေးသည် လူမျိုးရေး၊ စီးပွားရေးသည် နိုင်ငံရေး ဖြစ်လာနေကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ တွင်လည်း ၂၆–၈–၉၄ နေ့တွင် ကျင်းပသော ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း၊ အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် ၃/၉၄ သင်တန်းဆင်းပွဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စု မပြိုကွဲဖို့အတွက် စီးပွားရေး တောင့်တင်း ခိုင်မာဖို့ လိုအပ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက်လည်း စီးပွားရေး တောင့်တင်း ခိုင်မာဖို့ လိုကြောင်းနှင့် အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲဖို့လည်း စီးပွားရေး ခိုင်မာ တောင့်တင်းဖို့လိုကြောင်း တို့ကို သမ်းညွှန်မှာကြားသွားခဲ့ပေ၏။ ထို့ကြောင့် စီးပွားရေးသည် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် အဓိက အခန်းကဏ္ဍမှ နေရာယူလာနေ၏။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်မှာ ကုန်ထုတ်လုပ်မှု တိုးတက်ရေးသည် အဓိကကျပေ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ ၁၉၉၂-၉၃ ခုနှစ်မှ ၁၉၉၆-၉၇ ခုနှစ် ၅ နှစ်တာ ကာလ၏ စီးပွားရေး တိုးတက်မှုကို ပြန်ပြောင်းလေ့လာပါက အားရ ကျေနပ်ဖွယ်ရာ အဆင့်အထိ မရောက်သေးပေ။ ၁၉၉၂-၉၃ ခုနှစ်တွင် ကုန်ထုတ်လုပ်မှု တန်ဖိုးကို ၁၀၀ ဟု ထားပြီး၊ ရာခိုင်နှုန်းရှာပြီး တွက်ခဲ့လျှင် လူဦးရေ တိုးတက်နှုန်းကိုပင် စီးပွားရေးတိုးတက်နှုန်းက လိုက်မမီသေးပေ။ စီးကရက် ထုတ်လုပ်မှုတွင် ၄၇၀ % ရှိ၏။ အခြား ကဏ္ဍများတွင် ၁၁၀ % ပတ်ဝန်းကျင်တွင်သာ ရှိနေသေး၏။ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် အဓိက လိုအပ်ချက်မှာ မှန်ကန်သော ရင်းနှီးမြှုပ်နှံမှု ရှိရန်ဖြစ်ပေ၏။ ရင်းနှီးမြှုပ်နှံမှု ဆိုရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတို့ ပါဝင်၏။ ပုဂ္ဂလိကပိုင်၊ နိုင်ငံပိုင်၊ သမဝါယမ ပိုင်၊ ဖက်စပ်ပိုင်တို့ အသီးသီး ရှိပြန်၏။ ရင်းနှီးမြှုပ်နှံမှု ဆိုရာမှာလည်း ကုန်ထုတ်စွမ်းအား ရှိစေသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်စွမ်းအားမဲ့သော ရင်းနှီးမြှုပ်နှံမှု ဆိုပြီး ရှိပြန်၏။ ရင်းနှီးမြှုပ်နှံမှု တစ်ခုသည် နိုင်ငံတော်အတွက် မည်မျှ ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်မည်နည်း ဆိုသည်ကို စဉ်းစား ချင့်ချိန် ဆုံးဖြတ်ပြီး၊ အားပေးဖို့ အချိန်ကျရောက်နေပြီ ဖြစ်ပါ၏။ အရှေ့တောင် အာရှနိုင်ငံများတွင် နိုင်ငံခြားနှင့် ပြည်တွင်း ရင်းနှီးမှု နည်းလမ်း ချို့ယွင်းခဲ့သဖြင့် စီးပွားရေး ပြဿနာများ တက်နေ၏။ ကျွန်ုပ်တို့သည် အချိန်မီ ပြုပြင်ရန် အခါအခွင့်ကောင်း ဖြစ်ပါ၏။ နိုင်ငံခြားသား စီးပွားရေး သမားဆိုသည်မှာ သူ၏ စီးပွားရေး အမြတ်အစွန်းများများရဖို့သာ ရှေ့ရှုပြီး ရင်းနှီးမြှုပ်နှံကြမှာဖြစ်ပါ၏။ ထိုနိုင်ငံ နစ်နာမည်၊ အကျိုးရှိမည်ကို အဓိကမထား၊ ဒါဟာ စီးပွားရေး သမားများ၏ သဘာဝသာ ဖြစ်၏။ သို့သော် ကျွန်ုပ်တို့က အတ္တဟိတနှင့် ပရဟိတ မျှတအောင် ဘောင်ခတ်ပေးကြရမှာ ဖြစ်ပါ၏။ ၁၉၉၆-၉၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများ စာရင်းတွင် စက်ရုံ အလုပ်ရုံပေါင်း ၄၉၂၀၁ ရှိပေရာ၊ ၄၅၉၈၀ မှာ အလုပ်သမား ၁၀ ယောက်နှင့် အောက်ရှိသော စက်ရုံ၊ အလုပ်ရုံ ကလေးများသာ

...၊ တစ်နည်း ပြောရရင် စက်ရုံ၊ အလုပ်ရုံပေါင်း ၉၃ % သည်
... အလုပ်ရုံဟု မခေါ်ဆိုနိုင်၊ မိသားစုပိုင် စက်မှုလက်မှု လုပ်ငန်း
...များသာ ဖြစ်ပါ၏။ ထုတ်လုပ်သော ကုန်ပစ္စည်း တန်ဖိုးတွင်
...ခုပေါင်း ကျပ်သန်းပေါင်း သုံးသောင်းဖိုး ထုတ်လုပ်ခဲ့ရာ ကျပ်
...ပေါင်း နှစ်သောင်းငါးထောင်ကျော်ဖိုး ၈၅ % သည် စားသောက်
...များကိုသာ ထုတ်လုပ်ကြပေ၏။ စီးကရက်၊ အရက်၊ အချိုရည်များ
...လုပ်မှု တိုးတက်ခြင်းနှင့် နိုင်ငံခြားမှ တင်သွင်းနေခြင်းများသည်
...ဘက်သစ် တည်ဆောက် နေချိန်တွင် စဉ်းစားသင့်သော အချက်
... ဖြစ်ပါ၏။ ပြည်တွင်း ကုမ္ပဏီများကို သွားရောက် တွေ့ဆုံ မေးမြန်း
...ည်သည့်ကုန်ကို မည်သည့်နေရာမှယူပြီး၊ မည်သူ့ကို ရောင်းလျှင်
...မှ မြတ်မည်နည်းကိုသာ စဉ်းစားနေကြ၏။ ကုန်ထုတ်လုပ်မှု
...င်းလျှင်၊ မတိုးတက်လျှင်၊ ဝယ်လိုအားလည်း ကျဆင်းပေမည်။
... အလုပ်မဖြစ်သော အခြေအနေသို့ ရောက်ကြရမည် ဖြစ်ပါ၏။
...နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့
...တွင် ၃၃.၃ %၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ၁၉.၃ %၊ မြို့ပြ
...ရေးတွင် ၁၆ % အသီးသီး စသည်ဖြင့် ရှိနေ၏။ စိုက်ပျိုးရေး
...တွင် ၀.၂ % ခန့်သာ ရှိ၏။ လုံးဝမရှိဟု ခေါ်ဆိုနိုင်ပါ၏။
...နိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံကြသော တိုင်းပြည်များ စာရင်း
...လာလျှင် ဗြိတိန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပြင်သစ်
... မလေးရှားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အများဆုံး
...မြှုပ်နှံထားသော နိုင်ငံများ ဖြစ်ပါ၏။ ဂျပန်နိုင်ငံနှင့် တရုတ်
...သို့ သမ္မတနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုသည် မရှိသလောက် နည်းပါး
...သေး၏။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် လိုအပ်သည် မှန်ပါ၏။
...သော် ပြည်တွင်း ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများကို ကုန်ထုတ်
...အား ရှိသော စီးပွားရေး လုပ်ငန်းများ လုပ်နိုင်အောင်၊ လုပ်ချင်
...အောင်၊ လုပ်လာလိုအောင် စီမံခန့်ခွဲပေးဖို့သည် အထူး လိုအပ်
...၊ အိမ်နီးချင်း နိုင်ငံများတွင် နိုင်ငံခြား ဈေးငွေများ၊ ဘဏ်များ၊
...ရှယ်ယာများ၊ ဖက်စပ်များ အပေါ် မှီခိုပြီး စိန်နားကပ် အရောင်

ဖြင့် ပါးပြောင်ခဲ့ပေရာ၊ စိန်နားကပ်ကြီး ကျပျောက်သွားသော[illegible] နေ့ချင်း၊ ညချင်း စီးပွားရေး ကပ်ဆိုက်ကြတော့၏။ ထို့ကြောင့် [illegible] တော်၏ စီးပွားရေး တစ်ရပ်လုံး ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံ[illegible] နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေးဟူသော စီးပွ[illegible] ဦးတည်ချက်ကို အကောင်အထည် ဖော်ရန် ရည်မှန်းချက် ကိန်းဂ[illegible] များ အတိအကျ ချမှတ်ပြီး မဖြစ်မနေ ဆောင်ရွက်ကြရတော့[illegible] ဖြစ်ပေ၏။

**၁၉၉၂-၉၃ မှ ၁၉၉၆-၉၆ ခုနှစ်အတွင်း**
**မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံကြသော**
**နိုင်ငံများစာရင်း**

| စဉ် | နိုင်ငံအမည် | ကုမ္ပဏီ ပေါင်း | ရင်းနှီးငွေ ဒေါ်လာသန်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ဗြိတိန်နိုင်ငံ | ၂၃ | ၁၂၈၃.၁၅၆ | ၂၃.[illegible] |
| ၂။ | စင်ကာပူ | ၄၆ | ၁၁၉၇.၈၉ | ၂၂ |
| ၃။ | ထိုင်းနိုင်ငံ | ၃၁ | ၈၇၃.၀၃၈ | ၁၆ |
| ၄။ | ပြင်သစ်နိုင်ငံ | ၃ | ၄၇၀.၃၇ | ၈.[illegible] |
| ၅။ | မလေးရှား | ၁၉ | ၄၆၂.၃၆၉ | ၈.[illegible] |
| ၆။ | အမေရိကန် | ၁၁ | ၄၀၈.၈၂၅ | ၇.[illegible] |
| ၇။ | အင်ဒိုနီးရှား | ၄ | ၂၁၀.၉၅ | ၁၃.[illegible] |
| ၈။ | နယ်သာလင် | | ၁၅၇.၀၃၅ | ၂.[illegible] |
| ၉။ | ဂျပန် | ၁၀ | ၉၂.၀၂၁ | ၁.[illegible] |
| ၁၀။ | တရုတ် | ၈ | ၂၈.၇၉၅ | ၀.[illegible] |
| ၁၁။ | အခြား | ၅၆ | ၂၆၀.၅၁၃ | ၄.[illegible] |
| | စုစုပေါင်း | ၂၀၃ | ၅၄၄၅.၇၂၆ | ၁၀၀% |

## ၁၉၉၂–၉၃ နှင့် ၁၉၉၆–၉၇ ခုနှစ် ကုန်ထုတ်လုပ်မှု တိုးတက်မှု နှိုင်းယှဉ်ချက် (၅– နှစ်တာကာလ)

| စဉ် | ကုန်ပစ္စည်း | ရေတွက်ပုံ | ၁၉၉၂–၉၃ | ၁၉၉၆–၉၇ | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | လူဦးရေ | သန်းပေါင်း | ၄၂.၃၃ | ၄၅.၇၅ | ၁၀၇.၆ |
| ၂။ | စပါး | တန်သန်း | ၁၄.၈၄ | ၁၇.၀၈ | ၁၁၅.၁ |
| ၃။ | ရေနံစိမ်း | စည်ပေါင်သန်း | ၅.၃၅ | ၃.၇၈ | ၇၀.၇ |
| ၄။ | သဘာဝဓာတ်ငွေ့ | ကုဗပေသန်း | ၁၃၈၁၆ | ၅၈၅၇၉ | ၁၈၄.၁ |
| ၅။ | လျှပ်စစ် | နာရီကီလိုဝပ် | ၁၈၃၁.၅ | ၂၈၁၇.၇ | ၁၅၃.၈ |
| ၆။ | သကြား | တန် | ၄၇၇၁၈ | ၅၀၅၀၆ | ၁၀၅.၈ |
| ၇။ | စီးကရက် | လိပ်သန်း | ၄၁၀ | ၁၉၆၅ | ၄၇၉ |
| ၈။ | ဘိလပ်မြေ | တန် | ၄၇၄၇၄၈ | ၅၀၁၉၈၉ | ၁၀၅.၇ |
| ၉။ | ဓာတ်မြေဩဇာ | တန် | ၁၁၀၇၀၄ | ၁၁၇၂၀၁ | ၁၀၅.၈ |
| ၁၀။ | ဒီဇယ် | ဂါလံသန်း | ၈၅.၄၆၃ | ၉၀.၄၅၁ | ၁၀၇ |

ကျမ်းကိုး– *Selected Monthly Economic Indicators* (နိုဝင်ဘာ၊ ဒီဇင်ဘာ –၁၉၉၇) အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ များ စာအုပ်။

■

# အာရှစီးပွားရေး ကပ်ကြီး

၁၉၉၇ ခု နှစ်ဦးပိုင်းမှာ စတင်ခဲ့သော အရှေ့တောင်အာရှ နိုင်ငံများ၏ စီးပွားရေးကပ်ဆိုးကြီးသည် အာရှနိုင်ငံ အားလုံးနီးပါးသို့ ကူးဆက်သွားခဲ့ရ၏။ ဖိလစ်ပိုင် သမ္မတကြီး ဖိဒယ်လ်ရာမို့ကမူ စီးပွားရေး တုပ်ကွေးရောဂါဟု ဆိုခဲ့၏။ စီးပွားရေး ကပ်ဆိုးကြီး ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို ကမ္ဘာပေါ်ရှိ စီးပွားရေး ပညာရှင်များသည် အမျိုးမျိုး တွေးခေါ်ခဲ့ကြပေ၏။ မျက်စိမမြင်သူ ပုဏ္ဏားခြောက်ဦး ဆင်ကောင်ကြီးကို စမ်းသပ်ပြီး ဆင်ကောင်ဘာနှင့် တူသလဲဟူသော ပုံပြင်နှင့်သာ တူနေတော့၏။ မည်သူ၏ ထင်မြင်ချက်ကမျှ အမှန်မဟုတ်သလို အမှားဟုလည်း မပြောနိုင်ပေ။ အကြောင်းရင်းကို သိမှသာလျှင် ကုသရန် အဖြေသည် နီးစပ်ပေမည်။ ၁၉၉၇ ခုနှစ်တွင် ကမ္ဘာပေါ်၌ ထူးခြားသော ပြောင်းလဲချက်ကြီးများသည် အာရှ စီးပွားရေးကို ဂယက်ရိုက်ခတ်မည်ကား အမှန်ဖြစ်ပါ၏။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီသည် နှစ်ကြိမ်ဆက်ပြီး အနိုင်ရခဲ့၏။ အင်္ဂလန်နိုင်ငံတွင် လေပါတီသည် အနိုင်ရခဲ့၏။ ဟောင်ကောင် ကိစ္စမှအစ တရုတ်နှင့် အမေရိကန် ဆက်ဆံရေးများ တိုးတက် ကောင်းမွန်ခဲ့၏။ အမှန်တော့ ဥရောပ နိုင်ငံများနှင့် အမေရိကန် နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဆက်ဆံရေး မကောင်း

...့သာ အရှေ့တောင်အာရှ နိုင်ငံများနှင့် ဦးစားပေး ဆက်ဆံ ...နေကြသည်ကို သတိထားမိပါ၏။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ...မ္ဘာပေါ်၌ အကောင်းဆုံး ဈေးကွက်ကြီးနှင့် အကောင်းဆုံး ကုန်သွယ် ...က် နိုင်ငံကြီးအဖြစ် အနောက်နိုင်ငံများက မျက်စိ ကျနေခဲ့ကြသည်မှာ ...ကာပြီ ဖြစ်ပါ၏။ စိတ်ဝင်စားမည် ဆိုပါကလည်း စိတ်ဝင်စားလောက် ...ါ၏။ အရှေ့တောင်အာရှ နိုင်ငံ ၁၀ နိုင်ငံ စုစုပေါင်း လူဦးရေသည် ...သန်း ၅၀၀ နီးပါး မျှသာရှိသော်လည်း တရုတ်ပြည်၏ လူဦးရေသည် ...သန်းပေါင်း ၁၂၀၀ ကျော်ရှိ၏။ အရှေ့တောင်အာရှ နိုင်ငံများ အားလုံး၏ ...စုစုပေါင်း သွင်းကုန် တန်ဖိုးသည် ဒေါ်လာဘီလီယံ ၂၀၀ ခန့် ...၃၄.၁၆ ဖြစ်သော်လည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သွင်းကုန် ...န်ဖိုးသည် ဒေါ်လာဘီလီယံ ၈၀.၆ မျှသာ ရှိနေသေး၏။ လူဦးရေ ...အချိုးအစားနှင့် တွက်ကြည့်လျှင် နောက်ထပ် ငါးဆမျှ (ဘီလီယံ ...၇၇) အထိ ဈေးဝယ်အား ရှိသင့်ပါ၏။ ထုတ်ကုန် တန်ဖိုးကို ကြည့်လျှင် ...သည်း အလွန် နည်းပါးနေသေးပါ၏။ ထို့ကြောင့် တရုတ်ပြည်သူ့ သမ္မတ ...နိုင်ငံသည် ဈေးဝယ်အား ကောင်းပြီး၊ ဈေးရောင်းအား ကောင်းသဖြင့် ...ကုန်ပစ္စည်းများကို ချိုချိုဖြင့် ရနိုင်သော ဈေးကွက်ကြီး ဖြစ်လာ ...မည်ကား အမှန် ဖြစ်ပါ၏။ လုပ်အားခ ဈေးချိုပြီး လုပ်အားစွမ်းရည် ...ကောင်းသော လုပ်သား အင်အားထုကြီးကလည်း ကြီးမားလှပါ၏။

ထို့ကြောင့် ကမ္ဘာ့စီးပွားရေး လုပ်ငန်းရှင်ကြီးများ၏ စိတ်အာရုံ ...သည် အရှေ့တောင်အာရှ နိုင်ငံများပေါ်မှ တရုတ်ပြည်ကြီးပေါ်သို့ အာရုံ ...ပြောင်းသွားဟန်ရှိပေ၏။ တစ်နည်းအားဖြင့် ဆိုလျှင် တရုတ်ပြည်ကြီး၏ ...တံခါးကြီးပွင့်သွားခြင်းသည် အာရှစီးပွားရေး အပြောင်းအလဲကြီး၏ ...အရေးပါသော အချက်တစ်ခု ဖြစ်ပေမည်။ တရုတ်ပြည် တံခါးကြီး ...လည်း ကြာလေလေ၊ ကျယ်ကျယ်ဖွင့်ပေးလေလေ ဖြစ်နေ၏။ ...ို့ကြောင့် အာရှနိုင်ငံများသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံကြီးနှင့် ...အပြိုင် ၂၁ ရာစုနှစ် ကမ္ဘာ့ဈေးကွက်ကြီး အတွင်းသို့ ဝင်ရောက်ကြရမှာ ...ဖြစ်ကြောင်းပါခင်ဗျား။

■

# (ဂ) စီးပွားရေး ဗဟုသုတများ

## စားလို့ရတဲ့ အကုန်စိုက်

"သံပရာသီးကို တစ်လုံး တစ်ကျပ်သာ ရောင်းရရင် ချမ်းသာအောင် စိုက်လို့ရတယ်" ဟု မင်းတပ်မြို့မှ ဦးထန်းတန်က ဆိုသည်။ "နွေရာသီမှာလဲ ရနိုင်သလား" လို့ ကျွန်တော် မေးမိသည်။ "နွေရာသီမှာလဲ အတော်များများ ရနိုင်ပါတယ်" ဟု ဦးထန်းတန်က ဖြေသည်။

"ဒါဖြင့်ရင် ဘာပြုလို့ မစိုက်တာလဲလို့" ကျွန်တော်က မေးသည်။

"စိုက်တာပေါ့ဆရာရယ်၊ ကျွန်တော့်ခြံက တစ်နှစ်ကို သံပရာသီးလှည်းတစ်စီးတိုက် ထွက်တယ်။ ဒါပေမဲ့ ဘယ်သူမှ ဝယ်မစားကြဘူး။ အလကား ပေးပစ်ရတာပဲ။ မင်းတပ်မြို့ဆိုတာက ပခုက္ကူကို ရောက်ဖို့ အတော်လာရတာပဲ။ သံပရာသီးကို လှည်းတစ်စီးတိုက် ယူလာရင် ဘယ်သူက ဝယ်မှာလဲ။ ဈေးကွက်ကိုသာ ရှာပေးစမ်းပါ ဆရာရယ်၊ ဆရာ ကြိုက်သလောက် အရေအတွက်ကိုရအောင် ကျွန်တော်စိုက်ပေးမယ်" ဟု ဦးထန်းတန်က ဆိုပြန်သည်။

"ဟာဗျာ.. ခင်ဗျားရဲ့ လိမ္မော်ပင်က လိမ္မော်သီးတွေက ကြွေ

ကျ နေပါပြီလား၊ ဆွတ်ပြီး ရောင်းတော့လေ" ဟု ကျွန်တော်က ကြွေကျနေသော လိမ္မော်သီးတစ်လုံးကို ကောက်ယူပြီး စားလျက် ပြောနေ၏။

"သည့်လိမ္မော်သီးပင်က သားဖြစ်တဲ့ မောင်တာအောင်ရဲ့ လိမ္မော်ပင်လေ ဆရာရဲ့၊ သူက ရန်ကုန် တက္ကသိုလ်မှာ မဟာဝိဇ္ဇာတန်းမှာ ကျောင်းတက်နေတယ်။ သူ့အပင်ဆိုတော့ သူပြန်လာမှပဲ သူ့ဘာသာ ဆွတ်လိမ့်မယ်။ သူပြန်မလာသေးရင်လဲ ဒီလိုပဲ ကြွေကျပြီး ပုပ်ကုန်မှာပေါ့ ဆရာရယ်။ ဆရာ စားချင်ရင်တော့ ယူချင်သလောက် ခူးဆွတ်သွားပါ" ဟု ဆိုပြန်သည်။ မှန်ပေသည်။ ဦးထန်းတန်သည် ကျွန်တော်နှင့် အလွန် ခင်မင်သော ချင်းလူမျိုး ဗုဒ္ဓဘာသာဝင် တစ်ဦး ဖြစ်သည်။ သူ၏သား မောင်တာအောင်မှာလည်း မဟာဝိဇ္ဇာ (မြန်မာစာ) ဖြင့် ဘွဲ့ရသူဖြစ်ပြီး ကျွန်တော်နှင့် အလွန်ခင်မင်ကြသည်။ စီးပွားရေးကို အလွန် စိတ်ဝင်စားကြသည်။ အလုပ်ကို အလွန် ကြိုးစားကြသည်။ ဘယ်အလုပ်ကို ဘယ်အချိန်မှာ ပြီးအောင် လုပ်ဆိုပြီး ပြောပြလိုက်လျှင် မဖြစ်တာမရှိ။ သူ့တို့မှာ အခက်အခဲက ဈေးကွက် ရရှိရေးပင် ဖြစ်သည်။

"ထန်းရေခါးကို ကျွန်တော်တို့ဆီမှာတော့ Sky Beer စကိုင်းဘီယာလို့ ခေါ်တယ်ဆရာ၊ ထန်းရေခါးကို မူရင်း သဘာဝ၊ အနံ့အရသာ မပျက်ဘဲ တစ်လလောက်ခံအောင် လုပ်နိုင်ရင် ရန်ကုန်ကို တင်ပို့ပြီး၊ ရောင်းရရင် ချမ်းသာအောင် လုပ်နိုင်တယ်ဆရာ။ ဝယ်ချင်တဲ့ ဈေးကွက်က ရှိတယ်။ ကြာရှည်ခံအောင် လုပ်တတ်တဲ့ နည်းပညာက ခက်တယ်" ဟု ကိုအောင်မင်းက ပြောပြသည်။

"သဘော်သီးကို တစ်လုံး ၂၀ ကျပ်နဲ့ ထွက်သမျှ ဝယ်မယ့်သူရှိရင် ချမ်းသာအောင် စိုက်နိုင်တယ်ဗျာ။ ဒါပေမဲ့ ပခုက္ကူအထိ နွေး၊ မိုး ဆောင်း ရောက်အောင် အချိန်မီ ပို့နိုင်ဖို့က ခက်တယ်" ဟု ထီးလင်းမြို့နယ်၊ အညာဘမ်း ကျေးရွာမှ ဦးအာဂျမ်းက ပြောပြသည်။ ငှက်ပျောသီး ကိုလည်း စိုက်ပေးနိုင်သည်ဟု ဆိုသည်။

"ကျွန်တော်တို့ရွာမှာဗျာ ရေကိုသာ လိုသလိုရအောင် လုပ်နိုင်ရင် တစ်ဧကမှာ ပိဿာချိန် ၃၀၀၀ ထွက်တယ်။ အစိုးရဒိုင်ဈေး ဆေးစို

တစ်ပိဿာကို ၂၇ ကျပ် ဈေးရှိတယ်။ ဗာဂျီးနီးယား တစ်ဧကစိုက်ရင် တစ်သီးအတွက် ၈၀၀၀၀ ကျပ် ဝင်ငွေရှိတယ်။ ဆယ်ဧက စိုက်ရင် ငွေရှစ်သိန်းရမယ်။ ချမ်းသာတာပေါ့ဗျ" ဟု ပခုက္ကူမြို့နယ်၊ ကွမ်းရှ ကျေးရွာမှ ဦးကျွဲက ပြောပြသည်။

"မြန်မာ့ဆေးရွက်ကြီး စိုက်ရင်ဗျာ တစ်ဧကစိုက်ရင် ဆေးကြီး သုံးပို ထွက်တယ်။ အောက်ဆေး နှစ်ပို ထွက်တယ်။ သည်နှစ်ပေါက်ဈေး ဆေးကြီးက တစ်ပိဿာကို ၂၇၀ ကျပ် ဈေးရှိတယ်။ အောက်ဆေးက ၁၅၀ ကျပ် ဈေးရှိတယ်။ ဆေးကြီး ဖိုးက ၈၀၀၀၀ ကျပ် ရမယ် အောက်ဆေးဖိုးက ၃၀၀၀၀ ကျပ် ရမယ် ဆိုတော့ တစ်ဧကမှ ၁၁၀၀၀ ကျပ် ကျော်ကျော်တော့ ရတာပေါ့ဗျာ" ဆိုပြီး ပခုက္ကူမြို့နယ်၊ ရှားတော ရွာမှ ကိုဝင်းနိုင်က ပြောပြသည်။

"ငရုတ်သီးကို စိုက်ရင်ဗျာ၊ တစ်ဧကမှာ ၂၅၀ ပိဿာ ထွက် တယ်။ ယနေ့ ပေါက်ဈေး တစ်ပိဿာကို ၅၀၀ ကျပ် ဆိုတော့ တစ်ဧ စိုက်ရင်ငွေကျပ် တစ်သိန်းကျော် ရတယ်" ဟု လက်ပံခြေပေါ် ရွာ ကိုဆန်းလွင်က ပြောပြသည်။

ကျွန်တော်သည် ခရီးသွားလျှင် လမ်းမှာတွေ့ရသော တောင်သ လယ်သမား၊ အလုပ်သမား၊ ကုန်သည်ပွဲစားများကို သူတို့ ဒေသ ရာသီဥတု၊ ရေ၊ မြေ၊ အနေအထား၊ စိုက်ပျိုးထုတ်လုပ်မှု၊ ကုန်ကျစရိတ် အကျိုးအမြတ် စသည်တို့ကို မေးမြန်း စုံစမ်းပြီး ဒိုင်ယာရီ ရေးမှတ် ရှိပါသည်။ တစ်ဦးတစ်ယောက်က ပြောသည်ကို အမှန်ဟု မယူဆ လေး၊ ငါးဦးပြောသည်ကို ပျမ်းမျှ လုပ်ပြီး ယူတတ်ပါသည်။ ကျွန်တေ တို့ အညာဒေသတွင် ကျွန်းမြေ၊ မြစ်နှင့်နီးသော ကုန်းမြေ၊ ကုန်း ရိုးရိုး၊ ယောဒေသနှင့် ချင်းတောင် ဒေသဆိုပြီး ရှိပါသည်။ ကျွန်း များတွင် ဆေးစိုက်ပါက တစ်ဧကမှာ ငွေကျပ် တစ်သိန်းကျော် ဝင် ရှိသည်။ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံကို စိုက်ပျိုးပါက တစ်ဧကကို ငွေ ၃၀၀ ကျပ်ကျော် ၄၀၀၀၀ ကျပ်ခန့် ဝင်ငွေရကြသည်။ ကျွန်းတစ်ပိုင် ကုန်းတစ်ပိုင်းဒေသ ဥပမာ- ညောင်းဦးမြို့နယ်၊ လက်ပံခြေ ကျေးရွာ အုပ်စုမျိုးတွင် ဝင်ငွေအကောင်းဆုံးမှာ ငရုတ် စိုက်ပျိုး

ဖြစ်သည်ဟု သိရသည်။ ကုန်းထောင်သူများတွင် နှမ်းစိုက်ပျိုးပါက သုံးတင်း ထွက်သည်။ ငွေကျပ် ၁၀၀၀၀ ကျော်မျှသာ ဝင်ငွေရသည်။ မြေပဲစိုက်ပါက တင်း ၃၀ ကျော်ထွက်သဖြင့် ငွေကျပ် ၃၀၀၀၀ ကျပ် ဝင်ငွေ ရရှိသည်။ ပဲမျိုးစုံ စိုက်ပျိုးပါက ရှစ်တင်းမှ ၁၀ တင်းထိ ထွက်သဖြင့် ငွေကျပ် ၃၀၀၀၀ ခန့် ဝင်ငွေ ရရှိသည်။ သို့သော် ကိုယ်စိုက်ချင်တာကို စိုက်လို့မဖြစ်၊ ဆေးကြိုက်သည့် မြေကို ဆေးစိုက်ရသည်။ မြေပဲ ကြိုက်သည့် မြေကို မြေပဲ စိုက်ကြရသည်။ သူ့ရေမြေ သဘာဝ အရ စိုက်ပျိုးမှသာလျှင် အထွက်ကောင်းပြီး အကျိုးရှိသည်။ ရေမြေ သဘာဝနှင့် မကိုက်ညီသော သီးနှံကို စိုက်ပျိုးပါက အမြတ်မရှိသည် သာမက အရှုံးပြပြီး နွားလှည်းကိုပင် ရောင်းစားကြရကြောင်းကို ရောက်လေရာ ဒေသတိုင်းမှ တောင်သူများက ပြောပြကြသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် မြေ၊ သယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ မစိုက်ပျိုးသေးသော မြေလွတ် မြေရိုင်း ဧကပေါင်းသည် လက်ရှိ စိုက်ပျိုးနေသော မြေဧကထက်ပိုပြီး များနေသေးပသည်။ အမှန်တော့ ဈေးကွက်ရရှိအောင် ကြိုးစားခြင်း၊ မျိုးစေ့ကောင်းရရှိရေး၊ စိုက်ပျိုးရန်နှင့် မြေရိုင်းဖော်ထုတ်ရန် ငွေရင်းလိုအပ်ခြင်း၊ စိုက်ပျိုးမှု နည်းပညာ လိုအပ်ခြင်း၊ စီမံခန့်ခွဲမှု လိုအပ်ခြင်း ဟူသော အခြေခံလိုအပ်ချက် ၅ မျိုးကို စုပေါင်း ဖြေရှင်းနိုင်ကြလျှင် ချမ်းသာသော နိုင်ငံအဆင့်သို့ မရောက်နိုင်သေးသော်လည်း ဖွံ့ဖြိုးဆဲ အဆင့်သို့ အမြန် ရောက်ရှိလာမည်မှာ သေချာပါ၏။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တောင်သူလယ်သမားများ၏ ဘဝ တိုးတက်စေရန်မှာ ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီပြီး ဝင်ငွေအများဆုံး ရနိုင်သော သီးနှံကို စိုက်ပျိုးခြင်း ဖြစ်ပါ၏။ မည်သည့် သီးနှံ အမျိုးအစားပင် ဖြစ်စေ နိုင်ငံတော် အတွက် ကုန်ထုတ်လုပ်မှုပင် ဖြစ်ပါ၏။ အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် နှစ်က ကြက်သွန်ဈေးကောင်းသဖြင့် ယခုနှစ်မှာ တိုး၍ စိုက်ပျိုးကြလေရာ ကြက်သွန်ဈေး ကျသွားသောကြောင့် လာမည့် နှစ်မှာ လျှော့ပြီး စိုက်ကြမည်ဟု သတင်းတစ်ရပ်တွင် ဖတ်လိုက်ရသည်။ ထိုင်းနိုင်ငံမှ ကုမ္ပဏီကြီး တစ်ခုသည် မြန်မာနိုင်ငံသို့ လာပြီး လိမ္မော်သီး စိုက်ပျိုး

ထုတ်လုပ်ရန် စီစဉ်နေသည်ဟု သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် လိမ္မော်သီး တန်ချိန် တစ်သောင်း နီးပါးကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချနေသည်ဟု ဆိုသည်။ လိမ္မော်သီးကို အစေ့လုံးဝမပါအောင်လည်း စမ်းသပ် စိုက်ပျိုးနေသည်ဟု ဆိုသည်။

"ဟော့ ဒရိုင်ဘာ... ဟိုနားက သစ်သီးဆိုင်ကို သွားပြီး ပိန္နဲသီး အိမ်ကျွတ် ဟုတ်သလား မေးစမ်း၊ ဟုတ်ရင်ဝယ်ခဲ့၊ ရော့ .. ပိုက်ဆံ ဆိုပြီး လွှတ်လိုက်တယ်ဗျာ၊ ပြီးတော့ ကျွန်တော့် ဒရိုင်ဘာက ဈေးသည်ကို ဘာစကားမှ တစ်ခွန်းတလေ မမေးဘဲ ပိန္နဲသီးကို ဝယ်လာတယ်ဗျာ။ ဒါနဲ့ ကျွန်တော် ဒေါသတကြီးနဲ့ မင်းကိုငါက အိမ်ကျွတ် ဟုတ်မဟုတ် မေးပြီး ဝယ်ခဲ့ပါလို့ မှာလိုက်တယ်။ မင်းက ဆိုင်ရှင်ကို ဘာမှ မေးခဲ့တာ ငါမတွေ့ရဘူး၊ မစုံးစမ်းဘဲ ငွေပေးပြီး ပိန္နဲသီးကို မင်းက ဝယ်လာတယ်" ဆိုပြီး ပြောလိုက်တယ်။

"ဟာဗျာ... ဆရာကြီးကလဲ ကျွန်တော်တို့ အင်ဒိုနီးရှား နိုင်ငံက ပိန္နဲသီးက အိမ်ကျွတ်မဟုတ်ဘဲ အိမ်ပျော့ဆိုတာ လုံးဝမရှိဘူး ဆရာကြီးရဲ့ ပိန္နဲသီးအားလုံး အိမ်ကျွတ်တွေပဲ။ မေးနေစရာ မလိုပါဘူး ဆိုပြီး ပြန်ပြောတော့ ကျွန်တော့်မှာ အံ့ဩရတယ်ဗျာ" ဟု ဆရာကြီး ဒေါက်တာ တင်မြင့်က ပြောပြဖူးသည်။

ဥရောပတိုက်တွင်လည်း အီးယူနိုင်ငံများနှင့် အမေရိကန် ပြည်ထောင်စုတို့သည် ငှက်ပျောသီး တင်ပို့မှုကို စကားများနေကြရပြီး၊ ငှက်ပျောသီး စစ်ပွဲကြီး ဖြစ်ရတော့မည့် အခြေအနေသို့ပင် ဦးတည်နေသည်။ ငှက်ပျောသီးစိုက်ပျိုးသော ကုမ္ပဏီကြီးများသည် ဧက ထောင်ပေါင်းများစွာကို ပိုင်ဆိုင်ထားကြပြီး ငှက်ပျောသီးတင်ပို့သည့် ကိုယ်ပိုင် သင်္ဘောကြီး အစီး ၈၀ ၊ ၉၀ ကိုပင် ပိုင်ဆိုင် ထားကြသည်ဟု ဆိုသည်။ သူတို့ နိုင်ငံတွေမှာ ဖြစ်နိုင်လျှင် ကျွန်တော်တို့နိုင်ငံမှာ ဘာပြုလို့ မဖြစ်နိုင်ကြရမှာလဲ၊ မလုပ်နိုင်ရမှာလဲ၊ ဘာတွေ လိုအပ်နေသလဲ၊ ကျွန်တော်တို့သည် ဆန်စပါး တစ်မျိုးတည်းကိုသာ မှီခိုနေသော အခြေအနေမှ ဘက်စုံစိုက်ပျိုးရေးခေတ်သို့ သွားသင့်ပြီ ဖြစ်ပါ၏။ ထို့ကြောင့် စားလို့ ရတာ အကုန်စိုက်၊ စိုက်လို့ရတာ အကုန်

...နိုင်ဖို့ ဝိုင်းဝန်း ကျိုးစားကြပါစို့ဟု တိုက်တွန်း ရေးသား လိုက်ရ ...တည်း။

■



ဗာဂျိုးနီးယားနှင့် မြန်မာ ဆေးရွက်ကြီးများ

# ပဲစင်းငုံ ရွှေခေတ်

၂၆–၁၀–၉၉ နေ့တွင် ပခုက္ကူမှ ရန်ကုန်သို့ ပုဂံမင်းသား
တော်ကားဖြင့် လိုက်ပါလာခဲ့သည်။ ညောင်ဦးမြို့မှ ထွက်လာ
အခါ လမ်းဘေး ဝဲယာတွင် ရွှေရောင်အပွင့်များ ဝေဆာနေသော ပဲစ
ခင်းကြီးများကို တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်နေရသည်။ အေ
အရပ်ဒေသမှ စပါးခင်းကြီးများကဲ့သို့ ဖြစ်ပါ၏။ ကျွန်တော်နှင့် ဘေး
ကပ်လျက် လိုက်ပါလာသူ ကိုမိုးကလည်း ပဲစင်းငုံခင်းကြီးများကို
ပြီး ပီတိဖြစ်နေဟန် တူပါသည်။

"ဆရာ၊ ဟောဒီ ပဲစင်းငုံတွေက ဒေါ်လာတွေပဲဗျ၊ သည်
ပဲစင်းငုံ အတော်အထွက်ကောင်းမယ် ထင်တယ်...ဆရာ၊ ပဲစ
မလှောင်ဘူးလား။ သည်နှစ် ပဲစင်းငုံ ဝယ်ပြီး လှောင်ထားတဲ့သူ
ငွေကျပ်တစ်ရာ ရင်းရင် နှစ်ရာဖြစ်တာပဲ ဆရာရဲ့။ ပဲစင်းငုံသမား
နှစ်တိုင်းမြတ်တယ်။ အခြား ပဲတွေက မသေချာဘူး။ ပဲစင်းငုံက သ
ကို မပစ်ဘူးဗျ။ ကျွန်တော်လဲ ဒီနှစ်တော့ ဝယ်ပြီး လှောင်ဦးမ
ဆိုပြီး ပြောပြနေပါတော့သည်။ မှန်ပါသည်။ ပဲစင်းငုံသည် အညာဒေ
၏ အဓိက ထွက်ကုန်ဖြစ်နေပါပြီ။ ယခင်ကဆိုလျှင် ပခုက္ကူ၊ မြ
ရေစကြို မြို့နယ်တွေလောက်သာ စိုက်ပျိုးသော သီးနှံဖြစ်ပါ၏။
တော့ ပေါက်၊ ထီးလင်း၊ ဆော၊ ဂန့်ဂေါ မြို့နယ်များ၌သာမက

ည်နယ်၊ 'ဟားခါးမြို့နယ် အပါအဝင် မကွေး၊ တောင်တွင်းကြီး နယ် များအထိ တွေ့မြင်နေရသော သီးနှံဖြစ်ပါ၏။

"ပဲစင်းငုံကတော့ ပဒေသာပင်ပါပဲ ဆရာရယ်၊ ကျွန်တော်တို့ သမှာတော့ တစ်နှစ်စိုက်ထားရင် နှစ်နှစ်ဆက်ပြီး သီးတယ်။ မျိုး ပြည်၊ သုံးပြည်လောက် စိုက်ထားရင် တင်း ၂၀၊ ၃၀ လောက်တော့ ချာထွက်တာပဲ။ ဒါပေမဲ့ တောဝက်တွေနဲ့ မျောက်တွေက ဖျက်ဆီး ယ်၊ မခံနိုင်ဘူး" ဟူ၍ ၁၉၉၄–၉၅ ခုနှစ်လောက်က ဓိပြားရွာသို့ ောက်စဉ် တောင်သူကြီးများက ပြောပြကြ၏။ ၉–၁၀–၉၉ နေ့တွင် မြို့နယ်၊ ပိုက်သင်ရွာ ဘုရားပွဲသို့ ရောက်ခဲ့စဉ်ကလည်း လက်ဖက် ည် ဝိုင်းတွင် ပဲစင်းငုံကိစ္စပဲ ပြောကြဆိုကြ ဆွေးနွေးခဲ့ကြပါ၏။ မော် ော်ယာဉ်ပေါ်တွင် စီးနင်း လိုက်ပါနေသော ကျွန်တော့်မှာ ထို လက် ရည်ကြမ်း စကားဝိုင်းမှ ပြောသံများကိုသာ ကြားနေပြန်၏။

"ခင်ဗျားတို့ တောင်သူတွေ ဒီနှစ် အခြေအနေ ဘယ်လို ရှိသလဲ" ကျွန်တော်က မေးလိုက်၏။

သကြိန်တုန်းက ရွာလိုက်တဲ့ မိုးပြီးတော့ သုံးလလုံးလုံး မိုးဆိုလို့ စက်မှ မကျပါဘူးဗျာ။ စိုက်ထားတဲ့ မြေပဲ၊ နှမ်းလျှင် ဘာဆို မှ မရပါဘူး။ အဲ... အသီးပင်ဆိုလို့ ပဲစင်းငုံ တစ်မျိုးပဲကျန်တယ်။ ပင်ကတော့ အတော်အသက်ပြင်းတယ်ဗျို့။ သုံးလလုံးလုံး မိုးမရွာ ဘောင် ပိန်လိန်ပြီးခံတယ်။ အခုနောက် မိုးကောင်းလိုက်တော့ နုံ့တွေ ထွက်လာပြီး အပွင့်တွေ ပွင့်လိုက်တာ ကြည့်လို့ပဲ ကောင်း ယ်" ဟု ဦးဘလှိုင်ကြီးက ဆွေးနွေးလာပြန်၏။

"ဒါပေမဲ့ စိတ်မချရသေးပါဘူးကွာ၊ ရန်သူက နှစ်ယောက် ယ်။ တစ်ဦးကမိုး၊ တစ်ဦးက သူခိုးပဲဗျ" အခုလို အပွင့်တွေ ပွင့်နေ မှာ မိုးသဲရိုက်လိုက်ရင် အပွင့်တွေ အားလုံး ကြွေကျပြီး အသီး တော့ဘူးဟု ဆို၏။ အသီးတွေ သီးလို့လဲ စိတ်မချရသေးဘူးဗျ၊ တွေက ပူတယ်။ အသီး မရင့်မီကတည်းက ခိုးခူးပြီး အစေ့နုနု တွေကို ပြုတ်ပြီး စားကြတာဟု တစ်ဦးက ဆွေးနွေးလာပြန်၏။

"တယ်... မင်းတို့ စိုက်တဲ့သူတွေက ဘာမျှ စိတ်မကူးရသေး

ဘူးဗျာ။ ခိုးမယ့်သူက အကြို့ရောင်းကြလို့ ငွေကုန်တောင် အကြို ယူထ
ပြီတဲ့" ဟု တစ်ဦးက ဆွေးနွေးလာပြန်၏။

"အေးပါကွ၊ မင်းတို့ကလဲ ငါတို့က စိုက်တယ်။ သိကြားမင်း
ရေလောင်းပေးတယ်။ သူခိုးက အရင်ခိုးစားတယ်။ စိတ်ကော
ထားတတ်ရင် ကုသိုလ်ရတာပါပဲ။ လှူမှ တန်းမှ ကုသိုလ်ရ
မဟုတ်ပါဘူး။

လူတိုင်းက ပဲစင်းငုံအကြောင်းကိုပဲ ပြောနေကြ၏။ ပဲစင်
ကလည်း ကောင်းကျိုးပြုလိုက်သည်က များပါဘိ။ အရွက်၊ အခွံများ
နွားကျွေးရ၏။ အရိုးကို ထင်းလုပ်ရ၏။ ပဲစင်းငုံ တစ်ဧကစိုက်လျှ
ထင်းတစ်တန် ထွက်သည်ဆို၏။ လူနှစ်ဦး၊ သုံးဦး ရှိသည့် အိမ်ဆိုလျှ
နှစ်ဧကမှ ထွက်သော ပဲစင်းငုံအရိုး ထင်းသည် တစ်နှစ်ပတ်လ
လောင်စာ လိုအပ်ချက်ကို အပြည့်ရသည်ဆို၏။ ထန်းလျက် ချက်
များကလည်း ပဲစင်းငုံရိုးကို ထင်းလုပ်ရန် မျှော်နေကြ၏။ ကုန်သည
ပွဲစားများကလည်း ပဲစင်းငုံပေါ်ချိန်ကို ငွေထုပ်ပိုက်ပြီး စောင့်နေကြ
ထိုသို့ လူတိုင်း မျှော်နေကြသော ပဲစင်းငုံကလည်း ဈေးနှုန်း
ထိန်းထားနိုင်၏။ မည်မျှပင် အထွက်ကောင်းသည် ဖြစ်စေ တစ်တင်း
၃၅၀၀ ကျပ်၊ ၄၀၀၀ ကျပ် ဈေးရှိနေ၏။ ပဲစင်းငုံတစ်တင်း ရောင်းလျှ
ဆန်တစ်အိတ် ဝယ်နိုင်သဖြင့် တောင်သူ ဦးကြီးများကလည်း ရွှေဝါရော
ခေါ်နေကြ၏။ စိုက်နှုန်းကလည်း သိသိသာသာ တိုးတက်လာနေ
၁၉၈၈–၈၉ ခုနှစ် တွင် ၁၇၂၀၀၀ ဧကသာ စိုက်ပျိုးခဲ့သော်လည်
၁၉၉၇–၉၈ ခုနှစ်တွင် ၆၂၂၀၀၀ စိုက်ပျိုးခဲ့ကြ၏။ ၃၆၀ ရာခိုင်နှုန်
တိုးချဲ့ စိုက်ပျိုးခဲ့ကြ၏။ ရောင်းဈေးကလည်း တစ်တန်လျှင် အမေရိက
ဒေါ်လာ ၂၀၀ အောက် မှ ၄၀၀ ဒေါ်လာ နီးပါးအထိ တက်ဈေ
ရလာခဲ့၏။ တစ်ဧက ထွက်နှုန်းကလည်း ၇ တင်းမှ ၁၀ တင
နှုန်းလောက် အထိ တိုးတက်လာခဲ့ပြန်၏။ အောက်ခြေ ဆင်းရဲသာ
လက်လုပ်လက်စား၊ တောင်သူ၊ ပွဲစား၊ ကုန်သည်၊ ကုမ္ပဏီများအထ
အကျိုးပြုနေသော ပဲစင်းငုံဖြစ်ပါ၏။ နိုင်ငံတော် အတွက် နိုင်ငံခြားငွေ

ှာပေးနေသော သီးနှံလည်း ဖြစ်ပါ၏။ လူတိုင်း၏ ပါးစပ်များမှာ ခင်းငုံအကြောင်းကိုသာ ပြောနေကြ၏။ ပဲစင်းငုံ ရွှေခေတ်ဟုသာ ခေါ်ရမည် ဖြစ်ကြောင်းပါခင်ဗျား။

ပဲစင်းငုံ **စိုက်ဧကပေါင်း**

| စဉ် | ခုနှစ် | စိုက်ဧက |
|---|---|---|
| ၁။ | ၁၉၈၈-၈၉ | ၁၇၂၀၀၀ ဧက |
| ၂။ | ၁၉၉၀-၉၁၊ | ၁၇၃၀၀၀ ဧက |
| ၃။ | ၁၉၉၂-၉၃၊ | ၅၃၀၀၀ ဧက |
| ၄။ | ၁၉၉၄-၉၅၊ | ၆၃၇၀၀၀ ဧက |
| ၅။ | ၁၉၉၆-၉၇၊ | ၇၁၄၀၀၀ ဧက |
| ၆။ | ၁၉၉၇-၉၈၊ | ၆၂၂၀၀၀ ဧက |

■

# မန်ကျည်းပင် ရွှေခေတ်

မုဋ္ဌောဘုရားကြီးကို ဓာတ်ပုံရိုက်ရန်အတွက် မြိုင်မြို့နယ်၊ ချောက်တောင်းရွာသို့ ရောက်ခဲ့သည်။ ကမ္ဘာကျေးရွာမှ ဦးအောင်ဆန်းက သူ၏ ဂျစ်ကားဖြင့် လိုက်ပို့သည်။ သရက်ကန်ကျေးရွာတွင် ဦးမောင်ရှင် အိမ်မှာ တည်းခိုကြသည်။

"ခင်ဗျားတို့ရဲ့ အဓိက စီးပွားရေးလုပ်ငန်းက မြေပဲ၊ နှမ်း ပဲလာ အခုနှစ် အလားအလာ ကောင်းရဲ့လားဗျ" ဟု ကျွန်တော်က ရွာသာ များကို မေးလိုက်၏။

"ကျွန်တော့်ရွာမှာက မန်းကျည်းနဲ့ ထန်းကို အဓိက လုပ်ကိုင် ကြတာပါ။ တောင်သူလုပ်ငန်းကတော့ တွဲဖက်လုပ်ငန်းပေါ့လေ" ဆိုပြ ဦးမောင်ရှင်က ရှင်းပြ၏။ သူ၏ ရှင်းပြချက်အရ မန်းကျည်းပင် အ အတွက်သည် သူတို့ရွာတွင် တစ်ထောင်ကျော်သည် ဆို၏။ မန်ကျည် ပင် တစ်ပင်လျှင် တစ်နှစ်မှာ ပိဿာ ၁၀၀ မှ ၃၅၀ အထိ ထွက်သ ဆို၏။ မန်ကျည်းသီးဈေးသည် ယနေ့ပေါက်ဈေးအရ အစေ့ပါ တ ပိဿာကို ၈၅ ကျပ် ဖြစ်၏။ ထို့ကြောင့် မန်ကျည်းတစ်ပင်၏ တစ်နှ ဝင်ငွေသည် ၈၅၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ ရှိ၏။ လွန်ခဲ့သ နှစ်က ဆိုလျှင် သရက်ကန် ဘုန်းကြီးကျောင်း တောင်ဘက်မှ ဦးချော

မန်ကျည်းပင်မှ ပိဿာ ၄၀၀ ကျော်ရတယ်။ ဈေးကလဲ တစ်ပိဿာ ၁၇၀ ကျပ် ရောင်းရတော့ အခွံထင်းဖိုးရောဆိုရင် ဝင်ငွေ ကျပ် ခုနစ်သောင်းကျော် ရသည်ဟု ရှင်းပြပေးနေ၏။ မန်ကျည်းသီး အခွံများကို ထန်းလျက် ချက်သူများအား တစ်တင်းခွဲဝင် တစ်တောင်းလျှင် ၆ကျပ် ဈေးနှုန်းဖြင့် ရောင်းရသည် ဆို၏။ အစေ့ထုတ်ယူပြီး မန်ကျည်းဖတ် ဆိုလျှင် တစ်ပိဿာကို ၇၅၀ ကျပ်အထိ ဈေးပေါက်ခဲ့သည်ဟု ဆို၏။ ယခုတော့ ၂၅၀ ကျပ်သာ ဈေးရှိတော့သည်ဟု သိရ၏။ အစေ့များကို နိုင်ငံခြားမှ ကော်လုပ်ရန်ဆိုပြီး တစ်တင်း ၃၀၀ ကျပ်ဖြင့် လိုက်ပြီး ဝယ်နေကြ၏။ ရွာမှာတော့ ဝက်သမားများက လှော်ပြီး ရေစိမ်၍ ဝက်ကျွေးရန် တစ်တင်းကို ၂၅၀ ကျပ်ဈေးဖြင့် ဝယ်နေကြ၏။ အစေ့ကို လှော်ပြီး ဝက်ကျွေးလျှင် ဝက်ဝသည်။ ဝက်ကလည်း အလွန် ကြိုက်သည်။ တဖြုတ်ဖြုတ်ဖြင့် တစ်နေကုန် ဝါးနေတာပဲဟု ပြောပြကြ၏။ မန်ကျည်းသည် ဧပြီလ၊ ဇွန်လတို့မှာ စသီးပြီး နောက်နှစ် မတ်လမှာ ခူးယူရ၏။ မိုးကောင်းသည့်နှစ်မှာ မန်ကျည်း အထွက်ကောင်း၏။ မြိုင်မြို့နယ် တောင်ပိုင်း ကျေးရွာများဖြစ်သော သရက်ကန်၊ ကိုင်းသာမ၊ ဖိုးတောတိုက်၊ ရွာသစ်၊ အိုင်းမ၊ ပေပင်တိုက်၊ ကျောက်တိုင်၊ ဆိုကုန်း၊ ညောင်ကုန်း၊ မြင်ကို့သစ်၊ လက်ခုတ်ပင် ကျေးရွာများသည် မန်ကျည်းနှင့် ထန်းကို အဓိက စီးပွားရေးအဖြစ် လုပ်ကိုင် စားသောက်ကြသည်ဟု သိရ၏။ မြိုင်မြို့နယ် အရှေ့ခြမ်းပိုင်းဖြစ်သော ဝါးသုံးအိုင်၊ ကန်၊ ကမ်းနီရွာများတွင် လွန်ခဲ့သော အနှစ် ၃၀ လောက်က ထန်းပင်တစ်ပင်မျှ မရှိ။ ယခုတော့ ထန်းပင်ကြီးတွေ တဝေဝေ၊ ပေပင်ကြီးတွေ တော်မတ်၊ မလေးနေတဲ့ ရပ်ဟု ဆိုရလောက်အောင် ထန်းတောကြီးများက ဆက်နေ၏။ နေ့စဉ် ထိုရွာ သုံးလေးရွာမှ ထန်းလျက်ပိဿာ တစ်သောင်းကျော် နေ့စဉ် ဝင်ငွေ ကျပ် ၁၀ သန်းဖိုး ရနေသည်ဆို၏။ တစ်နှစ်မှာ မြိုင်မြို့နယ်မှ ထန်းလျက်ပိဿာ သိန်း ၂၀ ကျော် နှစ်စဉ်ထွက်၏။ တစ်ပိဿာကို ၁၀၀ ကျပ်နှင့် တွက်လျှင် ဝင်ငွေ ကျပ်သိန်း နှစ်ထောင် ရသည်ဟု ထန်းလျက်ကုန်သည်ကြီး ဦးအောင်သန်းက ပြောပြ၏။

"ဒီမန်ကျည်းပင်တွေကို စိုက်တာလား၊ ဝယ်ယူတာလား" ဟု ကျွန်တော်က မေးမိပြန်၏။

"ဒါကတော့ အမျိုးစုံပေါ့ ဆရာကြီးရယ်။ စိုက်တာလည်း ရှိတယ်။ ဝယ်တာလဲ ရှိတယ်။ အပေါင်ခံတာလဲ ရှိတယ်။ ဝယ်ရင်တော့ အပင်ရဲ့ သီးအားကို မှတည်ပြီး ဈေးပေးရတယ်။ တစ်ပင်ကို ကျပ် တစ်သောင်းမှ ကျပ်ငါးသောင်းအထိ ရှိသည်ဟု ဦးမောင်ရှင်က ပြောပြ နေ၏။ ပေါင်လျှင်တော့ တစ်ပင်ကို ကျပ်နှစ်သောင်း ပေးရသည်။ ပေါင် ငွေကို ပြန်မပေးမချင်း အတိုးငွေ မပေးရ။ ငွေရှင်က မန်ကျည်းသီးကို ယူသည်ဆို၏။ စိုက်လျှင်တော့ မန်ကျည်းနှင့် ထန်းဟာ ၁၅ နှစ် ဆိုလျှင် စပြီး သီးသည်ဆို၏။ နှစ်စဉ် တစ်နိုင်တစ်ပိုင် စိုက်နေကြ၏။

"ဆရာရယ် သစ်ပင်စိုက်ရတာချင်း အတူတူ ဝင်ငွေရမယ့် အပင် စိုက်ကြတာပေါ့" ဟုလည်း ဆို၏။ မှန်ပေသည်။ ရွာထဲမှာပဲကြည့်ကြည့် လမ်းဘေး ဝဲယာမှာပဲ ကြည့်ကြည့်၊ ယာခင်းများ၏ ခြံစည်းရိုးတွေပဲ ကြည့်ကြည့် မန်ကျည်းပင်၊ ထန်းပင်ကြီးများကိုသာ တွေ့နေရ၏။ အမွှေး တိုင် လုပ်သူများကလည်း မန်ကျည်းသားကို သွေးပြီးလုပ်ကြတော့ မန်ကျည်းသား တစ်ပိဿာကို ၁၅ ကျပ်၊ မန်ကျည်းတစ်ပင်ကို ကျပ် ၂ သောင်းဖြင့် ဝယ်ပြီး ခုတ်နေကြသည်။

မန်ကျည်းပင် ရွှေခေတ်ဟုသာ ဆိုချင်ပါ၏။

■

## သနပ်ခါးစိုက်ပျိုး ဝင်ငွေတိုး

ကိုမျိုးညွန့်၏ ဖိတ်ခေါ်မှုကြောင့် သူတို့ရွာသို့ လိုက်သွားခဲ့၏။

“ဟောဒီလူရဲ့ အမည်က ကိုအောင်ငွေလို့ ခေါ်တယ် ဆရာရဲ့၊ လွန်ခဲ့တဲ့ လထဲက သူ့ရဲ့ သနပ်ခါးခင်းကို ရောင်းတာ ကျပ်သိန်း ၃၀ ရတယ်”

“တစ်ခင်းလုံး ရောင်းတာလား”

ဘယ်ဟုတ်မလဲ ဆရာရဲ့၊ အပင် ၃၀၀၀ ကျော် ရှိတဲ့ အထဲက ကြက်ပင် တစ်ထောင်ကို ရွေးထုတ်ပြီး ရောင်းတာပါ။ ဒီလိုဆိုရင် ခင်ဗျားသနပါခါးပင်က တစ်ပင်ကို ကျပ်သုံးထောင်နှုန်း ရတာပေါ့။

“ဟုတ်ပါတယ် ဆရာရယ်။ တချို့အပင်တွေက ကျပ် တစ်သောင်းကျော် တန်တယ်။ တချို့အပင်တွေကျတော့ ကျပ် တစ်ထောင်လောက် တန်တာပေါ့” ဟု ရှင်းပြနေ၏။

“ခင်ဗျားရဲ့ သနပ်ခါးခင်းက နှစ်ပေါင်း ဘယ်လောက် ကြာပြီ လဲ”

“၁၉၈၀ ခုနှစ်က စပြီး တည်ထောင်ခဲ့တာပါ ဆရာ”

“ကေ ဘယ်လောက် ကျယ်သလဲ”

“၁၅ ကေ ကျော်ပါတယ်”

“အလေ့ကျ ပေါက်တဲ့ အပင်တွေလား၊ စိုက်တဲ့ အပင်တွေလား”

"အလေ့ကျ သဘာဝ ပေါက်ပင်တွေက ထက်ဝက်လောက် ပါတာပေါ့ ဆရာ၊ စိုက်ပင်တွေက ထက်ဝက်လောက် ရှိတာပေါ့"

"အရင် ဘယ်နှစ်ကြိမ် ရောင်းပြီးပြီလဲ"

"လွန်ခဲ့တဲ့ ၅ နှစ်က တစ်ကြိမ် ရောင်းတုန်းက ကျပ်သိန်း ၂ဝ ရတယ်။ အခု ကျပ်သိန်း ၃ဝ ရတယ်။ ဒါက များများစားစား ရောင်းတာကို ပြောတာပါ။ တစ်နှစ်မှာ ၅ သိန်း၊ ၆ သိန်း ဖိုးကတော့ တစ်နှစ်ခြားလောက် ရောင်းခဲ့တာပေါ့။ နှစ်စဉ်တော့ ကျပ်တစ်သိန်းဖိုးတော့ ရောင်းရတာပဲ။ လုပ်အားခနဲ့ ထမင်းဖိုးရအောင် လောင်းရိပ်မိတဲ့ အပင်၊ သေမယ့်အပင်၊ အဖြစ်နေ့းမယ့် အပင်တွေကို ခုတ်ပြီး လစဉ်ရောင်းတာပေါ့"

"သနပ်ခါးပင်တွေကို ဘယ်လို ပြုစုသလဲ"

"ဟာ... ပင်ပန်းပါတယ် ဆရာ၊ မပြောပါနဲ့။ သစ်ပင်ဆိုတာ ပစ်ထားရင်တော့ မဖြစ်ထွန်းဘူး ဆရာရဲ့။ မမြဲ ဂရုစိုက်ပြီး ပြုစုရတယ်။ ပိုးကျရင် ပိုးသတ်ဆေး ဖျန်းပေးရတယ်။ မြေကြီးမာနေရင် ထယ်ထိုးပေးရတယ်။ ချုံနွယ်ပိတ်ပေါင်းတွေ ရှင်းပေးရတယ်။ အထူးသဖြင့် မြေဩဇာ ကျွေးပေးရတယ်။ မြေဩဇာဆိုပေမယ့် ပုလဲ ဓာတ်မြေဩဇာတို့၊ နိုင်ငံခြားက လာတဲ့ ဓာတ်ပါတို့ကို မကျွေးရဘူးဆရာရဲ့။ သဘာဝ သလင်းမှုန့်ကိုပဲ သနပ်ခါးက ကြိုက်တာ။ မိုးမရွာမီမှာ ကျောက်သလင်းမှုန့် နို့ဆီဘူး တစ်ဘူးစာလောက်ကို အပင်ရင်းမှာ ပုံပေးရတယ်။ အိမ်က ကလေးတွေဆိုရင် ကျောက်သလင်းမှုန့် ထုရ ကြိတ်ရတာနဲ့ မနားကြရပါဘူး ဆရာ။ ဝယ်တဲ့ ကျောက်သလင်းမှုန့်တွေက အစစ်မှုန့်က နည်းနည်း၊ ရောထားတာတွေက များများ" ဟု ကိုအောင်ငွေက စိတ်ရှည်လက်ရှည် ရှင်းပြပေးနေ၏။

မှန်ပေသည်။ သူတို့ရွာတွင် သနပ်ခါးဖြင့် ချမ်းသာနေသူ ၁၅ ဦးထက် မနည်း ရှိသည်ဆို၏။ ရွာအမည်ကိုတော့ တိတိကျကျ မရေးပါနဲ့၊ ဘာကြေး ညာကြေးတွေ လာပြီး ကောက်ခံနေပါဦးမည် ဆို၏။

အမှန်တော့ သနပ်ခါးသည် ပုဂံခေတ်မှာပင် အသုံးပြုနေကြပြီ ဖြစ်ပါ၏။ ပဲခူးမြို့၊ ရွှေမော်ဓော ဘုရားသို့ ရောက်ခဲ့စဉ်က ရာဇဓာတု

...၏ ကျောက်ပျဉ်ဆိုပြီး ပြတိုက်အတွင်းမှာ တွေ့မြင်ခဲ့ရ၏။ ...ပျဉ်တွင် ရာဇဝင်ဆိုပြီး စာတန်းပါ၏။ မြန်မာ အမျိုး ...ား ရှိနေသမျှ သနပ်ခါး ဈေးကွက်ကြီး ရှိနေမှာ ဖြစ်ပါ၏။

...တောင်သူကြီးများ သနပ်ခါးစိုက်ပြီး ဝင်ငွေတိုးအောင် လုပ်ကြ ...ဘိုက်တွန်း ရေးသားလိုက်ရပေသည်။

■



...ရေးသူ၏ ဉောင်ဦးမြို့၊ ရွှေပုံတောင် သနပ်ခါးခြံ

# စားလိုလျှင် မွေးကြပါ

ကိုညိုဆိုသူ မိတ်ဆွေတစ်ဦး ရောက်လာ၏။ သူသည်
တိရစ္ဆာန် ဆရာဝန်ကြီးတစ်ဦး ဖြစ်၏။ ကျွန်တော့်၏ သမီးတစ်
မှာ တိရစ္ဆာန် ဆရာဝန်ဘွဲ့ ရထားသူ တစ်ဦး ဖြစ်၏။ ထို့
တိရစ္ဆာန် ဆရာဝန်များ၏ အလုပ်အကိုင် အခြေအနေများနှင့်
နိုင်ငံ မွေးမြူရေး လုပ်ငန်းအကြောင်းကို ဆွေးနွေးကြ၏။ ကျွန်
သမီးအတွင် အလုပ်အကိုင်တစ်ခု လုပ်ဖို့ အကြံဉာဏ် ပေးပါရန်
ရပ်ခံလိုက်သည်။

"ဒါကတော့ ဒီလိုရှိပါတယ် ဆရာသက်ရယ်။ မြန်မာနိ
တိရစ္ဆာန် မွေးမြူရေးနဲ့ ကုသရေးလုပ်ငန်းဟာ အိမ်နီးချင်း နိုင်
စာရင် နောက်ကျ ကျန်နေပါသေးတယ်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊
ဝက်၊ ဘဲ ဦးရေ တိုးတက်မှုဟာလဲ လူဦးရေ တိုးတက်မှုနှုန်းရဲ့
ဝက်တောင် မရှိဘူး။ တစ်ချိန်ချိန်မှာ အခက်အခဲ တွေ့လာနိုင်
ဗျာ။ ဒါတွေဟာ ကျွန်တော်တို့ တိရစ္ဆာန် ဆရာဝန်တွေရဲ့ တာဝ
ဥပမာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုး တိုးတက်
ဟိုတယ်တွေမှာ လိုအပ်တဲ့ အသားတွေကို နိုင်ငံခြားက တင်
ယူကြရမှာပဲ။ နိုင်ငံခြားသားဦးရေ ၅ သန်း ဝင်လာရင် ကြက်

ရေ ၅ သန်း ပိုသုံးရမှာပေါ့ဗျာ” ဆိုပြီး သားငါး ထုတ်လုပ်မှု အခြေအနေများကို ဆွေးနွေးကြ၏။

“အဲ... နောက်တစ်ခု ခင်ဗျားရဲ့ သမီးအတွက် အလုပ်လုပ်ဖို့ကိစ္စကတော့ဗျာ...” ဆိုပြီး စဉ်းစားနေ၏။

“အလုပ်တစ်ခုကို လုပ်တယ်ဆိုတာ ကိုယ့်ဘက်က နှစ်ချက်၊ အလုပ်ရှင်ဘက်က နှစ်ချက် လိုတယ်ခင်ဗျ။ ကိုယ့်ဘက်ကတော့ဗျာ ဝါသနာ ပါရမယ်။ လေ့လာရမယ်။ အလုပ်ရှင်မှာလဲ ပညာရှင်ကို သင့်တင့် မျှတတဲ့ လခ ပေးမယ့် အလုပ်ရှင်နဲ့ တွေ့ဖို့ လိုတယ်ဗျာ။ အဲဒီတော့ဗျာ သည်လို လုပ်ကြရအောင်ဗျာ။ တိမ္မေးကု ဆရာဝန် လုပ်ကိုင်နေတဲ့ အလုပ်တွေကို ခင်ဗျားကို ခေါ်သွားပြီး လိုက်ပြမယ်။ ဘာကို လုပ်သင့်တယ် ဆိုတာ ကိုတော့ ခင်ဗျားနဲ့ ခင်ဗျားသမီးကိုယ်တိုင် ဆုံးဖြတ်ပါဟု ဆိုနေ၏။

နောက်တစ်နေ့တွင် ဗိုလ်အောင်ကျော်လမ်းက ကျော်ဝင်းကုမ္ပဏီသို့ သွားကြ၏။ လူဆေးနှင့် တိရစ္ဆာန်ဆေးများ ရောင်းဝယ်ဖြန့်ဖြူးမှုကို လေ့လာကြ၏။ ထို့နောက် ဗီဇဝါကုမ္ပဏီသို့ သွားကြပြန်၏။ သူတို့သည် ကျွန်တော်၏ မိတ်ဆွေရင်းများ ဖြစ်၏။ လူကုသော ဆေးဝါးများကို နိုင်ငံခြားမှ တင်သွင်းပြီး ဖြန့်ဖြူး ရောင်းချနေ၏။ တိရစ္ဆာန်ဆေးများကိုတော့ ယခုမှ စတင် ရောင်းချရန် စီစဉ်နေ၏။ နောက်တစ်နေ့တွင် ကိုညိုသည် သူ၏ ဟန်ဒွန်းကုမ္ပဏီခေါ် တောင်ကိုရီးယားကုမ္ပဏီ၏ ဆေးဝါး ဖြန့်ဖြူးနေပုံကို လေ့လာရန်နှင့် မွေးမြူရေး လုပ်ငန်းများကို လေ့လာရန် မှော်ဘီမြို့သို့ ကျွန်တော့်အား ခေါ်သွားပြန်၏။ ကြက်မွေးမြူရေးနှင့် ပတ်သက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာ ကြက်ခြံ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကြက်ခြံများကို လေ့လာခွင့်ရ၏။ ခလလုံခန်းဖြင့် မွေးနည်း၊ အမိုးနှစ်ထပ် တဲအိမ်များဖြင့် မွေးနည်းများကို ဘာဝန်ခံ ဒေါက်တာတင်ဝင်းလှိုင်က ရှင်းပြ၏။ ထို့နောက် မှော်ဘီမြို့ လမ်းမကြီးပေါ်တွင် သူတို့ ဖွဲ့စည်း တည်ထောင်ထားသော မျိုးမြန်မာ မွေးမြူရေး အကျိုးဆောင်လုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခွင့် ရခဲ့၏။ သူတို့သည် ကြက်မွေးမြူရေး လုပ်ငန်းရှင်က

အတိုင်ပင်ခံအဖြစ် ခြံတစ်ခြံကို တစ်နေ့ တစ်နာရီ၊ နှစ်နာရီ လာကြည့်ရန် ပုတ်ပြတ် ငှားထားခြင်းဖြစ်၏။ ကြက်များကို ကာကွယ်ဆေးထိုးခြင်း၊ အစာကျွေးခြင်း၊ သန့်ရှင်းရေး၊ ရောဂါ စစ်ဆေးခြင်းမှအစ စစ်ဆေးပြီး ညွှန်ကြားချက်များကို အလုပ်သမားများ နားလည်အောင် ခိုင်းပေးရ၏။ ကြက်တစ်ကောင်ကို ၄၅ ရက် ကြည့်ရှုခအဖြစ် ၇ ကျပ်မှ ၁၀ ကျပ် ရ၏။ တစ်ခြံမှာ အကောင် ၃၀၀၀ ရှိလျှင် သုံးထောင်ကျပ် ရ၏။ သူတို့ အဖွဲ့သည် ခြံ ၈ ခြံ ကြည့်ရှုပေးရသဖြင့် တစ်လမှာ ကျပ်နှစ်သိန်းကျော် ရသည်ဆို၏။ အစာလည်းရောင်း၊ ဆေးလည်းရောင်း၏။ ထိုအဖွဲ့မျိုးမှာ မှော်ဘီမြို့ပေါ်၌ သုံးလေးဖွဲ့ရှိသည် ဆို၏။ ထို့နောက် ကြက်ခြံများကို လိုက်ပြီး လေ့လာ၏။ ကြက်ခြံပိုင်ရှင်များမှာ အငြိမ်းစား တပ်မတော် အရာရှိကြီးများ။ ဆရာဝန်များ။ သဘောသားများ၊ ဘွဲ့ရ လူငယ်များ စုံနေ၏။ ထူးထူးခြားခြား ကချင်ပြည်နယ်၊ မိုးကောင်းမြို့မှ ကချင် အမျိုးသမီး မစန်းစန်းအေး ၃၀ နှစ်ခန့်သည် မိခင်ကြီးနှင့်အတူ ခြံထောင်ပြီး မွေးမြူရေးလုပ်နေ၏။ မစန်းစန်းအေးသည် သချာဘာသာ ဖြင့် ဘွဲ့ရထားသူ ဖြစ်၏။ ငွေကျပ် တစ်ဆယ့်ငါးသိန်း ယူလာ၏။ ခြံမြေနေရာကို ကြက် ၃၀၀၀ ဆံ့ ပေ ၂၀၀ အရှည် တဲတစ်လုံး မြေနေရာ ကို လခ ၅၀၀၀ ကျပ်ဖြင့် ငှား၏။ ကြက် ၃၀၀၀ ကို တစ်ကောင်လျှင် ၁၁၀ ကျပ်ဖြင့် ဝယ်၏။ အတိုင်ပင်ခံ မွေးမြူရေး ဆရာဝန်အဖြစ် ဒေါက်တာမျိုးသန့် (မျိုးမြန်မာ မွေးမြူရေး အကျိုးဆောင်လုပ်ငန်း) အား တစ်ကောင် ၄၅ ရက် ၁၀ ကျပ်ဖြင့် သုံးသောင်းပေးပြီး ငှား၏။ ကြက်ကောင်ရေ ၂၅၀ သေသည်ဆို၏။ ကြက်သားဈေးမှာ တစ်ပိဿာလျှင် ပထမသုတ် ၃၆၅ ကျပ်၊ ဒုတိယသုတ် ၄၈၀ ကျပ်၊ ယခုအသုတ် ၅၈၀ ကျပ်ဈေး ရောင်းချရ၏။ အရင် နှစ်ကြိမ်ကတော့ အမြတ်မရှိ၊ အခုအကြိမ်မှာတော့ ကျပ်တစ်သိန်းခွဲခန့် မြတ်သည်ဆို၏။ ကြက်သား ဈေးမှာ တစ်ပိဿာ ၄၈၀ ကျပ်ကျော်မှသာ တွက်ချေကိုက်သည် ဆို၏။ မှော်ဘီမြို့နယ်တွင် အသားစားကြက် ကောင်ရေ သုံးသိန်းခန့်နှင့် ဥစား ကြက် တစ်သိန်းကျော် ရှိသည်ဆို၏။ ခြံပေါင်း ၁၀၀ ကျော်၏။ ရွာများ မှာ တစ်ပိုင်တစ်နိုင်ဖြင့် တစ်အိမ်မှာ အကောင် ၃၀၀ မှ ၅၀၀ မွေး

ကြသည် ဆို၏။ အထူးသဖြင့် နောကုန်းရွာ၊ လှပဒါရွာ၊ ဝါးတစ်ရွာ တို့တွင် အိမ်တိုင်းမှာ မွေးကြသည်ဆို၏။ မွေးမြူရေးလုပ်ငန်းသည် ကျယ်ပြန့်လာပြီး ကျောက်မဲမြို့၌ ကြက် ၆ သိန်း၊ တန့်ဆည်မြို့၌ ၃ သိန်း၊ တောင်ကြီးမြို့၌ ၂ သိန်း၊ မေမြို့၌ ၂ သိန်း၊ ရေဦး၊ မုံရွာ၊ သီပေါ၊ ပခုက္ကူ၊ မကွေးမြို့တို့မှာလည်း မွေးနေကြပြီ ဆို၏။ အထူးသဖြင့် တောင်ကြီးမြို့မှ လူဆရာဝန် ဒေါက်တာသိန်းစိန် (အမ်ဘီဘီအက်စ်) သည် ကြက်ကောင်ရေ တစ်သိန်းခွဲ ရှိသည်ဆို၏။ FAO ဆုကိုပင် ရခဲ့သည် ဆို၏။ သို့သော် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ ၁၉၉၇–၉၈ ခုနှစ် အစီရင်ခံစာ စာအုပ်အရ မြန်မာနိုင်ငံတွင် ကြက်ကောင်ရေ ၃၇ သန်း ၇ သိန်း ရှိ၏။ မွေးမြူရေးကြက်မှာ ၃ သန်းခန့် (၂.၉၈၃ သန်း) သာ ရှိသဖြင့် တစ်နိုင်ငံလုံးမှ ကြက်ကောင်ရေ စုစုပေါင်း၏ ၇.၈ ရာခိုင်နှုန်းသာ ရှိ၏။ ၉၂ ရာခိုင်နှုန်းမှာ မိရိုးဖလာ မွေးမြူသူ ဗမာကြက်များသာ ဖြစ်၏။ ကြက်ကောင်ရေမှာ ၁၉၈၇–၈၈ ခုနှစ်မှာ ၃၃.၉ သန်း ရှိပြီး၊ ၁၀ နှစ်အကြာ ၁၉၉၇–၉၈ ခုနှစ်၌ ၃၇.၇ သန်း အထိသာ တိုးတက်ခဲ့၏။ ၁၀ နှစ်အတွင်း ၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့၏။ လူဦးရေက ၂၀.၄ တိုးတက်လာခဲ့၏။ ထို့အတူ နွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ဝက် တို့သည်လည်း လူဦးရေတိုးတက်မှုနှုန်း၏ ထက်ဝက်မျှသာ တိုးတက်နေ၏။ သား၊ ငါး ရှားပါးလာနေသည် ဆိုသော ဒေါက်တာညို၏ စကားသည် မှန်ပေ၏။ ထိုပြဿနာများကို ပေါ့ပေါ့တန်တန် လျစ်လျူရှု ပစ်ထားလို့မရ။ ထိရောက်သော စီမံကိန်း၊ စီမံချက် ရေးဆွဲပြီး ဆောင်ရွက်သင့်ပြီ ဖြစ်ပါ၏။ လူဦးရေမှာ တိုးတက်မလာသည့်အပြင် ယုတ်လျော့သွား၏။ ပီကင်းဘဲကင်၊ ရွှေဘဲ စသည်ဖြင့် ဘဲကင်ဆိုင်တွေက မှိုပေါက်သလို ပေါများလာနေ၏။ စားလိုလျှင်တော့ မွေးကြပါဟု တိုက်တွန်းရေးသား လိုက်ရပေတည်း။

## ၁၉၈၇–၈၈ ခုနှစ်နှင့် ၁၉၉၇–၉၈ ခုနှစ် တိရစ္ဆာန်ဦးရေ လူဦးရေတို့ နှိုင်းယှဉ် ဖော်ပြချက် (၁၀ နှစ်တာ ကာလအတွင်း)

| | | ၁၉၈၇–၈၈ | ၁၉၉၇–၉၈ | တိုးတက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | လူဦးရေ (သန်းပေါင်း) | ၃၈.၅၄ | ၄၆.၄ | ၁၂၀.၄ |
| ၂။ | နွား (ကောင်ရေသန်း) | ၁၀.၁ | ၁၀.၆ | ၁၀၄.၉ |
| ၃။ | ကျွဲ (ကောင်ရေသန်း) | ၂.၂ | ၂.၄ | ၁၀၉.၁ |
| ၄။ | သိုး/ဆိတ် (ကောင်ရေသန်း) | ၁.၅ | ၁.၇ | ၁၁၃.၃ |
| ၅။ | ဝက် (ကောင်ရေသန်း) | ၃.၂ | ၃.၇ | ၁၁၅.၆ |
| ၆။ | ကြက် (ကောင်ရေသန်း) | ၃၃.၉ | ၃၇.၇ | ၁၁၁. |
| ၇။ | ဘဲ (ကောင်ရေသန်း) | ၆.၂ | ၅.၉ | ၉၅.၁ |

**ကျမ်းကိုး–** အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ တင်ပြချက် စာအုပ် (၁၉၉၇–၉၈၊ စာမျက်နှာ၊ ၉)

■

# ကြက်သားစားမလား

မောင်ညို့ဆိုသော လူငယ်တစ်ယောက် ရောက်လာ၏။ သူသည် သစ်ထုတ်ခဲ့ဖူးသည်။ ကျောက်တူးခဲ့ဖူးသည်။ ကားထောင်ခဲ့ဖူးသည်။ ဆီစက် ထောင်ခဲ့ဖူးသည်။ ကြက်သွန်စိုက်ခဲ့ဖူးသည်။ ပဲတီစိမ်း၊ နှမ်း စိုက်ခဲ့ဖူးသည်။ ကုန်သည်ပွဲစား လုပ်ခဲ့ဖူးသည့် ဘွဲ့ရ လူငယ်တစ်ဦး။ တစ်လုပ်မကောင်း၊ တစ်လုပ်ပြောင်း၊ ဟော ...ယခု အသားစားကြက် မွေးနေပြန်ပြီဆို၏။ အသားစားကြက် မွေးတဲ့အလုပ်ကလည်း တစ်သုတ် လျှင် ကျပ်တစ်သိန်းလောက် အရှုံးပြနေ၍ အခြား အလုပ်တစ်ခုသို့ ပြောင်းလို၍ ကျွန်တော့်ထံ တိုင်ပင်ဆွေးနွေးရန် လာခဲ့သည်ဆို၏ ။ "မင်းလုပ်မယ့် အလုပ်ကို ငါ့ ပြောစမ်းပါကွာ" ဟု ကျွန်တော်က ဆို၏။ ဘာလဲ... ဆရာလဲ ရှယ်ယာ ပါဝင်ချင်သလားဟု မေး၏။ မပါချင် ပါဘူးကွာ။ မင်းလုပ်မယ့် အလုပ်ကို ငါရှောင်ပြီး လုပ်ရအောင်ပါဟု ရယ်စရာ ပြောလိုက်၏။ ဟာ.. ဆရာကလဲ ကျွန်တော်လုပ်တဲ့ အလုပ် တွေက ရှုံးတာ ရှုံးတာပဲဗျ၊ မမှားဘူးဟု ဆိုပြန်၏။ သူ့စကား၏ အဓိပ္ပာယ်ကို မေးမိသောအခါ "ကြို့တင် ခန့်မှန်းထားတဲ့အတိုင်း ကွက် တိ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ရှုံးတယ်" ဟု ဆို၏။ ဥပမာ– ကြက်တစ်ကောင် တစ်ရက်သားလေးတွေကို ၄၅ ရက် မွေးလျှင် တစ်ပိဿာ ထွက်လာ သည်။ ထိုနေ့က ကြက်သား တစ်ပိဿာဈေးသည် ၄၅၀–၅၀၀ ကျပ်

ရှိသည် ဆို၏။ ယခု တဖြည်းဖြည်း ဈေးကျလာသည်မှာ ၂၉၀ ကျပ် အထိ ဖြစ်သွားရသည် ဆို၏။ ဗမာကြက်များကတော့ ၆၅၀ ကျပ်၊ ၇၀၀ ကျပ် ဈေးမကျ။

"မင်းရဲ့ လုပ်ငန်းလေးအကြောင်းကို ဗဟုသုတ ဖြစ်ရအောင် ငါ့ကို ပြောစမ်းပါဦးကွ" ဟု ကျွန်တော်က စာရေးဆရာပီပီ စပ်စု လိုက်၏။

ဒီလိုဆရာရဲ့...ဟု ပြောရင်း ဆေးပေါ့လိပ်နှင့် မီးခြစ်ကို ဆွဲထုတ်ပြီး ပြောပြနေတော့၏။ "ကျွန်တော်နဲ့ ရှမ်းကလေး အလုပ်ကိစ္စ တိုင်ပင်ရင်း အသားကြက် ကြော်ငြာတစ်ခုကို တွေ့တာနဲ့ လုပ်ငန်းလုပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ မှော်ဘီဘက်မှာပေါ့။ မြေတစ်ဧကနီးပါးကို တစ်လ သုံးထောင်ပေးပြီး ငှားလိုက်တယ်။ ကြက်ခြံ ဆောက်တယ်။ ကြက် အကောင်ပေါက်လေးတွေကို စီပီကုမ္ပဏီက ဝယ်တယ်။ တစ်ကောင်ကို ၁၂၅ ကျပ် ပေးရတယ်။ တစ်ယူနစ်ကို အကောင် ၃၀၀၀ မွေးရတာဆိုတော့ အကောင် ၃၀၀၀ ပဲ မွေးပါတယ်။ ကြက်ဖိုးအ သုံးသိန်းခွဲလောက် ကုန်သွားတာပေါ့။ ကြက်စာဖိုးက တစ်ကောင် အတွက် ၄၅ ရက်စာ ၂၀၀ ကျပ် ကုန်တယ်။ ဆေးဖိုးက ၁၀ ကျပ် လောက် ကုန်တယ်။ မီးတို့ ဘာတို့ စရိတ်က ၅ ကျပ် ကုန်တယ်။ အလုပ်သမားခက ၅ ကျပ်၊ အဆောက်အဦးက ၅ ကျပ်၊ တိရစ္ဆာန် ဆရာဝန်ငှားခ၊ ကြီးကြပ်ခ၊ ခရီးစရိတ်တို့က ကြက်တစ်ကောင် တစ်သုတ်အတွက် ၁၅ ကျပ်၊ ၂၀ ကျပ်လောက် ကုန်တယ်။ ကျွန်တော် က ဦးအုံးဖေဆီက ပညာယူထားတာ ဆိုတော့ ငါးမူး။ တစ်ကျပ်မှ စပြီး မှတ်ထားတယ်ဆရာ။ ပျှမ်းမျှခြင်း ကြက်တစ်ကောင်အတွက် ၃၆၀ ကျပ်၊ ၃၇၀ ကျပ်လောက် ကျတယ်ဆရာ။ အသေအပျောက် မရှိဘူး။ တကယ်ပဲ တစ်ကောင်ကို တစ်ပိဿာ ရှိပါတယ်။ ဒါပေမဲ့ ကြက်သားဈေးက ပထမ အသုတ်မှာ ၃၄၀ ကျပ် ရောင်းရတယ်။ နောက် ၃၂၀ ကျပ်၊ နောက် ၂၉၀ ကျပ် ဈေးအထိ ကျသွားတော့ ရှုံးတာပေါ့။ အခု ၃၀၀ ကျပ် ဈေးလောက်ပဲ ရှိတယ်။ ဈေးတက်လာဦး မလားလို့ စောင့်နေတာ အခု ၅၅ ရက်သားရှိပြီး ဈေးက မထူးဘူး

အရှုံးနဲ့ပဲ ထုတ်ရောင်းပစ်ပြီး အလုပ်ပြောင်းလုပ်တော့မယ်"

"ကြက်သားတွေက မင်းတို့လို မွေးတဲ့လူတွေများလို့ ပေါပြီး ဈေးကျတာလား"

"မဟုတ်ပါဘူး ဆရာရယ်၊ ရန်ကုန်မြို့ လူထုရဲ့ ကြက်သား စားသုံးမှုကလဲ နည်းပါတယ်။ တစ်နေ့မှာ အကောင်ရေ တစ်သောင်းခွဲ၊ နှစ်သောင်း အထိပဲ ကုန်တာ။ ဗမာကြက်ကတော့ အကောင် ၇၀၀၀ လောက် ကုန်တာ် ပြောတာပဲ။ ကြက်ခြံတွေက မှော်ဘီမှာပဲ ခြံပေါင်း တစ်ရာလောက် ရှိလိမ့်မယ်။ စီပီကုမ္ပဏီကလဲ ကန်ထရိုက် စနစ်နဲ့ တစ်ကောင်ကို တစ်သုတ်မွေး ၁၅ ကျပ် ဆိုလား ၂၀ ကျပ် ဆိုလား မွေးတဲ့ သူတွေက အများကြီးပဲ။

အစာကို မင်းကိုယ်တိုင် စပ်တာလားဟု မေးမိရာ။ မဟုတ် ပါဘူး ဆရာ၊ စီပီကုမ္ပဏီတို့၊ မေခကုမ္ပဏီတို့က ဝယ်တာပါ။ ကြက်ကလေးစာ ၁ ရက်မှ ၂၁ ရက်သားအထိ ကျွေးရန် နံပါတ် ၉၁၀ အမျိုးအစား ကြက်စာ ၃၀ ကီလို တစ်အိတ်ကို ၁၃၂၀ ကျပ်၊ ၂၁ ရက်သားအထိ ကြက်ကြီးစား နံပါတ် ၉၁၁-၉၁၃ တစ်အိတ် ၁၁၇၀ ကျပ် စသည်ဖြင့် ဝယ်ပြီး ကျွေးကြတာပဲ။ ကြက်သားဈေး တစ်ပိဿာကို ၃၈၀ ကျပ်၊ ၄၀၀ ကျပ် ဈေးရှိရင်တော့ တွက်ချေကိုက်ပါတယ်" ဟု ဆို၏။

အလုပ် မမှားဘူးဆိုတာက အသေမရှိဘူး။ ၄၅ ရက်သားမှာ တစ်ပိဿာကျော်ကျော် ရှိတာ သေချာတွေ့ရတယ်။ အချင်က မယုံဘူး ဟု ဆို၏။

"အေးကွ၊ မင်းတို့ ကြက်တွေက အစာ နှစ်ပိဿာ ကျွေးတာနဲ့ အသား တစ်ပိဿာ ကျော်ကျော် ဖြစ်လာတယ်ဆိုတော့ အကြီးနှုန်းလဲ မြန်၊ အသားလဲ တက်နှုန်းကောင်း၊ စက်တွေ ကျနေတာပဲ" ဟု ကျွန်တော်က ဆိုလိုက်၏။

"ကြီးထွားတာကတော့ ဘာကြီးသလဲ မမေးနဲ့ ဆရာ၊ ဘောလုံး ကို လေထိုးပေးလိုက်သလို တစ်နေ့တစ်ခြား ကြည့်နေရင်း ကြီးကြီး လာတယ် ထင်နေရတယ်။ ဒါပေမဲ့ ဆရာရယ် ဒီကြက်တွေက အပြင်မှာ

အထီး အထီးချင်း၊ အထီးနဲ့ အမ အချင်းချင်း အတူတူ ချထားကြည့်တယ်။ တစ်ကောင်နဲ့ တစ်ကောင် ဆိတ်တာ၊ ခွပ်တာ၊ တွန်တာ၊ မိတ်လိုက်တာ ဘာဆိုဘာမှ မရှိကြဘူး။ တိရစ္ဆာန်တိုင်း ရှိရမယ့် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားဆိုတဲ့ စေတသိတ်တရားတွေ ရှိဟန်မတူပါဘူး။ သက်ရှိနဲ့တောင် မတူပါဘူး ဆရာရယ်။

ဈေးကလည်း ဘူးသီး၊ ခရမ်းသီးဈေးထက်တောင် ချိုသေးဟု ရယ်မောလျက် ပြောပြနေပါတော့၏။ အေးပါကွာ သက်သတ်လွတ် ကြက်သားရပြီဆိုပြီး မင်းပြောချင်တာကို ငါကြော်ငြာပြီး ရေးပေးပါမယ်ဟု ပြောပြလိုက်ရ ပါတော့၏။

■

# ကြွေးတင်လျှင် ဝက်မွေးပါ

၁၀–၂–၉၈ နေ့တွင် ရောဝတီတိုင်းသို့ ရောက်ခဲ့၏။ ကျွန်တော် သမီးသည် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဆရာဝန်တစ်ဦး ၏။ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး O မှ အလုပ်တာဝန် ပေးချက်အရ သွားရောက်ရခြင်း ဖြစ်၏။ ာဝတီတိုင်း ဘိုကလေးမြို့၊ လပွတ္တာမြို့နှင့် မော်ကျွန်း မြို့နယ်များ ရောဝတီ ဒီရေတောဒေသ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဝင်ငွေ ာက်ရေး အခွင့်အလမ်းများ ဆိုင်ရာ လုပ်ငန်း စီမံချက်ဆိုပြီး ဆောင် နေခြင်း ဖြစ်၏။

“သမီးတို့ အလုပ်က ကျေးရွာတွေကို သွားရောက်ပြီး ကြက်၊ ဘက်၊ သိုး၊ ဆိတ်၊ နွား စားရင်းတွေကို ကောက်ရမယ်။ အထူး ကြက်၊ ဘဲနဲ့ ဝက် မွေးမြူနည်းတွေကို ပညာပေးရမယ်။ စည်းရုံး ယ်။ ပညာပေး ဟောပြောပွဲတွေ လုပ်ရမယ်။ ဒူးတိုက် ဆွေးနွေးပွဲ လုပ်ရမယ်။ စံပြ မွေးမြူရေး ခြံတွေ တည်ထောင်ဖို့ စီမံချက်တွေ ဆွဲပေးရမယ်။ သမီးတို့ရဲ့ မြန်မာနိုင်ငံမှာ မွေးမြူရေး လုပ်ငန်းတွေ တိုးတက်တဲ့အပြင် ကျဆင်းနေပါတယ်။ အခြား အာဆီယံ နိုင်ငံ နှိုင်းယှဉ်ရင် အများကြီး နောက်ကျ ကျန်ရစ်နေခဲ့ပါပြီ” ဟု စုထားသော ကိန်းဂဏန်း စာအုပ်ကြီးကို ထုတ်ပြနေပါတော့၏။

မှန်ပေးသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာ
ကိုးကွယ်သော နိုင်ငံဖြစ်၏။ မွေးမြူရေးသည် ဘာသာရေးနှင့် မ
ညီဟု ပြောပြီး မွေးမြူရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းဟု မမြင်
သို့သော် မစားဘဲဖြင့် မနေကြ။ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း ဖွံ့
တိုးတက်လာလျှင် စားကြမည့် ပါးစပ်ပေါက်တွေက ပိုလို့ လာ
မည်။ ထို့ကြောင့် အသားငါး ဈေးနှုန်းတွေကလည်း တစ်နေ့တ
မြင့်တက်၍ လာနေပြီ။ "ကျွန်တော်တို့ ဆန်စက်ပိုင်ရှင်တွေကို
ဆန်စက်တစ်လုံး၊ ဝက်အကောင် ၃၀ မွေးကြရမယ်ဆိုပြီး စည်
ခဲ့တယ်။ အမှန်တော့ ကျွန်တော့်တို့မှာ ကိုယ့်အလုပ်နဲ့ကိုယ် မနိုင်
ဖြစ်နေရတယ်။ ဘယ်လိုလုပ်ပြီး ဝက်တွေ မွေးနိုင်မှာလဲ၊ ဂရု
နိုင်မှာလဲ။ ကျွန်တော်တို့က ဖွဲနဲ့ ဆန်ကွဲတွေကို ဈေးချိုချိုနဲ့ ရော
ပေးပါ့မယ်။ ကျေးရွာသူ ရွာသားတွေကို ဝက်အမွေးခိုင်းပါ။ အထူးသ
ကျေးရွာတွေမှာရှိတဲ့ လူငယ်အဖွဲ့တွေကို ဝက်အမွေးခိုင်းပါ။ ကျေ
တိုင်းမှာ အဖွဲ့ပိုင် ဝက်မွေးခြံတွေ ရှိသင့်တယ်" ဆိုပြီး ဆန်
ပိုင်ရှင် တစ်ဦးက အကြံပြု ဆွေးနွေးနေပါ၏။ အမှန်တော့ ဝက်မွေ
ခြင်းသည် စီးပွားရေး တွက်ခြေကိုက်သော လုပ်ငန်း ဖြစ်ကြောင်း လူ
သိကြပါ၏။ လူတိုင်း လက်ခံလာအောင်နှင့် လူတိုင်း လုပ်လာအေ
လိုအပ်နေ၏။ ကျွန်တော်တို့ မြန်မာစကားပုံမှာပင် ကြွေးတင်
ဝက်မွေးပါ ဟု ဆိုထားကြောင်းပါခင်ဗျား။

**မြန်မာနိုင်ငံ၏ ဝက်မွေးမြူရေးစာရင်း (သန်းပေါင်း)**

| | ၁၉၈၇–၈၉ | ၁၉၉၄–၉၅ | ၁၉၉၅–၉၆ | ၁၉၉၆–[illegible] |
|---|---|---|---|---|
| ဝက်ကောင်ရေသန်း | ၃.၂၀ | ၂.၇၂ | ၂.၉၇ | ၃.၃၃ |

ကျမ်းကိုး– စိမ်ကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာန၏ ၁[illegible]
ခုနှစ် စာရင်းဇယားများ။

## အရှေ့တောင်အာရှ နိုင်ငံများ၏ လူဦးရေနှင့် ဝက်အကောင် ဦးရေ နှိုင်းယှဉ်ချက် (သန်းပေါင်း)

| စဉ် | နိုင်ငံ | လူဦးရေ သန်း | ဝက်အကောင်ရေ သန်း | လူ၁၀၀ အတွက် ဝက်အကောင်ရေ |
|---|---|---|---|---|
| ၁။ | မြန်မာ | ၄၅.၁ | ၃.၃၃ | ၇.၄ |
| ၂။ | ထိုင်း | ၆၀.၂ | ၅.၁ | ၈.၅ |
| ၃။ | ဖိလစ်ပိုင် | ၇၃.၂ | ၈.၀ | ၁၀.၉ |
| ၄။ | ဗီယက်နမ် | ၇၄.၄ | ၁၄.၉ | ၂၀.၀ |
| ၅။ | လာအို | ၄.၈ | ၁.၆ | ၃၃.၃ |
| ၆။ | မလေးရှား | ၁၉.၇ | ၂.၅ | ၁၂.၇ |
| ၇။ | ကမ္ဘောဒီယား | ၁၀.၅ | ၂.၀ | ၁၉.၁ |
| ၈။ | စင်ကာပူ | ၂.၉ | စာရင်းမဖော်ပြ | |
| ၉။ | ဘရူးနိုင်း | ၀.၂၉ | ။ | |
| ၁၀။ | အင်ဒိုနီးရှား | ၂၀၀.၂ | ။ | |

ကျမ်းကိုး– ကမ္ဘာ့နိုင်ငံ အသီးသီး၏ ကိန်းဂဏန်း အချက်အလက်များ (၁၉၉၆)

■

# ရှင်မတောင်ပျားရည်

ရှင်မတောင်သနပ်ခါး နာမည်ကြီးသလို ရှင်မတောင် ပျားရည်
သည် နာမည်ကြီးလှ၏။ ရှင်မတောင် ပျားရည်သည် ဝါ၏။ ဝင်း
အနံ့မွှေး၏။ အရသာချို၏။ အရောင်ကြည်နေ၏။ ၂ နှစ်၊ ၃ နှစ် ကြ
အောင် ထားသည်ဖြစ်စေ အရောင်အဆင်း၊ အနံ့၊ အရသာ မပြောင်း
ထို့ကြောင့် ပခုက္ကူခရိုင် ရှင်မတောင်ဒေသတွင် ရှင်မတောင် ပျားရည်
ဆိုပြီး နာမည်ကြီးလှ၏။ ရှင်မတောင် ပျားရည် စစ်စစ်နှင့် ကောင်း
ကောင်း ရနိုင်သည်ကလည်း တစ်နှစ်ပတ်လုံး မဟုတ်၊ နတ်တော်
လဆန်းပိုင်း မျှသာ ဖြစ်၏။ ပြာသို၊ တပို့တွဲ ဆိုလျှင် ဟော့င်လက်များ
ကုန်သည်များထံသို့ ရောက်သွားပြီဖြစ်၏။ ရောကြပြီ၊ နှောကြပြီ၊ မစစ်
တော့။ ထို့ကြောင့် တန်ဆောင်မုန်း ပျားရည် စစ်စစ်ရလိုသဖြင့် ဝါးသုံး
အိုင် ရွာသားများ နေ့စဉ် လာရောက်တတ်သော ပခုက္ကူ အမှတ် ၁၁
ရပ်ကွက်သို့ ထွက်လာခဲ့၏။ တွေ့ပါပြီ။ တွေ့ပါပြီ။ ဝါးသုံးအိုင် ရွာသား
ကိုဟန်တင်။ ကိုပေခွေးနှင့် သုံးဦး၊ လေးဦး။

"တန်ဆောင်မုန်း ပျားရည် စစ်စစ် ၅ ပုလင်းလောက် ငါ့အတွက်
ဝယ်ခဲ့စမ်းပါကွာ"

"ဟာဗျာ ဆရာကလဲ ဝါးသုံးအိုင်က ပျားရည်သာမှန်ခဲ့ရင် မစစ်
တဲ့ ပျားရည် မရှိဘူး စိတ်ချ"

"အေးပါကွာ ပျားရည်စစ်တယ်ဆိုတာက အရောင်က ဝါနေမယ်၊ ...င်းပြီး ကြည်လင်နေရမယ်၊ အနံ့က မွှေးနေရမယ်၊ ဘယ်လောက်ပဲ ကြာကြာထား အရောင်အဆင်း၊ အနံ့၊ အရသာ မပြောင်းရဘူးလို့ ငါက ဆိုလိုတာကွ"

"ဒါကတော့ ဒီလိုရှိတယ်ဆရာရဲ့၊ ပျားရည်ကောင်းဆိုတာ အချိန်ကာလကိုလဲ လိုက်တယ်။ ပန်းဝတ်ဆံလေးတွေကို စုပ်ပြီးမှ ပျားရည် လုပ်ရတာ ဆိုတော့ ပျားများမှာလဲ ရတဲ့ပန်းပွင့် ဝတ်ရည်ကို စုပ်ပြီး လုပ်ရတာပဲ။ သူတို့ လုပ်ချင်တိုင်း လုပ်လို့မရဘူး။ တန်ဆောင် မုန်း ပျားရည် ကောင်းတယ်ဆိုတာ နှမ်းပွင့်၊ ဝါပွင့်၊ ပန်းနှမ်းပွင့်၊ နေကြာပွင့်၊ ပဲစင်းငုံပွင့်၊ ပဲတီစိမ်းပွင့်တွေကို စုပ်ယူပြီး လုပ်တဲ့ ပျားရည်လေ ဆရာရဲ့။ ခယောင်းခါးပင်က အပွင့်ကို စုပ်တဲ့ ပျားရည်ဆိုရင် ခါးတယ်။ မန်ကျည်းပွင့်ဆိုရင် ချဉ်တယ်။ တချို့မှာ သစ်ခေါင်းပျား အချဉ်ရော ရှင်လဲ ချဉ်တယ်။ သစ်ခေါင်းပျားမှာက အချဉ်အိုးနဲ့ အချိုအိုး ၂ ပိုင်းရှိ တယ်ဗျ။ အချိုအိုးကိုပဲ သစ်ခေါင်းပျားဖွပ်တဲ့သူက ယူတယ်။ အချဉ် အိုးကိုတော့ မယူကြဘူး။ တပို့တွဲ၊ တပေါင်းလရောက်သွားရင် ထန်း ရည်ချိုကို စုပ်ပြီး လုပ်တဲ့ ပျားရည်ဆိုတော့ ထန်းလျက် အရသာ အတိုင်းပဲ။ မကောင်းဘူး၊ ပျားရည်ကတော့ ပျားရည် အစစ်ပါပဲ။ ဒါကြောင့် ဆရာက ပျားရည်စစ်စစ်လို့ ပြောတော့ စစ်တယ်ဆိုတဲ့ စကားတော့ မပြောနဲ့၊ ပျားရည်ကတော့ အစစ်ပါပဲ။ ရာသီလိုက်ပြီး အနံ့အရသာ ကွာခြားတာကို ပြောပြရတာ" ဟု ကိုဟန်တင်းက ရှင်းပြ နေ၏။ မှန်ပေသည်။ ရှင်မတောင်၏ အနောက်ဘက် မြိုင်မြို့နယ် အတွင်းမှာ ကန်ပေါက်ရွာ၊ ကျွန်ဆိမ့်ရွာ၊ ကမ်းနီရွာ၊ ဝါးကန်ရွာ၊ ဝါးသုံး အိုင်ရွာ ဆိုပြီး ရွာအတော်များများ ရှိလေရာ ဝါးသုံးအိုင်ရွာ တစ်ရွာ တည်း၌ သာလျှင် ပျားရည်ကို စီးပွားဖြစ် ရှာဖွေ ထုတ်လုပ် ရောင်းချ သည်။ ပခုက္ကူဒေသတွင် ယောပျားရည်၊ ကျွန်းပျားရည်၊ ပေါက် ပျားရည်၊ မြိုင်ပျားရည် ဆိုပြီး ရှိလေရာ ဝါးသုံးအိုင် ပျားရည်သာလျှင် အကောင်းဆုံး၊ ဆေးဖက် အဝင်ဆုံး ဖြစ်၏။ ဝါးသုံးအိုင် ပျားရည်ကို ရှင်မတောင် ပျားရည်ဟုလည်း ခေါ်ကြ၏။

"ခင်ဗျားတို့ရွာမှာ ပျားရှာဖွပ်တဲ့ သူတွေက အတော်များ သလားဗျ"

"ပျားကို ရှာပြီး ဖွပ်တဲ့သူလို့ သိပ်မရှိပါဘူး ဆရာရယ်။ အိမ်မှာ မွေးပြီး တည်ကြတာပါ" ဆိုပြီး ပြောပြရင်း ဝါးသုံးအိုင်ရွာမှ တစ်ပိုင် တစ်နိုင် ပျားမွေးမြူကြပုံများကို ကိုဟန်တင်ဆိုသူက ရှင်းပြနေပြန်၏။

"တောတွေ၊ တောင်တွေပေါ်မှာ ပျားအုံဆိုတာ အတော် ရှား နေပါပြီး ဆရာ" ဆိုပြီး ပြောရင်း ကွမ်းတစ်ရာကို ထုတ်ပြီး ဝါးနေပြန် ၏။ ဝါးသုံးအိုင် ရွာသားတွေဟာ ဝါးကန်ရွာ၊ ကမ်းနီရွာနဲ့ ရှင်မ တောင် ပေါ်အထိ နေ့စဉ် ပျားအုံရှာသွားကြတာပဲ။ ပျားအုံကိုတွေ့ရင် ညနေ မှောင်စမှာ ဆေးလိပ်မီးခိုးလေးနဲ့ မွှမ်းပြီး လုပ်လိုက်တော့ ပျားကောင် တွေက စုသွားတယ်။ အဲဒီ ပျားအုံကိုမှ အသာအယာ သစ်ကိုင်းလေးကို ခုတ်ယူပြီး အိမ်ကိုယူခဲ့တယ်။ အိမ်ရောက်ရင် ပျားတည်ဖို့ အဆင်သင့် ပြုပြင်ထားတဲ့ ခြံထဲမှာ ရွှေ့ယူကြတာပဲ။ အနားမှာ ရေတို့ ပန်းပင်တို့ လုပ်ထားရတာပေါ့။ ရွှေ့ယူတဲ့ ပျားအုံကိုမှ ပျားသလက်ကို မထိအောင် ဓားပြတ်ပြတ်လေးနဲ့ လှီးယူရတယ်။ မတော်တဆများ သလက်က ကြွေသွားခဲ့ရင် သူ့နေရာသူ အကိုက်ဖြစ်အောင် ပြန်ပြီး တပ်ပေးရတယ် ဗျာ။ လက်မ တစ်ဝက်လောက် နေရာလွဲနေရင်တော့ ပျားကောင် တွေက ပြန်မစွဲဘူး။ ပျားသလက်ကို ပြောင်းပြန် အရှေ့ဘက်ကို လှည့် တဲ့ အပိုင်းကို အနောက်ဘက် လှည့်ပြီး ပြန်ချိန်ပေးလို့ကတော့ဗျာ၊ ပျားကောင်တွေက ရန်သူရှိပြီ၊ ဖျက်ဆီးခံရပြီ ဆိုပြီး ညံနေအောင် မြည်ပြီး အနီးအနားက ခြံတွေ၊ သစ်ပင်တွေပေါ်မှာ ၂ ရက်၊ ၃ ရက် ညံနေကြ တော့ တာပါပဲဗျာ။ မစွဲတော့ဘူး။ ပျားကောင်တွေက သူတို့ရဲ့ သား ကောင်လောင်း (ပျားသလက်ကို) ချစ်ကြတယ်ဗျ။ ပျားရည်ကို မနှမြော ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဝါးသုံးအိုင် ရွာသားတွေက ပျားရည်ပဲ ယူတယ်။ ပျားကောင်လေးတွေကို တစ်ကောင်မှ အသေမခံကြဘူး။ ကိုယ့်ကို လုပ်ကျွေးတဲ့ လုပ်သားလောင်းလေးတွေပဲဗျာ။ ပျားသလက် ကို အထိမခံဘူး။အပေါ်ကဘို့လေးပဲ ချစ်ယူတာ။ ပျားဘို့ကလဲကြီး လွှယ်တယ်ဗျို့။ တန်ဆောင်မုန်းလဆိုရင် တစ်လမှာ လေးဘို့၊ လေးကြိမ်

...ရတယ်။ အခုဖွဲ့ယူပြီး နောက် ၇ ရက်လောက် ကြာရင် တစ်ဘို့ ...ရတာပဲ။ ၂ ခါယူရင် တစ်ပုလင်းတော့ သေချာတာပဲ။ နတ်တော်၊ ...သိုမှ တန်ခူးလများအထိ ပျားတွေက ရွာမှာမနေကြဘူးဗျ။ ကျွန်း ...ရပ်ဒေသတွေကို ပြောင်းသွားကြတယ်။ မိုးတွင်းရောက်မှ ပြန်လာ ကြတယ်။ ပြန်လာကြတော့လဲ သူတို့ရဲ့ အုံဟောင်းနေရာကို ပြန်လာ ကြတာပဲဗျ"

"ခင်ဗျားတို့ရွာမှာ ပျားအုံမွေးတဲ့ သူတွေက အတော် ပေါများ သလား" ဟု မေးမိပြန်၏။

"ပေါတော့ ပေါတာပေါ့ ဆရာရယ်၊ ဝါးသုံးအိုင်ရွာမှာ အိမ်ခြေ ...၁ လောက်ရှိတယ်။ ပျားအုံမရှိတဲ့ အိမ်ဆိုလို့ အလွန်ရှားပါတယ်။ ...အုံ၊ ၇ အုံ၊ ၁၀ အုံ၊ ၂၀ အုံ။ ၅၀ အုံ။ ၁၀၀ အုံ၊ ၁၂၀ အုံ စသည်ဖြင့် ...ကြတာပဲ။ ထန်းသမား ကိုဖိုး၊ ထန်းသမား ကိုအေးတို့ အိမ်ဝင်းခြံ ...တွေမှာဆိုရင် တစ်အုံနဲ့ တစ်အုံ ကပ်နေကြတာပဲ။ အုံပေါင်းတစ်ရာ ...ကျော်တာပေါ့" ဟု ပြောပြနေပြန်၏။ တစ်နှစ်မှာ ပျားရည်ဖိုး သက်သက် ... ငွေကျပ်တစ်သိန်းထက်မနည်း ဝင်ငွေရတယ်ဟု ဆို၏။

ပျားရည်တစ်ပုလင်း ဘယ်ဈေးလဲဟု မေးလိုက်ရ၏။ 'ပျားရည် ...တော့ ပုလင်းကိုလည်း မူတည်တယ်။ ပျားရည်ရဲ့ ရာသီလဲ မူတည် ...ယ် ဆရာရဲ့။ တန်ဆောင်မုန်း ပျားရည်ဆိုရင် ဘီယာတစ်ပုလင်းနဲ့ ...မှာ ၅၀၀ ကျပ်၊ ရမ်ပုလင်းနဲ့ ၇၀၀ ကျပ်၊ ၈၀၀ ကျပ် ဈေးရှိတယ်။ ...ပေါင်းလ၊ တန်ခူးလ ထန်းရည်ချို ပျားရည်ဆိုရင် တစ်ပုလင်း ၁၅၀ ...ျပ်မှ ၂၀၀ ကျပ်ပေါ့ဗျ။ ထန်းရည်ချို ပျားရည်ဆိုတာ ထန်းရည်ချိုကို ...ယူပြီး လုပ်တာဆိုတော့ ထန်းလျက် အရသာအတိုင်းပဲ မကောင်း ...း။ ပျားကောင်တွေကလဲ ပေါတော့ တချို့ ထန်းသမားတွေမှာ ပျား ...ကောင်တွေ စုပ်ယူကြတာနဲ့ ထန်းရည် မရကြတော့ပါဘူးဗျာ။ ထန်း ...ချက်တောင် မချက်ရတော့ဘူး။ ထန်းရည် လေးမြူ ၅ မြူလောက်ကို ...တော့ ပျားအုံ ၄–၅ အုံက ပျားကောင်တွေ စုပ်ယူကြရင် မနက် ရောက် ...တော့ ထန်းရည်တွေ ကုန်တာပဲ" ဟု ဆို၏။ ပျားအကြောင်းရေးလျှင် ...ုန်နိုင်စရာ မရှိ။ မည်သို့ပင်ဖြစ်စေ၊ ရှင်မတောင်ဒေသ ဝါးသုံးအိုင်

များရည်ဟာဖြင့် နာမည်ကြီးသလောက် ကောင်းလှကြောင်းပါခင်ဗျာ
ဝါးသုံးအိုင် ရွာသားများကလည်း ရှာဖွေစီးပွား၊ သူထူးခြားပါပဲခင်ဗျာ

■



မေးပါ၊ တွေးပါ၊ ရေးပါ

## မြန်မာနိုင်ငံမှ တိုက်ကြက်ဖများ

ဆရာလေ့လာချင်တယ် ဆိုလျှင် ကျွန်တော်တို့ ဒေသမှလာသည့် တိုက်ကြက်ဖတွေ ရောင်းနေသည့် နေရာကို လိုက်ပြချင်ပါတယ် ဆိုပြီး ပခုက္ကူမြို့မှ မြဝတီမြို့သို့ ရောက်နေသော လူငယ်တစ်ဦးက ခေါ်သွား၏၊ မြဝတီမြို့မှ ချစ်ကြည်ရေးတံတားကို ဖြတ်ကျော်သွားရ၏။ ထိုင်းနိုင်ငံဘက် ကမ်းရှိ မယ်တော်မြို့ ကမ်းနားဈေးကလေး ရောက်သော အခါ တံတားကျဉ်းကလေးကို ဖြတ်သွားရ၏။ ထိုကျွန်းကလေးကို သောင်းရင်းမြစ် ရေလယ်ကျွန်းဟု ခေါ်ကြ၏။ ကျွန်းကလေးသည် ထိုင်းနိုင်ငံ နယ်ခြား အုတ်ရိုးမှ ၁၂ ပေမျှ ကွာဝေး၏။ ခြေလှမ်း ၁၀ လှမ်းပင် မသွားရ။ ကျွန်းကလေးပေါ်သို့ ရောက်သွားတော့၏။ ကျွန်းကလေး ပေါ်တွင် မြန်မာနိုင်ငံမှ ပစ္စည်းအချို့ ရောင်းချနေ၏။ တိုက်ကြက်ဖ များကို ပိုမိုနှစ်သက် သဘောကျကြသည် ဆို၏။ တိုက်ကြက်ဖ တစ် ကောင်လျှင် မြန်မာငွေကျပ် ၅၀၀၀ ကျပ်မှ ၇၀၀၀ ကျပ် ကောင်းလျှင် ကောင်းသလို ဈေးရှိသည်ဟု သိရ၏။ ကရင်ပြည်နယ်မှာ မွေးသော တိုက်ကြက်ဖများသည် အမောမခံနိုင်၊ သတ္တိမရှိ။ မခွပ်တတ်ဟု ဆို၏။ လိမ်ပြီး ရောင်းကြသဖြင့်သာ ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ် ရတတ်ကြ သည်ဟု သိရ၏။

သည်ဒေသမှာ တိုက်ကြက်ဖ ဝိုင်းဆိုပြီး သိပ်ပြီး ကြီးကြီး ကျယ်

ကျယ် မရှိပါဘူးဗျာ။ သည်ဒေသမှာ လူတွေက အညာဒေသမှ တိုက်ကြက်ဖ တွေကို ဝယ်ပြီး တစ်ဖန် ဘန်ကောက်မြို့၊ ထိုမှတစ်ဆင့် တချို့ဆိုလျှင် စင်ကာပူ၊ မလေးရှားတို့အထိ သွားပြီး ရောင်းကြတယ်လို့ ပြောကြတာပဲ။ သည်ဒေသမှာတော့ ကြက်ဝိုင်း အသေးစားလေးတွေ ခွပ်လက်ပြတဲ့ သဘောပါပဲ။ အမောခံနိုင်တယ်။ သတ္တိရှိတယ်၊ ထွက်မပြေဘူး တစ်ဖက် ကြက်ဖကိုလည်း အတက်စူးအောင်၊ သေသွားအောင် ခွပ်နိုင်တယ်ဆိုရင် ဘန်ကောက်မြို့အထိ သယ်ယူသွားတတ်ကြတယ်။ တိုက်ကြက်ဖကောင်းလျှင် ကောင်းသလောက် ဈေးရတတ်ပါတယ်။ ဘတ် ငါးထောင်၊ တစ်သောင်းအထိ ရသည်သူပင် ရှိသည်ဟု ကြားရတယ်ဟု အနားမှ လူတစ်ဦးက ရှင်းပြနေ၏။

သည်ကြက်ဖကို တစ်နေ့က ကျပ်တစ်သောင်းလာပြီး ပေးတယ်။ ကျွန်တော်က ဈေးနည်းနေသေးတာနဲ့ မရောင်းသေးဘူး။ ဆရာတို့ ပခုက္ကူဘက်မှာလဲ တိုက်ကြက်ဖ ဈေးတွေက တက်နေပါပြီ။ တချို့ တကယ်ကောင်းတဲ့ ကြက်ဖဆိုလျှင် ကျပ်တစ်သောင်းကျော်ထိ ဈေးခေါ် နေကြပြီ။

မှန်ပေသည်။ ကျွန်တော်တို့ အလာ ကားများပေါ်တွင် တိုက်ကြက်ဖများကို ဝါးခြင်းကြားကလေးတို့ဖြင့် တစ်ကောင်လျှင် တစ်ခြင်းကြား သယ်ဆောင်လာသည်ကို တွေ့ခဲ့၏။ အကောင် ၂၀ ကျော် ပါလာ၏။ သို့သော် သာမညတောင်သို့ ဖြတ်သော မော်တော်ကားပိုင်များသည် မည်သည့် တိရစ္ဆာန်ကိုမျှ မော်တော်ကားတွင် မတင်ဟု ဆို၏။ မော်လမြိုင်မှ တစ်ဆင့် ကျုံ့ဒိုးမြို့၊ ထိုမှတစ်ဆင့် ကော့ကရိတ်မြို့သို့ လာကြရသည်ဟု သိရ၏။

ကျွန်တော်တို့ နိုင်ငံတွင် တိုက်ကြက်ဖများကို စီးပွားဖြစ် မွေးသင့်ကြသည်ဟု ထင်မိ၏။ သူလည်း ထုတ်ကုန်တစ်မျိုး ဖြစ်နေ၏။ ဈေးကွက် စီးပွားရေးစနစ်တွင် ဝယ်သူ ကြိုက်နှစ်သက်သော ကုန်ပစ္စည်းကို ထုတ်လုပ်ပေးရမှာ ဖြစ်၏။ ၆ လမျှ ကျွေးမွေးထားလျှင် ၂၀၀၀ ကျပ်မှ ၅၀၀၀ ကျပ် အထိ ဈေးရနေ၏။ သူ့ထက် ငွေရလွယ်ကူသော အလုပ်သည် ရှိမည်ဟုပင် မထင်။ ကျွန်တော်တို့နိုင်ငံ အနေဖြင့်လည်း

ကြက်ဖတွေ ထွက်သွားသဖြင့် ဘာမျှ နစ်နာစရာ၊ အကြောင်းမရှိ။
တွေ၊ သိုး၊ ဆိတ်၊တွေ ထွက်သွားလျှင်သာ စားစရာ၊ နိုင်းစရာတွေ
နည်း သွားနိုင်၏။ သည်လို အခြေအနေ ရှိလျက်ပင် တိုက်ကြက်ဖ
သယ်ဆောင်ခွင့်ကို ဟန့်တား ပိတ်ပင် နေတတ်ကြသည်ဟု ကြား
နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးတွင် လူတိုင်းက စီးပွားရေးအမြင်
လိုအပ်နေ၏။ ထို့ကြောင့် ဈေးကွက်ရသော တိုက်ကြက်ဖများ
မြူရေး၊ သယ်ယူ ပို့ဆောင်ရေးကိုဖြင့် အားပေးသင့်လှကြောင်းပါ
ပျား။

■



ထိုင်းနိုင်ငံသို့ သွားမည့် တိုက်ကြက်ဖခြင်းတောင်းများ




## တိုးတက်များပြား ခရီးသွားလုပ်ငန်း

ယနေ့ကမ္ဘာပေါ်ရှိ စီးပွားရေး လုပ်ငန်းများကို ပြန်ကြည့်လျှ
ဘဏ်လုပ်ငန်းများ ဒေဝါလီ ခံခဲ့ကြရ၏။ မော်တော်ကား ကုမ္ပဏီကြ
များ အရှုံးပြနေကြ၏။ ကုန်တိုက်ကြီးများ ပိတ်လိုက်ကြရ၏။ ငွေကြေ
စျေးကွက်များ ထိခိုက်ခဲ့ကြရ၏။ ကမ္ဘာ့လှည့် ခရီးသွားလုပ်ငန်
ဖြစ်သော ဟိုတယ်လုပ်ငန်းနှင့် ခရီးသည် ပို့ဆောင်ရေးနှင့် ဝန်ဆော
မှု လုပ်ငန်းများမှာ ပန်းပန်လျက်ပင် တွေ့မြင်နေရပါ၏။ ကမ္ဘာပေ
တွင် ရေနံလုပ်ငန်း၊ မော်တော်ကားလုပ်ငန်းတို့ ပြီးလျှင် ကမ္ဘာလှည့်
ခရီးသွား လုပ်ငန်းမှာ အကြီးဆုံးသော စီးပွားရေး လုပ်ငန်းဖြစ်သည်
ဆို၏။ မြန်မာနိုင်ငံ အနေဖြင့်လည်း နိုင်ငံခြားငွေကို အများဆုံး။ အမြ
ဆုံးနှင့် အသေချာဆုံး ရနိုင်သော စီးပွားရေး လုပ်ငန်းဖြစ်သည်ဟု မှတ်
ချမှတ် ဆောင်ရွက်နေပါ၏။ ယနေ့ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွ
လုပ်ငန်းကို ပြန်လည် ဆန်းစစ် လေ့လာပါက အားနည်းချက်မျာ
ရှိနေသေးသည်ကား အမှန်ဖြစ်ပါ၏။ နိုင်ငံခြားသားများနှင့် ဆက်သွယ်
ရာမှာ လည်းကောင်း၊ တွေးခေါ် မြော်မြင် စဉ်းစားရာမှာ လည်းကောင်
အတော်ပင် ခေတ်နောက်ကျခဲ့၏။ ဤသို့ ဖြစ်ရသည်ကလည်း အပြ
တော့ မဆိုသာ။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လိုင်စင်ယူထားသော
လုပ်ငန်းရှင်များ၏ ၁၀ % မျှပင်လျှင် နိုင်ငံခြား တိုင်းပြည်များသ

က်ဖူးသူ ရှိမည်မထင်။ ကြော်ငြာပိုင်းဆိုင်ရာမှာလည်း လွန်စွာ
နည်းနေပေသေး၏။ ယနေ့ ဖန်သားပြင်ပေါ်တွင် ကြော်ငြာနေ
သာ တီဗီကြော်ငြာများတွင် ဟိုတယ်နှင့် ခရီးသွား ကုမ္ပဏီများ၏
ကြော်ငြာ အတော်နည်းနေ၏။ အမွှေးတိုင်၊ အလှကုန်၊ မြန်မာ တိုင်းရင်း
း တို့လိုပင် မကြော်ငြာနိုင်။ ဈေးကွက် စီးပွားရေး စနစ်တွင် ကြော်ငြာ
က မြတ်ချင်မြတ်မည်။ ရှုံးချင်ရှုံးမည်။ မကြော်ငြာနိုင်လျှင်တော့
မှာ သေချာပါတယ် ဆိုတဲ့ လုပ်ငန်းရှင် တစ်ဦး၏ စကားနှင့် ခံယူ
က်ကို လိုက်နာသင့်ပါ၏။ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဆိုသည်မှာ
ည်တွင်းမှာ ကြော်ငြာရုံနှင့်ပင် မလုံလောက်၊ နိုင်ငံခြား စာနယ်ဇင်း
များတွင်ပါ ကြော်ငြာကြရမှာ ဖြစ်ပါ၏။ သို့သော် မြန်မာ့ခရီးသွား
ုပ်ငန်းသည် အခြား စီးပွားရေး လုပ်ငန်းများနှင့် နှိုင်းစာလျှင် မဆိုးပါ
းဟု ဖြေသူက များပါ၏။ အထင်တကြီးနှင့် မျှော်မှန်းထားကြသဖြင့်
ာလျှင် မှန်းချက်နှင့် နှမ်းထွက် မကိုက်သေးခြင်း ဖြစ်ပါ၏။ သို့သော်
သွားအလာကောင်းဆဲ အခြေအနေတွင် ရှိပါကြောင်း လုပ်ငန်းရှင်
များစုက ခံယူထားကြလေ၏။ ဥပမာ- ၁၉၉၄-၉၅ ခုနှစ် အခြေ
နေနှင့် ၁၉၉၈-၉၉ ခုနှစ် အခြေအနေများကို လေ့လာ ကြည့်နိုင်
၏။ စုစုပေါင်း ကမ္ဘာလှည့် ခရီးသည် လာရောက်သော ဦးရေမှာ
၁၉၉၄-၉၅ ခုနှစ်တွင် ၁၃၂,၂၅၇ ရှိခဲ့သော်လည်း၊ ၁၉၉၈-၉၉ ခုနှစ်
တွင် ၃၅၇,၂၅၇ ဦး အထိ တိုးတက်လာခဲ့သဖြင့် ၁၉၉၄-၉၅ ခုနှစ်မှာ
ရီးသည် ၁၀၀ ဦး တိုးလာခဲ့လျှင် ယခုနှစ်မှာ ၂၇၀ ဦးအထိ တိုးတက်
ာရောက်ခဲ့ပါ၏။ လေယာဉ်ခရီးဖြင့် လာရောက်သူဦးရေမှာ ၁၁၉,၁၅၉
း ရှိသဖြင့် နေ့စဉ် ခရီးသည် ၃၀၀ ကျော် ဝင်ရောက်လာနေပါ၏။
ုန်းလမ်းမှ ဝင်ရောက်လာသူ ဦးရေမှာ ၁၇၂,၀၀၇ ဦး ရှိခဲ့သဖြင့်
နေ့စဉ် ခရီးသည် ၄၇၁ ဦး ဝင်လာနေကြပါ၏။ ၁၉၉၈-၉၉ ခုနှစ်
တွင်း ကမ္ဘာလှည့်ခရီးသည် ဦးရေ ၅၀၀၀ အထက် လာရောက်ခဲ့
သော နိုင်ငံသားများမှာ ထိုင်ဝမ်၊ ဂျပန်၊ ပြင်သစ်၊ ထိုင်း၊ ဂျာမနီ၊
ိန္ဒိယနှင့် အမေရိကန် နိုင်ငံသား/သူများ ဖြစ်ကြပါ၏။ လာရောက်
ူများအနက် ထိုင်ဝမ်၊ ဂျပန်နှင့် အမေရိကန် နိုင်ငံသား (ကျား)

များသည် နိုင်ငံသူ (မ) ထက် ဦးရေ ပိုမို များပြားနေ၏။ အမျိုးသ
များက မြန်မာနိုင်ငံအပေါ် ပိုမိုပြီး စိတ်ဝင်စားနေကြဟန် တူပါ
မြန်မာနိုင်ငံအပေါ် မည်သည့် အကြောင်းအရာများကို ပိုမို စိတ်
စားပါသနည်းဟု စာရေးသူသည် နိုင်ငံခြားသားများနှင့် တွေ့ဆုံတို
မေးခွန်း ထုတ်ကြည့်ခဲ့ပါ၏။ အရှေ့တိုင်းသားများသည် ဘာသာ
စီးပွားရေး၊ လူမှုရေးကိစ္စများကို ပိုမိုပြီး စိတ်ဝင်စားကြပါ၏။ အနော
နိုင်ငံသားများသည် ရှေးဟောင်း ယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှု၊
ထုံးစံ၊ ရေ၊ မြေ၊ တောတောင် သဘာဝတရားများကို ပိုမို စိတ်ဝင်
ကြ ပေ၏။ မြန်မာနိုင်ငံမှာ ဘာတွေကို ထူးထူးခြားခြား တွေ့ခဲ့ရပါသ
ဆိုပြီး မေးခဲ့လေရာ ထူးထူးခြားခြား နိုင်ငံခြားသူ တစ်ဦးက "မင်္ဂလာ
လေယာဉ်ကွင်းထဲရောက်လို့ ကြည့်လိုက်တော့ တာဝန်ထမ်းဆော
နေတဲ့ ဝန်ထမ်းများမှအပ မြန်မာ ၉၉ % ဟာ လုံချည်နှင့် ထ
တွေကို ဝတ်ဆင်ထားတာ တွေ့ရလို့ အထူးပင် အံ့သြခြင်း ဖြစ်ပါတယ်
အမျိုးသမီးများဟာ အင်္ကျီလက်ရှည်၊ အများအားဖြင့် ရင်ဖုံး အင်္ကျီများ
ဝတ်ဆင်ထားကြပါတယ်။ ဆံပင်တွေကလဲ အရှည်ထားတာ များ
ပါတယ်။ ကျွန်မနဲ့ တွေ့တဲ့သူတိုင်းဟာ အင်္ဂလိပ်စကားနဲ့ ထမင်း
ရေသောက်လောက်တော့ ပြောလို့ မေးလို့ ရပါတယ်။ လူကို တွေ့ရင်
ပြုံးပြသွားကြပြီး ဖော်ရွေတဲ့ အမူအယာတွေ ပါပဲ။ တကယ်လဲ ကူ
တတ်ကြပါတယ်။ အနှောင့်အယှက် မပေးတတ်ကြပါဘူး။ ဒါတွေဟာ
အခြား နိုင်ငံတွေမှာနဲ့ ကွာခြားမှုတွေပါပဲ။ ဘုန်းတော်ကြီးတွေနဲ့ သီလ
တွေကိုလဲ မင်္ဂလာဒုံ လေဆိပ်မှာပဲ အများအပြား တွေ့ခဲ့ရပါတယ်
တွေ့ဆုံခဲ့ရသည့် နိုင်ငံခြားသားများ အားလုံးနည်းပါက မြန်မာနိုင်
သည် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာမည်မှာ သေ
ပါကြောင်း ဝန်ခံ ပြောကြားခဲ့ကြကြောင်းပါ ခင်ဗျား။

## (က) ၁၉၉၈-၉၉ ခရီးသည်ဦးရေ ၅၀၀၀ ထက် လာသော နိုင်ငံများ စာရင်း

| စဉ် | နိုင်ငံအမည် | မ | ကျား | စုစုပေါင်းဦးရေ |
|---|---|---|---|---|
| ၁။ | ထိုင်ဝမ် | ၁၀၃၀၇ | ၁၆၄၆၃ | ၂၆၇၇၀ |
| ၂။ | ဂျပန် | ၇၀၀၅ | ၁၂၅၂၉ | ၁၉၅၃၄ |
| ၃။ | ပြင်သစ် | ၅၈၁၆ | ၅၃၃၂ | ၁၁၁၄၈ |
| ၄။ | ထိုင်း | ၃၇၆၃ | ၃၉၇၃ | ၇၇၃၆ |
| ၅။ | ဂျာမနီ | ၃၅၅၅ | ၃၈၆၉ | ၇၄၂၄ |
| ၆။ | အိန္ဒိယ | ၃၃၄၃ | ၃၀၃၀ | ၆၃၇၃ |
| ၇။ | အမေရိကန် | ၂၅၀၄ | ၃၁၈၀ | ၅၇၂၂ |

## (ခ) ၁၉၉၈-၉၉ စုစုပေါင်း လာသော နိုင်ငံခြားသားများ နှိုင်းယှဉ်ချက်

| အကြောင်းအရာ | ၁၉၉၄-၉၅ | ၁၉၉၈-၉၉ | တိုးတက်မှု % |
|---|---|---|---|
| စုစုပေါင်း လာသူ | ၁၃၂၂၅၇ | ၃၅၇၃၀၁ | ၂၇၀ % |
| လေယာဉ်လမ်း | ၄၇၂၃၀ | ၁၁၉၁၉၅ | ၂၅၂ % |
| ကုန်းလမ်းမှ | ၄၅၅၆၀ | ၁၇၂၀၀၇ | ၃၇၈ % |

ကျမ်းကိုး – အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာနမှ ထုတ်ဝေသော စီးပွားရေး ကိန်းဂဏန်းများ (၁၉၉၉-ဧပြီလ၊ မတ်လ)

■

# ရှာဖွေစီးပွား လွန်ထူးခြား

၁၅-၁၂-၉၉ နေ့ညက ဖြစ်၏။ ကိုအောင်ဇော်လှဆိုသူ လူငယ် တစ်ဦး ရောက်လာ၏။ မတွေ့ရတာ ၄-၅ နှစ်ကြာပြီဖြစ်၍ ဝမ်းသာ ကြရ၏။

"ဆရာ အခု ဘာစီးပွားရေးလုပ်ငန်းတွေ လုပ်နေသလဲ"

"စီးပွားရေး လုပ်ငန်းကတော့ကွာ၊ မင်းမြင်တဲ့အတိုင်းပဲ၊ တည် ခိုခန်းပဲ ဆိုပါတော့"

"တခြား အလုပ်တွေရော ဘာလုပ်နေသေးသလဲ"

"တခြား အလုပ်ကတော့ စီးပွားရေး လုပ်ငန်းတွေတော့ မဟုတ် ဘူးကွာ။ ဝါသနာအရ ဆိုပါတော့။ ဧရာဝတီမြစ်ရဲ့ အနောက်ခြမ်း ဒေသမှာရှိတဲ့ ရှေးဟောင်း အမွေအနှစ် ဘုရား၊ ကျောင်းကန်၊ ပန်းချီ ပန်းပု၊ အနုပညာ ပစ္စည်းများ၊ စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းတို့ကို သွားရောက် ကြည့်ရှုပြီး မှတ်တမ်းပြုခြင်း၊ မပျက် မစီး အောင် စောင့်ရှောက်ကြဖို့ ပညာပေး ဆွေးနွေးခြင်းများကို လုပ်နေ တာပါပဲ။ လေ့လာတယ်ဆိုတဲ့ စကားကိုတော့ မသုံးချင်ပါဘူး။ ငါက လေ့လာနိုင်လောက်အောင် ပညာရှင်မှ မဟုတ်ဘဲကွ။ အခုတော့ လော လောဆယ်မှာ ဗုဒ္ဓ ခြေတော်ရာတွေနဲ့ ကောသလမင်းကြီးရဲ့ အိမ်မက် ၁၆ ချက်ကို နည်းနည်း ရှာဖွေထားတယ်ကွ"

"ဟာဗျာ ဒါဆိုရင် ကျွန်တော်တို့ လုပ်ငန်းကိုလည်း လိုက်ပြီး လေ့လာစမ်းပါဦး"

"လုပ်ပြန်ပြီကွာ။ လေ့လာတယ်ဆိုတဲ့ စကားလုံးကို မသုံး စမ်းပါနဲ့၊ လိုက်ပြီး ကြည့်ပါဆိုရင်လဲ ကြည့်မယ်ကွာ။ ဘာလုပ်ငန်းတုန်း ပြောပါ။ ဒါပေမဲ့ သာမန်လူတွေ လုပ်ကိုင်နေတဲ့ လုပ်ငန်းတော့ မဟုတ်ရဘူးနော်။ ထူးရမယ်။ ခြားရမယ် ပေါ့ကွာ"

"ထူးခြားပါတယ်၊ ဆရာရဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀၀ ကျော်လောက်က လူတွေရဲ့ သင်္ချိုင်းကြီးပဲ။ အလောင်းကတော့ ၂၀ လောက်ရှိတယ်။ ဘုတလင်မြို့နယ် အတွင်းမှာ ဆရာရဲ့"

ဤသို့ဖြင့် ကိုအောင်ဇော်လှ၏ စီစဉ်ပေးမှုကြောင့် ၁၆-၁၂-၉၉ နေ့ နံနက် ၇ နာရီတွင် ပခုက္ကူမှ ထွက်ခဲ့ကြ၏။ ကျွန်တော်နှင့်အတူ ဒေါက်တာစိန်ဝင်းနှင့် ကိုကျော်စိမ့်တို့လည်း လိုက်ပါလာခဲ့ကြသည်။ နံနက် ၉ နာရီ တိတိတွင် မုံရွာသို့ ရောက်၏။ ဆင်ဖြူရှင်တံတားကြီး ပြီးစီးသွားတော့ ပခုက္ကူနဲ့ မုံရွာဆိုတာ တစ်မြို့တည်းသင်နေတယ် ဆရာရယ်။ ရန်ကုန်မှာ မင်္ဂလာဒုံနှင့် မြို့တွင်း သွားရသလောက်ပဲ ကြာတယ်ဟု ကိုအောင်ဇော်လှက ပြောပြနေသည်။ မုံရွာဟိုတယ်တွင် ခေတ္တနားကြပြီး ဘုတလင်မြို့သို့ ဆက်လက် ထွက်ခဲ့ကြ၏။ အလုံမြို့သို့ ရောက်တော့ ဗဒုံမင်းခေါ် ဘိုးတော်ဘုရားမင်းတရားကြီးကို သတိရသည်။ ဗဒုံမြို့မှ အလုံမြို့သို့ ပြောင်းလဲလာခြင်းသည် မကောင်း၊ ဗဒုံမြို့ဟုပင် ဆက်လက် ခေါ်ဝေါ်သင့်သည်ဟု စဉ်းစားမိ၏။ ဘုတလင်မြို့မှ အထွက်တွင် ဆရာကြီး သိန်းဖေမြင့်၏ သင်္ချိုင်းဂူကို တွေ့မြင်ခဲ့ရ၏။ 'တွင်းတောင်သို့' ဆိုသော ဆိုင်းဘုတ်ကလေးကို ကျော်ပြီး ညောင်ကန်ရွာသို့ ကားမောင်း လာခဲ့ကြသည်။ ညောင်ကန်ရွာ၏ တောင်ဘက်မိုင် ၃ မိုင်မျှ အကွာတွင် ကြေးခေတ်ယဉ်ကျေးမှု ဒေသဆိုသည့် နေရာသို့ ရောက်ပါပြီ။ အဆောက်အအုံများမှာ ဆောက်လုပ်နေဆဲ ဖြစ်၏။ ပန်းရံ၊ လက်သမားများဖြင့် ပြည့်နေ၏။ သင်္ချိုင်းဟောင်းတွင် တူးဖော်ပြီးသား အရိုးစုများနေရာတို့ကို အဆောက်အအုံ ကြီးများဖြင့် အမိုး၊ အကာ၊ နေလုံ၊ မိုးလုံ ကာကွယ်ထား၏။

အဆောက်အအုံကြီး ၅ လုံးရှိ၏။ အမှတ် ၁ အဆောက်အဦးတွင် လူအရိုးစုကြီး ၅ ခုကို တွေ့မြင်ခဲ့ရ၏။ နွားခေါ်မေးရိုး၊ သွားများနှင့် ခွာတစ်ခုကိုလည်း မြင်တွေ့ခဲ့ရ၏။ ဘာမှ အခြေအနေမပျက် အသားမရှိဘဲ လူတစ်ကိုယ်လုံး၏ အရိုးကြီးကို ချထားသည့်အတိုင်း ဖြစ်ပါ၏။ သွားများမှာ ပုလဲလုံးလေးများကို စီထားသည့်အလား ထင်ရ၏။ သွားပေါင်း ၃၂ ချောင်း ရှိသဖြင့် လူကြီးများ၏ အရိုးစုများ ဖြစ်နိုင်သည်ဟု သိနိုင်၏။ ၄ ပေမျှရှိသော အရိုးစုလေး တစ်ခုကတော့ သွား ၂၈ ချောင်းသာ ရှိသေးသဖြင့် ၁၃ နှစ်၊ ၁၄ နှစ်လောက် ရှိပေဦးမည်ဟု ခန့်မှန်းရ၏။

ဦးခေါင်းများကို မြောက်အရပ်သို့ လှည့်ပြီး မြှုပ်ထား၏။ နှစ်ဦးသာလျှင် တောင်အရပ်သို့ လှည့်ပြီး ဦးခေါင်းထား၍ မြှုပ်ထားကြ၏။ တချို့မှာ ၂ လောင်းထပ်နေ၏။ နေရာဟောင်းပေါ်တွင် ထပ်ပြီး မြှုပ်ထားခဲ့ဟန် တူပါ၏။ သချိုင်းနေရာဆိုပြီး သတ်သတ်မှတ်မှတ် နေရာသတ်မှတ်ပြီး မြေမြှုပ်ကြသည့် အလေ့အကျင့် ဖြစ်ခဲ့ကြောင်း ထင်ရှားလှပါ၏။ လူသေ အလောင်းနှင့်အတူ ထိုသူ အသက်ရှင်စဉ်က အသုံးပြုခဲ့သော ပစ္စည်းများကိုလည်း ထည့်သွင်းပြီး မြှုပ်ခဲ့ကြောင်း တွေ့ရပါ၏။ မြေအိုးကလေးများကို အိုးပုတ်အရွယ်မှ အစ ထမင်းအိုး၊ ဟင်းအိုး၊ ရေအိုးကြီး အရွယ်အထိ အရွယ်စုံတွေ့ရ၏။ ကြေးလက်နက်များ ဖြစ်သော ခရင်း၊ ဆူးခွ၊ မြှား၊ ဓား၊ လှံ စသည့် ကြေးလက်နက် မျိုးစုံကိုလည်း အရိုးစုတို့နှင့်အတူ တွေ့ခဲ့ကြရသည် ဆို၏။ အရိုးစု ၂ ခုမှာ ကျောက်လက်ကောက်ကြီးများ ဝတ်ဆင်လျက် တွေ့မြင်ကြရသည် ဆို၏။ ထိုခေတ်က ဂုဏ်ကြီးသူများ ဖြစ်ပေမည်။ ဤသို့ဖြင့် လူအရိုးစုပေါင်း ၁၉ ခုကို ထရံကာ၊ ဝါးကပ်မိုး၊ တဲကြီး ၅ လုံး အတွင်းမှာ တွေ့မြင် ခဲ့ရ၏။ ကြေးခေတ် ယဉ်ကျေးမှုဒေသဆိုပြီး ခြံဝင်းကာရံထား၏။ ထိုအတွင်းသို့ ဝင်လျှင် မြန်မာလူမျိုးဆိုလျှင် တစ်ဦးကို ၂၀ ကျပ် ပေးရ၏။ ကျွန်တော်တို့ ရေ့မှာပင် ညောင်ကန်ရွာမှဆိုသူ ကျောင်းဆရာ၊ ကုန်သည် စသည်ဖြင့် လူ ၂၀ ဦး ဝင်လာ၏။ ငွေ ၄၀၀ ကျပ် ဝင်ကြေးငွေ ရလိုက်၏။ နိုင်ငံခြားသားဆိုလျှင် တစ်ဦးကို အမေရိကန် ဒေါ်လာ ၅ ဒေါ်လာ ပေးရမည်ဆို၏။ မကြာခဏ လာရောက်ကြသည်

ဘုလည်း သိရ၏။ ထိုနေရာကို သက်ဆိုင်ရာ ယဉ်ကျေးမှု ဝန်ကြီးဌာန ဘ်မှ ၅ နှစ် စာချုပ်ဖြင့် ကိုအောင်ဇော်လှ၏ အစ်ကို ဒေါက်တာထင်လှ ၏ ဒဗလျူ အေတီတီ (WATT) ခရီးသွား ကုမ္ပဏီမှ ငှားရမ်းထား သည် ဆို၏။ နိုင်ငံခြားသားများအတွက် ညှိခံကျွေးမွေးရန်နှင့် ရှင်းပြ ရန် နေရာများကို ဆောက်လုပ်နေဆဲ ဖြစ်၏။ ၂၀၀၀ ပြည့်နှစ် နှစ်ဆန်း ၁တွင် စတင် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်နေသည် ဆို၏။ ထိုအရိုးစု၏ သက်တမ်း အတိအကျကို သိရအောင် နိုင်ငံခြား ဓာတ်ခွဲ ခန်းသို့ နမူနာ အရိုးများ၊ မြေများ၊ အိုးကွဲများ စသည်တို့ကို ပေးပို့ ၁စ်ဆေးကြရဦးမည် ဆို၏။ ပုဂံခေတ်နှင့် ပျူခေတ်တို့ထက် များစွာ စောကြောင်း သတ်မှတ်ထားပြီး ဖြစ်သည်ဟု ဆို၏။ ထိုအရိုးစုများကို လေ့လာပြီး စာတမ်း ပြုစုသွားသူ နိုင်ငံခြားသားတစ်ဦးမှာ ပါရဂူ ဒေါက်တာဘွဲ့ ရရှိသွားပြီဆို၏။ သိသူဖော်စား၊ မသိသူ ကျော်သွား နေကြပြီ ဖြစ်ပါ၏။


ထိုအရိုးစုများသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ မှ ၅၀၀၀ ခန့် အတွင်းက ဖြစ်သည်ဆို၏။ ဦးနှောက်ခန်း ပမာဏသည် ၁၅၀၀ ဒ်စီ ရှိနေသဖြင့် ယခုခေတ် သာမန် လူအဆင့်ရှိသည်ဟု ဆိုသည်။ (၁၁-၈-၂၀၀၀ နေ့ မြန်မာ့အလင်း သတင်းစာ) နိုင်ငံခြားမှာ ဒါမျိုးကို ခုတ်အဆောက်အအုံများဖြင့် လေအေး စက်များ တပ်ဆင်ပြီး ဆောက်လုပ် ထိန်းသိမ်း ထားကြတယ်ဟု ကိုအောင်ဇော်လှက ပြောပြ၏။

ဤသို့ဖြင့် ကျွန်တော်တို့ အဖွဲ့သည် ပိုက်သင်ရွာမှ ပထမ ကျော် အောင်စံထား ဆရာတော်ကြီး ခေါင်းချသွားရာ ညောင်ကန်ရွာ အနောက် ဘိုက် ဘုန်းကြီးကျောင်းနှင့်၊ ဘုရားကြီးကျောင်း ရှေးဟောင်း အမွေ အနှစ်များကို လေ့လာခဲ့ကြ၏။ ညောင်ကန်ရွာနှင့် ဘုရားကြီးကျောင်း သည် ၁၀ မိုင်မျှ ဝေးကွာပေ၏။ ဘုတလင်မြို့မှ ညနေ ၆ နာရီခန့်တွင် ပြန်လာခဲ့ရာ၊ ပခုက္ကူမြို့သို့ ညနေ ၉ နာရီတွင် ပြန်ရောက်ခဲ့ကြရ၏။

ဒေါက်တာထင်လှ၏ (WATT) ခရီးသွားလုပ်ငန်း ကုမ္ပဏီသည် ဌာနီ့စားသွားလာရသော သဘာဝ ခရီးသွားလုပ်ငန်း ဖြစ်သော ချင်း

တောင် ဝိတိုရိယ တောင်တက်လုပ်ငန်း၊ ကချင်ပြည်နယ်နှင့် နာဂ ဒေသများသို့ တောင်တက်ခြင်းမှအစ၊ ရှမ်းပြည်နယ် ပင်းတယနှင့် ပြဒါးလင်းဂူတို့ကို နိုင်ငံခြားသားများအား လိုက်ပို့ခြင်းဖြင့် စီးပွား ရှာနေသည်ဟု သိရ၏။ အလုပ်ဖြစ်သည်ဟု သိရ၏။ ဪ... ထူးထူး ခြားခြား စီးပွားရှာခြင်းပါတကားဟု မှတ်ချက် ချလိုက်ရပါတော့၏။

■




ညောင်ကန်ဒေသသို့ လေ့လာရေး

# နွားနာခေါင်းကြိုး ဈေးကွက်

"နွားခေါင်းကြိုး (နဖားကြိုး) တစ်ချောင်းဟာ ပျော့ပျောင်း ယ်၊ နူးညံ့ရမယ်၊ ခိုင်ခံ့ရမယ်၊ ဘုတွေ ထစ်တွေ မပါရဘူး၊ ကြိုးလွန်း က ညီညာနေရမယ် သို့မသာလျှင် နွားရဲ့ နှာခေါင်းပေါက် င်းကျင်းလေး ဖြစ်နေပြီး၊ နွားကို ထိန်းကျောင်းလို့ လွယ်ကူတာဗျ။ ခေါင်းကြိုး မကောင်းလျှင် နွားရဲ့ နှာခေါင်းကြီးကို ကျယ်သွား စေတာ ကြောင့် တချို့ နွားတွေရဲ့ နှာခေါင်းဆိုရင် ပြတ်သွားအောင် ဖြစ်ကတ် ယ်" မကွေးတိုင်း၊ မြိုင်မြို့နယ်၊ နှောပင်ကျေးရွာမှာ ဖြစ်၏။ ရယက ရေးကြီးမှ နွားနှာခေါင်းကြိုး အကြောင်းကို ရှင်းပြနေသဖြင့် ကျွန်တော် ည် စိတ်ဝင်စားလာ၏။ မြန်မာနိုင်ငံသည် ကျွဲနှင့် နွားကို အသုံးပြုပြီး က်ပျိုး ထွန်ယက်နေကြသဖြင့် ကျွဲနွားတို့အတွက် မရှိမဖြစ်သော ခေါင်းကြိုးကို ထုတ်လုပ်ပေးနေသော နှောပင်ကျေးရွာမှ လက်မှု ပ်ငန်းကို လေ့လာခွင့် ရခဲ့ပါ၏။ နှောပင်ကျေးရွာတွင် အိမ်ခြေ ၃၇၈ မ် ရှိ၏။ အိမ်တိုင်းလိုလိုတွင် နေ့စဉ် နှာခေါင်းကြိုး ကျစ်သည့် ပ်ငန်းကို လုပ်ကိုင်ကြ၏။ တစ်နေ့လျှင် နှောပင်ကျေးရွာမှ နှာခေါင်း ကြိုး အချောင်းရေ ၂၀၀၀ မှ ၃၀၀၀ အထိ ထွက်၏။ တစ်နှစ်လျှင် ခေါင်းကြိုးကို အချောင်းရေ ရှစ်သိန်းခန့် ထွက်သည်ဆို၏။ မကွေး င်းတွင် နှောပင်ရွာမှ နှာခေါင်းကြိုးကို နွား ၂၀ % ထက်မနည်း

သုံးနေကြသည် ဆို၏။ အောက်ပြည် အောက်ရွာ၊ မြစ်ဝကျွန်းပေါ်
ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်အထိ ရောက်ပြီး၊ အထက်အ
မုံရွာ၊ ရွှေဘို၊ ခင်ဦး၊ ရေဦး၊ ကသာမြို့များအထိ လက်လီ လက်
ဖောက်သည်များဖြင့် နေ့စဉ် ပေးပို့ ရောင်းချနေရသည် ဆို၏။ နှာ
ကြိုး ဝယ်ယူသော ကုန်သည်တွေက များလွန်းတော့ လိုအပ်ချ
ပြည့်မီအောင် ရောင်းမပေးနိုင်ဟု ဆို၏။ လူတစ်ဦး တစ်နေ့ ကြိုး
လျှင် နှာခေါင်းကြိုး ၁၀ ချောင်းအထိ ပြီးနိုင်သည်ဟု ဆို၏။
၅ ချောင်းတော့ အနည်းဆုံး ပြီးကြောင်း သိရ၏။ အငှားကျစ်
တစ်ချောင်းကို ၈ ကျပ် ရသည် ဆို၏။ နွားပင်ရွာတွင် နှာခေါင်
တစ်ချောင်းကို ၂၅ ကျပ်မှ ၃၀ ကျပ်အထိ ရောင်းနေ၏။ ကြိုး
နာမည်ကြီး ကိုပြေသန်း၊ ကိုထွန်းတင်၊ ကိုလှထွန်း၊ ကိုထွန်း
ကိုခက်မောင်၊ ကိုဘိုလေး၊ ကိုကျော်ရင်တို့ရဲ့ နှာခေါင်းကြိုးဆိုရင်
ကျပ် အထိ ဈေးပေးပြီး မှာကြသူများ ရှိနေကြောင်း ပြောပြ
ခေါင်းကြိုး တစ်ချောင်းသည် တစ်နှစ်မှ သုံးနှစ်အထိ ခံကြောင်း သိ
ထန်းလျှော်ကို အတွင်းမှာ ပိုက်ဆံလျှော်ခံပြီး ကျစ်ရ၏။ ထန်းအ
ကို အတွင်းခံပြီး ကျစ်တဲ့ကြိုးကတော့ ၅ ကျပ်မှ ၁၀ ကျပ်
ရှိပြီး၊ ၃ လမှ ၅ လအထိသာ ခံပြီး ပြတ်သွားသည်ဟု ဆို၏။ နွား
နှာခေါင်းကြိုး နာမည်ကြီးရခြင်းမှာ ထန်းလက်ကြောင့်ဟု ဆို
ထန်းလျှော်ကို ထန်းပင်ကြီးမှ ထန်းလျှော်တွေကို မသုံး၊ ထ
ပေါက်စလေးတွေမှ ထန်းလက်များကို ရွေးချယ်ပြီး အသုံးပြုကြ
ထန်းလျက်များ ဝယ်ယူရရှိမှုကလည်း လွယ်ကူလှသည်မဟု
ပိုက်သင်၊ ကျောက်ဆောက်၊ ခဍ္ဍာ၊ ထန်းငယ်တောမှ အစ မြိုင်
ကျေးရွာအားလုံးသို့ လိုက်ရှာ ဝယ်ကြရသည် ဆို၏။ ထန်း
တစ်လက်မှ နှာခေါင်းကြိုး နှစ်ချောင်းသုံးချောင်း ရသည်ဆို၏။
နွားတွေအတွက် သီးခြားနဖားကြိုး အော်ဒါဆိုလျှင် ကျပ်တစ်ရာ
ရှိသည်ဆို၏။ နိုင်လွန်ကြိုးကို နဖားကြိုးအဖြစ် သုံးလျှင် ပူပြီးရ
နှာခေါင်းပေါက်တွေ ကျယ်လာပြီး၊ အနာတွေ ဖြစ်လာတတ်သည်
မည်သို့ပင်ဖြစ်စေ၊ နိုင်လွန်ကြိုးဖြင့် အစားထိုး မရနိုင်တဲ့ နွားနှာ

ကြီး လုပ်ငန်းဟာဖြင့် မြန်မာ့ လက်မှုပညာ လုပ်ငန်းတစ်ခု ဖြစ်ကြောင်း ပါခင်ဗျား။

■



ပန်းပဲဈေးကွက်

## ပန်းပဲဈေးကွက်

၂၂-၁-၉၈ နေ့တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ မုံညင်းကျေ
သို့ ရောက်ခဲ့၏။ မုံညင်းကျေးရွာ အုပ်စုတွင် မြေနီပြင်ရွာ၊ ကျောင်
စုရွာ၊ ဖိုကုန်းရွာနှင့် မြောက်ဘက်စုရွာ ဆိုပြီး လေးရွာ ပါဝင်၏။ ကျေ
ရွာစုရွာနှင့် ဖိုကုန်းရွာများသည် ပန်းပဲလုပ်ငန်းဖြင့် အမိက အသက်
ဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်နေကြ၏။ ကျောင်းရွာစုရွာ အတွင်
ဝင်သွားလျှင် ပန်းပဲဖိုများမှ တူထုသံများသည် အချက်ကျကျ
ထွက်နေသဖြင့် ဂီတသံနှင့် တူတော့၏။ လမ်းပေါ်တွင် ကစား
သော ကလေးဟူ၍ မရှိ၊ လမ်းသွားတတ်ခါစ အရွယ်မှ အဘိုး
အဘွားကြီးအထိ လူတိုင်း ပန်းပဲ လုပ်ငန်းတွင် လုပ်ကိုင်နေကြ
"ကျုပ်တို့ရွာမှာတော့ဗျာ၊ တစ်နှစ်ပတ်လုံးမှာ နားနေ၊ အားနေတဲ့ အ
လည်း မရှိပါဘူး။ အလုပ်မလုပ်ဘဲ အားနေတဲ့ လူဆိုလို့လဲ မရှိပါ
တစ်ဦးတလေ အလုပ် မလုပ်ချင်တဲ့ လူငယ်ရှိရင်လဲ စကားဖက်
ပြောမယ့်သူ မရှိတာနဲ့ တခြားရွာကို သွားပြီး အိမ်လည်ရတယ်။
ရွာက လူတွေ အားလုံးကတော့ ယားလို့တောင် မကုတ်အားကြပါ
ဟု ကျောင်းရွာစု ကျေးရွာ ဥက္ကဋ္ဌကြီးမှ ပြောပြနေပါ၏။ မှန်ပေသ
အိမ်ခြေ ၁၆၅ အိမ် ရှိသော ကျောင်းရွာစု ကျေးရွာတွင် ပန်းပဲဖို
၄၆ ဖို ရှိသဖြင့် လေးအိမ်တွင် တစ်အိမ်မှာ ပန်းပဲဖို ရှိနေ၏။ "ကျ

သုံးအိမ်ကလဲ သံတိုသံစတွေ ရောင်းတယ်၊ ကုန်ချောဝယ်တယ်၊ ထုပ်ပိုးတယ်၊ အောက်ပြည် အောက်ရွာနဲ့ အထက်အညာတက်ပြီး တံစဉ်ရောင်းရတယ်" ဟု ကျေးရွာ စာရေးကြီးမှ ရှင်းပြနေ၏။ ဖိုကုန်း ကျေးရွာမှာလည်း ပန်းပဲဖိုပေါင်း ၃၀ ကျော် ရှိသည်ဟု သိရ၏။ မုံညင်း ကျေးရွာတွင် အဓိကလုပ်သော သံထည် ပစ္စည်းများမှာ တံစဉ်၊ ဆောက်သွားသံ၊ မုန့်ကြော်ယောက်မတို့ ဖြစ်ကြ၏။ ဓား၊ စူး၊ ဆောက်တို့ကို မလုပ်ဟု သိရ၏။ ပန်းပဲဖို တစ်ဖိုတွင် လုပ်သား စုစုပေါင်း ၅ ဦးအထိ အလုပ် လုပ်ကြရ၏။ ဆောက်သွားသံ လုပ်ပါက တစ်နေ့လျှင် ၁၁ ပိဿာမှ ၁၃ ပိဿာအထိ လုပ်နိုင်၏။ "တစ်ပိဿာကို ဆောက်သွားသံက ၁၃၀ ကျပ်ဈေး ရောင်းရတယ်။ ကျွန်တော်တို့ရွာက တစ်နေ့မှာ ဆောက်သွားသံ ပိဿာ ၁၅၀၀ လောက် ထွက်ပါတယ်။ ယနေ့ ပေါက်ဈေးနဲ့ တွက်ရင်တော့ တစ်နေ့လျှင် ၆၅၀၀၀ ကျပ်ဖိုးလောက် ထွက်ပါပေါ့" ဟု ကျေးရွာ စာရေးမှ ပြောပြ၏။

"ဆောက်သွားသံတွေကို ဘယ်နေရာတွေမှာ သုံးပါသလဲ" ဟု ကျွန်တော်က မေးမိရာ...

"လှေ၊ မော်တော် တည်ဆောက်ခြင်း၊ တံတား ဆောက်လုပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခြင်း စတဲ့ လုပ်ငန်းတွေမှာ ရိုးရိုးသံကို သုံးလို့ မကောင်းပါဘူး။ ပန်းပဲမှာ လက်လုပ် ဆောက်သွားသံကိုပဲ အသုံးများ ပါတယ်" ဟု ကျေးရွာ စာရေးမှ ရှင်းပြပါ၏။ သံချောင်းမှာ လေးထောင့်ဖြစ်ခြင်း၊ ရှည်ခြင်း၊ မညီညာခြင်းတို့ကြောင့်၊ သံမပြန်ဟု ပြောပြ၏။ သိပ္ပံပညာ မည်မျှ ထွန်းကားလာပေမယ့် ပြည်တွင်း၊ အိမ်တွင်း လက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော တံစဉ်၊ မုန့်ကြော်ယောင်းမ၊ ဆောက်သွားသံ၊ ထွန်သွားတံ၊ ထယ်သံတို့ လုပ်ငန်းဟာဖြင့် ရှင်သန် ဖွံ့ဖြိုးလျက် ရှိကြောင်းပါခင်ဗျား။

■

# မြို့သာပွဲမှ လှည်းဈေး

၁–၇–၈၉ နေ့တွင် မြို့သာ နတ်ပွဲသို့ ရောက်ခဲ့ရ၏။ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မြို့သာကျေးရွာအုပ်စုတွင် မြို့သာ နတ်ပွဲဆိုပြီး နှစ်စဉ် ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ရာ့ထောင်အထိ ကြာခဲ့ပြီ ဖြစ်ပါ၏။ မြို့သာ နတ်ပွဲသည် မြိုင်မြို့နယ်၊ ပုလဲမြို့နယ်၊ ပေါက်မြို့နယ်၊ ပခုက္ကူမြို့နယ်များကို စောင့်ရှောက် ကာကွယ်ပေးနေသော ကိုးမြို့ရှင်နတ်၊ အမေရင်နတ်၊ ခွန်ချိုနှင့် ခွန်သာနတ်၊ ပခန်းကိုကြီးကျော်နတ် တို့ကို ပူဇော်ပသသော နတ်ပွဲဖြစ်ပါ၏။ မြိုင်မြို့နယ်သည် မြေလတ်ဒေသနှင့် ယောဒေသတို့ စပ်ကြားတွင် တည်ရှိသဖြင့်၊ ယောသူ၊ ယောသားများနှင့် မြေလတ်သားတို့၏ တစ်နှစ် တစ်ကြိမ် တွေ့ဆုံပွဲနှင့် ကုန်ချင်း ဖလှယ်ပွဲဟုလည်း ဆိုချင်ပါ၏။ မိုးဦးကျ ရာသီတွင် နှစ်စဉ် ကျင်းပသော ပွဲလမ်းသဘင်လည်း ဖြစ်သောကြောင့် တောင်သူ ဦးကြီးများအတွက် တောင်သူ လယ်ယာ လုပ်ငန်းခွင်သုံး လှည်း၊ ထွန်တုံး၊ ထွန်တံ၊ ထွန်သွား၊ တောင်း၊ ဖျာမှအစ တောင်သူလယ်သမား တစ်အိမ်ထောင်စု အတွက် တစ်နှစ်အတွင်း လိုအပ်မည့် ပစ္စည်းများကို မြို့သာပွဲမှာ တစ်ထိုင်တည်းတွင် ဝယ်ယူ ရရှိနိုင်၏။ ဒေသခံ တောင်သူ လယ်သမားများသည် မိမိတို့ လိုအပ်သော ပစ္စည်းများကို ငွေဖြင့် မဝယ်၊ ပစ္စည်းချင်း လဲလှယ်သော စနစ်ဖြင့် လဲလှယ်နိုင်ရန် မိမိတို့ မိသားစုသည်

မြို့သာပွဲသို့ သွားပြီး ရောင်းချရန် ကုန်ပစ္စည်းများကို နွေဦးရာသီမှ ပြီး တစ်ပိုင် တစ်နိုင် ထုတ်လုပ်နေတတ်ကြ၏။ ဥပမာ– စောင်၊ လုံချည်၊ ထဘီ၊ သနပ်ခါးတုံး၊ သနပ်ခါးခဲ၊ ဓားနှင့် သံထည်ပစ္စည်းများ၊ တောင်း၊ ဖျာ၊ ဆန်ကော၊ လှည်းနှင့်ဆိုင်သော ပစ္စည်းများကို မိမိတို့ အိမ်မှာ ထုတ်လုပ်ကြ၏။ အထူးသဖြင့် လှည်းနှင့်ဆိုင်သော ပစ္စည်းများ ထုတ်လုပ်ခြင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ လှည်းတစ်စီး ဖြစ်ပေါ်လာရန် ကျေးရွာ အုပ်စုတစ်ခုအတွင်းမှ ပစ္စည်းစုံကို မထုတ်လုပ်ကြပေ။ လှည်းဘီးကို ကျွဲပုတ်ရွာမှ ထုတ်လုပ်သည်။ ကျွဲပုတ်ကျေးရွာမှ ထုတ်လုပ်သော လှည်းဘီးသာလျှင် အသုံးခံ၏။ ခိုင်ခံ့၏၊ လှပ၏၊ ပေ့ါပါး၏။ သွက်လက်၏။ ဈေးသက်သာ၏။ လှည်းဘီးကို လှည်းပတ်သံပြား မပါဘဲ သစ်သား သက်သက်ဖြင့် ဖောက်စွပ်ပြီး တပ်ဆင် မောင်းပြခံနိုင်၏ဟု ကျွဲပုတ်ကျေးရွာများက အာမခံ ပေးတတ်ကြ၏။ လှည်းအိမ် အကောင်းစားကို လေးတန်း ကျေးရွာသားများက ထုတ်လုပ်၏။ သစ်ကြီးတောရွာနှင့် လေးတန်းရွာသည် လှည်းအိမ် အကောင်းစားများကို ပြုလုပ်ရောင်းချ၏။ လှည်းအိမ်၏ တခြား အစိတ်အပိုင်းများကို ပိတောက်သားကို သုံးနိုင်သော်လည်း၊ သစ်ကြီးတော၊ လေးတန်း ကျေးရွာသားများကတော့ ရှားနှစ် သက်သက်ကိုသာ အသုံးပြုသည် ဆို၏။ သစ်ကြီးတောနှင့် လေးတန်း ကျေးရွာများမှ လှည်းအိမ်သည် ရောင်းဈေး ၅၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်အထိ ဈေးရှိသဖြင့် အကောင်းကြိုက်သူများ တောင်သူများက ဝယ်ယူ သုံးစွဲကြ၏။ ဆိတ်သတ်ကျေးရွာမှ ထုတ်လုပ်သော လှည်းအိမ်များမှာ ပိတောက်သားနှင့် ရှားသားတို့ကို စပေါင်းပြုလုပ်၏။ ဈေးသက်သာ၏။ လှည်းအိမ်တစ်စုံကို ၂၀၀၀ ကျပ်မျှသာ ဈေးရှိ၏။ လှည်းအိမ်တွင် ပါဝင်သော လက်တင်ဝါးအကောက်ကို ဖလန်သားအား အသုံးပြုရ၏။ လှည်းဆောင်ပန်းကို ပိတောက်သားဖြင့် ပြုလုပ်ရ၏။ လှည်းစဉ့်တုံးကို ဖျောက်ဆိပ်သားဖြင့် ပြုလုပ်ရ၏။ လှည်းထမ်းပိုးကို ဖျောက်ဆိပ်သား၊ ဖန်ခါးသားတို့ကို အသုံးပြုရ၏။ သို့မှသာလျှင် အအေးဓာတ်ရပြီး၊ နွားပခုံးမှာ အနာတရမဖြစ်စေဟု ဆို၏။ ဝင်ရိုးကို အင်သားနှင့် ဖန်ခါးသားတို့ကို အသုံးပြုရ၏။ တောင်

သူ ဦးကြီးများသည် မည်သည့်ပစ္စည်းကို မည်သည့် သစ်သားဖြင့် သုံးရမည်ဟု တိတိကျကျ ခွဲခြား မှတ်ယူထားခဲ့ကြ၏။ ဆီကြိတ်ရန် ဆုံတုံးကို ထနောင်းသား သို့မဟုတ် ကုက္ကိုသားကို အသုံးပြု၏။ ကျည်ပွေ့ကို ရှားနှစ်၊ ထွန်သွားကို ရှားနှစ်ဖြင့် အသုံးပြုကြ၏။ ထိုကဲ့သို့ သူ့ပစ္စည်းကို သူ့အသားစစ်၊ အသားမှန်ဖြင့် လုပ်ထားသည့် ပစ္စည်းတစ်ခုကို တပ်ဆင်နိုင်ရန်မှာ မြို့သာပွဲ၌သာ ဝယ်ယူရရှိနိုင်သည်ဟု ဆို၏။ ပစ္စည်းအမျိုးအစားနှင့် လက်ရာကိုကြည့်ပြီး ဈေးအမျိုးမျိုးရှိ၏။ လှည်းတစ်စီးစာကို မြို့သာပွဲမှာ ဝယ်ပြီး၊ တပ်ဆင်မည်ဆိုလျှင် ဈေးအချိုဆုံး ကျပ်တစ်သောင်းဖြင့် လှည်းတစ်စီး ဖြစ်နိုင်၏။ အကောင်းစား တပ်ဆင်မည်ဆိုလျှင် ငွေကျပ်ငါးသောင်းအထိ ကုန်ကျ၏။ ထူးဆန်းစွာ တွေ့မြင်ရသည်မှာ ပေါက်မြို့နယ်၊ အစွန်အဖျား ပုံတောင်ပုံညာ ဒေသမှ တောင်သူများသည် လှည်းဝင်ရိုး၊ လှည်းတံ၊ ထွန်တုံး၊ ထွန်တံ၊ နွားနှင်တံ၊ ဖင်တုံးတို့ကို ယူလာပြီး မြို့သာ ကျေးရွာအုပ်စုမှ ထွက်သော လှည်းဘီး၊ လှည်းအိမ်၊ ဆောင်ပန်းများကို အပြန်မှာ ဝယ်ယူသွားတတ်ကြ၏။ ပစ္စည်းချင်း လဲယူသွားတတ်ကြ၏။ အထူး စိတ်ဝင်စားဖွယ် ကောင်းသည်မှာ မြို့သာနတ်ပွဲတွင် ရောင်းချသော ပစ္စည်းများသည် ပြည်တွင်းဖြစ် ဒေသထွက်ကုန်များသာ ဖြစ်နေ၏။ အခြား ပွဲတော်များကဲ့သို့ ရေဒီယို၊ ကက်ဆက်၊ နိုင်လွန်အဝတ်အထည်၊ နိုင်ငံခြားဖြစ် ပစ္စည်း အမျိုးမျိုးကို လုံးဝ မတွေ့ခဲ့ရ၊ မမြင်ခဲ့ရ၊ ရိုးရာသုံး ဒေသထွက်ကုန်များ ဖြစ်သော အဝတ်အထည်များ၊ တောင်သူ လုပ်ငန်းသုံး ကုန်ပစ္စည်းများသာ ဖြစ်နေ၏။ တစ်နည်းအားဖြင့် ဆိုရလျှင် မြို့သာနတ်ပွဲသည် ယောဒေသနှင့် မြေလတ်ဒေသသားတို့၏ ကုန်စည်ဖလှယ်ရာ ဈေးကွက်ကြီး ဖြစ်နေ၏။ သိပ္ပံပညာမည်မျှ ထွန်းကားနေစေကာမူ မြို့သာပွဲမှ လှည်းဈေးကွက်ကတော့ ဆက်လက်ရှင်သန်လျက် ရှိနေကြောင်းပါခင်ဗျား။

■

# ရန်ကုန် ကြက်သားဈေးကွက်

"ကြက်သား ဘယ်ဈေးလဲ"

"ယူယူ တစ်ပိဿာ ၈၀၀ ကျပ်"

"များလှပါလား၊ မလျှော့ဘူးလား"

"မလျှော့ဘူး ဒါက ဗမာကြက်၊ မွေးမြူရေးကြက် မဟုတ်ဘူး"

"ကဲ ကဲ ၅၀ ကျပ်သား ချိန်ပေးပါဗျာ"

"ဟာဗျာ ခင်ဗျားဟာက ခေါင်းကြီး၊ လည်တိုင်ကြီး၊ စာလုပ်ကြီးတွေက ကြီးလှပါလား"

"ဒါတွေကို ဖယ်ပေးမယ်။ တစ်ပိဿာ ၁၂၀၀ ကျပ်ဈေး၊ သိတင်းကျွတ်၊ တန်ဆောင်မုန်း ရောက်ပြီဆိုရင် ကြက်သားဈေးက ခေါင်ခိုက်နေတာပဲ၊ ဝယ်မကောင်းဘူးဟု" ကျွန်တော့်ဘေးမှ ဈေးဝယ်တစ်ဦးက ဆိုသည်။

ဤသို့ဖြင့် ကျွန်တော်သည် အိမ်သို့ ရောက်သောအခါ ရန်ကုန်မြို့၏ ကြက်သားဈေးကွက်ကို တိရစ္ဆာန် ဆရာဝန် ဒေါက်တာ မောင်ညိုဆိုသူနှင့် ဆွေးနွေးမိတော့၏။

"ရန်ကုန်မှာ ကြက်သားက ၆ မျိုး ၆ စား ရှိတယ်ဗျ။ ဗမာကြက်၊ မွေးမြူရေးကြက်မှ ဥတုန်း အဒိုမတွေ မဥတော့တဲ့ ကြက်မ။ အထီးကြက်ဖ၊ ဒန်ပေါက်ကြက်၊ အော်ဒါ ဒန်ပေါက်ကြက်၊ အသားစား

ကြက် ဆိုပြီး ရှိတာဗျ။ ကြက်သားဈေး ဆိုတာက ကြက်သား အမျိုးအစားပေါ် မူတည်တာပေါ့။ ခင်ဗျားက ကျွန်တော်တို့ ရွာမှာလို တစ်မျိုးတည်း ရှိတယ် မှတ်ထားကိုယ်” ဆိုနေ၏။

“ကြက်သား အမျိုးအစား တူပေမယ့် ရေထိုးတာနဲ့ ရေမထိုးတာက ကွာခြားသေးတယ်။ ကြက်သား အရှင် တစ်ပိဿာကို သတ်ပြီး အသေအသား ဆိုရင် ၂၀ ကျပ်သားလောက် လျော့သွားသေးတယ်။ ကလီစာတွေက ခုနစ်ကျပ်သား၊ အမွေးက ၁၂ ကျပ်သား၊ သွေးက သုံးကျပ်သား၊ စာလုပ်က ၅ ကျပ်သား စသည်ပေါ့ဗျာ” ဆိုပြီး ပြောပြနေပြန်၏။

“ရန်ကုန်မှာ ကြက်သားတွေ နေ့စဉ် စားသုံးနိုင်အောင် ဘယ်ကလာနေပါသလဲ” ဟု ကျွန်တော်က စပ်စုမိပြန်၏။

“ဟာဗျာ ရန်ကုန်ဆိုတာ ကြက်သားဖြုန်းတဲ့ ဈေးကွက်ကြီးပဲဗျ။ တစ်နေ့တစ်နေ့ကို ကြက်သား ပိဿာချိန် ခြောက်သောင်း ကုန်တယ်။ တစ်လမှာ ကြက်သား ပိဿာချိန် တစ်ဆယ့်ရှစ်သိန်း ကုန်တယ်။ တစ်လမှာ ရန်ကုန်မြို့ လူထု စားဖို့ ကြက်သားတန်ချိန် ၃၀၀၀ နည်းပါး (သုံးထောင်) ကုန်တယ်။ မင်္ဂလာတောင်ညွန့် ကြက်သားဈေးက အကြီးဆုံးပဲ။ နေ့စဉ် ကြက်သားပိဿာ သုံးသောင်းမှ လေးသောင်းအထိ အရောင်းအဝယ် ဖြစ်တယ်။ ကြည့်မြင်တိုင်ဈေးမှာလည်း ပိဿာတစ်သောင်းလောက် ဝင်တယ်။ အင်းစိန် ကမ်းနားဈေး၊ ဒလဈေး၊ တောင်ဥက္ကလာဈေး၊ မြောက်ဥက္ကလာဈေး၊ ထောက်ကြန့်၊ လှိုင်သာယာ ဈေးတွေမှာလည်း ဝင်တယ်။ ကြက်တွေကတော့ ရန်ကုန် အနီးတဝိုက် မှော်ဘီ၊ ထောက်ကြန့်၊ လှည်းကူး၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်းသုံးခွ၊ ကွမ်းခြံကုန်းနှင့် ဆင်ခြေဖုန်း ရွာတွေက ဝင်တာက ရန်ကုန် စားသုံးမှုရဲ့ ထက်ဝက်လောက် ရှိတယ်ဗျာ။ ကျန်တဲ့ ထက်ဝက် ကြက်သား တွေကတော့ ဗမာကြက်တွေခေါ်တဲ့ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းနှင့် ပျဉ်းမနား၊ ရမည်းသင်း၊ မိတ္ထီလာတို့မှ လာတယ်ဗျာ” ဆိုပြီး ရှင်းပြပေးနေ၏။ ကျွန်တော်လည်း စာရေးဆရာဆိုတော့ စပ်စုချင်တာနဲ့ အတော်ဖြစ်နေ၏။

"မြန်မာပြည်မှာ ကြက်သားတွေကို ဒီလိုသာ စားနေကြရင် သွားနိုင်ဘူးသလား။ မောင်ရင်ရဲ့ ထင်မြင်ချက်ကို ပြောပြ စမ်းပါ" ကျွန်တော်က မေးမိပြန်၏။

"ဟာဗျာ မြန်မာပြည်မှာ ဘာပစ္စည်းမဆို မြန်မာ လူမျိုးတွေ အတွက်တော့ သဘာဝက အပြည့်အဝ ဖန်တီးပေးထားတယ်ဗျ။ ကြက်သားဆိုရင် အေဒီ ၇၃၄– ၇၄၄ ခုနှစ်မှာ နတ်ဖြစ်ခဲ့တဲ့ ပခန်း ကြီးကျော်နတ် လက်ထက်မှာပဲ ကြက်သားနဲ့ ထန်းရေဆိုတာ လူတွေ နေကြပြီ။ ယနေ့အထိ ကုန်ခန်းသွားတယ်ဆိုတာ မရှိသေးဘူး။ ကြက် တဲ့ အကောင်ကလည်း မွေးအား ပေါက်ဖွားနှုန်း အတော် ကောင်း ဗျ။ ကြက်မတစ်ကောင်ကို မွေးထားရင် တစ်နှစ်အကြာမှာ ၁၈ ကောင် ဖြစ်လာတယ်။ ၁၈ ဆ တိုးပွားတာပေါ့ဗျ။ ဒါကြောင့် ကြက်မ ကောင်၊ ၁၀ လရှောင်၊ တစ်နေ့တစ်ကောင် မကုန်ပေါင် ဆိုပြီး လူကြီးတွေက ဆိုခဲ့ကြတာဗျ။ အဲ..တစ်ခုတော့ ရှိတယ်။ ဆရာ ကြက်ရေ နိုင်ငံခြားသားတွေတော့ သိပ်ပြီး များများ မလာစေနဲ့နော်။ ကောင်တွေ များများဝင်လာရင် ခင်ဗျားတို့ ကျုပ်တို့ ကြက်သား တာ မြင်ရမှာတောင် မဟုတ်ဘူး။ စင်ကာပူနိုင်ငံ သေးသေးလေးမှာ နိုင်ငံခြားသားက တစ်နှစ်ကို ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်း လာနေ တော့၊ တစ်နှစ်မှာ ကြက်သားတန်ချိန် ခုနစ်သိန်း တင်သွင်း ယူရ တယ်။ ကြက်သား တစ်တန်ကို အမေရိကန်ဒေါ်လာ တစ်ထောင် ပါး ရှိတော့ ဒေါ်လာ သန်း ၇၀၀ ဖိုးလောက် ကြက်သားဖိုး ကုန်နေ တယ်။ ကျွန်တော်တို့နိုင်ငံမှာလဲ နိုင်ငံခြားသား အဝင်များလာလျှင် ခဲ့ ကြက်သား ထုတ်လုပ်မှုဟာ ဆင်ပါးစပ်ထဲ နှမ်းပက်သလို ဖြစ်သွား ဗျ" ဟု အနာဂါတ် အလားအလာများကို ပြောပြသွား၏။

မှန်ပေသည်။ မြန်မာနိုင်ငံ၏ ကြက်ကောင်ရေ ၃၉.၅ သန်း က် ၃၄.၄ သန်းသည် တောင်သူဦးကြီးများ၏ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်များ ဖြစ်ပါ၏။ အစားအစာ မရွေး၊ ဆေးမကု၊ ကာကွယ်ဆေး မထိုးပေး။ သဘာဝအလျောက် တိုးချင်တိုး၊ ပွားချင် ပွား သေချင်သေ၊ ဂရုစိုက်မည့်သူ မရှိ၊ အပျော်မွေးသမားများ ဖြစ်ကြ

ပေ၏။ ယခုတော့ လည်လိမ် ကာကွယ်ဆေး မျက်စဉ်းတွေ လု
နေပြီဟု သိရပါ၏။ မည်သို့ပင် ဖြစ်စေ မြန်မာတွေ ကြက်
မငတ်ကြရအောင် ပညာရှင် များ ဝိုင်းကူ ပေးကြပါဦးခင်ဗျား

## မြန်မာနိုင်ငံ၏ ကြက်ဦးရေနှင့် ရာခိုင်နှုန်းနှင့် တိုင်းနှ ပြည်နယ်များ

| စဉ် | တိုင်း | ကြက်ဦးရေ% |
|---|---|---|
| ၁။ | ရန်ကုန်တိုင်း | ၃၆.၀၆ % |
| ၂။ | မန္တလေးတိုင်း | ၁၃.၃၆ % |
| ၃။ | စစ်ကိုင်းတိုင်း | ၉.၂၁ % |
| ၄။ | တနင်္သာရီတိုင်း | ၆.၂၂ % |
| ၅။ | ဧရာဝတီတိုင်း | ၄.၁၁ % |
| ၆။ | ပဲခူးတိုင်း | ၃.၃၃ % |
| ၇။ | မကွေးတိုင်း | ၃.၃၃ % |
| | စုစုပေါင်း | ၇၉.၆၂ |

| စဉ် | ပြည်နယ် | ကြက်ဦးရေ% |
|---|---|---|
| ၁။ | ရှမ်းပြည်နယ် | ၁၂.၃၃ % |
| ၂။ | မွန်ပြည်နယ် | ၆.၂၂ % |
| ၃။ | ကချင်ပြည်နယ် | ၂.၂၆ % |
| ၄။ | ရခိုင်ပြည်နယ် | ၁.၂၆ % |
| ၅။ | ကရင်ပြည်နယ် | ၁.၃၆ % |
| ၆။ | ကယားပြည်နယ် | ၀.၉၀ % |
| ၇။ | ချင်းပြည်နယ် | ၀.၀၂ % |
| | စုစုပေါင်း | ၂၄.၃၈ % |

■

# ပုဂ္ဂလိက သစ်ထုတ်လုပ်ငန်း

၁၉၉၀ ခုနှစ်မှ စပြီး သစ်ထုတ်လုပ်ခြင်းနှင့် နိုင်ငံခြားသို့ ရောင်းချခြင်း လုပ်ငန်းကို ပုဂ္ဂလိကများအား ခွင့်ပြုခဲ့၏။ သစ်ရောင်းဝယ်ရေး ကုမ္ပဏီပေါင်းများစွာ ပေါ်ပေါက်ခဲ့၏။ မည်သည့် စီးပွားရေးလုပ်ငန်းကို လုပ်သည်ဖြစ်စေ သစ်လုပ်ငန်းကို ပူးတွဲ လုပ်ကိုင် တတ်ပါ၏။ မြန်မာနိုင်ငံမှ ငွေကြေး ချမ်းသာသူများသည် နိုင်ငံခြားမှာနေသော ဆွေမျိုးများထံ သစ်ဈေးကွက် ရရှိရေးအတွက် စာရေးကြ၏။ ဆက်သွယ်ကြ၏။ စုံစမ်းကြ၏။ နိုင်ငံခြား ကုမ္ပဏီများထံ တချို့က တိုက်ရိုက် ဆက်သွယ် စာရေး၏။ နည်းမျိုးစုံဖြင့် ပူးပေါင်း ကြိုးစားလိုက်ကြသောအခါ သစ်ဈေးကွက်ကြီး တစ်ခု ဖြစ်ပေါ်လာခဲ့၏။ ကမ္ဘာပေါ်တွင် မြန်မာ ပိတောက်သည် မျက်နှာပန်းလှခဲ့၏။ သို့သော် ဈေးကွက်ကြီးကို လွယ်လွယ်ဖြင့် ရရှိလာခဲ့ခြင်း မဟုတ်၊ ပုဂ္ဂလိက သစ်ကုန်သည်များ စုပေါင်းအားထုတ်ခဲ့ခြင်းကြောင့်သာ ဖြစ်ပေါ်စေခဲ့၏။

ပုဂ္ဂလိက သစ်ထုတ်မှု လုပ်ငန်းကို ပြန်လည် သုံးသပ်ပါက ဥပဒေစည်းကမ်း ချိုးဖောက်မှုများ ရှိခဲ့သော်လည်း နိုင်ငံတော် အကျိုးအတွက် နစ်နာ ဆုံးရှုံးမှုရှိမည်မဟုတ်။ သစ်ကွက်တစ်ကွက်ကို ထုတ်ယူခွင့် ရရန် အပြိုင်အဆိုင် လေလံဆွဲယူကြရ၏။ သစ်မာ တစ်တန်ထုတ်ယူခွင့်ကို ၁၉၈၉ ခုနှစ်တွင် ၁၅၀ ကျပ်မှ စတင်ခဲ့သော ဈေးနှုန်း

သည် ၁၉၉၃ ခုနှစ်တွင် တစ်တန်လျှင် ကျပ် ၇၀၀၀၀ ကျော် ဈေးအထိ အပြိုင်အဆိုင် လေလံဆွဲယူခဲ့ကြ၏။ သစ်တောဌာနအတွက် မကြုံစဖူး ဝင်ငွေများ ရရှိခဲ့၏။ သစ်ကုမ္ပဏီများသည် ဈေးကြီးဝယ်ရသလို နိုင်ငံခြားသို့လည်း ဈေးတင်ရောင်းချခဲ့၏။

သစ်ထုတ်လုပ်ရာမှာလည်း သစ်တစ်ပင်၏ ရင်ဆို့ လုံးပတ် ၆ ပေ ကျော်သော သစ်ပင်များကိုသာ လေလံပစ်ခဲ့ခြင်း ဖြစ်၏။ အများအားဖြင့် ခြောက်ပေခွဲ၊ ခုနစ်ပေ လုံးပတ်ရှိသော သစ်ပင်များကိုသာ ခုတ်ခွင့်ရ၏၊ ခုတ်ကြ၏။ လုံးပတ် ၆ ပေ၏ အောက်၊ ၅ ပေ၊ ၄ ပေ ရှိသော သစ်ပင်များကို မိမိတို့၏ တဲအနီးမှာရှိသည်ကိုပင် မခုတ်ကြ။ မိမိတို့ လေလံဆွဲယူရသော သစ်ကွက်အတွင်းမှာ ၆ ပေကျော်သော သစ်ပင်များကို ရှာမရလျှင် အခြားသစ်ကွက်များမှာ သွားရှာပြီး ထုတ်ယူခဲ့ကြ၏။ သို့သော် ထိုသို့ ခုတ်ယူခြင်းသည် ဥပဒေနှင့် မညီညွတ် သော်လည်း နိုင်ငံတော်အတွက် လည်းကောင်း၊ သစ်တောဌာနအတွက် လည်းကောင်း၊ ဆုံးရှုံးနစ်နာခြင်း မဖြစ်ပေါ်စေပါ။ လုံးပတ် ၆ ပေ ကျော်နေသော သစ်ပင်များသည် မည်သည့် သစ်ကွက်အတွင်းမှာ ရှိနေပါစေ၊ ခုတ်ပတ်ရောက်နေပြီဖြစ်၍ ခုတ်လှဲကြရပါမည်။ သို့မှသာ အနီးအနားမှ သစ်ပင်ငယ်များ ပိုမို ကြီးထွားလာမည်။ လုံးပတ် ၆ ပေ ကျော်သော သစ်ပင်များကို ရွေးခုတ်ခြင်းသည် သစ်တော မနာရေး အတွက် အကောင်းဆုံး နည်းလမ်း ဖြစ်ပါ၏။ ယခုအခါ သစ်လုံး ရောင်းချခွင့် များကို ပိတ်ပင်ပြီး၊ သစ်ခွဲသားများကိုသာ တင်ပို့ ရောင်းချခွင့် ပြုနေသည်ဟု သိရ၏။ သစ်ခွဲသားဆိုသည်မှာ မည်သည့် သစ်ပင်မှ မဆို ရနိုင်၏။ ထို့ကြောင့် လုံးပတ် ၃ ပေ၊ ၄ ပေ၊ ၅ ပေ ရှိသော သစ်ပင်များကို ခိုးခုတ်ပြီး၊ လုပ်ကိုင်နေကြသဖြင့် သစ်တောများ ပြုန်းတီး လာနေပြီ ဖြစ်ကြောင်း ပြောသံ ဆိုသံများ ကြားနေရ၏။ လုံးပတ် ၆ ပေကျော်ရှိသော သစ်ပင်တစ်ပင် ရရန် အတော်ခဲယဉ်း၏။ တောအဝေးကြီးမှာ သွားပြီး ရှာဖွေ ခုတ်ယူကြရ၏။ လုံးပတ် ၃ ပေ၊ ၄ ပေ၊ ၅ ပေ ရှိသော သစ်ပင်ငယ်ကလေးများ၊ သစ်ပင်ပျိုကလေးများမှာ လမ်းဘေး ပတ်ဝန်းကျင်တွင် ရှိကြ၏။ သစ်ကွက် ပိုင်ရှင်များသည်

သစ်ပင်အိုကြီးများကိုသာ ခုတ်ခွင့်၊ ရောင်းခွင့်ရခဲ့၏။ သစ်ခိုးထုတ်သူများမှာ သစ်ပင်ပျို၊ အို မရွေး ထုတ်ယူကြ၏။ နိုင်ငံခြားသို့ ရောင်းချရာတွင်လည်း သစ်လုံးအတိုင်း ရောင်းချခြင်းသည် နိုင်ငံတော်အတွက် ဝင်ငွေ ပိုရ၏။ သစ်ခွဲသား ရောင်းချခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အရနည်းခြင်း၊ အလေအလွင့်များခြင်း၊ အလုပ်ပိုခြင်း၊ သစ်ခိုးဂိုဏ်းများကို အားပေးရာ ရောက်ခြင်း၊ သစ်ပင်ငယ်များကို အခုတ်ခံရခြင်း စသော ဆိုးကျိုးများကို အခြေအနေမှန် အတိုင်း သိရှိအောင် ပွင့်လင်းသော ဆွေးနွေးပွဲများ ပြုလုပ်ပေးသင့်ပါ၏။ နိုင်ငံခြားငွေ လိုအပ်နေသော ယနေ့ အချိန်အခါတွင် အတ္တဟိတ၊ ပရဟိတမျှတသော သစ်ထုတ်လုပ်ရောင်းချခွင့်များကို စည်းကမ်း၊ နည်းလမ်းအသစ်များ ချမှတ် ဆောင်ရွက်ရန် အချိန် ကျရောက်နေပြီဟု ယူဆမိကြောင်းပါခင်ဗျား။

■



ပုဂ္ဂလိက၊ သစ်ထုတ်ကြ

# သစ်တော သယံဇာတ ထိန်းသိမ်းကြ

"ကျွန်တော်များ ဒဂုံ၊ ပုပ္ပား မော်တော်ယာဉ်ဖြင့် လိုက်ပါလာကြသော ခရီးသည်များခင်ဗျား၊ ဒီနေရာမှာ ထမင်းစားရန်အတွက် တစ်နာရီခန့် နားနေမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ တန်ဖိုးကြီးတဲ့ ပစ္စည်းများကို တစ်ပါတည်း မိမိတို့နဲ့ ယူဆောင်သွားကြဖို့ မေတ္တာရပ်ခံ နှိုးဆော်အပ်ပါတယ်။ မော်တော်ယာဉ် တံခါးကို ပိတ်ထားမှာ ဖြစ်ပါတယ်" မော်တော်ကား စပယ်ယာ၏အသံ ဖြစ်ပါ၏။ ကျွန်တော်သည် လက်မှ နာရီကို ကြည့်လိုက်တော့ ၈ နာရီ ရှိနေပြီဖြစ်၏။ မည်သည့် မြို့ကို ရောက်နေပြီလဲဟု မေးလိုက်တော့ ပြည်မြို့အဝင် နှမယံကျေးရွာ ဖြစ်သည် ဆို၏။

မော်တော်ကားပေါ်မှ ဆင်းခဲ့ပြီး အပေ့ါအပါးသွားပြီး ပြန်လာတော့ နိုင်ငံခြားသား နှစ်ဦး ထိုင်နေသော ထမင်းစား ပွဲမှအပ အခြားထမင်းစားပွဲဝိုင်းများတွင် လူများဖြင့် ပြည့်နေ၏။ နိုင်ငံခြားသား နှစ်ဦးသာ ရှိသော စားပွဲဝိုင်းမှာပင် ဝင်ပြီး ထိုင်လိုက်မိ၏။ နိုင်ငံခြားသူ အမျိုးသမီးသည် သူမနှင့်အတူ ယူဆောင်လာသော ပန်းကန်၊ ဇွန်းနှင့် ခက်ရင်း၊ သောက်ရေခွက်များကို စက္ကူတို့ဖြင့် သုတ်နေ၏။ ပါးစပ်မှလည်း မည်သည့် အစားအစာများ ရနိုင်သနည်းဟု မေးနေ၏။ ရေနွေးတစ်အိုးလောက် ရောင်းပေးပါဟုလည်း ပြောနေ၏။ ထမင်း

ဆိုင်မှ အမျိုးသမီးကလေးသည် ပြောတာကို နားမလည်သဖြင့် ဘာသာ ပြန်ပေးလိုက်၏။

ကြက်သား၊ ဝက်သား၊ ငါး၊ ဆိတ်သား၊ တောကြောင်သား၊ ဆတ် သား၊ ချေသား၊ ငုံးသား စသည်ဖြင့် စုံနေ၍ ထမင်းဆိုင်မှ အမျိုးသမီး လေးက ပါးစပ်မှ ပြောတာကို နားမလည်သဖြင့် ဟင်းခွက်များ ထည့် ထားသော လင်ပန်းကြီးကို ယူလာပြီး ပြနေတော့၏။

နိုင်ငံခြားသူ အမျိုးသမီးလေးမှာ အံ့သြနေသော အမူအရာဖြင့် ကျွန်တော် ဘာသာပြန်ပေးသော တောကြောင်သား (Wild Cat) ဆတ်သား၊ (Sambur) ချေသား၊ (Barking Deer) စသည်တို့ကို ကြားရတော့ အကြိမ်ကြိမ် အထပ်ထပ် ပြန်ပြီး မေးနေပြန်၏။ ကျွန်တော် ၏ အင်္ဂလိပ်စာ အသံထွက် မပီသဟု ထင်ပြီး ကျွန်တော်သည် စာရွက် ပေါ်တွင် ချပြီး ဘောပင်ဖြင့် စာရေးပြလိုက်၏။

"ဒီတောကောင်တွေကို ဘယ်က ရပါသလဲ"

"ဒီအနီးအနားက ရွာမှ လူတွေလာပြီး ရောင်းတာပါ"

"သူတို့က နေ့တိုင်း လာရောင်းကြသလား"

"ဟုတ်ကဲ့ ရောင်းကြပါတယ်"

"သူတို့က ဘာလက်နက်နဲ့ ပစ်ခတ် ဖမ်းဆီးကြသလဲ"

"ဒါကိုတော့ မသိပါဘူး"

ထောင်ချောက်နှင့် ထောင်တယ်၊ ခွေးနဲ့ လိုက်တယ်၊ မြားနှင့် ပစ်မယ် ထင်ပါတယ်ဟု ကျွန်တော်က ဝင်ပြီး ရှင်းပြလိုက်မိပါ၏။

"သူတို့ရွာသားတွေ ဒီအကောင်တွေကို ဖမ်းဆီး သတ်ဖြတ်ပုံ ကြည့်ချင်ပါတယ်။ လေ့လာချင်ပါတယ်" ဟုလည်း ဆိုလာပြန်၍..

"လေ့လာလို့ မလွယ်ပါဘူး။ ဒီအကောင်တွေကို ဖမ်းတဲ့ လူတွေ က ဒီအနီးအနားမှ ရွာတွေ ဆိုပေမယ့် တစ်ရွာမှာ တစ်ဦး၊ နှစ်ဦးပဲ ရှိတာပါ။ အမြဲလဲ မဖမ်းဆီးကြပါဘူး။ ဒီတောရိုင်း တိရစ္ဆာန်တွေကို တရားဝင် ဖမ်းဆီး သတ်ဖြတ်ခွင့် မရှိပါဘူး။ သစ်တော ဥပဒေအရ တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားပြီး တားမြစ်ထားတာပါ။ ဒီဆိုင် တွေမှာ လာပြီး ရောင်းကြတာက ခိုးဝှက်ပြီး ရောင်းကြတာပါ" ဟု

ကျွန်တော်က ရှင်းပြလိုက်မိပြန်၏။

"ဥပဒေနဲ့ တားမြစ်ထားတယ်ဆိုပြီး လူကြီးမင်းက ပြော
တယ်။ ဒီဆိုင်မှာ နေ့စဉ် ရောင်းတယ်လို့ ပြောတယ်။ ဥပဒေ ထုတ်
ထားတဲ့ လူတွေက ဒီဆိုင်တွေမှာ ဒီရှာသားတွေ ရောင်းနေတာ မသိ
ဘူးဘား၊ ဒီစားသောက်ဆိုင်တွေမှာ လာပြီး မစားတောင်မှ သိဖို့ ကောင်း
ပါတယ်"

အမှန်တော့ ဒေသခံ အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များသည် လမ်း
မကြီး ပေါ်မှ စားသောက်ဆိုင်များကို ရေချိုးခန်း၊ အိမ်သာ၊ အစားအစာ
သန့်ရှင်းမှု၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် တောရိုင်းတိရစ္ဆာန်များ
၏ အသားများ ရောင်းချခြင်းမျိုးကို မှန်မှန် စစ်ဆေးပြီး အရေးယူ
ဆောင်ရွက်သင့်ကြပါ၏။ ကျွန်တော်က ထပ်ပြီး ရှင်းပြနေလျှင် ပိုပြီး
ရှုပ်ကုန်မည် ဆိုးသဖြင့် စကားကို အမြန်ဖြတ်ပြီး မော်တော်ကား ပေါ်သို့
ပြန်တက်နေလိုက်ရတော့၏။ အမှန်တော့ ပြည်မြို့နယ်၊ နမယ် ကျေးရွာ
မှာ သာမက၊ အင်းမရွာနှင့် အောင်လံမြို့နယ်၊ ပြလိုရွာ စသည်ဖြင့်
လမ်းဘေး ဈေးဆိုင်တိုင်းလိုလိုတွင် တောရိုင်းတိရစ္ဆာန်များ၏ အသား
ဟင်းလျာများကို ရောင်းချနေကြ၏။ တချို့ စားသောက်ဆိုင်များမှာ
ဆိုလျှင် ဆိုင်ရှေ့ရှိ ကြော်ငြာသင်ပုန်းကြီး ပေါ်တွင် ရေးပြီးပင် ကြော်ငြာ
ပြီး ရောင်းချ နေတတ်ကြ၏။ ယခုကဲ့သို့ နေ့စဉ် သတ်ဖြတ်နေလျှင်
မည်မျှ ကြာကြာ ခံပါလိမ့်မည်နည်း။ ကျွန်တော်တို့သည် သဘာဝ
တရားကြီးကို ကာကွယ်စောင့်ရှောက်ရန် လူတိုင်းတွင် တာဝန်ရှိကြ၏။
သက်ရှိ လောကကြီးကို လူတစ်မျိုးတည်းသာ ပိုင်ဆိုင်နေခြင်း မဟုတ်
တိရစ္ဆာန်၊ ကျေးငှက်၊ သစ်ပင်နှင့် လူတို့သည် တန်းတူ ပိုင်ဆိုင်ခွင့်
ရှိကြ၏။ လူတို့သည် မနက်လင်းလာပြီ ဆိုလျှင် ကြက်သား၊ ဝက်သား
အမဲသား ဘာဟင်းလျာကို စားမှာလဲဆိုပြီး နေ့စဉ် စဉ်းစားနေကြ၏
ထို့ကြောင့် လူသည် တိရစ္ဆာန် သတ္တဝါတို့အတွက် ဘုံရန်သူကြီး ဖြစ်နေ
၏ဟု တောင်တန်း ဆရာတော်ကြီးမှ ဟောကြားခဲ့ဖူး၏။

"ငါတို့ လူသားတွေကသာ ခွေးရဲ့သား၊ နွားရဲ့သားလို့ ခေါ်လျှင်
မခံချင်တာ မဟုတ်ဘူးကွ၊ ခွေးတွေ၊ နွားတွေကလဲ သူတို့ တိရစ္ဆာန်

အချင်းချင်း ကို လူရဲ့သားလို့ ခေါ်လျှင် အလွန် စိတ်ဆိုး ဒေါသထွက်ကြတာ ဆို့ပဲ။ လူက အတော် ယုတ်မာတာကိုကွ။ ဒါကြောင့် တိရစ္ဆာန် အချင်းချင်းကလဲ ယုတ်မာ ရက်စက်တဲ့ အကောင်ကို လူရဲ့သားလို့ ခေါ်ကြတယ် ဆိုပဲ” ဟု ဆရာတော်ကြီးက အမိန့်ရှိဖူးပါ၏။ ကျွန်တော်တို့သည် အမြဲ သတ်လွတ်စားကြရမည်ဟုတော့ မဆိုပါ။ ဥပဒေအရ တားမြစ်ထားသည့် တောရိုင်း တိရစ္ဆာန်များကိုတော့ ရှောင်ကြဉ် သင့်ကြပါ၏။ မရှောင်ကြဉ်ဘဲ သတ်ဖြတ်၊ စားသောက်နေသူများကိုလည်း ထိထိရောက်ရောက် အပြစ်ပေး အရေးယူကြရမှာ ဖြစ်ပါ၏။ ဥပဒေသည် စာအုပ်အတွင်းမှာသာ မရှိသင့်ပါ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ၈–၆–၉၄ နေ့တွင် ဥပဒေတွင် ၆ /၉၄ ဖြင့်လည်း ဥပဒေထုတ်ပြန်ပြီး တားမြစ်ခဲ့ပြီး ဖြစ်ပါ၏။ အဆိုပါ ဥပဒေပုဒ်မ ၃၆–၃၇ တို့အရ မည်သူမဆို ကာကွယ် တားဆီးထားသော တောရိုင်း တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်း၊ အနာတရ ဖြစ်စေခြင်း၊ အမဲလိုက်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ယူခြင်း ပြုလုပ်ပါက ထောင်ဒဏ် ၅ နှစ်မှ ၇ နှစ်အထိ အကျခံရမည်ဟု ဆိုထားကြောင်းပါခင်ဗျား။

■



# ထင်ပေါ်လျှင် စင်ပေါ်မှကောက်

"ယခု ကျုပ်ရဲ့ အသက် ၈၄ နှစ် ရှိပါပြီ။ ရုပ်သေးပညာကို အသက် ၁၆ နှစ်မှ စပြီး ကြိုးဆွဲခဲ့ပါတယ်။ အနှစ် ၇၀ လောက် ရှိပြီ ပေါ့လေ။ ရုပ်သေးခေတ်တော့ ကုန်ပြီဆိုပြီး ထင်ခဲ့တာ။ ရုပ်သေးရုပ်တွေ ကိုပင် ရတဲ့ဈေးနဲ့ ရောင်းစားခဲ့ပါပြီ။ မကြာသေးတဲ့ ၂ နှစ်၊ ၃ နှစ် အတွင်းမှ အဘ ရုပ်သေးပညာကိုပင် လူငယ်တွေကို အမွေပေးခဲ့ပါဦး ဆိုပြီး ဟိုတယ်တွေက လာပြီး ခေါ်ကြတာနဲ့ အရုပ်တွေ ပြန်လုပ်ပြီး ရုပ်သေးကြိုးဆွဲ အလုပ်ကို ပြန်လုပ်ခဲ့ရတာပါပဲ"

ရုပ်သေးပညာရှင် ဖော်ပျံဦးမောင်လှ (ဖော်ဂျီပျံဆရာလှ) ၏ ပြောစကားများ ဖြစ်၏။ အမှန်တော့ မြန်မာ့ သဘင်ပညာတွင် အနိမ့် သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင် ဆိုပြီး သဘင် ၄ မျိုး ရှိရာ၊ ရုပ်သေးသည် အမြင့်သဘင် ဖြစ်၏။ ကုန်းဘောင် ခေတ်မှာ ဆိုလျှင် အမြင့်သဘင်အတွက် သီးခြား သဘင်ဝန်များ ခန့်ထားပြီး အားပေးခဲ့သည် ဆို၏။ ရုပ်သေးသဘင်သည် အလွန် ရှေးကျသော သဘင်ပညာရပ် ဖြစ်၏။ ပုဂံခေတ်မှာပင် ရုပ်သေး (မြန်မာ ရုပ်စုံသဘင်) ပေါ်ထွန်းခဲ့ပြီ ဖြစ်၏။ ရုပ်သေးသည် အလွန် အဆင့်မြင့်သော သဘင် ပညာရပ်ဖြစ်ကြောင်း နိုင်ငံခြားသားများက အသိအမှတ် ပြုထား၏။ မြန်မာ့ ယဉ်ကျေးမှု၊ မြန်မာ့ဟန်၊ မြန်မာ့ အနုပညာ သက်သက် ဖြစ်၏။

…းသဘင်၊ အဆိုသဘင်နှင့် အနိမ့်သဘင်များမှာ နိုင်ငံခြား
…ကျေးမှုများ လွှမ်းမိုး ခံနေရပြီ ဖြစ်၏။ မြန်မာ့ အနုပညာ စစ်စစ်ကို
…း လိုသူများအတွက် ကျန် သဘင်သုံးမျိုးမှာ ဆားငံနေသော ဟင်းကို
…သလို ဖြစ်နေလေပြီဟု စာရေးဆရာကြီး တစ်ဦးမှ မှတ်ချက်
…း၏။ ရုပ်သေးဇာတ်သဘင် ပညာသည် ကျွမ်းကျင်အောင် အတော်
…ကျင့်ထားရမည်ဟုလည်း နိုင်ငံခြားသား တစ်ဦးမှ ပြောဆိုသံ
…းခဲ့ရ၏။ ရုပ်သေးဇာတ်သဘင် ပညာသည် မြန်မာ့ ပန်းပု ပညာ
…သည်း ဖော်ညွှန်းနေသည်။ ရုပ်သေးသဘင်သည် လွန်ခဲ့သော
…ပေါင်း ၃၀ ကျော်အတွင်း၌ လုံးဝ တိမ်မြုပ် ပျောက်ကွယ် တော့
…် အခြေအနေသို့ ရောက်ခဲ့ရ၏။

ကျွန်ုပ်တို့ ငယ်စဉ်က ပခုက္ကူ သီဟိုရှင် ဘုရားပွဲတော်တွင်
…ဂျီပျံဆရာလှ၏ ရုပ်သေးသဘင်သည် မပါလျှင် မပြီး။ နှစ်စဉ် ပါခဲ့၏။
…ဟို၌ရှင် ဘုရားပွဲမှာ ရုပ်သေးမပါသော နှစ်တွင် မိုးခေါင်တတ်သည်
…င် ကျွန်ုပ်တို့၏ မိဘများမှ ပြောသံ ကြားခဲ့ဖူးပါ၏။ ဇော်ဂျီပျံ
…ရာလှ အမည်သည် ကျွန်ုပ်ငယ်စဉ်ကပင် စွဲမြဲနေခဲ့သော အမည်
…၏။ ထို့ကြောင့် ပုဂံညောင်ဦးရောက်လျှင် ဇော်ဂျီပျံဆရာလှ ရုပ်သေး
…ဘ ရှိသေးသလားဟု မေးမည်ဆိုပြီး စိတ်ကူးခဲ့၏။ ၃၀-၇-၉၇
…က အေးရိပ်သာ စားသောက်ဆိုင်ပိုင်ရှင် ဦးအေးသွင်၏ စီစဉ် ပေးမှု
…ကြောင့် နှစ်ပေါင်း ၃၀ ကျော် ကင်းကွာနေခဲ့ရသော ဇော်ဂျီပျံဆရာလှ၏
…သေးပွဲ ကြည့်ခွင့်ရခဲ့ခြင်း ဖြစ်၏။ ဆရာလှ၏ အိမ်သို့ ပုဂံ၊ ပခုက္ကူ
…ဆိပ် မြစ်ကမ်းဘေးအတိုင်း အရှေ့သို့ ကိုက် ၅၀၀ ခန့် သွားရ၏၊
…ဟိုတယ်၏ အရှေ့ဘက်တွင် ကပ်လျက် တည်ရှိ၏။ ဆရာလှမှာ
…သက် ၈၄ နှစ် ရှိပြီ ဖြစ်သော်လည်း ကျန်းကျန်းမာမာ၊ သန်သန်
…မြန်၊ သွက်သွက်လက်လက်၊ ပျော်ပျော်ရွှင်ရွှင် တွေ့ခဲ့ရ၏။ ဇော်ဂျီပျံ
…ရာလှကို တွေ့မြင်ရသော နိုင်ငံခြားသားများ အားလုံးက မြန်မာ
…မျိုးတွေက အတော် ကျန်းမာကြတယ်။ အသက်ရှည်ကြတယ်ဟု
…ကြာခဏ အပြောခံခဲ့ရသည်ဟု ဆို၏။ ဘာတွေ စဉ်းစားသလဲ၊ ဘာ
…့ကျင့်ခန်းတွေ လုပ်သလဲ၊ ဘယ်လို ကျန်းမာအောင် နေသလဲဟု

မေးတတ်ကြ၏။ "ကျုပ်ကတော့ ရုပ်သေးရုပ်ကလေးပဲ လှုပ်ပြပြီး၊
အဖြေ ပေးလိုက်တာပါပဲဟု ပြောပြနေ၏။ "သို့သော် ရုပ်သေးသ
ကို အမြင့်သဘင်လို့ ခေါ်ပေမယ့် မမြင့်ခဲ့လှပါဘူးဗျာ။ စင်ပေါ်
ကရလို့သာ ခေါ်ခဲ့တာပါ။ အခုမှပဲ အမြင့်သဘင်အစစ် ဖြစ်တော့
ဟိုကလာပြီးခေါ် ဒီကလာပြီးခေါ်နဲ့၊ ဟိုတယ်တွေကိုလိုက်ပြီး နိုင်ငံ
သားတွေကို ဖျော်ဖြေနေရတော့ အားရတယ်။ နားရတယ်လို့ မရှိ
တစ်လမှာ ၁၄ ပွဲ၊ ၁၅ ပွဲ လိုက်ရတယ်။ ရရှိတဲ့ငွေကလည်း များ
ပါတယ်ဗျာ။ တစ်ပွဲ ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ် အနည်းဆုံး
အခုမှပဲ လှူနိုင်၊ တန်းနိုင်တော့တယ်။ ကျုပ်မသေခင်မှာ သည်
မျိုးတော့ တွေ့မယ်လို့ မမျှော်လင့်မိဘူး။ ကျုပ်ရဲ့ အသက်ကို
လောက် ပြန်ပြီး ငယ်ချင်တယ်ဗျာဆိုပြီး ဆရာလှတစ်ယောက်
ရည် ကျနေ၏။ မည်သည့် ပညာမဆို ထင်ပေါ်လျှင် စင်တော်မှ
မည် ဖြစ်ကြောင်းပါခင်ဗျား။ လူငယ်များ အနေနဲ့ ပညာရပ်တစ်
ထူးချွန်အောင် သင်ထားသင့်ကြောင်းပါ ခင်ဗျား။

■



## မဲဆောက်မြို့မှ ကိုရော်

စက်တင်ဘာ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ၏ နယ်စပ်မြို့ဖြစ်သော မယ်တော်မြို့နှင့် မဲဆောက်မြို့သို့ ရောက်ဖြစ်ခဲ့၏။ မော်တော်ကားလိုင်း အစီးမှားသွားသဖြင့် ကျေးရွာကြီးတစ်ခုသို့ ရောက်ခဲ့ရလေ၏။ သိုးမွေးထိုး စက်ရုံများကို တွေ့မြင်ခဲ့ရ၏။ ကျွန်ုပ်တို့ ပခုက္ကူဘက်မှ အလုပ်သမားများကို တွေ့ခဲ့ရာ သူတို့ စက်ရုံမှာ သိုးမွေးချည်ပြတ်နေ၍ အလုပ် မလုပ်ရတာ နှစ်လခွဲကြာပြီဆို၏။ အလုပ် လုပ်ရရင်တော့ စရိတ်ငြိမ်း တစ်လလျှင် ဘတ်တစ်ထောင့်နှစ်ရာ မြန်မာကျပ်ငွေတစ်သောင်းကျော်ကျော် ရသည်ဆို၏။ အခုလို မလုပ်ရတော့ ထမင်းကိုတော့ စက်ရုံမှ ကျွေး၏။ နေစရာပေး၏။ ရေမီး အခမဲ့ရ၏။ ဟင်းကိုတော့ စက်ရုံဘေးမှ လမ်းဘေးဆိုင်မှာ အကြွေးဝယ်စားရသည် ဆို၏။

မဲဆောက်မြို့ပေါ်မှ စတိုးဆိုင်များတွင် အလုပ် လုပ်နေကြသော ဗမာ၊ ကရင်နှင့် မွန်မကလေးများကို မေးကြည့်မိရာ၊ တစ်လလျှင် စရိတ်ငြိမ်း လခ ဘတ် ၁၂၀၀ ပင် ရသည် ဆို၏။ သို့သော် ကုန်ပစ္စည်းပေါ်တွင် ရေးပေးထားသော ဈေးအတိုင်း ရောင်းရလျှင် အပိုဆုငွေရသည် ဆို၏။ ဥပမာ– ရေဘင် မျက်မှန်ကို ဘတ် ၄၅၀၀ ဟု ရေးထား၏။ တကယ်ဝယ်ရင် ဘတ် ၂၂၅၀ ဖြစ်၏။ ရေးထားသည့် ဈေးထက်ထက်ဝက်ဆိုရင် ရောင်းပါမည်ဟု ပြောပြ၏။ ပစ္စည်းပေါ်တွင် ရေးထား

သော ဈေးနှုန်းများသည် ၂၀ ရာခိုင်နှုန်း ဈေးတင်ပြီး ရေးထားသည်ဟု ဆို၏။ အမှန် မူရင်း ရောင်းဈေးထက် ပိုပြီး ရောင်းရသော ငွေ တစ်ဝက်ကို ဘာဝန်ကျ အရောင်း ဈေးသည်မလေးများက ရရှိကြသည် ထို့ကြောင့် တစ်လလျှင် အပိုဝင်ငွေ ဘတ် ၂၀၀၀ မှ ၃၀၀၀ အထိ ရရှိကြသဖြင့် လခထက်ပိုပြီး ဆုကြေးရကြသည်ဟု ပြောပြ၏။

"ကျွန်တော်ကတော့ဗျာ သူများဆီမှာ လုပ်မယ့်အစား၊ လွတ်လပ်တဲ့ ဟောဒီ ရေခဲသုတ်ကိုပဲ ရောင်းတာ ဝါသနာပါတယ်" ဟု မဲဆောက် ရောက် မန္တလေးသား ကိုခင်မောင်အေးက ပြောပြနေ၏။

သူတို့ မခိုင်းချင်ရင်လည်း အလုပ်နားနေရတယ်။ ကျွန်တော်ရဲ့ ကိုယ်ပိုင် အလုပ်ကတော့ ကိုယ် ထွက်ချင်တဲ့နေ့မှာ ထွက်မယ်၊ ကိုယ်သိမ်းချင်ရင် အလုပ်သိမ်းမယ်၊ ဈေးရောင်း ကောင်းရင် ညဥ့်နက်သန်းခေါင်အထိ အလုပ်လုပ်မယ်။ ကိုယ့်သဘောပဲ၊ ကိုယ်ပိုင်တာပဲ၊ ကိုယ်က အလုပ်ရှင်ပဲ။ အလွန် စိတ်ချမ်းသာတယ်ဟု ရှင်းပြနေ၏။ ဟောဒီ ရေခဲခုံနဲ့ တွန်းလှည်းဆိုရင် ကျွန်တော်ကိုယ်တိုင် လုပ်ထားတာ ဘတ်ငွေ တစ်သောင်း ကုန်တယ်။ ကျွန်တော် အစကတော့ လက်သမား လုပ်တယ်။ တစ်နေ့ ဘတ် ၈၀ ရတယ်။ အခု ကိုယ်ပိုင် ရေခဲသုတ်၊ မန်ကျည်းဖျော်ရည်၊ ဖီးဖျော်ရည် ရောင်းတာ တစ်နေ့မှာ အသားတင် အမြတ် ဘတ် ၁၀၀ မှ ၂၀၀ အလွယ်လေး မြတ်တယ်ဟု ရှင်းပြနေပြန်၏။

"လမ်းပေါ်မှာ တွန်းလှည်းပျက်နေလို့ ဘတ်တစ်ရာ ဒဏ်ရိုက်ခံရဘူးတယ်။ စွန့်ပစ်တဲ့ အမှိုက်၊ ရေတို့ကိုတော့ လမ်းပေါ်မှာ မပစ်ခဲ့ရဘူးဗျာ။ ဟောဒီလို အမှိုက်ပုံး၊ ရေပုံး ဆောင်ထားရတယ်" ဟု ပြသ နေပြန်၏။ ကိုခင်မောင်အေး ဆိုသူသည် မန္တလေးမြို့၊ မြောက်ပြင် ၄၁ လမ်းမှ ဖြစ်၏။ ဇနီးသည် သေဆုံးခဲ့သဖြင့် သားသမီး နှစ်ယောက်ကို မန္တလေးမှာ ထားခဲ့ပြီး မဲဆောက်မြို့မှာလာပြီး ငွေရှာ ငွေစုနေပါသည်ဟု ပြောပြ၏။ သားအကြီးက အခု ကိုးတန်း ရောက်နေပြီ ဆို၏။

ငွေများများ စုရရင် မန္တလေးသို့ ပြန်မည်ဆို၏။ အခုလည်း ပုံမှန် တစ်လမှာ ကျပ်ငါးထောင်လောက် ငွေပို့ပေးရသည် ဆို၏။ အကြံပိုင်သော မဲဆောက်မြို့မှ ကိုရေဂဲဟု ခေါ်ရမည် ဖြစ်ကြောင်းပါ ခင်ဗျား။ မန်ကျည်းဖျော်ရည်၊ ဒီးဖျော်ရည်၊ ရေခဲသုပ် တစ်ခွက်ကို ၅ ဘတ်” တဲ့။ အလုပ်မရှား၊ ငွေမရှားဟု ဆိုကြောင်းပါ ခင်ဗျား။

■



ထိုင်းနိုင်ငံသို့ အလုပ်လုပ်သွားကြသော လူငယ်များ




## လျှပ်စစ်မီးကို မျှဝေ သုံးစွဲကြပါ

“မီးလာပြီ၊ မီးလာပြီ”

“ရေတင်၊ ရေတင်”

“ထမင်းအိုးတည်၊ ထမင်းအိုးတည်”

ဖျန်း..ဖျန်း.. ဖြောင်း..ဖြောင်း...ဒိုင်း

ဟော... မီးပြတ်သွားပြီ။ ရပ်ကွက်အတွင်းမှ လူများ စုပုံ ရောက်လာကြ၏။ လျှပ်စစ် မီးကြိုးများသည် တစ်ကြိုးနှင့် တစ်ကြိုး ရိုက်ခတ်ပြီး ရှော့ဖြစ်ကုန်ခြင်း ဖြစ်ပါ၏။ ပါဝါလိုင်းနှင့် အိမ်သုံးလိုင်းတို့ ထိပြီး ရိုက်ခတ်ကုန်၏။

“ကျုပ် ဆီစက်ထဲမှာ မြေပဲဆန်တွေ ထည့်ထားတာ။ ဆီခိုကုန်ပါပြီဗျာ။ အခုလို တစ်ဝက် တစ်ပျက်နဲ့ မီးပြတ်သွားရင် ထည့်ထားတဲ့ မြေပဲဆန်တို့၊ နှမ်းတို့ အလကား ဖြစ်တာပဲ။ ဆီလဲ မထွက်တော့ဘူး။ နှမ်းဖတ်၊ မြေပဲဖတ်များကိုလဲ သံတူးရင်းနဲ့ ထိုးပြီး ခွာယူရတယ်။ ဒုက္ခရောက်ပါပြီဗျာ”

“ကျုပ်ရဲ့ ထွန်ခုံမှာလဲ ကျောက်ထုမြို့ကို ထွက်မယ့် ကားရဲ့ လက်ကိုင်ဘောခွက် ကွဲသွားလို့ ခရီးသည်တွေကို လမ်းမှာ ထားခဲ့ရတယ်။ ထွန်ခုံမှာတင်ရင်း မီးပျက်သွားတော့ ခရီးသည်တွေ လမ်းမှာ ထမင်းငတ်ကြရတော့မှာပါပဲ”

"ဟုတ်မှာပေါ့၊ ကျွန်မမှာလဲ ထမင်းအိုးတည်ထားတုန်း၊ ထမင်း မနပ်တော့ ဆန်တွေ အလကား ဖြစ်ကုန်ပါပြီတော်"

"ကျုပ်မှာလဲ ကျောင်းသံတံခါးကို ဂဟေဆော်နေတာ၊ ပန်းရံ သမားတွေက ထိုင်စောင့်လို့"

ဒုက္ခအမျိုးမျိုး ငြီးထွားနေကြ၏။ မော်တော် ဆိုင်ကယ်ဖြင့် လျှပ် စစ် ဌာနသို့ သွားပြီး အကြောင်းကြားသူက အကြောင်းကြားနေ၏။ မကြာမီ လျှပ်စစ်ဝန်ထမ်းများ ရောက်လာ၏။ FUSE ပြတ်သွား တာပါဗျာ။ လုပ်ပေးပါ့မယ်။ ဒါပေမဲ့ ခင်ဗျားတို့ ရပ်ကွက်က လူတွေ လျှပ်စစ်မီးကို တပြိုင်နက် သုံးကြရင်တော့ ပြတ်ဦးမှာပဲဗျ။ တစ်လှည့်စီ မျှဝေပြီး အလှည့်ကျ သုံးကြမှပေါ့။ မီးလာရင် ဆီစက်သမားတွေက အရင်သုံး၊ နောက် တစ်ရှိကြာမှ ထွန်ခုံသမား၊ ဂဟေဆော်တဲ့ သူတွေက သုံးကြပေါ့။ ထမင်းချက်တဲ့ လူကလဲ တချို့က မီးလာရင် လာရင်း ချက်ကြ၊ တချို့ကတော့လည်း တစ်နာရီလောက်ကြာမှ ချက်ကြပေါ့။ လျှပ်စစ်မီး လာတာနဲ့ ချက်ခြင်း စုပြုံပြီး တစ်ပြိုင်နက် သုံးလိုက် ကြတော့ မီးကြိုးတွေက ပူပြီး ရှည်လာတယ်။ ဝါယာတွေ ပူးပြီး ရိုက်ခတ် ကုန်တယ်။ မီးကြိုးတွေပြတ်၊ FUSE တွေပြတ် ဖြစ်ကုန်တာပေါ့။ တော်သေးတယ်။ မီးလောင်မကုန်တာ ကျေးဇူးတင်ဦး၊ လျှပ်စစ် ဝန်ထမ်း သည် ငြီးထွားသလိုလိုဖြင့် အခြေအနေများကို ရှင်းပြနေ၏။ ကိုယ့် အလှည့် စောင့်နေရရင် အလုပ် လုပ်ရမှာ မဟုတ်တော့ဘူး။ လျှပ်စစ် မီး ကလည်း လာချင်တဲ့အခါ လာတာယ်။ အလုပ်သမားတွေကို ခေါ်ထား ရတာ။ မီးလာတော့ အလုပ်သမားက ပြန်သွားပြီ။ အလုပ်သမား ရှိတော့ မီးကမလာဘူး။ အလုပ်သာ မလုပ်ရတယ်။ အလုပ်သမား လခကတော့ ပုံမှန်အတိုင်း လခကို နေ့တွက်ကို ပေးနေရတာပဲ။ လျှပ်စစ် မီးက သူ့အချိန်နဲ့သူ ပုံမှန်လာမယ်ဆိုရင် တစ်နေ့ကို သုံးနာရီပဲ လာလာ၊ လေးနာရီပဲ လာလာ၊ အလုပ်ဖြစ်တယ်။ နေ့မှာလာလိုက်၊ ညမှာလာလိုက် ဆိုတော့ ဘယ်အချိန်မှာလဲ မသိရ၊ အချိန် ဘယ်လောက် ကြာမှာလဲ မသိရ။ မော်တာတွေ၊ စက်တွေလည်း ပျက်ကုန်ပြီဟု ငြီးသူက ငြီးနေ၏။

ကျွန်တော်တို့ လျှပ်စစ်ဌာနကတော့ လျှပ်စစ်ဓာတ်အား ပို့လွှတ်နေတာ မလျော့ပါဘူးဗျ။ အသုံးတွေက များလာလို့ပါဟု လျှပ်စစ်ဝန်ထမ်းတစ်ဦးက ရှင်းပြ နေပြန်၏။

ကျွန်တော်သည် လျှပ်စစ် ဒုက္ခကို ငြီးတွားနေသူများနှင့် လျှပ်စစ်ဝန်ထမ်း၏ စကားအရ "ကျွန်တော်တို့က လျှပ်စစ် ထုတ်လွှတ်တာ မလျော့ပါဘူးဗျ" ဆိုတဲ့ စကားကို သတိရသဖြင့် ၁၉၉၇-၉၈ ခုနှစ် ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ အစီရင်ခံစာအုပ်ကို ဖွင့်ပြီး ကြည့်မိတော့၏။ ၁၉၉၅-၉၆၊ ၁၉၉၆-၉၇၊ ၁၉၉၇-၉၈ ခုနှစ်များတွင် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှု၊ အသုံးပြုမှု၊ လျှပ်စစ်ဓာတ်အား ကောက်ခံရမှုများသည် နှစ်စဉ်ပုံမှန် တိုးတက်နေပါ၏။ မည်သည့်နေရာတွင် မည်သို့ အံချော်နေသည်ကိုသာ အဖြေရှာသင့်ပါသည်။ လျှပ်စစ်ဌာနသည် တိကျသော အဖြေများကို တွေ့ရှိပြီး ဖြစ်ပေမည်။ ပြည်သူများ အနေဖြင့် လျှပ်စစ်ဓာတ်အားကို လုံလောက်အောင် မရရှိနိုင်သော အချိန်အခါတွင် မိမိတို့အိမ်၌ အသုံးပြုသော မီးသီး အရေအတွက်ကို လျော့ချခြင်း၊ လျှပ်စစ်မီး လာခါစတွင် ရေစက်၊ ထမင်းအိုး၊ မီးပူ၊ လေအေးစက်များနှင့် လုပ်ငန်းသုံးများကို တပြိုင်တည်း အသုံးမပြုကြဖို့ ရပ်ကွက်အတွင်း စုဝေးညှိနှိုင်းထားသင့်ကြောင်းပါ ခင်ဗျား။

**မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းမှ ထုတ်လွှတ်သုံးစွဲသော လျှပ်စစ် ဓာတ်အားများ**

**(ကီလိုဝပ်နာရီပေါင်း)**

| စဉ် | | ၁၉၉၅-၉၆ | ၁၉၉၆-၉၇ | ၁၉၉၇-၉၈ |
|---|---|---|---|---|
| ၁။ | ထုတ်လုပ်သည့် ပမာဏ | ၃၆၉၉ | ၃၈၆၈ | ၄၁၂၆ |
| ၂။ | အသုံးပြုပမာဏ | ၂၂၆၂ | ၂၃၇၂ | ၂၅၀၂ |
| ၃။ | ဓာတ်အားခကောက်ခံ ရငွေကျပ်သန်းပေါင်း | ၂၈၂၇.၃ | ၃၀၇၆.၁ | ၃၃၂၈.၁ |

■

# ကြည်ကြည်နဲ့ ပီအောင် မြည်မြည် ဆိုကြစို့

"ကျွန်တော် အဆိုတော် တွဲတေးသိန်းတန်ပါ တွေ့ရတာ ဝမ်းသာပါတယ်။ ဆရာရေးတဲ့ ၁၉–၆–၉၈ နေ့ထုတ် ဈေးကွက်ဂျာနယ် အမှတ် ၆၉ မှာပါတဲ့ 'ရည်မှန်းချက်နဲ့ အောင်မြင်မှု' ဆိုတဲ့ ဆောင်းပါးကို ဖတ်ရတာ ကျွန်တော့်အတွက် ဘဝသစ်ကို ရောက်သွားလိမ့်မယ်လို့ ထင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ အခုလို ကိုသိန်းတန်ကဲ့သို့ နိုင်ငံကျော် အဆိုကျော်ကြီးထံမှ သည်လို စကားကို ကြားရတာ ဝမ်းလည်း သာပါတယ်။ အံ့သြလည်း သွားရပါတယ်။

၂၆–၆–၉၈ နေ့မှာ ဖြစ်ပါ၏။ ပခုက္ကူမြို့ သပြေညို ဧည့်ဂေဟာ ဧည့်ခန်းတွင် စကားလက်ဆုံ ကျနေကြခြင်း ဖြစ်ပါ၏။

စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် ဆိုပြီး ရှိရာမှာ စာပေဟာ ပင်မ ဖြစ်ပါတယ်။ ဂီတ၊ သဘင်၊ ရုပ်ရှင် ပညာသည်များဟာ စာပေကို အခြေခံကြရပါတယ်။ ကဗျာရှည်ကြီး တစ်ပုဒ်မှ သီချင်း ဖြစ်လာပါတယ်။ သီးချင်းတစ်ပုဒ်မှ ဝတ္ထုတစ်ပုဒ် ဖြစ်လာနိုင်ပါတယ်။ ထိုဝတ္ထုမှ ရုပ်ရှင် ဇာတ်ကား တစ်ကား သို့မဟုတ် ပြဇာတ်တစ်ထုပ် ဖြစ်လာနိုင်ပါတယ်။ ရည်ရွယ်ချက်ကတော့ လူတစ်ယောက်ရဲ့ပြောဆိုတဲ့ စကာလုံးများကို အခြားလူ နားလည်အောင် စာပေ၊ ဂီတ၊ သီချင်း တို့ဖြင့် ပြောပြနိုင်ပါတယ်။

ဟုတ်တာပေါ့ဗျာ။ ကိုသိန်းတန်ရဲ့ သီချင်းတွေ ဆိုရင် ပြည်နယ်၊ ပြည်မ၊ တောင်ပေါ် မြေပြန့် ကျေးရွာများအထိ လူတိုင်း သီဆို နေကြတာပဲ။

"ထွေးညို အသီးတစ်ရာ အညာတစ်ခု၊ အောင်သွယ်တော်ဖိုးလမင်း စတဲ့ သီချင်းတွေကြောင့် စွန်သွားကြတဲ့ စုံတွဲတွေကို စာရင်းကောက်ကြည့်ရင် လင်မယား စုံတွဲပေါင်း သန်းဂဏန်းတော့ ရှိမှာသေချာပါတယ်။ ဂီတဆိုတာ အမှန်တော့ ဖျော်ဖြေမှုအတွက် သက်သက်သာ မဟုတ် အချစ်ရေး၊ အိမ်ထောင်ရေး၊ အကျင့် စာရိတ္တ ပြုပြင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ကုန်ထုတ်စွမ်းအား မြင့်မား တိုးတက်ရေး၊ နိုင်ငံတော် ကာကွယ်ရေးမှအစ အရေးပါ အရာရောက်သော တွန်းအားတစ်မျိုးသာ ဖြစ်ပါ၏"

တွံတေးသိန်းတန်ကို ကျွန်တော်က ကိုသိန်းတန်ဟု သုံးနှုန်းခေါ်ဝေါ် ပြောဆိုနေမိပါ၏။ ကျွန်တော်နှင့် ကိုသိန်းတန်သည် အသက် ၂၁ ရက် တိတိသာ ကွာခြား၏။ ကျွန်တော်၏ မွေးရက်က ၁၃၀၃ ခုနှစ် တော်သလင်း လပြည့်ကျော် ၁ ရက်၊ သောကြာနေ့ ရာဇဝင်၊ ကိုသိန်းတန်ကလည်း ၁၃၀၃ ခုနှစ် သီတင်းကျွတ် လဆန်း ၇ ရက်နေ့ သောကြာနေ့ ရာဇဝင်ဟု သိလိုက်ရသောကြောင့် ဖြစ်ပါ၏။ ကိုသိန်းတန်ကို တွံတေးမြို့အနီး ရှမ်းစုကြီး ကျေးရွာတွင် အဖ မြန်မာ သမားတော်ကြီး ဦးဖိုးဦး၊ အမိ ဒေါ်စိမ်းညိုတို့မှ မွေးဖွားခဲ့၏။ ဗမာ လူမျိုး မဟုတ်ပေ။ ဦးဖိုးဦးနှင့် ဒေါ်စိမ်းညိုတို့သည် ရှမ်းလူမျိုး စစ်စစ်များ ဖြစ်ကြသည် ဆို၏။

တွံတေးမြို့ အထကကျောင်းမှ အစိုးရ အထက်တန်း (H.S.F) (န၀မတန်း)ကို အောင်မြင်ခဲ့ပြီး မြန်မာအသံတွင် အောက်တန်း စာရေး၊ အထက်တန်းစာရေးနှင့် ဓာတ်ပြား ပိဋကတ်တိုက်မှူး ရာထူးများအထိ အစိုးရ ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ရ၏။ အထူးသဖြင့် ၈ တန်း၊ ၉ တန်း များတွင် ရက်ကန်းရက်ပြီး ငွေရှာပြီး ကျောင်းနေခဲ့ရသည် ဆို၏။ တစ်နေ့မှာ လုံချည် သုံးကွင်းပြီးအောင် ရက်ကန်း ရက်ရသည်ဟု ပြောပြနေ၏။ ထိုသို့ မိမိငယ်စဉ် ဘဝက ပင်ပန်း ဆင်းရဲစွာ ငွေရှာပြီး ကျောင်း

နေခဲ့ရသဖြင့် မိမိ ပထမဆုံး စုဆောင်း ရမိခဲ့သော ငွေကျပ် ခုနစ်သောင်း
ကို ၁၉၇၁ ခုနှစ်တွင် မိမိ၏ဇာတိ ရှမ်းစုကြီးကျေးရွာ၌ မူလတန်း
ကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့သည် ဆို၏။ ထိုခေတ်က ရွှေ
တစ်ကျပ်သားလျှင် ကျပ်သုံးရာကျော်မျှသာ ရှိသဖြင့် ငွေကျပ် ခုနစ်
သောင်းသည် ရွှေနှစ်ပိဿာ ဝယ်နိုင်၏။ သူလှူသော မူလတန်းကျောင်း
ကို ယခုတိုင် တွေ့နိုင်ပါသည်ဟု ပြောပြနေ၏။ ချီးကျူး ဂုဏ်ပြု ထိုက်
သော လူငယ် အဆိုတော်တစ်ဦး ဖြစ်ပါ၏။ ကိုသိန်းတန်သည် ၅ တန်း၊
၆ တန်း ဘဝမှစပြီး ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု၊ တေးထပ်၊ ဘောလယ်၊
တက်ပျိုး၊ လေးချိုး၊ ဒွေးချိုးကြီးများကို အရကျက်ပြီး အမြဲ ရွတ်ဆို
နေလေ့ ရှိသည်ဆို၏။ ၁၉၆၂ ခုနှစ် အသက် ၂၀ ခန့်တွင် (တွေးညို
သီချင်း) ဖြင့် နိုင်ငံကျော် အဆိုတော်တစ်ဦး ဖြစ်လာခဲ့ရသည်ဟု ပြောပြ
နေ၏။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်သည်လည်း ၁၉၆၂ ခုနှစ်တွင်
တက္ကသိုလ်သို့ ဆရာဝန်သင်တန်းကို စတင် တက်ခဲ့ရ၏။ ကိုသိန်းတန်
သည် ယခုအခါ သီချင်းအပုဒ်ပေါင်း ၂၀၀၀ ကျော်ကို ကိုယ်တိုင် ရေးစပ်
သီဆိုခဲ့ပြီး ဖြစ်သည်ဆို၏။ သီချင်းဆရာ ဇာတ်ပြားအဆိုတော် ရုပ်ရှင်
မင်းသား ဒါရိုက်တာ ပြဇာတ်မင်းသား စသည်ဖြင့် ဘဝပေါင်းစုံတွင်
အောင်မြင်မှု ရခဲ့သူဖြစ်ပါ၏။ လူတစ်ယောက်သည် နှစ်ပေါင်း လေး
ဆယ်နီးပါး ဘဝတစ်လျှောက်လုံး အကျမရှိ အောင်မြင်မှု ရနေခဲ့သည်
မှာ အလွန် ရှားပါးလှပါ၏။ ထိုသို့ အောင်မြင်မှု ရခဲ့သည်မှာ ကံ၊
ဉာဏ်၊ ဝီရိယ သုံးပါးစလုံးကြောင့် ဖြစ်သည်ဟု သူ ယုံကြည်နေ၏။
ယနေ့ မြန်မာ ဇာတ်သဘင်နှင့် ဂီတလောကတွင် အနောက်တိုင်း
တေးဂီတများ၏ ထိုးနှက် တိုက်ခိုက်မှုကို ခံနေရ၏။ အနောက်တိုင်း
တေးဂီတများသည် ခေတ်မီ တူရိယာပစ္စည်းများ၏ အကူအညီဖြင့် တိုက်
ခိုက် နေသဖြင့် မြန်မာတေးဂီတသည် အလူးအလဲ ခံနေရရှာ၏။
အနောက်တိုင်း တေးဂီတကို တန်ပြန် တိုက်ခိုက်ရာတွင် တွံတေး
သိန်းတန်သည် အရေးပါသော ရှေ့တန်း တိုက်စစ်မှူးတစ်ဦး ဖြစ်ပါ၏။
ဆရာရယ် သီချင်း တစ်ပုဒ်ကို သီဆိုမယ်ဆိုရင် ‘ပီဖို့ လိုပါတယ်၊
ကြည်ဖို့ လိုပါတယ်၊ မြည်ဖို့ လိုပါတယ်’ ဆိုလိုတာကတော့ ကိုယ်ပြော

လိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို တစ်ဖက်လူ နားလည်စေဖို့ ပီသ လိုသလို အသံဟာ ကြည်လင် ပြတ်သားဖို့လည်း လိုပါတယ်။ မြ အောင် သီဆိုနိုင်ဖို့လည်း လိုပါတယ်။

"ဟုတ်ပြီ ဆရာ မြည်တာကိုတော့ မပြောနဲ့ အိမ်မှာ ကျွန်တေ ရဲ့ သားသမီးတွေ ကက်ဆက်ဖွင့်နေတာ နားကွဲလုမတတ်ဘဲ၊ အဲ.. ဒါပေမဲ့ ဆရာ ပြောသလို ပီလည်း မပီဘူး။ ကြည်လည်း မကြည်ဘူ ဘာအကြောင်းအရာတွေကို သီဆိုနေတယ် ဆိုတာတောင် မသိပါဘူ မြည်တာ တစ်ခုနဲ့ပဲ မြန်မာ့ဂီတကို အနိုင်ယူနေသလား မသိပါဘူး"

"မြန်မာနိုင်ငံရဲ့ အနုပညာ ရေစီးကြောင်းအပေါ်မှာ ကိုသိန်းတ ဘယ်လို မြင်သလဲဟု မေးမိ၏။"

ကျွန်တော်တို့ရဲ့ မြန်မာ တေးဂီတကို ပျောက်ကွယ် မသွားစေ ကျွန်တော်ရဲ့ အသက်နဲ့လဲပြီး ကာကွယ်သွားမှာပါ ဆရာ" ဆိုလိုတာ ကျွန်တော် အသက်ရှင်နေသမျှ မနားမနေ သီချင်းရေးနေမယ်၊ သီချင် ဆိုနေမယ်၊ ပြည်သူတွေကို အနုပညာနဲ့ အလုပ်အကျွေး ပြုနေမယ် ဆရာ။ သူသည် ဆရာသမားများ၏ ဆုံးမစကားများကိုလည်း အ နာခံတတ်သူဖြစ်၏။ အရက် လုံးဝမသောက်သည်မှာ ၄ နှစ်ရှိပြီ ပြောပြ၏။ အလုပ်ကိုသာ ကြိုးစား လုပ်ကိုင်နေ၏။တစ်လလျှင် သီချင် တစ်ခွေ (၁၁) ပုဒ် မှန်မှန် ထုတ်နေနိုင်အောင် ကြိုးစားနေသည်ဟုလည် ပြောပြနေ၏။ မှန်ပေမည်။ ကိုသိန်းတန်သည် အညာဒေသ၏ ပူအို လှသော ရာသီဥတု၏ ဒဏ်ကို အလေးမမူပဲ ဇွန်လ ၁၄ ရက်မှ ရက် အထိ၊ ပခုက္ကူမြို့ ၂၀ မှ ၂၃ အထိ၊ ကမ္ဘကျေးရွာ ဇူလိုင်လ ၂ ၈ ရက်နေ့အထိ၊ မြင်းခြံ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲ ၁၁ မှ ၁၃ ရက်အထိ တလုပ်မြို့ ဘုရားပွဲ ၁၆ မှ ၁၈ ရက်အထိ၊ နွားထိုးကြီးမြို့ ၂၂ မှ ၂ ရက်အထိ၊ ကူမဲမြို့ ဘုရားပွဲ ၂၉ မှ ဩဂုတ်လ ၂ ရက်နေ့အထိ မန္တလေးမြို့သစ် ရုံတော်ကြီး ဩဂုတ်လ ၁၅ မှ ၁၇ ရက်အထိ၊ ပေါင်း ဘုရားပွဲ စသည်ဖြင့် သူ၏ခရီးစဉ်ကို မန်နေဂျာ ကိုကျည်းတန်မှ ပြော နေ၏။ အံ့ဩစရာ ဖြစ်ပါ၏။ အလုပ် အလွန်လုပ်နိုင်သော တွံတေး သိန်းတန် ဖြစ်ပါ၏။ ကျွန်တော်၏ သမြေညီ ညှော်ဂေဟာမှာ တည်း

သွားစဉ် သီချင်း လေးပုဒ် ရေးဖွဲ့ သီကုံး ပြီးစီးသွားသည် ဆို၏။ ပြန်ခါနီး ကားပေါ် တက်လုဆဲဆဲမှာပင် ကျွန်တော့်အတွက် စာတစ်စောင်ကို ရေးပေးသွားခဲ့၏"

"စာရေးဆရာ ဒေါက်တာသက်လွင်သို့"

သပြေညိုဆိုတဲ့ အေးရိပ်မှာလှ
ချွေးသိပ်လို့ အပမ်းဖြေ
တေးစာပေ အနုအလှတွေ
ပီသအောင် ဖန်ဆင်းလို့
ဈာန်သွင်းရင်း ရေးခဲ့ရပေ
အခုတော့လေ အပြန်ခရီး
ပြန်နီးအောင် ရည်မှန်းရင်းဖြင့်
လက်တန်း စာစီလို့
ကဗျာကသီ စာစီလို့ ဖွဲ့ခဲ့ပါရဲ့
စာပန်းချီလှမည် မဟုတ်သော်လည်း
အမှတ်တရ ဖြစ်ပါစေပေ့
ဆရာ ခင်ဗျား * *

တွံတေးသိန်းတန်
၂၆-၆-၉၈
ခေတ္တသပြေညိုဧည့်ဂေဟာ
ပခုက္ကူမြို့

ဆိုပြီး ကျွန်ုပ်၏ ရှေ့မှာပင် စာရွက်တစ်ရွက်ကို ထုတ်ယူပြီး လက်တန်း ရေးဖွဲ့ပေးခဲ့ပါ၏။ ဤမျှ ဉာဏ်ပညာ ထက်မြက်သော တွံတေးသိန်းတန် ပါတကား။ ပီပီနဲ့ ကြည်အောင် မြည်မြည်ဆိုတဲ့ တွံတွေးသိန်းတန် တစ်ယောက်ဟာဖြင့် ရောက်တဲ့နေရာမှာ လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ပွဲတောင်းလျက် ရှိနေကြောင်းပါခင်ဗျား။ ဓနီးသည် ချစ်စပါယ်နှင့် ပျော်ရွှင်စွာ အတူ နေထိုင်လျက် ရှိကြောင်း သိရကြောင်းပါ ခင်ဗျား။

မြန်မာ တေးဂီတ လောက ဖွံ့ဖြိုး တိုးတက်ပါစေ။

မှတ်ချက် ဤစာအုပ်သည် စာရေးသူအား နှုတ်ဆက်ခဲ့သ
ဖြစ်သွားခဲ့ရပါ၏။

■

# သာယာရွှေပြည်

မြန်မာနိုင်ငံမှာ သယံဇာတ ပစ္စည်းများ ပေါကြွယ်ဝကြောင်း တစ်ကမ္ဘာလုံးက လက်ခံထားကြသည်။ 'သယံဇာတပစ္စည်း' ဆိုလျှင် ကျွန်ုပ်တို့၏ စိတ်ထဲတွင် ကျောက်စိမ်း၊ ပတ္တမြား စသည်တို့ကိုသာ မြင်လာမိ၏။

အမှန်မှာ ထို ကျောက်သံ၊ ပတ္တမြားသည် နိုင်ငံတော်အတွက် အသေးအမွှား ပစ္စည်းကလေးများသာ ဖြစ်၏။ ဥပမာ– ၁၉၉၁–၉၂ ခုနှစ်မှ ၁၉၉၅–၉၆ ခုနှစ်အတွင်း နိုင်ငံတော်မှ ရရှိသော ကုန်ထုတ် ပစ္စည်း တန်ဖိုးများကို ကြည့်လိုက်လျှင် ကျောက်မျက်ရတနာ ရောင်းရငွေသည် ကျပ်သန်းပေါင်း ၅၁၄.၁၈ မျှသာ ရှိ၏။ ငါးပုစွန် ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၁၃၂၀.၄ ဖြစ်၏။ နှမ်းရောင်းရငွေမှာ ကျပ်သန်းပေါင်း ၉၂၉.၉ ဖြစ်၏။ ပဲတီစိမ်း ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၁၀၈၉.၁ ဖြစ်၏။ ဆန်ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၂၄၁၂.၄ ဖြစ်၏။ ရေနံဆိုသည်ကလည်း မလောက်ငှ၍ တင်သွင်းနေရသေး၏။ ထို့ကြောင့် ကျွန်တော်သည် နိုင်ငံခြားသားများနှင့် တွေ့ဆုံ ဆွေးနွေးတိုင်း မြန်မာ နိုင်ငံမှ မည်သည့် သယံဇာတ ပစ္စည်းများကို ထုတ်လုပ်လိုကြောင်း သို့မဟုတ် ဝယ်ယူလိုကြောင်း အမြဲမေးမြန်း စုံစမ်းလေ့ရှိ၏။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှ မည်သည့် သယံဇာတ ပစ္စည်းမျိုးကို ထုတ်လုပ်လို့ ရမယ်ဟု လူကြီးမင်း ထင်ပါသလဲ"

"ကျွန်တော်၏ အယူအဆကတော့ အများဆုံးနဲ့ အကျိုးအရှိဆုံး ထုတ်ယူရနိုင်တဲ့ ပစ္စည်းကတော့ လူပဲဖြစ်မယ် ထင်ပါတယ်။"

ကျွန်တော့်မှာ မျက်လုံးပြူးသွားမိ၏။ "အမျိုးသမီးများကို ဆိုလိုတာလား" ဟုလည်း စိတ်မှာ ထင်လာ၏။ သို့သော် သူက သူ၏ စကားကို နားမလည်ဘူးထင်ပြီး ဆက်လက်၍ ရှင်းပြ၏။

"ခင်ဗျားတို့ မြန်မာနိုင်ငံမှာ လူများဟာ..

၁။ အခြေခံ အဆင့်အတန်း မြင့်ကြပါတယ်။ လူတိုင်းလိုလို အင်္ဂလိပ်စာ နည်းနည်းတော့ (အလုပ်လုပ်လို့ ဖြစ်အောင်) ပြောတတ်တယ်၊ ရေးတတ်တယ်၊ မှတ်တတ်တယ်၊ ဖတ်တတ် ကြပါတယ်။

၂။ မည်သည့် စီးပွားရေး လုပ်ငန်းမဆို မြန်မာ ပြည်သူပြည်သား များဟာ လေ့ကျင့် သင်ကြားပေးလိုက်လျှင် တတ်လွယ်တယ်၊ လုပ်ကိုင် တတ်ပါတယ်။

၃။ အလုပ် လုပ်လိုတဲ့ ဆန္ဒတွေလည်း ရှိပါတယ်။

၄။ လူနေကလည်း အားနေကြတယ်။ ယနေ့ အများဆုံး အလုပ်လုပ်တဲ့ မြန်မာတစ်ဦးဟာ ပျမ်းမျှ တစ်နေ့ ရှစ်နာရီ မပြည့်သေးဘူး။ လုံးဝ အလုပ် မလုပ်ကြတဲ့ မြန်မာတွေလည်း အများကြီးပဲ။

၅။ လုပ်အားခကိုလည်း များများ ပေးစရာမလိုဘူး။ ဥပမာ– တစ်နေ့ ၂ ဒေါ်လာ ၃ ဒေါ်လာလောက် ပေးရင် လုပ်မယ့် လူတွေ အများကြီး ရှိတယ်။ ဥပမာ– ခင်ဗျားဟို့လို ဆရာဝန်ကိုပင် ငှားလို့ ရနိုင်တယ်။ ခင်ဗျား လက်ခံမလား" ဟု ကျွန်တော့်ကို ခနဲ့တဲ့တဲ့ မေးငေါ့ ပြနေ၏။

"ခင်ဗျားကို ပြောတာ မဟုတ်ပါဘူး" ဟုလည်း သူ၏ စကားကို သူကပင် ပြန်ပြီး ပိတ်၏။ "အတော်လည်တဲ့ သူပါပဲ" ဟု ကျွန်တော့်မှာ တွေးမိ၏။

"အဲဒီတော့ ခင်ဗျားတို့ နိုင်ငံ တိုးတက်ချင်ရင် လူကို အသုံးပြုပါ။ လူဟာ အကောင်းဆုံး အများဆုံး အလွယ်ကူဆုံး ရနိုင်တဲ့ သယံဇာတ ပစ္စည်းပါပဲ။ ဘာလုပ်ငန်းတွေကို လုပ်လုပ် လူမရှိရင် အလကားပဲ။ နိုင်ငံခြား တိုင်းပြည်တွေမှာ လူရဲ့ လုပ်အားတွေဟာ ရှားပါးကုန်တွေ ဖြစ်နေပြီ။ ခင်ဗျားတို့ နိုင်ငံမှာလို လူအားတွေပေါတဲ့ နိုင်ငံဟာ ကမ္ဘာပေါ်မှာ ရှာလို့ မရနိုင်ဘူး။ ကျွန်တော်ရောက်တဲ့ ဒေသတိုင်းမှာ လူတွေ အလုပ် မလုပ်ဘဲ ကစားနေတာ၊ ဆော့နေတာ၊ အိပ်နေတာ၊ စကားပြောနေတာ၊ ပျော်နေတာ တွေ့ရတယ်။ တောရွာတွေမှာလည်း တွေ့ရတယ်။ မြို့ပေါ်မှာလည်း တွေ့ရတယ်"

ဤသည်တို့မှာ "မစ္စတာ ရေးဖာဆန်" ဆိုသူ၏ အမြင်များ ဖြစ်၏။ သူ၏ မိဘများသည် ဇင်ဘာဘွေ နိုင်ငံမှ တောင်သူ လယ်သမားများ ဖြစ်သည်ဆို၏။ တစ်ဖန် နိုင်ငံခြားသား နောက်တစ်ဦး၏ အမြင် ကလည်း မှတ်သားဖို့ ကောင်းပါ၏။

၁။ ကမ္ဘာပေါ်မှာ ခင်ဗျားတို့ရဲ့ မြန်မာပြည် မြေပုံကလေးဟာ ချစ်စရာ အကောင်းဆုံးပဲ။ မြစ်ကြီးများကလည်း မြောက်ကနေ တောင်ကို အပြိုင် စီးဆင်းနေတယ်။ မြစ်တစ်မြစ်နဲ့ တစ်မြစ်ကလည်း သိပ်ပြီး မဝေးဘူး။ ရေအတွက် ဘာမှ ပူစရာမလိုဘူး၊ ငွေနည်းနည်း ကုန်တာနဲ့ စိုက်ပျိုးရေကို လိုသလောက် ရနိုင်တယ်။

၂။ ကမ္ဘာ့ စံနှုန်းများနှင့်အညီ ထုတ်ယူနိုင်တဲ့ သစ်ပင် သစ်တော တွေလည်း အများကြီး ရှိတယ်။

၃။ မြေလွတ်မြေရိုင်းတွေလည်း အများကြီး ရှိသေးတယ်။ ဘာ သစ်ပင်တွေကို စိုက်စိုက် ရနိုင်တယ်။

၄။ အသုံးချလို့ ရနိုင်တဲ့ လုပ်သားတွေ အများကြီး ရှိနေတယ်။

၅။ နိုင်မာတဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေနဲ့ ထေရဝါဒ ဗုဒ္ဓ ဘာသာ တည်ရှိနေတယ်။

၆။ တောင်ဘက်မှာ ရှည်လျားတဲ့ ပင်လယ် ကမ်းရိုးတန်းကြီး

ရှိတယ်။ မြန်မာ့ ပင်လယ်မှာ သယံဇာတ ပစ္စည်းတွေကလည်း ဘာမျှ မထုတ်ရသေးဘူး။ ငါး၊ ပုစွန်ဆိုတာ အသေးအမွှားပဲ။

၇။ အရေးအကြီးဆုံးကတော့ အိန္ဒိယ၊ တရုတ်ပြည်၊ ဘင်္ဂလားဒေ့ရှ် စတဲ့ နိုင်ငံကြီးတွေရဲ့ ကြားမှာ တည်ရှိနေခြင်းပဲ။ ကုန်သွယ်ရေး၊ စစ်ရေး၊ အလွန် အရေးကြီးတဲ့ နိုင်ငံပဲ" ဟု မှတ်ချက်ချနေ၏။

"အဲ... တစ်ခုတော့ရှိတယ်။ လူတွေ အလုပ် လုပ်လာအောင် လုပ်ပေးနိုင်တဲ့ တစ်နေ့မှာ ခင်ဗျားတို့ နိုင်ငံဟာ ချမ်းသာလာမှာ သေချာတယ်ဗျာ။ ခင်ဗျားတို့ မြန်မာလူမျိုးတွေဟာ ဘာအကြောင်း ကြောင့်များ အခြား တိုင်းပြည်တွေကိုသွားပြီး အလုပ် လုပ်နေကြတယ်ဆိုတာ ကျွန်တော် စဉ်းစားမရဘူးဟုလည်း ဆိုနေပြန်၏။

"မြန်မာနိုင်ငံမှာ အလုပ်လုပ်ရင် ချမ်းသာမယ်၊ အလုပ် မလုပ်ကြတာတောင် ထမင်းမငတ်ကြဘူး။ အဲဒီလောက် ကောင်းတဲ့ နိုင်ငံပါပဲဗျာ" ဟု ဆိုပြန်၏။ သူ၏ အဆိုအရ လူတွေ အလုပ် လုပ်လာဖို့ ဆောင်ရွက်နိုင်တဲ့ တစ်နေ့မှာ ချမ်းသာလာမည်ဟု မှတ်ချက်ချသွား၏။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူကြီးမင်း အနှစ်သက်ဆုံးတွေ့ခဲ့ရတာကို ပြောပြစမ်းပါ" ဟု နိုင်ငံခြားသူ တစ်ဦးကို မေးမိ၏။

"ကျွန်မ အနှစ်သက်ဆုံး သဘော အကျဆုံးကတော့ မြန်မာ လူထုကြီးပါပဲ။ ဘာကြောင့်လဲဆိုတော့

၁။ လုံချည်နဲ့ ထဘီတွေကိုပဲ ဝတ်နေကြတယ်။ အလွန် ထူးခြားတဲ့ မြင်ကွင်း ပါပဲ။ ဘယ်နိုင်ငံမှ မတွေ့နိုင်ဘူး။

၂။ လူတွေရဲ့ မျက်နှာတွေက ဘယ်သူ့ကိုပဲ ကြည့်ကြည့် ပြုံးနေ ကြတယ်။

၃။ လူတွေဟာ ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးကြဘူး။ ကျွန်မတို့ တစ်ဦးတည်းပင် နေ့သွားသွား၊ ညသွားသွား လွတ်လွတ်လပ်လပ် သွားလို့ရတယ်။ ကျေးလက် တောရွာ

တွေ သွားသွား၊ မြို့ပေါ် မှာ သွားသွား၊ လွတ်လွတ်လပ်လပ် သွားလို့နားလို့ ရတယ်။ တည်းခိုလို့ ရတယ်။ တည်းခိုခန်း မရှိရင် ဘုန်းတော်ကြီး ကျောင်းတွေမှာ ဝင်ပြီး တည်းချင်ရင်လည်း ရတယ်" ဟု ရယ်ရယ်မောမော ပြောပြနေ၏။

ထို့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ရောက်လာသည့် နိုင်ငံခြားသား အားလုံးက နှစ်သက်ကြ၏။ စွဲမက်ကြ၏။ သို့သော် နှစ်သက်ပုံချင်း ကဖြင့် မတူ၊ အားလုံးသည် သယံဇာတတွေ ဖြစ်ကြောင်းပါ ခင်ဗျား။

ရွှေကဲ့သို့ တန်ဖိုးရှိသော နိုင်ငံ၊ ရွှေကဲ့သို့ မြတ်နိုးရသော နိုင်ငံ ဖြစ်၍ "ရွှေနိုင်ငံ" ဟု ခေါ်နေကြကြောင်းပါ ခင်ဗျား။

■



## ဗဟုသုတအဖြာဖြာ

**မြန်မာနိုင်ငံ၏ နယ်နမိတ်**

| | |
|---|---|
| ၁။ ယိုးဒယားနိုင်ငံ (ထိုင်း) နှင့် ဆက်စပ် | = ၁၃၀၄ မိုင် |
| ၂။ လာအိုနှင့် ဆက်စပ် | = ၁၄၆ မိုင် |
| ၃။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဆက်စပ် | = ၁၃၄၈ မိုင် |
| ၄။ အိန္ဒိယနှင့် ဆက်စပ် | = ၉၀၃ မိုင် |
| (က) ကုန်းပိုင်း စုစုပေါင်း | =၃၉၀၆ မိုင် |

(ခ) ရေပိုင်း

| | |
|---|---|
| ၁။ ရခိုင် | = ၄၄၃ မိုင် |
| ၂။ ဧရာဝတီတိုင်း | = ၂၂၇ မိုင် |
| ၃။ တနင်္သာရီတိုင်း | = ၆၇၀ မိုင် |
| ပင်လယ် ကမ်းရိုးတန်းမိုင် | = ၁၃၈၅ မိုင် |

တောင်ပေါ်မြို့များ အချို့

| စဉ် | မြို့အမည် | အမြင့်ပေ |
|---|---|---|
| ၁။ | ဟားခါး | ၆၁၂၀ |
| ၂။ | ဖလမ်း | ၅၂၀၃ |
| ၃။ | မင်းတပ် | ၄၈၆၀ |
| ၄။ | တောင်ကြီး | ၄၇၁၂ |
| ၅။ | ကလော | ၄၃၁၅ |
| ၆။ | ဟဲဟိုး | ၃၈၀၂ |
| ၇။ | ပြင်ဦးလွင် | ၃၅၅၇ |
| ၈။ | လွိုင်ကော် | ၂၉၃၈ |
| ၉။ | လားရှိုး | ၂၈၂၅ |
| ၁၀။ | ပုပ္ပါး | ၂၆၄၀ |

မိုးရွာသွန်းမှု

| စဉ် | မြို့အမည် | မိုးရွာလက်မ |
|---|---|---|
| ၁။ | စစ်တွေ | ၂၀၃လက်မ |
| ၂။ | ထားဝယ် | ၁၈၇ ။ |
| ၃။ | မော်လမြိုင် | ၁၇၃ ။ |
| ၄။ | ရန်ကုန် | ၁၁၀ ။ |
| ၅။ | ပဲခူး | ၁၂၅ ။ |
| ၆။ | မကွေး | ၂၇ ။ |
| ၇။ | မန္တလေး | ၂၉ ။ |
| ၈။ | မြစ်ကြီးနား | ၁၀၂ ။ |
| ၉။ | လားရှိုး | ၅၁ ။ |
| ၁၀။ | ဟားခါး (ဖလမ်း) | ၅၂ ။ |

## မြစ်အရှည်မိုင်

| စဉ် | မြစ်အမည် | မိုင်ပေါင်း |
|---|---|---|
| ၁။ | ဧရာဝတီ | ၁၂၅၀ မိုင် |
| ၂။ | သံလွင် | ၇၉၅ မိုင် |
| ၃။ | ချင်းတွင်း | ၇၁၇ မိုင် |
| ၄။ | စစ်တောင်း | ၂၆၂ မိုင် |
| ၅။ | ဘဲနသ်ာရီ | ၂၃၀ မိုင် |

## တောင်အမြင့်

| စဉ် | တောင်အမည် | အမြင့်ပေ |
|---|---|---|
| ၁။ | ကချင်ပြည်နယ်မှ ခါခါဘိုရာဇီ | ၁၉၂၉၃ ပေ |
| ၂။ | စစ်ကိုင်းတိုင်းမှ စာရေမေရီ | ၁၂၅၅၃ ပေ |
| ၃။ | ချင်းပြည်နယ်မှ ဝိတိုရိယ | ၁၀၀၁၈ ပေ |
| ၄။ | မန္တလေးတိုင်း ပုပ္ပါး | ၄၉၈၁ ပေ |



# ဟိုတစ်ချိန်က ဖားကန့်

"ဆရာ ညအိပ်တဲ့အခါ ဆရာအိပ်ချင်တဲ့ နေရာမှာ ဆရာအိပ်ချင်တဲ့သူနဲ့ သွားပြီး အိပ်နော်"

"ဆရာရဲ့ စကားကြီးက ဘယ်လိုလဲဆရာ။ ကျွန်တော်က ကနေ့ညနေမှ ဒီမြို့ကို စပြီး ရောက်လာတယ်။ အသိ မိတ်ဆွေ ဆိုသူလည်း တစ်ဦးမှ မရှိသေးဘူး။ နာမည်ကို ကြားဖူးသူပင် ဆရာတစ်ဦးပဲ ရှိတယ်။ အဲဒီတော့ ဘယ်နေရာကို ဘယ်သူနဲ့ တွဲပြီး သွားအိပ်ရမှာလဲ။ ကျွန်တော်ကတော့ ဆရာ အိပ်တဲ့နေရာမှာ ဆရာနဲ့အတူ အိပ်ရမှာ"

"ဟာဗျာ မဖြစ်ဘူး၊ မဖြစ်ဘူး။ ကျွန်တော်တောင်မှ ဟိုနေရာတစ်ည၊ ဒီနေရာ တစ်ည၊ ပြောင်းပြီး ဖြစ်သလို အိပ်နေရတာ။ လူပိုလည်း ခေါ်လာပြီး အတူ အိပ်လို့ရမှာ မဟုတ်ပါဘူး"

ကျွန်တော်နှင့် ပြောနေသူမှာ ကာမိုင်းမြို့နယ် ဆရာဝန်ဒေါက်တာ ဦးလွင်မြင့် ဖြစ်၏။ ကျွန်တော်သည် ကာမိုင်းမြို့နယ်၊ ဖားကန့်မြို့နယ် ဆရာဝန်အဖြစ် ၁၉၇၁ ခုနှစ် နိုဝင်ဘာလတွင် ပြောင်းရွှေ့ လာခဲ့ခြင်း ဖြစ်၏။

ကာမိုင်းမြို့နှင့် မိုးကောင်းမြို့မှာ မိုင် ၂၀ မျှသာ ဖြစ်၏။ သို့သော် လမ်းတွင် လုံခြုံရေးစခန်းများ ချထားစဉ် ကာလမှာသာ မော်တော်ကားများ သွားလာခွင့် ရှိ၏။ ကျွန်တော်သည် မြစ်ကြီးနား ဆေးရုံ

လက်ထောက် ဆရာဝန်မှ ဖားကန့်တိုက်နယ် ဆရာဝန်အဖြစ် ပြောင်းရွှေ့ လာခဲ့ရ၏။ လမ်းတွင် လုံခြုံရေးစခန်းများ ချထားခြင်း မရှိသေးသဖြင့် မိုးကောင်းမြို့ ဆေးရုံမှ ဆရာမကြီး ဒေါ်ကေသီလုံး၏ အိမ်တွင် တစ်လမျှ နားခိုနေခဲ့ရ၏။

ယနေ့ဖြင့် လုံခြုံရေးစခန်းများ ချထား၍ ဦးကရမ်ဝါ ဆိုသူ၏ ဂျစ်ကားလေးဖြင့် မိုးကောင်းမြို့မှ ထွက်လာခဲ့ရာ ၂ နာရီခန့် ကြာသော အခါ ကာမိုင်းမြို့သို့ ချောမောစွာ ရောက်လာခဲ့ရတော့၏။ လမ်းတွင် ပန်ဟုတ်ရွာ၌ အချိန် အတော်ကြာအောင် လုံခြုံရေး အခြေအနေများ စောင့်ပြီး နေခဲ့ရ၏။ "ပန်ဟုတ်အရက်" သည် အတော် နာမည်ကြီး၏။ အခြားသူများမှာ ပန်ဟုတ်အရက်ဖြင့် ပျော်နေကြသော်လည်း ကျွန်တော် မှာ အရက် မကြိုက်သူ ဖြစ်၍ ချမ်းချမ်းဖြင့် ဂျစ်ကားပေါ်မှ စောင့်ပြီး ကွေးနေရတော့၏။

ညနေ ၂ နာရီတွင် ကာမိုင်းမြို့သို့ ရောက်၏။ ညနေပိုင်းတွင် ကုန်သွယ်ရေး မန်နေဂျာ ဦးအောင်သိန်း၊ လမ်းစဉ်ပါတီမှ ကော်မတီ ဝင်များ ဖြစ်ကြသော ဦးမောင်မောင်နှင့် ဦးတူးရော် တို့ကို ဆရာဝန်ကြီး ဦးလွင်မြင့် အိမ်မှာ တွေ့ဆုံ ခဲ့ကြရ၏။ ဝက် အကောင်ငယ်ငယ်ကလေး ကို အကောင်လိုက် မီးဖုတ်ပြီး အရက်မြည်းကြ၏။ ထိုအချိန်တွင် ညအိပ် ရေးနှင့် ပတ်သက်ပြီး ဒေါက်တာ ဦးလွင်မြင့်မှ သင့်တော်သလို အိပ်ရန် အထက်ပါအတိုင်း ပြောနေခြင်း ဖြစ်၏။

အမှန်ဆိုလျှင် ဒေါက်တာ ဦးလွင်မြင့်သည် ကျွန်တော့်ကို နောက် ပြောင်ခြင်း ဖြစ်ပေမည်။ သို့မဟုတ် ကျွန်တော်၏ စိတ်ဓာတ် ခိုင်မာမှု ကို စမ်းလိုခြင်း ဖြစ်ပေမည်။

သို့သော် ည ၈ နာရီ ကျော်လာသောအခါ အမှန်ပင် တစ်ဦး တစ်နေရာ ခွဲပြီး အိပ်ကြရ၏။ ကျွန်တော့်ကို ဧည့်သည်ဆိုပြီး ကော်မတီ ဝင် ဦးမောင်မောင်က သူနှင့်အတူ ခေါ်သွား၏။ အိမ်မှာ အိပ်ရခြင်း မဟုတ်။ ရွာအဖျားမှ ကောက်ရိုးစင်၏ အောက်တွင် တွားတွားဝင်ပြီး အိပ်ရခြင်း ဖြစ်၏။ သည်လိုဖြင့် ကာမိုင်းမြို့တွင် နှစ်ညအိပ်ပြီး ဖားကန့်သို့ တက်ခဲ့ရ၏။ ကျွန်တော့်တွင် ပါလာသော ဆေးဝါးများနှင့်

ပစ္စည်းများကို လှည်းနှစ်စီး ငှားပြီး တင်ရ၏။ ကုန်ချိန် တစ်ပိဿာလျှင် လှည်းခ သုံးကျပ် ပေးရ၏။ လှည်းတစ်စီးလျှင် လှည်းခ ၄၅၀ ကျပ် ပေးရ၏။

ထိုအချိန်က ရွှေတစ်ကျပ်သား၏ တန်ဖိုးသည် ကျပ် ၃၀၀ ကျော်မျှသာ ဖြစ်၏။

သည်လိုဖြင့် ည ၁၂ နာရီခန့်မှာ ထွက်ခဲ့ရ၏။ မိုးကလည်း သဲသဲမဲမဲ ရွာနေ၏။ စစ်တပ်ရင်း တစ်ရင်းနှင့် ကျွန်တော်တို့ အဖွဲ့၊ အရပ်သား ၅၀ ခန့် ပါဝင်သဖြင့် လူတန်းကြီးမှာ နှစ်မိုင်မျှ ရှိ၏။ ညအခါ မိုးရွာထဲတွင် သွားနေရသဖြင့် ကျွန်တော်တို့မှာ ရွှံ့ဗွက်များအတွင်း မကြာခဏ လဲကျသွားရ၏။ ကြားစခန်းဖြစ်သော နန့်ယားရွာတွင် နောက်တစ်ရက် သွားရ၏။ အိပ်ရသည်တော့ မရှိ။

ညမှာ ခရီးသွားကြရ၏။ အိပ်ရပြန်တော့လည်း အမိုးအကာ အခင်းဖြင့် အိပ်ရခြင်း မဟုတ်။ မိုးရွာထဲတွင် ထိုင်လျက် အိပ်ပျော်အောင် အိပ်ရ၏။ တစ်ခါတစ်ရံ မိုးကာကို ခြုံပြီး ဝါးရုံမြစ်ကို ခြေဖြင့်ကန်ထားလျက် အိပ်ရ၏။ အဆိုးဆုံးနှင့် ဒုက္ခ အပေးဆုံးမှာ ကျွတ်ကောင်များ ဖြစ်၍ အိပ်ကောင်းနေစဉ် နာကျင်သဖြင့် လက်နှင့် စမ်းလိုက်ရာ ကျွတ်ကောင်များက သွေးများကို အားရှိပါးရှိ စုပ်နေလေတော့၏။ ကျွန်တော်တို့၏ တစ်ကိုယ်လုံးမှာလည်း သွေးများဖြင့် နီရဲနေတော့၏။

သည်လိုဖြင့် လမ်းမှာ သောင်းကျန်းသူများ၏ ချုံခို တိုက်ခိုက်မှုကို နှစ်ကြိမ် ခံရပြီး လုံးခင်းရွာသို့ ရောက်တော့၏။ လုံးခင်းရွာသည် အတော် လှပသော ရှမ်းနှင့်ကချင် စုပေါင်းနေထိုင်သော ရွာကြီး ဖြစ်၏။ လုံးခင်းရွာတွင် အစိုးရ ကျောက်စိမ်းရုံး ရှိ၏။

ထိုမှ နောက်တစ်နေ့တွင် ထွက်ခွာလာခဲ့ရာ ဖားကန့်မြို့သို့ ချောမောစွာ ရောက်ခဲ့ရတော့၏။ လုံးခင်းရွာနှင့် ဖားကန့်မြို့သည် ၇ မိုင် မျှသာ ဝေးကွာသော်လည်း တစ်မနက် ခရီး သွားရ၏။ ဖားကန့်ရောက်ပြီဆိုတော့ "စင်ကာပူ၊ ဟောင်ကောင်တို့ ရောက်နေပြီ" ဟု ထင်ရ၏။ ကျွန်တော်နှင့်အတူ ပါလာသူ ကိုအောင်စိန်၊ ကိုအောင်ပြည့်တို့ကဖြင့် "နတ်ပြည် ရောက်လာပြီ" ဟု ပြောကြ၏။ အမှန်မှာ နတ်ပြည်

နှင့် ပိုပြီး တူပါလိမ့်မည်။

မည်သည့်အိမ်သို့ပင် သွားသည်ဖြစ်စေ ဘိန်းအဆီကို ပင်နစလင် ထိုးဆေး ဘူးလေးဖြင့် ထည့်ပြီး ဘိန်းပြောင်းကို ချပေးတတ်၏။

"ကမ်းနီလူဆိုင်အီး" (ဘိန်းစားသလား) ဟု ပါးစပ်မှ ကချင်လို လည်း မေးတတ်၏။ ဖားကန့်တွင် ထိုအချိန်က ဘိန်းရှူသူ၊ ဘိန်းစား သူ ဦးရေမှာ ၅၀ ရာခိုင်နှုန်းကျော် ရှိမည် ဖြစ်၏။ ဘိန်းစားသည်၊ ဘိန်းရှူသည် ဆိုပြီး အမျိုးမျိုး ခေါ်ဝေါ် သုံးစွဲတတ်ကြ၍ "အမှန်တော့ ဘိန်းစား သုံးမျိုး ရှိတယ်ဗျ" ဟု ဥက္ကဋ္ဌ ဦးရှောဖမှ ရှင်းပြ၏။

၁။ နတ်ဘိန်းစား

၂။ ခွေးဘိန်းစား

၃။ နွားဘိန်းစား ဆိုပြီး ရှိသည် ဆို၏။

ဘိန်းအဆီကို ဘိန်းပြောင်းဖြင့် ဆေးလိပ် သောက်သကဲ့သို့ ရှူသောသူသည် မီးခိုးငွေ့ကို ရှူခြင်း ဖြစ်၍ "နတ်ဘိန်းစား" ဟု ခေါ်သည် ဆို၏။ ချမ်းသာသော သူများကသာ ရှူနိုင်ကြ၏။ ထို ဘိန်း ပြောင်းတွင် ကပ်နေသော ဘိန်းချေးများကို ခွာပြီး မျိုသော သူကို "ခွေးဘိန်းစား" ဟု ခေါ်သည် ဆို၏။ ဘိန်းချေးကို စားသူကို ဆိုလို ကြောင်း ပြောပြ၏။

တစ်ဖန် ကသည်း ငှက်ပျောရွက်ကို အပ်ကလေးဖြင့် ခြစ်ပြီး သွေးမွှားသော အမျှင်ကလေးများ ပြုလုပ်၏။ ထို ငှက်ပျောရွက် အမျှင် ကလေးများကို နေပူလှမ်း၏။ ငှက်ပျောရွက် အမျှင် အခြောက် ကလေးများ ရလာ၏။ "ကွမ်း" ဟု ခေါ်၏။ ထိုကွမ်းကို ဘိန်းမည်း သုတ်ပြီး "ထော်ပါ" ခေါ် ကိရိယာဖြင့် "တခွက်ခွက်" မြည်အောင် စုပ်ယူ၏။ "ကွမ်း" ခေါ် "ငှက်ပျောရွက်" ဖြင့် ရှူသော သူကို "နွားဘိန်းစား" ဟု ခေါ်ကြောင်း ဥက္ကဋ္ဌကြီး ဦးရှောဖမှ ရှင်းပြခဲ့၏။

ကျွန်တော်တို့သည် ဥက္ကဋ္ဌကြီးအိမ်မှာ ကျေးရွာ လူကြီးများ ဖြစ်သော ဦးအောင်ထွန်း၊ ဦးထွန်းကြီး၊ ဦးထွန်းမြင့်၊ ဦးကံထွန်းတို့နှင့် တစ်နေကုန် တစ်နေခန်း စကားပြောနေရသည်။ လူကြီးများမှာ "ထွန်း" လေးထွန်း ဖြစ်၏။

ကျွန်တော်ဘဝတွင် မေ့လို့ မရနိုင်ပါ။ စာတိုက်ဗိုလ် "အုံးမောင်"၊ လျှပ်စစ် "ဘရင်" နှင့် "ကိုသောင်း" တို့သည် ကျွန်တော်တို့၏ အရင်းနှီးဆုံး မိတ်ဆွေများ ဖြစ်ကြ၏။ ထမင်းဆိုတာ အိမ်မှာ မချက်ရ။ တစ်အိမ်စီမှ တစ်လှည့်စီ ဖိတ်ကျွေး နေကြ၏။ ဆရာဝန်ဆိုသည်ကလည်း ကျွန်တော် တစ်ဦးသာ ရှိ၏။ နွားသတ်လျှင်၊ ဝက်သတ်လျှင် တစ်ကောင်အတွက် နှစ်ပိဿာ ကျော်ကျော်ကို ဆရာဝန်အိမ်သို့ ပို့ရ၏။ နောက်တော့ မြို့ပိုင် ဦးမြင့်သိန်းကလည်း သူ့အိမ်သို့လည်း ပို့ရမည် ဆိုတော့ ပို့ကြရရှာ၏။ ကျွန်တော့်မှာ အိမ်တွင် ထမင်းစားရသည့် ရက်ဆိုတာ မရှိသလောက် ရှား၏။

ထို့ကြောင့် အမဲသား၊ ဝက်သားများကို ဆရာမ ဒေါ်နန်းခမ်းနှင့် ကွန်ပေါင်နာ "စောစံမိတ်" တို့ထံ အပို့ခိုင်းရ၏။ ထိုအချိန်က ဖားကန့်မြို့တွင် အိမ်ခြေ ၆၇၀ ခန့်သာ ရှိ၏။ လူနေဦးရေ ၂၀၀၀ ပင် မပြည့်၊ သို့သော် ညှိသည် (ကျောက်တူးသမား) များကတော့ သိန်းဂဏန်းလူဦးရေ ကျော်နေ၏။ ယခင် သုံးလေးနှစ်က ဆိုလျှင် ပိုပြီး စည်ကားသည် ဆို၏။

ဟုတ်ပေမည်။ ဖားကန့်တွင် အိမ်ခြေ ၁၀၀၀ ပင် မပြည့်သော်လည်း ရုပ်ရှင်ရုံ သုံးရုံ ရှိ၏။ တစ်နေ့သုံးပွဲစီ ပြကြရသည် ဆို၏။ ခတ်ဆီဆိုင် ရှိ၏။ ထိုအခြေအနေများသည် ဖားကန့်မြို့၏ စည်ကားမှုကို ပြသနေ၏။ ကျွန်တော့်မှာ နံနက်လင်းလျှင် မြို့တွင်းသို့ ဆင်း၏။ မုန့်ဟင်းခါး၊ ခေါက်ဆွဲဆိုင်တွင် ထိုင်ပြီး စားနေစဉ် မသိသူ တစ်ဦးဦးမှ မုန့်ဖိုး ကျသင့်ငွေကို အရင် ပေးထားပြီး ဖြစ်နေ၏။ မုန့်ရောင်းသူများကလည်း ဆရာဝန်အတွက် မယူပါဘူး ဆိုပြီး ငွေကို ပြန်ပေး၍ ငြင်းဆန် နေတတ်၏။

နံနက်စာကိုတော့ ကိုရန်ကင်း၊ ကိုတင်မောင် (ပန်းတိမ်) တို့အိမ်ရှေ့မှ ရှမ်းခေါက်ဆွဲကို အမြဲ စားတတ်၏။ သည်လိုဖြင့် တစ်အိမ်ဝင် တစ်အိမ်ထွက် တစ်နေကုန်တော့၏။ ဖားကန့်မှာ မကောင်းမှု ဟူသမျှအစုံရှိ၏။ အပေါများဆုံးကတော့ "ကိုးကျူးကက်" ခေါ် ဖဲကစားနည်း ဖြစ်၏။

တချို့ ရွှေချောင်းများကို အချောင်းလိုက် ချပြီး အရှုံးအနိုင် လောင်းကစားကား လုပ်ကြ၏။ တစ်ဘက်လျှင် တစ်ချောင်း လောင်းကြေး ပြုလုပ်ကြသည်။ ထိုအချိန်က ရွှေတစ်ချောင်း၏ တန်ဖိုးမှာ ကျပ် ၄၀၀၀ မျှသာ ရှိ၏။ ၉.၉၉၉ ဆိုသော (ကိုးလေးလုံး) ရွှေချောင်းမှာ ကျပ် ၄၀၀၀ ခန့် ဖြစ်ပြီး "ကြက်" တံဆိပ်ဆိုလျှင် ၃၅၀၀ ကျပ်မျှသာ ဖြစ်၏။

ကျွန်တော်တို့ ဆရာဝန်များမှာ စုပြီး ဟောလိဂုဒ် ကစား၏။ ပေါကာ ကစား၏။ ကျွန်တော်တို့ ကစားကြသည်မှာလည်း တစ်ခါ တစ်ရံ ၇ ရက်မှ ၁၀ ရက် အထိ မအိပ်မစား ကစားကြ၏။ အစည်း အဝေးကို နေ့စဉ် ခေါ်တတ်သော ခလရ ၅၀ မှ တပ်ရင်းမှူးကြီး ဗိုလ်မှူး စိုးညွန့်ကလည်း ကျွန်တော်တို့ကို အပျောက်မခံ။ တစ်ခါတစ်ရံ ညဉ့်မှာပင် စကားပြောလို၍ အခေါ်လွှတ်တတ်သေး၏။

၂၂-၉-၉၆ နေ့ နေ့လယ်တွင် ဂုဏ်ထူးစာပေ စာအုပ်ဆိုင်၌ ဗိုလ်မှူး စိုးညွန့်ကို တွေ့လိုက်ရပြီး စကားပြောလိုက်ရတော့ ဗိုလ်မှူးမှာ ဘောင်းဘီဖြူ၊ အင်္ကျီဖြူနှင့် ဆိုတော့ လွန်ခဲ့သည့် ၂၅ နှစ်မှ ပုံထက်ပင် နုနယ်နေသည် ထင်ခဲ့မိ၏။ ဗိုလ်မှူး စိုးညွန့် (ထီလာစစ်သူ) သည် ယခုတော့ ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဖြစ်နေ၏။ ကျွန်တော်တို့မှာ စာပေသမား အချင်းချင်းဖြစ်၍ အဆက်အသွယ်က ပြတ်သည်မရှိ။ လွန်ခဲ့သော ၂၅ နှစ်က ဖားကန့်တွင် ဗိုလ်မှူး စိုးညွန့်မှာ ခလရ ၅၀ ၏ တပ်ရင်းမှူး။ ကျွန်တော်က တိုက်နယ် ဆရာဝန်။ ကျန်းမာရေး သင်တန်း၊ စစ်ရေးသင်တန်းများ ပို့ချခဲ့ကြရသည်မှာ မေ့၍ မရနိုင်ပါ။

ဖားကန့်နှင့် မိုးကောင်းမြို့သည် ၆၇ မိုင် မျှသာ ဝေး၏။ တစ် နှစ်လျှင် နွေရာသီ သုံးလမျှသာ မော်တော်ကားသွားနိုင်၏။ အခြား အချိန်များတွင် ခြေလျင်ခရီးသာ ဖြစ်၏။

တစ်ချိန်တွင် ကျွန်တော့်မှာ အပြင်းဖျား၏။ မြစ်ကြီးနား လိုက် ပို့ရန် အဖွဲ့သားများကို တောင်းဆို၏။ "လုံးခင်းစော်ဘွား" ကလည် သူ၏ ဆင်ဖြင့် ပို့ပေးမည် ဆို၏။ သို့သော် သူကြီး ဦးရှောဖနှင့် အဖွဲ့တို့က မှက်ခလောင်ဆိုပြီး တစ်ကိုယ်လုံးကို ပိုက်ဆံ အကြွေပြားဖြင့် ခြစ်၏

ဖင် (စအို၀) ကို အပ်ဖြင့် ဖောက်၏။ ကျွန်တော်က အဖောက်မခံ။ ရုန်း၏။ ကန်၏။ ဆွဲ၏။ မရ။ မတတ်သာသည် အဆုံး အပ်ကိုတော့ ပိုးမ၀င်စေရန် ရေနွေး ပွက်ပွက် ဆူဖြင့် အပြုတ်ခိုင်းပြီးမှ ဖင် (စအို၀) မှ သွေးကြောကလေးများကို အဖောက်ခံလိုက်ရတော့၏။

ကျွန်တော်တို့ အဖွဲ့သည် အတော်ချစ်ကြ၏။ ခင်ကြ၏။ ကျွန်တော်ကလည်း အဖွဲ့သားများ၏ တစ်အိမ်လုံးအတွက် ဆေးကုလျှင် မည်သည့် အခါမျှ ဆေးဖိုးမယူ။ အဖွဲ့သားများ အပေါ်သာ မဟုတ် မည်သည့် လူနာထံမျှ ဆေးဖိုးမတောင်း။ ပေးသမျှကိုသာ ယူ၏။ ပိုက်ဆံ ချမ်းသာသူများက တတ်နိုင်လျှင် တတ်နိုင်သလို ပေးကြ၏။

သို့သော် အများအားဖြင့် အသားဆေးထိုးလျှင် တစ်လုံး ၂၅ ကျပ်၊ အကြောဆေးများ ထိုးလျှင် ၁၀၀ ကျပ်နှုန်း အများအားဖြင့် ပေးကြ၏။ ပခုက္ကူတွင် ထိုအချိန်က ဆေးထိုးခမှာ ၃ ကျပ်မှ ၅ ကျပ် အများဆုံး ဖြစ်၏။

ကျွန်တော် ဆေးကုသွားလျှင် ကျောင်းဆရာ "ဘရင်" ခေါ် "ဘရင်ကလေး" မှာ အမြဲ လိုက်ပါ၏။ ယခုတော့ သူလည်း "သူဌေး ကြီး ဖြစ်နေပြီ" ဆိုသည်ကို သိရ၏။ ၀မ်းသာပီတိ ဖြစ်ရ၏။ လူ့ဘ၀ ဆိုသည်မှာ သူ့ကံနှင့်သူ ဖြစ်လာတာဖြစ်ပါ၏။ ဆင်းရဲ ချမ်းသာဆိုတာ အဓိကမဟုတ် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဉပေက္ခာဆိုသည့် ဗြဟ္မစိုရ် တရား လေးပါးကို ခါး၀တ်ပုဆိုး ကဲ့သို့ မြဲကြဖို့သာ ဖြစ်၏။

"အများသိစေရန် ကြေညာအပ်ပါသည်။ ဈေးသည်များသည် လမ်းပေါ်မှာ လည်းကောင်း၊ အိမ်ရှေ့မှာ လည်းကောင်း ဈေးမရောင်းရ။ ဈေးရောင်းရန် သတ်မှတ်ထားသော ဘောလုံးကွင်း အတွင်းမှာသာ ရောင်းချကြရမည်" ဟု မြို့ပိုင် ဦးမြင့်သိန်း ရုံးတွင် ကြော်ငြာကပ်၏။

ဈေးသည်များသည် ဘောလုံးကွင်း အတွင်း၌ သုံးရက်၊ လေးရက် ရောင်းပြီး မူလနေရာ လမ်းပေါ်သို့ ပြန်ရောက်သွားပြန်၏။

"မြို့ပိုင်၊ ခင်ဗျား ကြော်ငြာ ကပ်မနေစမ်းပါနဲ့ဗျာ။ ဈေးဆိုတာ ပျားအုံနဲ့ တူသဗျ။ ဒီကိုင်းမှာ စွဲနေတာ မကြိုက်လို့ တုတ်နဲ့ထိုးပြီး ပျားအုံကို ဖျက်ပစ်လိုက်ရင် ကိုယ်က စွဲစေလိုတဲ့ သစ်ကိုင်းမှာ စွဲတာ

မဟုတ်ဘူး။ သူ ခွဲချင်တဲ့ သစ်ပင်၊ သစ်ကိုင်းကို သွားပြီး ခွဲတာဗျ” ဟု ကျွန်တော် ပြောလိုက်တော့ မြို့ပိုင် ဦးမြင့်သိန်းလည်း လက်လျှော့ လိုက်ရတော့သည်။

ထိုအချိန်က ကုန်ဈေးနှုန်းမှာ ကြက်ဥ ၅ ကျပ်၊ အမဲသား ၂၅ ကျပ်၊ ဝက်သား ၅၀ ကျပ်၊ ကြက်သား ၇၅ ကျပ်၊ ခရမ်းချဉ်သီး ၂၅ ကျပ်၊ ဆန်တစ်ပြည် ၂၅ ကျပ် ဖြစ်၏။ မန္တလေး၊ ပခုက္ကူတို့တွင် ကြက်ဥ ၂၅ ပြား၊ အမဲသား ၆ ကျပ်၊ ဝက်သား ၇ ကျပ်၊ ကြက်သား ၈ ကျပ် ဈေးမျှသာ ဖြစ်၏။ ဓာတ်ဆီ တစ်ဂါလန် ၂ ကျပ်၊ ရေနံဆီ တစ်ပုလင်း ၂၅ ပြား ဈေးမျှသာ ဖြစ်၏။

ဖားကန့်တွင် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းမှာလည်း အကြောင်း ရှိပါ၏။ စားသောက်ကုန်များကို ကချင် အမျိုးသမီးလေး များက ပလိုင်းဖြင့် သယ်ယူလာပြီး ရောင်းနေရ၏။ ကျောက်စိမ်း ဆိုသည်ကလည်း အသားကျောက်ဆိုတာ မည်သူမျှ မသုံး၊ မည်သမျှ မဝယ်။ ၁၉၇၂ ခုနှစ်တွင် မြန်မာ့ ကျောက်မျက်ရတနာ (ကုန်သွယ်ရေး ၂၀ ) သည် ကျောက်စိမ်း အသားများကို တစ်ပိဿာလျှင် ၇၅ ပြားဖြင့် ဝယ်ယူခဲ့၏။

ရက်ပိုင်း အတွင်း ဝယ်ယူရန် သတ်မှတ်ပိဿာ ပြည့်သွားသဖြင့် ရပ်ဆိုင်း ပစ်လိုက်ရ၏။ ကျွန်တော်၏ ဆေးရုံအတွင်းမှ ကျောက်တုံး များကို ကောက်ပြီး ရောင်းသည်ပင်လျှင် ပိဿာ ၅၀၀ ကျော် ၁၀၀၀ ကျော် ရှိ၏။ ကျွန်တော်၏ စားပွဲရှေ့တွင် လူနာ ဆေးထိုးခံလျှင် ကုလားထိုင်ကို ဆွဲဆွဲပြီး ယူသွားတတ်သဖြင့် ကွန်ပေါင်နာ (ဆေးစပ် ဆရာ) စောစံမိတ်က ကုလားထိုင်ကို ကျောက်စိမ်းတုံးကြီးဖြင့် ချည် တုပ် ထား၏။ လမ်းဘေးမှာလည်း အသားကျောက်တုံးကြီး များကို တွေ့ရ၏။ အခုတော့ အလွန် တန်ဖိုးကြီးနေသည်ဟု သိရ၏။ မိုးကောင်း မှ တိုက်တစ်လုံးဆိုလျှင် တိုက်တစ်ခုစလုံးကို အသားကျောက် များဖြင့် ဆောက်လုပ် ထားသည် ဆို၏။

သို့သော် အရည်ကျောက်ကတော့ အတော်ရှား၏။ ကျောက် အရည်မှာ အစိမ်းနုကို “ပဲဆွေးလု”၊ အဝါကို “ပဲရည်” ဟု ခေါ်ကြ၏။

အစိမ်းနှင့် အဝါကိုကြည့်ပြီး "ပဲဆွေးလု" ဟု လည်းကောင်း၊ "ဆွေးလု" ဟု လည်းကောင်း၊ "ဆွေးလုကြီး" ဟု လည်းကောင်း အသီးသီး ခေါ်ဝေါ် ကြ၏။ အပြာနက် ဖြစ်သွားလျှင် "လန့်" ဟု ခေါ်၏။ "လန့်ဆွေးလု" မှာ စိမ်းပြာရောင်ကို ခေါ်၏။ မကောင်းပေ။

သို့သော် "လန့်လုရွှေ"၊ "ဒေါင်းမီးရောင်" ကျောက်စိမ်းကတော့ အကောင်းဆုံး အရောင်ဟု ဆို၏။ "ရှင်း" ဆိုလျှင် အနက်ကို ခေါ်၏။ "ရှင်း" အောက်မှာ "မြခို" သည်ဟု တချို့က ဆိုကြ၏။

ကျောက်စိမ်း ထွက်သည့် ဒေသကို "မော်" ဟု ခေါ်၏။ ဖားကန့် ကြီး "မော်"၊ "မော်ဝမ်းမော်" တို့သည် နာမည်ကြီးသော မော်များ ဖြစ်၏။ မော်ဝမ်းရွာသည် ဖားကန့်မြို့သို့အဝင် ကချင် ရွာကလေး ဖြစ်၍ အိမ်ခြေ ၃၀ ကျော် ရှိသည်။ တစ်ရွာလုံးတွင် နှစ်ထပ်အိမ် တစ်၍ မရှိ။ ငှက်ပျောတော ရပ်ကွက်တွင် တိုက် ၁၀ လုံးခန့် ရှိ၏။ ဖားကန့် ရပ်ကွက်မှာ တိုက်များဖြင့် ပြည့်နေ၏။ မော်ပေါင်း ၄၀ ကျော် ရှိသည် ဆို၏။ တာမခံရွာနှင့် ဟောင်ပါးရွာများမှ ထွက်သော ကျောက်စိမ်းများမှာ အလုံးသေး၏။ တချို့က "မုဆိုးမမော်" ဟု နောက်ပြောင် ခေါ်ကြ၏။

တချို့ကလည်း "တာမခံ၊ ဟောင်ပါး ရွာမှာထွက်တဲ့ ကျောက် တွေဟာ ထမင်းစားကျောက်၊ ဟင်းစားကျောက်တွေပါ" ဟု ဆိုကြ၏။

ယခုတော့ တာမခံနှင့် ဟောင်ပါးရွာများသည် မြို့ကြီး ပြကြီး များ ဖြစ်ပြီး ထိုဒေသမှ ထွက်သော ကျောက်စိမ်းများမှာ ကျပ်သိန်း ကုချီ တန်နေပြီဟု စာပေများတွင် ဖတ်ရ၏။ မှတ်ရ၏။

ဖားကန့်ဆိုလျှင် စင်ကာပူ၊ ဟောင်ကောင်တို့ ကဲ့သို့ စည်ကား နေပြီ ဖြစ်သည်ကို သိရ၍ သွားလိုစိတ်များ ဝင်လာ၏။ ဥရုချောင်းကို ဖြတ်ကူးသည့် တံတားများနှင့် တစ်ဘက်ကမ်းတွင် အိမ်ရာ၊ တိုက်တာ များဖြင့် ပြည့်နေပြီ ဆို၏။ ကျွန်တော် နေခဲ့သော ဆရာဝန်အိမ်မှာ မြို့ဘက်သို့ မျက်နှာမမူ၊ ဥရုချောင်းဘက်သို့ မျက်နှာမူပြီး ဆောက် ထားသဖြင့် အလွန်သာယာ ကြည်နူးဖွယ် ကောင်းလှ၏။ ဥရုမြစ်သည် ကျွန်တော်၏ အိမ်ဝိုင်းကို ကွေ့ကာပတ်ကာ စီးဆင်းနေ၏။ ရေတံခွန်

များ ကဲ့သို့ မြစ်ရေစီးသံကလည်း ၂၄ နာရီ ညံနေ၏။

ယခုနောက်ပိုင်းတွင် နာမည်ကြီးလာသော ခန္တီးကျောက်စိမ်း နယ်သည် ပင်လျှင် ၁၉၇၃ ခုနှစ် ပတ်ဝန်းကျင်မှသာ ပေါ်လာ ဖားကန့်ကြီးမော်မှ ထွက်သော ကျောက်တုံးကြီးများသည် အကြီးဆုံး ဟု ဆို၏။ 'တောမော်' အရပ်မှ ကျောက်တုံးကြီးများကတော့ ကြီးသော် လည်း အရည်အသွေး မကောင်းတတ်ပေ။ အသားကျောက် အဆင့်သာ များ၏။ ကျောက်တုံးကြီးများကဖြင့် ဘာကြီးသလဲ မမေးနှင့်။ ဆင်ဆွဲ ကျောက် အဆင့် ဖြစ်၏။

သို့သော် ကျောက်စိမ်း၏ တန်ဖိုးသည် အကြီးအငယ်ကို မူမတည်။ အရည်အသွေး အရောင်သာလျှင် အဓိက ဖြစ်၏။ ၁၉၇ ခုနှစ်လောက်တွင် ပြက္ခဒိန်များ၌ ဖော်ပြသော ကျောက်စိမ်းတုံးကြီးမှာ ကျွန်တော်တို့ ဖားကန့်တွင် ရှိစဉ်က ရရှိသော ကျောက်စိမ်းတုံးကြီး ဖြစ်၏။ အရည်အသွေး မကောင်းလှပေ။

မည်သို့ပင် ဖြစ်စေ၊ မြန်မာ့ ကျောက်စိမ်းသည် ကမ္ဘာကျော် ဖြစ်၏။ ဖားကန့်ဆိုတာ ရတနာမြေ၊ ဟောင်ကောင်သားများသည် ဖားကန့်မြို့ကို မသိသူ မရှိသလောက် ရှား၏။ ရတနာ ပစ္စည်း ဆိုရာ မှာလည်း ရှားသောကြောင့် တန်ဖိုးရှိခြင်းကလည်း တစ်ချက် ပါဝင်

"သံတိုင်လည်း တို၊ လူလည်း အို ပေါ့၊ ကျောက်ဆိုတာလည်း မမြင်ဘူး၊ " ဆိုသော ကျောက်တူးသမားများက ဒုနှင့်ဒေး ဖြစ် "လူမိုက်က ကျောက်တူး၊ လူရူးက ကျင်းထောင်" ဆိုသော ဖားကန့် ရှေးလူကြီးများ၏ စကားများကလည်း မှန်ပေ၏။

ရတနာ ပစ္စည်း ရရန် မပြောနှင့်။ ရတနာမြေ ရောက်ဖို့ပင် မလွယ်ကူ။ ကျွန်တော်ပင် ဖားကန့်နှင့် မိုးကောင်း ခရီးကို သုံးခေါက် တိတိ ခြေကျင် သွားခဲ့ရ၏။ သို့သော် ယခုတော့ဖြင့် ကားလမ်းတွေ ကလည်း ကောင်းနေပြီဟု ကြားရ၏။

"ရဟတ်ယာဉ်ဖြင့်ပင် နေ့သွားသွား ညသွားသွား အချိန်မရွေး သွားနိုင်နေပြီ" ဟု ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးနှင့် လုပ်ငန်း ဆွေးနွေးစဉ်က သိခဲ့ရ၏။ ကြားခဲ့ရ၏။ ဒုတိယဗိုလ်မှူးကြီး မောင်မောင်

အေး သည် "မြဝတီ ခရီးသွားလာရေး ကုမ္ပဏီ" ၏ ဒါရိုက်တာ ဖြစ်၏။ နိုင်ငံခြားသားများမှာ စက်အင်အား မသုံးဘဲ လူအင်အားဖြင့် ဤကဲ့သို့ မာကျောသော ကျောက်တောင်ကြီးများ ဖောက်ပြီး ရတနာပစ္စည်း များ ရအောင် တူးနိုင်ခြင်းကို အံ့ဩနေကြသည် ဆို၏။

အချိန်တွေကလည်း ပြောင်းလဲခဲ့ပြီ ဖြစ်၏။

အခြေအနေတွေကလည်း ပြောင်းလဲခဲ့ပြီ ဖြစ်၏။

ခေတ်စနစ်တွေကလည်း ပြောင်းလဲခဲ့ပြီ ဖြစ်၏။

မည်သည့် အရာတွေ ပြောင်းပေမယ့် ကျွန်တော် ချစ်သော "ဖားကန့်" ကတော့ သည်နေရာက မပြောင်းကြောင်းပါ ခင်ဗျား။

■

## ကြက်ဥ ကြက်သား များများစားဖို့ ပြင်ထားကြ

"ကြက်လည်လိမ် ရောဂါ ကာကွယ်ရေး၊ မျက်စင်းခတ် ကောင်ရေ ခြောက်သိန်းကျော် ဆောင်ရွက်ပြီးစီး" ၁၂-၁၁-၂၀၀၀ ပြည့်နှစ် ကြေးမုံ သတင်းစာ စာမျက်နှာ ၉ တွင် ဖတ်လိုက်ရခြင်း ဖြစ်ပါသည်။ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်အေး ကိုယ်တိုင် ကွင်းဆင်း၍ ဆောင်ရွက်ပေးသည်ဟု ဖတ်လိုက်သည်။ ထိုသတင်းစာ စာမျက်နှာ ၁၀ တွင်လည်း၊ ကြက်လည်လိမ် ရောဂါ ကာကွယ်ရေး ဆောင်ရွက်၊ "ခရိုင်ဥက္ကဋ္ဌ ကာကွယ်ဆေး မျက်စင်းခတ်" ဆိုတာ ဘာအဓိပ္ပာယ်လဲ သမီးရဲ့၊ ဖေဖေ့ကို ပြောပြစမ်းပါ ဆိုပြီး အနားတွင် ထိုင်နေသူ ကျွန်တော်၏သမီး တိရစ္ဆာန်ဆေးကု ဆရာဝန်မကို မေးမိ၏။

"အော် ဖေဖေကလဲ ဟုတ်တယ်လေ။ လည်လိမ်ရောဂါ ဆိုတာ ဗမာကြက်တွေမှာ အဖြစ်များတာ၊ ဗမာကြက်တွေဟာ ရောဂါမျိုးစုံ ကြောင့် တစ်နှစ်မှာ ကြက်ကောင်ရေ သန်း ၆၀ လောက် နှစ်စဉ် သေဆုံး နေကြတာ" ဆိုပြီး ပြောလိုက်တော့ ပိုပြီး စိတ်ဝင်စား သွားရပြန်သည်။

"ဟ ဗမာကြက်၊ တိုင်းရင်းကြက်ဆိုတာ သန်း ၆၀ ရှိလို့လား သမီးရဲ့" ဆိုပြီး မေးမိ ပြန်၏။

"ဟာ ဖေဖေကလဲ သန်း ၆၀ တော့ ဘယ်ရှိမှာလဲ ဖေဖေရဲ့၊ မြန်မာပြည် တစ်ခုလုံးမှာမှ ကြက်ကောင်ရေ စုစုပေါင်း ၃၉.၅ သန်းပဲ ရှိတာ၊ တိုင်းရင်း ကြက်မျိုးက ၃၄.၄ သန်း၊ RIR ကြက် ဥစားကြက်မျိုးက ဝ.၇ သန်း၊ အခြား ဥစားကြက်မျိုးက ၂.၉ သန်း၊ အစု ပေါ်နေတဲ့ အသားစားကြက်က ၁.၅ သန်းရှိတာ ဖေဖေရဲ့၊ ဒါပေမဲ့ ဗမာတိုင်းရင်း ကြက်မျိုးတွေက သိပ်ပြီး မျိုးပွားနှုန်း ကောင်းတာ၊ ကြက်ထီး၊ ကြက်မ တစ်စုံဟာ တစ်နှစ်အတွင်း ရောဂါ မဖြစ်ရင် ၁၈ ကောင်အထိ ဖြစ်လာတယ်။ ၃၄.၄ သန်းကို ၁၈ နဲ့ မြှောက်ကြည့်ပါလား။ လူတွေ မစားကြဘူး၊ ရောဂါကြောင့် မသေဘူးဆိုရင် နှစ်ကုန်တဲ့အခါမှာ ကြက်ကောင်ရေ ၆၂၀ သန်းလောက် ဖြစ်လာမှာပေါ့" ဆိုသဖြင့် ပိုမိုပြီး စိတ်ဝင်စားလာရ ပြန်၏။ "ကြက်မ ၁၀ ကောင် ၁၀ လ ရှောင်၊ တစ်နေ့ တစ်ကောင် မကုန်ပေါင်" ဆိုပြီး မြန်မာ စကားပုံတောင် ရှိသေးတာပဲဟု ရွတ်ပြနေပြန်၏။

"ဒီလည်လိမ်ရောဂါ ကာကွယ်ဆေးကို ထိုးပေးထားတော့၊ မသေတော့ဘူးလား၊ သမီးရယ်" ဆိုပြီး စာရေး ဆရာပီပီ စပ်စုမိပြန်၏။

"ဟာ ဖေဖေကလဲ ဟိုမေး၊ ဒီမေးနဲ့ သိချင်လိုက်တာ၊ ကြက်တွေ သေတော့ သေကြဦးမှာပေါ့။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်မှ ၃၀ ရက်နေ့ အထိ ပထမအကြိမ် ကာကွယ်ရေး မျက်စင်းခတ်ကြမှာက ကြက်ကောင်ရေ (၇) သန်းကိုပဲ၊ မျက်စင်း ခတ် ပေးနိုင်ကြမှာ။ (၃) ကြိမ် ဆောင်ရွက်ဆောင်ရွက်ကြမှာ ဆိုတော့ ကြက်ကောင်ရေ ၂၁ သန်းလောက်ကိုပဲ ကာကွယ်ရေး မျက်စင်း ($I_2$) အိုင်တူးကို မျက်စင်း ခတ်ပေးနိုင်မှာ" ဆိုပြီး ရှင်းပြနေ၏။ "အဲဒီလို စီမံကိန်း စီမံချက်အတိုင်း တိတိကျကျ ဖြစ်အောင် ဝိုင်းဝန်း ဆောင်ရွက် နိုင်ကြလျှင် တစ်နှစ်မှာ ကြက်ကောင်ရေ ၁၂ သန်း ပိုမို တိုးပွား လာပြီး၊ ကြက်သား ပိဿာ (၈) သန်း၊ ကြက်သား တန်ချိန် ၁၃၀၀၀ နီးပါးကို ပိုမို ထုတ်လုပ် ပေးနိုင်မှာ ဖြစ်ပါတယ်" ဟု ထပ်ဆင့် ရှင်းလင်း ပြနေပြန်၏။

"အဲဒီ အိုင်ထူးဆေးက ဘယ်သူတွေက ဘယ်နိုင်ငံမှ ပို့ပေးတာလဲ သမီးရဲ့"

"ဖေဖေကလဲ မေးနေပြန်ပါပြီ။ အပူခံ ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး အိုင်တူး ဆိုတာကို သမီးတို့ မွေးမြူရေးနှင့် ဆေးကုသရေး ဦးစီးဌာနမှ ထုတ်လုပ်တာပါ။ FAO အတိုင်ပင်ရဲ့ အကူအညီနဲ့ပေါ့" ဟု ဆို၏။ "အစိုးရက တစ်နှစ်ကို ကျပ် ၅၅ သိန်း အကုန်ခံပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ရှင်းပြပေးနေပြန်၏။

"ဟာကွာ သမီးရယ် ကြက်ကောင်ရေ ၁၂ သန်း အသက်ရှင်ဖို့ အတွက် ကျပ် ၅၅ သိန်း ဆိုတာ ဘာမျှ မဖြစ်လောက်ပါဘူး။ ကြက် တစ်ကောင်အတွက် ၄၅ ပြား လောက်ပဲ ကုန်ကျတာပဲ။ ကြက်သား ပိဿာ (၈) သန်းကလည်း ပိုမို ထွက်လာဦးမည်၊ ကြက်ဥတွေကလည်း ပိုမို ထွက်လာဦးမည် ဆိုတော့ အတော် အကျိုးရှိတဲ့ လုပ်ငန်းပဲ၊ စီမံကိန်း အောင်မြင်အောင် အားလုံး စုပေါင်း လုပ်လာရမှာပေါ့" ဟု ကျွန်တော်က ဆိုလိုက်၏။

"စုပေါင်း လုပ်ကြမှ ဖြစ်မှာပေါ့ ဖေဖေရဲ့ စုပေါင်း စားကြမှာပဲ ဥစ္စာ၊ သမီးတို့ မွေး / ကု ဦးစီးဌာန ဝန်ထမ်းဆိုတာက မြို့နယ် ၂၀၀ မှာမှ ဝန်ထမ်း အင်အား ၆၀၀ ကျော်ပဲ ရှိကြတာ၊ ဖေဖေတို့ ကျန်းမာရေး ဝန်ထမ်းတွေက တစ်မြို့နယ်မှာတောင် လူ ၂၀၀ မကဘူး" ဆိုပြီး သမီးက ပြောပြနေပြန်၏။

မှန်ပေသည်။ ကြက်သည် တစ်နိုင်ငံလုံး၏ အဓိက အသား ထုတ်ကုန် တစ်မျိုး ဖြစ်ပါ၏။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ်ထုတ် ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အစီရင်ခံစာ စာအုပ်တွင် ၁၉၉၇–၉၈ ခုနှစ်၌ အသားထုတ်လုပ်မှု စုစုပေါင်းမှာ ပိဿာသန်းပေါင်း ၁၇၃.၈ သန်း ရှိသည့်အနက် ကြက်သားသည် ပိဿာ သန်းပေါင်း ၇၇.၄ သန်း ၄၅ % ခန့်၊ ဝက်သားသည် ပိဿာသန်းပေါင်း ၄၆.၈ သန်း ၂၇ %၊ အမဲသားသည် ပိဿာသန်းပေါင်း ၃၁.၉ သန်း ၁၈ %၊ အခြား အသားများ ၁၀ % အသီးသီး ထုတ်လုပ်ခဲ့သည့်အပြင် ကြက်ဥ ၁၁၆၁ သန်း


ကိုလည်း ထုတ်လုပ် ပေးခဲ့သည်။ ကြက်သားနှင့် ကြက်ဥသည် မြန်မာလူမျိုးတို့အတွက် အမိက အသားဓာတ် ဖြည့်ပေးသော ထုတ်ကုန်တစ်မျိုး ဖြစ်ပေသည်ဟု သမီးအား ရှင်းပြပေးနေမိတော့၏။

"ဖေဖေကလဲ သမီးတို့ မြန်မာပြည်မှာသာ မဟုတ်ပါဘူး။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင် လူတစ်ဦး တစ်နှစ်မှာ ကြက်သား ၁၁.၁ ကီလို၊ ကြက်ဥ ၂၁၁ လုံး စားကြတာ။ ဂျပန်တွေ ဆိုရင်လည်း ကြက်သား ၁၂.၇ ကီလို၊ ကြက်ဥ ၅၁၇ လုံးနှုန်း၊ မလေးရှား နိုင်ငံမှာလည်း ကြက်သား ၃၂ ကီလိုနှုန်း၊ အမေရိကန် နိုင်ငံမှာလည်း ကြက်သား ၄၀ ကီလိုနှုန်း စားကြတာပါ။ သမီးတို့ မြန်မာပြည်မှာက ကြက်သား (၄) ကီလို၊ ကြက်ဥ ၃၃ လုံး နှုန်းပဲ စားကြသေးတာ။ ဂျပန်နိုင်ငံမှာ နှစ်စဉ် ကြက်သားတန်ချိန် (၅) သိန်း၊ စင်ကာပူနိုင်ငံမှာ နှစ်စဉ် ကြက်သား တန်ချိန် (၇) သိန်းကို နိုင်ငံခြားမှ မှာယူ တင်သွင်းနေကြရတာ၊ ကြက်သားဖိုး ပေးချေရတဲ့ငွေပဲ အမေရိကန် ဒေါ်လာ သန်း ၇၀၀ လောက် ကုန်နေကြတယ်။ ထိုင်းနိုင်ငံကတော့ ကြက်သား နှစ်စဉ် (၂.၈) သိန်း တန်နှင့်၊ အမေရိကန်နိုင်ငံကတော့ နှစ်စဉ် ကြက်သား တန်ချိန် (၂) သန်းကို တင်ပို့ပေးနေတော့ ကြက်သား ရောင်းရငွေကပဲ တစ်နှစ်တစ်နှစ်မှာ ဒေါ်လာ သန်း ၂၀၀၀ လောက် နိုင်ငံခြားဝင်ငွေ ရနေကြတာပဲ။ သမီးတို့ နိုင်ငံမှာတော့ အခြား နိုင်ငံတွေရဲ့ နှုန်းကို မှီအောင် အများကြီး ကြိုးစား ကြရဦးမှာပါ" ဆိုပြီး ရှင်းပြ နေပြန်၏။

"သမီးတို့ မြန်မာပြည်မှာလည်း ကြက်မွေးမြူရေးကို စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ကုမ္ပဏီကြီးတွေကလဲ လုပ်နေကြပါပြီ။ ကျေးရွာ၊ တောင်သူ ဦးကြီးတွေမှလည်း အခုလို ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးတွေကို မျက်စင်းခတ်ပေးနိုင်လျှင် ဝင်ငွေ တိုးလာပြီး၊ ကြက်မွေးမယ့် တောင်သူဦးကြီးတွေ တိုးများလာကြမှာပါ။ စပါးစိုက်၊ ပဲစိုက်၊ နှမ်းစိုက် ရတာက ကြာသေးတာ၊ မိုးမျှော်ရ၊ ရေမျှော်ရနဲ့ ကြက်မွေးရတာကတော့ အခုခြံဆောက်၊ အခုမွေး။ နောက် ၄၅ ရက် ကြာလျှင် ကြက်သား ထုတ်ရောင်း၊ တစ်ကောင်မှာ တစ်ပိဿာတော့ လွယ်လွယ်လေး၊ နွေခပါး စိုက်ရထက် မြန်သေးတယ်။ လွယ်သေးတယ်။ တစ်လခွဲကြာလျှင်

ငွေပြန်ပေါ်တယ်” ဟု ဆိုနေပြန်၏။ “တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ သည် စီးပွားဖြစ် မွေးမြူရေး စနစ်သို့ ကူးပြောင်းလာတော့မှာပါ။ မကြာ တော့ပါဘူး။ ကြက်ဥနှင့် ကြက်သား များများစားဖို့သာ ပြင်ထားကြ ပေတော့” ဆိုပြီး သမီးဖြစ်သူ တိရစ္ဆာန်ဆေးကု ဆရာဝန် ဒေါက်တာ မအေးသီတာက ရှင်းပြပေးနေပါတော့၏။





# ထော်လာဂျီမြို့တော် ပခုက္ကူ

"စီ... စီ... စီ... စီ... စီ... စီ..."

"ဖေဖေရဲ့ စာကလေး ရုပ်ကလေးမှာ ခတ်ခဲကို ဖြုတ်ထားဦး ဖေဖေရဲ့။ စာရုပ်ကလေးက တံခါးဖွင့်ရင် မြည်အောင် ချိတ်ဆွဲထားတာ။ အခုတော့ တံခါး ဖွင့်တဲ့အခါသာ မဟုတ်တော့ဘူး။ မော်တော်ကားသံ ကြားလည်း မြည်၊ လမ်းမှာ ထော်လာဂျီ မောင်းသွားသံ ကြားလည်း မြည် ဆိုတော့ တစ်နေကုန် မြည်နေရတာပဲ။ ခတ်ခဲ မခံနိုင်ဘူး" ဟု သမီးငယ်က ဆိုသည်။ မှန်ပေသည်။ ကျွန်တော်၏ အိမ်တံခါးရှေ့မှာ ချိတ်ဆွဲထားသော အသံမြည် စာကလေး စက်ရုပ်ကလေးသည် တစ်နေကုန် မြည်နေရရှာ၏။ မြည်ရရှာပေမပေါ့။

ကျွန်တော့် အိမ်ရှေ့မှ ဇေယျာသီရိလမ်းကို ထော်လာဂျီလမ်းဟု သတ်မှတ်ထား၏။ မြို့မလမ်း လမ်းပေါ်မှာတော့ ထော်လာဂျီ မမောင်းရဟု သတ်မှတ် ထား၏။ ဗိုလ်ချုပ်လမ်းမှ ချိုးဝင်လာသော ထော်လာဂျီကားများသည် ကျွန်တော့် အိမ်ရှေ့တွင် ဘုရားပွဲ လှည့်လာသလားဟု ထင်ရ၏။ အခုမှပဲ သေချာ ကြည့်မိတော့သည်။ ထော်လာဂျီများသည် မြို့တွင်း ကုန်စည် ပို့ဆောင်ရေး အတွက် အဓိက ယာဉ် တစ်မျိုး ဖြစ်နေပါပြီလား။

"ဟေ့... ဟေ့... ထော်လာဂျီ ဆရာလေး၊ ဆန်အိတ် ဘယ်လောက် တင်လာသလဲ" ကျွန်တော်က မေးလိုက်၏။

"ဆန်အိတ် ၈၀" ဟု ထော်လာဂျီသမားလေးက ဖြေ၏။ ထော်လာဂျီ ပေါ်တွင် 'ရှဝံ' ဟူသော စာတန်းကို တွေ့သဖြင့် 'ရှဝံ' ဆိုတာ ဘယ် ပွဲရုံလဲ ဆိုပြီး ကျွန်တော်က စပ်စုလိုက်ပြန်၏။

"ရှဝံဆိုတာ ပွဲရုံ အမည် မဟုတ်ပါဘူး။ ထော်လာဂျီ အလှ မြှ ပြင်ရေးနဲ့ တပ်ဆင်ရေး ရှဝံတင်ဝင်း ဆိုတာကို ဆရာ မသိဘူးလား။ ထော်လာဂျီတွေ ဆင်ပေးနေတဲ့ အလုပ်ရုံ အမည်ပေါ့" ဟု ထိုသူငယ်က ရှင်းပြသည်။ ဒါနဲ့ပဲ ထော်လာဂျီ တပ်ဆင်နေသူ ရှဝံတင်ဝင်းထံ သွား ရောက် တွေ့ဆုံခဲ့သည်။

"ဟာဗျာ... ဆရာကလဲ။ ပခုက္ကူမှာ ထော်လာဂျီ လောကကို ကျွန်တော်က စခဲ့တာ မှန်ပါတယ်။ ကျွန်တော်ဟာ ထော်လာဂျီ တပ် ဆင်မှုကို အလွန် စိတ်ဝင်စားသူပါ။ အစီးပေါင်း ၃၀ ကျော် ဆင်ပြီး ရောင်းခဲ့ပြီဗျ။ အောင်လည်း အောင်မြင်ပါတယ်။ စိတ်လည်း ဝင်စားပါ တယ်။ ဒါပေနဲ့ စက်မှု မြို့သစ်မှာ ဝိုင်းဝယ်ပြီး ပြောင်းဖို့ ပိုက်ဆံ မရှိ သေးတာနဲ့ အခု အလုပ်တွေ နားထားတယ်။ ထော်လာဂျီ အလုပ်သမား တွေကို အုတ် ဖုတ်ခိုင်းထားရတယ်။ ဟဲ... ဟဲ... ဟဲ" ဟု ဆို၏။

"ဒါနဲ့ ခင်ဗျား ထော်လာဂျီ လုပ်ပုံကို ပြောပြစမ်းပါဦး။ တစ်စီး ဆင်ရင် ဈေးနှုန်း ဘယ်လောက် ကျသင့်သလဲ" ကျွန်တော်က စပ်စုလိုက် သည်။ "ဒါကတော့ အသုံးပြုမှု အပေါ်မှာ မူတည်တယ်ဗျာ။ ဝန်တင်လို တဲ့ အပေါ်မှာ တည်ပါတယ်။ မှာတဲ့ သူ ဆန္ဒနဲ့ အညီ ကျွန်တော်က တပ်ဆင် ပေးရတာပါ။ အနည်းဆုံး ၃ သိန်းကနေ ၉ သိန်း အထိ တန်ဖိုးရှိ ထော်လာဂျီများကို ကျွန်တော် ထုတ်လုပ် ပေးခဲ့ပါတယ်။ ကျွန်တော်က တစ်နိုင်ငံလုံးမှာ အစိုးရ ဌာနတွေ, မသုံးတော့တဲ့ ကား ပျက်၊ စက်ပျက်တွေကို ရှာဝယ်။ လေလံ ဆွဲယူခဲ့တာ။ ဒါကလည်း 'မလေးဆေးလိပ်' ဦးတင့်ဆွေက ပိုက်ဆံ ထုတ်ပေးလို့ လုပ်ခဲ့နိုင်တာပါ" ဟု ဆို၏။

"ခင်ဗျား ဆင်တဲ့ ထော်လာဂျီတွေ နမူနာ ပြောပြစမ်းပါဦး" ဆိုပြီး ကျွန်တော်က မေးရပြန်၏။

"အင်္ဂျင်က တရုတ် အင်ဂျင် တစ်လုံးထိုး။ မြင်းကောင်ရေ ၂၂ ကောင်၊ ၂၅ ကောင် အသုံးများပါတယ်။ ဂျင်မာ၊ ဂျင်ဒေါင်း၊ ဝေလင်း ကြိုက်တဲ့ အင်ဂျင်အမျိုးကို တပ်ပါတယ်။ ရှေ့တန်းကိုတော့ T 2000 ဒိုင်နာတန်း စသည်တို့ကို သုံးပါတယ်။ နောက်တန်းကို T 2000, D 2000 တို့ကို သုံးရပါတယ်။ တာယာကိုတော့ ၇၅၀ × ၁၆ အသုံးများ ပါတယ်။ လေးကိုတော့ ဂျပန် ၃ လက်မ မတ်တင်း လေးထပ်တွေကို သုံးပါတယ်။ ဘရိတ်ကိုတော့ ဆာဗိုဘရိတ် သို့မဟုတ် ကွန်ပရက်ဆာ ဘရိတ်တို့ကို သုံးရပါတယ်။ စတီယာတိုင်ကိုတော့ ဟီးနိုးစတီယာတိုင်၊ နစ်ဆန်း စတီယာတိုင်တွေကို သုံးရတာပါ။ နိုင်ငံခြားက တင်သွင်းရ တာ ဆိုလို့ အင်ဂျင် ကျပ် တစ်သိန်းခွဲဖိုးပဲ ပါတယ်။

"အခြား ကျန်တဲ့ ပစ္စည်းတွေက မြန်မာ ပြည်တွင်းမှာ စွန့်ပစ် ထားကြတဲ့ စက်ပစ္စည်း အဟောင်းတွေကို သုံးရတာပဲ" ဟု ဆို၏။ ရုပ်ကိုတော့ ကျွန်တော့် တပည့် မောင်မျိုးနိုင်တို့က ရိုက်ပါတယ်။ ထော်လာဂျီ ရုပ်ကိုလည်း ကြိုက်တဲ့ ပုံစံ ရိုက်ပေးရတယ်။ ဘတ်စ်ကား ပုံ၊ လူစီးကားပုံ၊ အိမ်သုံး သွက်သွက်ပုံ နောက်ဆုံး ပြောရရင်ဗျာ ညောင်ဦးမြို့ရှုံး ညောင်ပင်ရပ်ကွက်က ဆုတောင်းပြည့် ဘုရားက ခိုင်း တာနဲ့ နိဗ္ဗာန်ယာဉ်ပုံ အထိ အမျိုးမျိုး ရိုက်ပေးရပါတယ်။ အဲဒီ နိဗ္ဗာန် ယာဉ်ကို နိုင်ငံခြားသားတွေက သဘောကျကြတာနဲ့ ဓာတ်ပုံ ရိုက်ပြီး ယူသွားကြတာ" တဲ့ဟု ရယ်ရယ်မောမော ရှင်းပြပေးနေ၏။ ရွာမှာလည်း ရွာတိုင်း ထော်လာဂျီ တစ်စီး ၂ စီး၊ ၃ စီး ရှိနေပါပြီဗျာ" ဟုလည်း ဆို လိုက်သေး၏။

"တစ်လုံးထိုး ဆိုတော့ ဆီစားတော့ သက်သာ မှာပေါ့နော်" ကျွန်တော်က မေးမိပြန်၏။

"ဟာဗျာ။ ဆရာကလည်း တစ်လုံးထိုး အင်ဂျင် ဆိုတော့ လေး လုံးထိုး အင်ဂျင်တွေလို ဘယ်မှာ ဒီဇယ်ဆီ စားပါ့မလဲ"

ပခုက္ကူ မြို့တွင်း ပွဲရုံတွေနဲ့ ကမ်းနား မော်တော်ဆိပ် အသွား အပြန် ၆ ခေါက် ဆွဲတာ ဆီ တစ်ဂါလန်ခွဲ ဆိုရင် တစ်နေ့ အတွက် လောက်ပြီ။ ချက်ပလက် မော်တော်ကား ဆိုရင် အနည်းဆုံး ဓာတ်ဆီ

၈ ဂါလန် ကုန်တယ်။ တစ်နေ့က ခရီးသည် ၄၀ တင်ပြီး ရွှေစက်တော်ကို သွားကြတာ ဒီဇယ်ဆီ ၁၀ ဂါလန်ပဲ ကုန်တယ်။ ကတ္တရာ လမ်းပေါ်မှာ ဝန် မပါဘဲ မောင်းရင် တစ်ဂါလန်ကို မိုင် ၅၀ ရတယ်" ဟု ဆို၏။

"ဟုတ်ပါတယ်ဗျာ။ အသုံး တော်တော် ကိုက်ပါတယ်" ဟု ကျွန်တော်နှင့် လိုက်ပါလာသူ စာရေးဆရာ ဆွေနွယ်ဦး(ပခုက္ကူ) က ဝင်ပြီး ထောက်လိုက်ပြန်၏။

"အသုံး ကိုက်တာပေါ့ ဆရာရဲ့။ အခု ဆိုရင် ပခုက္ကူမှာ နွားလှည်းတွေ အတော် နည်းကုန်ပြီ။ နွားလှည်းကလည်း မော်တော်ကားဘီးတပ်ဆင် ရတော့ ရှေ့တန်း အတွက်ပဲ ကျပ် လေးသောင်းလောက် ကုန်တယ်။ လှည်း တစ်စီးလုံး ဆိုရင် ကျပ် ခြောက်သောင်းလောက် ကုန်တယ်။ နွား နှစ်ကောင်ကလည်း ကျပ် တစ်သိန်းခွဲလောက် ပေးရတော့ နွားလှည်း ကောင်းကောင်း ဆိုရင် ကျပ် နှစ်သိန်းလောက် ပေးရတယ်။ အိမ် ပြန်ရောက်တော့ နွား ကျွေးရတာက တစ်နေ့လုံး တစ်ညလုံး မနားရတော့ဘူး" ဟု ကိုတင်ဝင်းက ဆိုပြန်၏။

"စိတ်တိုင်းကျသာ တပ်ဆင်ခွင့် ရရင် နိုင်ငံခြားမှ တင်သွင်းလာတဲ့ ကား တစ်မျိုးလို့ ထင်ရလောက်အောင် ဆင်ပြချင်တယ်" ဟု ဆိုနေပြန်၏။

"ဒါဆိုရင် ကိုတင်ဝင်း အနေနဲ့ ထော်လာဂျီ တပ်ဆင်မှုနဲ့ ပတ်သက်ပြီး ဘာ ပြောလိုသလဲ" ဟု ကျွန်တော်က မေးမိ၏။

"ဘာမှတော့ မပြောလိုပါဘူးဗျာ။ လိုအပ်လို့ မှာသူ ရှိလို့ စိတ်တိုင်းကျ တပ်ဆင် ရရင် ဂျစ်ကားပုံလည်း ဆင်လို့ ရတယ်။ လူစီးလှလှလေး ပုံလည်း ဆင်လို့ ရတယ်။ ဒေါက်၊ ဗိုး၊ သော့စတပ်တွေပေါ့ဗျာ။ ကျေးရွာသုံး ဆီသက်သာ မြန်မာ ဂျစ်ကား စစ်စစ်တွေပေါ့ဗျာ။ အဲ... အဲ... နိဗ္ဗာန်ယာဉ်ကတော့ ညောင်ဦးမှာ တစ်စီး ဆင်ပေးလိုက်တာကို သဘောကျပြီး မန္တလေး မြို့၊ ပြည် မြို့၊ မုံရွာ မြို့တွေက လာပြီး ခိုင်းတယ်။ ဒါပေမဲ့ ကျွန်တော့် သားတွေက မလုပ်ချင်ကြတော့ဘူးတဲ့" ဟု ရယ်ရယ်မောမော ပြောပြနေပါတော့၏။

“လိုင်စင်ကတော့ ကညန ဌာနမှာ မှတ်ပုံတင်လိုက်ရင် စည်းကမ်းနှင့် ညီလျှင် လွယ်ပါတယ်။ တရား ဝင်ပါတယ်” ဟု ဆိုပြန်၏။ ပခုက္ကူမှာ ထော်လာဂျီ စီးရေ ၂၀၀ ကျော်မည်ဟု ခန့်မှန်းကြောင်း ပြောပြ၏။ ပခုက္ကူမြို့သည် မြန်မာပြည်တွင် ထော်လာဂျီ အများဆုံး မြို့ဟုလည်း ပြောပြ၏။ ပခုက္ကူ မြို့ဟာဖြင့် ထော်လာဂျီ မြို့တော် ဟုသာ ဆိုချင် ပါတော့၏။







# မြန်မာ ဂျစ်ကား စီးမလား

"မော်တော်ကား ဈေးတွေကလဲဗျာ။ ဈေးတွေ ခေါင်ခိုက်နေပြီ" ကျွန်တော်က စကားဝိုင်းကို စပေးလိုက်သည်။

"ဟာဗျာ... ဆရာသက်ကလည်း ခင်ဗျားတို့လို ဟိုခရီးသွား သည်ခရီးသွား နေတဲ့ ပုဂ္ဂိုလ် အနေနဲ့ ဂျပန်ကားကို ဝယ်စီးဖို့ စိတ်မကူး နဲ့။ ဂျစ်ကား အဟောင်း စီးမရတဲ့ ကားစုတ် တစ်စီးကို ဝယ်ပြီး ပြ ဆင်လိုက်စမ်းပါဗျာ"

"အင်ဂျင်နဲ့ ဂီယာဘောက်ကို တူးစီတာဘို 2C Turbo ကို ထည့်မယ်။ ဂျစ်ကားက နောက်လေးထုပ်ကို ရှေ့မှာ ပြောင်းပြီး တပ် လိုက်မယ်။ နောက် လေးထုပ်ကိုတော့ တိုယိုတာ ဟိုက်လပ် Toyota Hilux လေးထုပ်ကို တင်လိုက်မယ်။ လေးအထိုင်ကို ဖရိမ်ရဲ့ အောက် မှာ မထိုင်ဘူး။ ဖရိမ် ဘေးမှာ ထိုင်မယ်။ နောက်တန်း တစ်တန်းလုံးကို တိုယိုတာ တောင်းအေ့ Town Ace ရဲ့ နောက်တန်းကို ထည့်မယ်ဗျာ ဘရိတ်ကို ဒိုင်နာ သို့မဟုတ် ဟိုက် လပ် တာဘိုဘရိတ်ကို သုံးမယ်ဗျာ မီးခွက်တွေကို ဆလွန်းကား မီးခွက် တွေ သုံးမယ်။ ဒိုင်ခွက်တွေ အချက်ပြမီးကလေး မီးကြီးတွေ အားလုံးကို လည်း ဆလွန်းကား မီးသီး မီးခွက်တွေကို သုံးမယ်။ တာယာကို ၂၁၅ × ၁၄ ဆိုက် အလျှိုင်းခွေနဲ့ သုံးမယ်ဗျာ။ ထိုင်ခုံတွေကိုလည်း ပါဂျဲရိုး ထိုင်ခုံတွေ ထည့်မယ်ဗျာ

နိမ့်ရတယ်၊ မြင့်ရတယ်၊ နောက်လှန် ရတယ်၊ ချိုးရတယ်၊ ခေါက်ရတယ်၊ စီရာတိုင်ကိုလည်း ပါဂျဲရိုး စီရာ တိုင် သုံးမယ်။ နိမ့်ရတယ်၊ မြင့်ရတယ်၊ ပါဝါစီရာတိုင် ဆိုတော့ ကိုင် ရတာ ပေါ့ပေါ့လေးပဲ။ ကျွန်တော်ရဲ့ ကားမှာ တပ်ဆင်ထားတာကို လာပြီး ကြည့်လှည့်ဦး။ တစ်နေ့ကပဲ ရန်ကုန်က ပြန်လာတယ်။ ရန်ကုန် နဲ့ ပြည် လမ်းမကြီးပေါ်မှာ ကီလိုမီတာ တစ်ရာကျော် နှုန်း မောင်းတယ်။ ငြိမ့်လိုက်၊ ငြိမ်လိုက်တာ မပြောပါနဲ့တော့။ ဆီစားနှုန်းကလည်း တစ် ဂါလန်ကို မိုင် ၃၀ ကျော် ရတယ်။ အလိုင်းမင်းကလည်း မှန်တော့ ကားတာယာတွေ စားတာ၊ ဆွဲသွားတာ၊ ဘာ တစ်ခုမှ မရှိဘူး” ဆိုပြီး ကိုခင်မောင်ကြည်က ရှင်းပြနေပါတော့၏။ နားထောင် နေရသူများမှာ အားကျလို့သာ နေပါတော့၏။

“ဂျစ်ကားတွေကို ကြိုက်တယ်ဗျ။ ဒါပေမဲ့ ကျွန်တော်တို့ အရပ်က ရှည်တော့ ရှေ့ခွင် ကျဉ်းလို့ ဒူးတွေကို ကွေးထားရတယ်။ ကြာရှည် မောင်းမရဘူး”

“ဟာဗျာ... ဆရာသက်ကလည်း သိပ်ပြီး ခေတ်နောက်ကျနေပြီ။ အခု ကျွန်တော်ရဲ့ ဂျစ်ကားကို လာကြည့်လှဲ့။ ထိုင်ကြည့်၊ မောင်းကြည့်၊ ဒရိုင်ဘာ ထိုင်ခုံက ပါဂျဲရိုး ထိုင်ခုံ သို့မဟုတ် ဆလွန်း ထိုင်ခုံပါဆိုပဲ။ နောက် လှန်ရအောင် ရှေ့နဲ့နောက် တိုးလျှော့ ရွှေ့ရအောင် နောက်က ဘီးအဖုံး သံပြားကို လှီးဖြတ် ထုတ်လိုက်တာဗျာ။ ဘော်ဒီကို ဘာမှ မပူနဲ့။ စက်မှု မြို့သစ်က ကိုကျောက်ခဲ၊ ကိုစောလွင်၊ ကိုမြင့်ဝင်း၊ ကိုစိုးနိုင်တို့ကို ခင်ဗျား ခိုင်းချင်သလို ပြောပြီး ခိုင်းလိုက်။ ဆလွန်းကားလို လေလုံ လိုချင်သလား၊ ဟိုက်လပ်ကားလို မှန်လုံ လိုင်ချင်သလား၊ အဲယားကွန်း Aircon တပ်ချင်သလား၊ နိုင်ငံခြားကား အမျိုးကို ကြိုက်တဲ့ ကား ဘော်ဒီပုံ အရိုက်ခိုင်း၊ မတူရင် မကောင်းရင် တစ်ပြားမှ မပေးနဲ့” ဟု ကိုခင်မောင်ကြည်က ရှင်းပြနေပြန်၏။ ဆေးသုတ်တဲ့ ကိုငြိမ်းမောင်၊ ကိုအောင်ငွေ၊ ကိုသိန်းအောင်၊ ကိုကုလားတို့ ကလဲဗျာ အော်ရီဂျင်နယ် ဆေးလားလို့ ထင်ရအောင် သုတ်ပေးပါတယ်” ဟု ဆို၏။

"ဒါလို ဆိုရင် ကျွန်တော့်ရဲ့ ဂျစ်ကား အစုတ်အပြတ်က ပစ္စည်းကို ဘာ သုံးဦးမှာလဲဗျာ။ အသစ် ဆင်ရမှာပဲ။ ဂျစ်ကား အပျက် တစ်စီးကို ဘာ ပြုလို့ ဝယ်ရမှာလဲ" ဟု ကျွန်တော်က မေးမိပြန်၏။

"ဘာမျှ အသုံး မပြုရဘူးလေဗျာ။ နံပါတ်ကို နှစ်သိန်း၊ သုံးသိန်းနဲ့ ဝယ်တယ်လို့သာ သဘော ထားတော့။ ခင်ဗျား ဝယ်တဲ့ ဂျစ်ကား ပစ္စည်းတွေကိုတော့ ထော်လာဂျီသမား၊ တွန်းလှည်းသမား၊ နွားလှည်းသမားတွေကို သံဟောင်း ဈေးနဲ့ ရောင်းလိုက်ပေါ့။ အဲ... အဲ... ဖရိမ်ကိုလည်း ဂျစ်ကား အပျက် ဖရိမ်က သုံး မကောင်းတော့ဘူး။ ကိုကျော်ကျော်နိုင်ကို အသစ် အရိုက် ခိုင်းရတာ။


"ဟောဗျာ ခင်ဗျားကလဲ။ ဂျစ်ကား တစ်စီးလုံးတောင်မှ အသစ်တပ်ဆင်ပြီးပြီပဲ။ ဖရိမ် နံပါတ်ကျမှ ခွာပြီး ကပ်နေရဦးမှာလား" ဟု အများက ဆိုကြပြန်၏။

"ဒါပေါ့လေဗျာ ဝီလီဂျစ် အမ် ၃၈ ဂျစ်ဖို့ ဂျစ်ကားကို ပြုပြင်ထားတယ် ဆိုပြီး လုပ်ရတာပေါ့။ အမှန်တော့ ကိုယ် စိတ်တိုင်းကျ ဆင်ယူရရင် ဖရိမ်ကိုလည်း တစ်ပေလောက် ရှည်ပေးမယ်။ ရုပ်ကိုလည်း စိတ်တိုင်းကျ ချိုးခွင့် ရှိရင်ဗျာ။ နိုင်ငံခြားက တင်သွင်းလာတဲ့ ကားထက် မသာရင် ပြောချင်တိုင်း ပြောပါ။ နံပါတ်ကိုလည်း ထုတ်ပေးမယ် ဆိုရင် ၁၀ သိန်း၊ ၁၂ သိန်း ဆိုရင် အပျံစား အကောင်းစား ရပါတယ်။

အခု ပေါက်ဈေးနဲ့ ဆန်နီပစ်ကပ် သိန်း ၃၀–၄၀ နဲ့ ဘာတန်းဆိုင်မှာလဲ။ ပြိုင်မောင်း၊ ပြိုင်တိုက်၊ ပြိုင်စီး အကုန် သာတယ်။ ဘာမျှ နိုင်ငံခြား မော်တော်ကားတွေကို တင်သွင်းစရာ မလိုဘူး" ဟု ဦးခင်မောင်ကြည်က အားပါးတရ ရှင်းပြလိုက်၏။

မြန်မာဖြစ် ဂျစ်ကား စီးဖို့သာ ပြင်ထားကြစို့ဗျို့ဟု ဆိုပြီး စကားဝိုင်းကို ရပ်၍ လူစု ခွဲလိုက်ရပါတော့၏။

■



# ပခုက္ကူမြို့မှ နွားဆွဲကားလှည်း

“ဆရာသက် စက်မှုဇုန်က ဂျစ်ကားနဲ့ ထော်လာဂျီ အကြောင်းတော့ ရေးပြီး ကျွန်တော်တို့ နွားလှည်းတွေ အကြောင်းကိုလည်း ရေးဦးလေ” ဆိုပြီး ကုန်သည်ကြီး ဦးအောင်သန်းက ပြောလာ၏။

“ဟာဗျာ... ကျွန်တော်က စာ ရေးတယ် ဆိုတာက ထူးခြားမှု ရှိတဲ့ အကြောင်းအရာ ဖြစ်ရမယ်၊ အများ အတွက် အမှန်တကယ် အကျိုး ပြုရမယ်။ အောင်မြင်တဲ့ လုပ်ငန်းလည်း ဖြစ်ရမယ် ဆိုပြီး အချက် သုံးချက် ဦးတည်ချက် ထားတယ်။ အဲဒီ သုံးချက်နဲ့ ကိုက်ညီတဲ့ စီးပွားရေး၊ လူမှုရေး စတဲ့ အကြောင်းအရာတွေကိုပဲ ရေးတာဗျ” ဆိုပြီး ကျွန်တော်က ပြန်ပြောလိုက်ရ၏။

“ဆရာ ပြောတဲ့ သုံးချက်စလုံးနဲ့ ညီညွတ်ပါတယ် ဆရာ။ ကျွန်တော်တို့ ပခုက္ကူက ကားဘီးလှည်းတွေက အခြား မြို့မှာ ဘယ်မှာမှ များများစားစား မရှိဘူး။ အရင် သစ်သားဘီး လှည်းတွေ ဆိုရင် ဆန်အိတ် ၁၅ အိတ် ၂၀ ပဲ တင်နိုင်တယ်။ ဆန်အိတ် တစ်ထောင် ချဖို့ အတွက် လှည်း အခေါက်ရေ ၅၀၊ ၆၀ တိုက်ရတယ်။ အခုတော့ မော်တော်ကားဘီး လှည်းတွေ ပေါ်လာတော့ ဆန်အိတ် ၃၅ မှ ၄၀ အထိ တင်နိုင်တယ်။ နွားလည်း သက်သာတယ်။ ကတ္တရာလမ်းတွေလည်း မပျက်ဘူး ဆိုတော့ အားလုံး အတွက် အကျိုး ရှိတာပေါ့ ဆရာ။ အောင်မြင်တယ် ဆိုတာတော့ မပြောနဲ့။ အခု ဆိုရင် ရွာတွေမှာ သစ်သား

လှည်းဘီး ပျောက်သလောက် ဖြစ်နေပြီ” ဆိုပြီး ကုန်သည်ကြီး ဦးအောင်သန်းက ရှင်းပြသည်။

“ဒါဆိုရင် မော်တော်ကား တာယာဘီးတပ် လှည်းတွေ များများ လုပ်တဲ့ အလုပ်ရုံ ဘယ်မှာလဲဗျာ။ သွားပြီး လေ့လာချင်တယ်။ ရေးသင့်ရင် ရေးတာပေါ့” ဆိုပြီး ကျွန်တော်က ရှင်းပြရသည်။

“အလုပ်ရုံ ဆိုပြီး များများစားစား မရှိပါဘူးဗျာ။ ကားတာယာလှည်း လုပ်တဲ့သူက အမှတ် ၁၁ ရပ်ကွက်၊ ၁၃ လမ်းက ကိုလှသန်းတစ်ဦးပဲ ရှိတာပါ” ဆိုပြီး ဂျစ်ကား ဂီယာဘောက် အဖုံး စပယ်ရှယ်လစ် ကိုသာဟန်က ဆိုသည်။ ကိုသာဟန် ဆိုသူသည် ဂျစ်ကား တစ်စီးလုံးမှာမှ ဂီယာဘောက် အဖုံး တစ်ခုတည်းသာ ပြုပြင်ပေးသူ ဖြစ်သည်။ ဒီတစ်လုပ်တည်းဖြင့်ပင် ထမင်း စားနေသူ ဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော်သည် ပခုက္ကူမြို့ အမှတ် ၁၁ ရပ်ကွက်၊ ၁၃ လမ်း၊ မြိုင်လမ်းနှင့် ရွှေလမ်း ကြားမှ ကိုလှသန်း အိမ်သို့ သွားခဲ့သည်။ မော်တော်ကား ရှေ့တန်းများ၊ ဘီးများ တပ်ဆင်ပြီး တပ်ဆင်ဆဲ၊ တပ်ဆင်ရန် ပြုပြင် နေသည်များကို တွေ့မြင်ရသည်။ အော်ဒါ မှာနေသော ပခုက္ကူ မြို့နယ်၊ အိုးရင်း ရွာမှ ကိုကျော်သ၊ ဝက်ကျ ရွာမှ ကိုဝင်းအောင်၊ ညောင်ဦးမြို့နယ် ခလန်းကန် ကျေးရွာမှ ကိုစိန်ဝင်း၊ ကိုမြင့်လွင်၊ ကိုကျော်စိုး တို့ကို တွေ့ရသဖြင့် ရောင်းသူ၊ ဝယ်သူ သုံးစွဲသူများကို ကိုယ်တိုင် တွေ့ဆုံ မေးမြန်းခွင့် ရခဲ့သည်။

မော်တော်ကားဘီးတပ် လှည်းတစ်စီးကို ဘယ် ဈေးလောက် ရောင်းပါသလဲ ဦးလှသန်း ဆိုပြီး ကျွန်တော်က မေးလိုက်သည်။

“ဒါကတော့ ဒီလို ရှိတယ် ဆရာရဲ့။ တာယာလှည်းက ၂ မျိုး ရှိတယ်။ ဘွတ်တပ်လှည်း၊ သစ်သားဝင်ရိုးသုံး လေးလက်မ သံဆွတ်လှည်း အတွက် မော်တော်ကား တာယာ အဟောင်း ကျွတ် အသစ် တစ်စုံနှင့် သံဘွတ် တစ်စုံ ဆိုလျှင် ၂၂၅၀၀ ကျပ် ရောင်းပါတယ်။ အတက်အဆင်း၊ တောင်ကုန်း များတဲ့ ဒေသတွေမှာ သုံးကြပါတယ်။ ဘောနဲ့ မော်တော်ကားရှေ့တန်းနဲ့ ဆင်ထားတဲ့ ကားဘီး တစ်စုံ အပြည့် အစုံကိုတော့ ၂၈၅၀၀ ကျပ်မှ သုံးသောင်း အထိ ရောင်းပါတယ်။ ဘော

တိုက် Ball Type လှည်းကို သဲတော မျှားပြီး အတက်အဆင်း နည်းသည့် ကျေးရွာ၊ ဥပမာ ကျွန်း ရွာတွေက အသုံး များပါတယ်" ဟု ဦးလှသန်းက ရှင်းပြပါတယ်။

"ခင်ဗျားတို့ ရွာတွေမှာ မော်တော်ကား တာယာ လှည်းတွေ အတော် သုံးနေကြပြီလား" ဆိုပြီး ကျေးရွာများမှ လာရောက် ဝယ်ယူနေသူများကို ကျွန်တော်က မေးမိပြန်၏။

"အသုံး များတာပေါ့ဗျာ။ သစ်သားဘီး လှည်းဘီး တစ်စုံက လည်း ကျပ် နှစ်သောင်း ပေးရတယ်။ တော်ကြာရင် လှည်း မီးချဉ်း၊ လှည်းဝင်ရိုးက ကျိုးပြန်ပေါ့၊ ဆိတ်မျက်လုံးက ကျွတ်ထွက်ပြန်ပေါ့၊ လှည်းကို ပြင်နေရတာနဲ့ အလုပ် တစ်ခုပဲ။ အခု ကားဘီး လှည်းကတော့ ဗျာ။ ဈေးကလည်း မကွာဘူး။ တစ်ခါ လုပ်ထားရင် ၁၀ နှစ်၊ ၁၅ နှစ်ကတော့ ပြန် မကြည့်ရဘူး။ တစ်ခါတစ်ရံမှာ ဘီး ပေါက်ရင် ဖာရ တာပဲ ဒုက္ခ ရှိတယ်။ အခုတော့ ရွာတိုင်း ရွာတိုင်းမှာလည်း လှည်း တာယာဘီး ပေါက်တာကို ဖာတဲ့ ဆိုင်တွေ၊ လေ ထိုးတဲ့ ဆိုင်တွေ ရှိ နေပါပြီဗျာ။ တောထဲ ယာထဲမှာ ဘီးပေါက်ရင်တောင်မှ လိုက်ပြီး ဘီး ဖာတဲ့ သူတွေ ရှိနေပြီ။ အလုပ် ရှိရင် အလုပ် လုပ်မယ့်သူက ပေါ်လာ တာပါပဲ ဆရာကြီးရယ် ဆိုပြီး အိုရင်းရွာမှ ကိုကျော်သ ဆိုသူက ရှင်းပြ ပေးနေသည်။ မှန်ပေမည်။ နွားလှည်းများသည် ယနေ့ခေတ် အထိ အစားထိုး သုံးနိုင်သော ယာဉ် မပေါ်သေး။ သစ်သားပြားကြီး လှည်းဘီး တို့မှ ဒေါက်တိုင်များဖြင့် လှည်းဘီး၊ ယခုတော့ မော်တော်ကား တာ ယာသုံး လှည်းဘီး ဆိုပြီး သူ့ ခေတ်နဲ့ သူ တိုးတက်တော့ လာပါပြီ။ နွားလှည်း ခေတ်ကတော့ ကုန်ဦးမည် မဟုတ်သေးဟု စဉ်းစားမိပါ၏။

"ဒါနဲ့ ကိုလှသန်း ခင်ဗျား လုပ်ပေးခဲ့တာ ဘယ်လောက် ကြာပြီ လဲ။ လှည်းပေါင်း ဘယ်လောက် တပ်ဆင် ပေးခဲ့ပြီးပြီလဲ" ဆိုပြီး ကျွန်တော်က မေးမိပြန်၏။

"သိပ်တော့ မကြာသေးပါဘူး ဆရာ။ ၁၉၈၈ ခုနှစ်ကမှ စခဲ့တာ ပါ။ ပခုက္ကူ မြို့တွင်းမှာ လမ်းတွေ ပျက်တယ်။ သစ်သားဘီး၊ နွားလှည်း တွေကို မြို့တွင်းမှာ မမောင်းရဘူး ဆိုပြီး အမိန့် ထုတ်တာနဲ့ ဒီလုပ်ငန်း

ကို စပြီး လုပ်ခဲ့တာပါ။ တစ်လမှာ အစီးရေ ၂၀၊ ၃၀ တော့ တပ်ဆင်ရပါတယ်။ အခုအထိ အစီးရေ တစ်ထောင်ကျော်တော့ ရှိပါပြီ။ ယခုမှာထားတဲ့ စာရင်းနဲ့ ပြီးခဲ့တဲ့ လက အပ်ပြီးတဲ့ စာရင်း ကြည့်ပါလား ဆိုပြီး စာရင်း စာအုပ်ကြီးကို ဖွင့်ပြပါတော့၏။ ကျေးရွာများမှာ စုံလှပါ၏။ ဘုတလင် မြို့နယ်၊ မုံရွာ မြို့နယ်၊ ဆော မြို့နယ်၊ ကျောက်ပန်းတောင်း မြို့နယ်၊ မြင်းခြံ မြို့နယ်၊ ညောင်ဦး မြို့နယ်၊ တောင်သာ မြို့နယ်၊ ပခုက္ကူ ခရိုင် အတွင်းမှ ကျေးရွာများ စသည်ဖြင့် နယ်စုံပါဝင်နေပါ၏။

ဤမျှ များပြားသော လှည်းတွေကို တပ်ဆင်နိုင်အောင် ပစ္စည်းတွေကို ဘယ်မှာ ဝယ်ယူပါသလဲ ဆိုပြီး ကျွန်တော်က မေးယူရ၏။

"မော်တော်ကား ရှေ့တန်းနဲ့ ဒစ်ခ်ဗိုးခွေတွေကိုတော့ ရန်ကုန်ဘုရင့်နောင် ကားပစ္စည်းတန်းနဲ့ ဒဂုန် စက်မှုဇုန်တို့က ဝယ်ယူရပါတယ်။ အစိုးရ ဌာနတွေက လေလံ ဆွဲယူရတာ ရှိပါတယ်။ မော်တော်ကားတွေမှာ သုံးမရတော့တဲ့ ရှေ့တန်း ဆိုရင် ရတဲ့ နေရာက ဝယ်တာပါပဲ။ တာယာကိုတော့ မိတ္ထီလာမြို့နဲ့ ပခုက္ကူမြို့ ဦးရေအေး ထံမှ ဝယ်ယူပါတယ်" ဟု ရှင်းပြ၏။ ကားခွင်နှင့် လှည်းခွင်မှာ အကျဉ်းအကျယ် မထူသဖြင့် မော်တော်ကား ရှေ့တန်းများကို အလယ်မှ ဖြတ်ပြီး ပြန်ဆက်ယူရသည် ဆို၏။ ချက်ပလက် မော်တော်ကား ရှေ့တန်းများမှာ လက်မ ၆၀ ရှည်သဖြင့် လှည်းခွင် ၅၃ လက်မ ရအောင် ဖြတ်ပြီး သုံးရသည် ဆို၏။ ကားတယာဆိုဒ်ကိုတော့ ၈၂၅ × ၂၀ သုံးရသည်ဟု အသေးစိတ် ရှင်းပြနေပါ၏။

ဒါကတော့ ဆရာကြီးရယ် သိပ္ပံခေတ်ကြီး ရောက်လာတော့ ရှေးက သုံးခဲ့တဲ့ သစ်သား လှည်းဘီးတွေက ပျောက်ကွယ်တော့မှာပါ။ ကျွန်တော်တို့ ရွာတွေမှာတော့ အားလုံး ကားဘီးလှည်းတွေ ဖြစ်ကုန်ပါပြီ ဆိုပြီး လယ်ယာ ကျေးရွာမှ ကိုကျော်သန်း ဆိုသူက ပြောပြနေ၏။ ပခုက္ကူမြို့မှ နွားဆွဲ၊ ကားလှည်းဟာဖြင့် တစ်ခေတ် ဆန်းသစ်လာပြီ ဖြစ်ကြောင်းပါ ခင်ဗျား။ မည်သူ မဆို မှာယူနိုင်ပါ၏။ ရနိုင်ပါ၏။ သိရကြောင်းပါ ခင်ဗျား။

■



# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ၊ လေ့လွင့်မှုန်သမျှ ကာကွယ်ကြ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံ ဖြစ်ပါ၏။ မြန်မာနိုင်ငံတွင် ရှိသော စက်ရုံ၊ အလုပ်ရုံများသည် လယ်ယာ ကဏ္ဍကို အခြေခံပြီး ာည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါ၏။ 'ထုတ်ကုန် နှစ်ဆ၊ တိုးမြှင့်ကြ' ဆို ပြီး နိုင်ငံတော် အကြီးအကဲများက မကြာခဏ လမ်းညွှန် မိန့်ကြားခဲ့ပြီး သည်း ဖြစ်ပါ၏။ ထိုသို့ ထုတ်ကုန် နှစ်ဆ တိုးမြှင့်လာစေရန်မှာ အဆင့် သုံးဆင့်ကို ဟန်ချက် ညီညီ ဆောင်ရွက်ကြရမှာ ဖြစ်ပါ၏။ ထို အချက် ၃ ချက်မှာ (က) စိုက်ဧက တိုးချဲ့ရေး၊ (ခ) တစ်ဧက အထွက်နှုန်း မြှင့်တက်လာရေး၊ (ဂ) ထွက်လာသော သီးနှံများမှ ကုန်ချော ပစ္စည်းများ ကို ထုတ်လုပ်ရာတွင် အလေအလွင့် နည်းပါးပြီး ရာနှုန်းပြည့် ထုတ်ယူ နိုင်ရေးတို့ ဖြစ်ပေသည်။ ဥပမာ ကြံပင်မှ ကြံရည် ထုတ်ယူသည် ဆို ကြပါစို့။ ကြံပင်များကို နိုင်ငံတော် သကြားစက်ကြီးများဖြင့် ကြိတ်ယူ ပါက ကြံပင်တွင် ပါဝင်သော ကြံရည်ဓာတ်ကို ၉၅% ထွက်အောင် ထုတ်ယူနိုင်သည်။ မြန်မာ့ မိရိုးဖလာ ကြိတ်ခုံလေးများဖြင့် ကြိတ်ယူပါ က ကြံပင်တွင် ပါဝင်သော ကြံရည်၏ ၄၅% မျှကိုသာ ထုတ်ယူနိုင်ပေ သည်။ ကြိတ်ဖတ်များ အတွင်း၌ ကြံရည်ဓာတ်သည် ၅၀% ထက် နည်း လစ်ဟင်း ကြွင်းကျန်ရစ်ခဲ့လေသည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရသည် ကြံထွက်ဒေသများ၌ ခေတ်မီ သကြားစက်ကြီးများကို နိုင်ငံခြားငွေ အမြောက်အမြား အကုန် ခံပြီး တည်ဆောက်ပေးခဲ့၏။

သကြားစက် အကြီးစားများကို တည်ဆောက်ရန် မသင့်တော်သော ဒေသများ၌ သကြားစက် အသေးများကို တည်ဆောက် ပေးခဲ့၏။ ဒေသ ထွက် စက်မှု ကုန်ကြမ်း သီးနှံ အခြေအနေပေါ် မူတည်၍ စက်ရုံ အကြီး၊ အသေး သတ်မှတ် တည်ဆောက်ပေးရ၏။ ဥပမာ ရှမ်းပြည်နယ် တွင် ညောင်ရွှေ သကြားစက်၊ ကချင်ပြည်နယ်တွင် ဆားမော် သကြား စက်၊ နမ္မတီး သကြားစက်၊ မွန်ပြည်နယ်တွင် ဘီးလင်း သကြားစက်၊ ရခိုင်ပြည်နယ်တွင် ကျောက်တော် သကြားစက်တို့ ဖြစ်ကြ၏။ ရှမ်းပြည် နယ် ညောင်ရွှေ သကြားစက်နှင့် ရခိုင်ပြည်နယ် ကျောက်တော် သကြား စက်ကလေးများသည် ၁၉၈၂-၈၃ နှစ် ဈေးအရ နိုင်ငံခြားငွေ ဒေါလာ ၃.၅ သန်းနှင့် မြန်မာငွေ ကျပ် သန်း ၂၀၀ ကျော် အကုန်အကျ ခံပြီး တည်ဆောက် ပေးခဲ့၏။ ထိုသို့ စက်ရုံ၊ အလုပ်ရုံများကို ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ စက်မှု ကုန်ကြမ်း သီးနှံ ထွက်ရှိမှု အပေါ်တွင် မူ တည်၍ စက်ရုံများ တည်ဆောက်ပေးခဲ့၏။ စက်ရုံများ တည်ဆောက် ပေးခြင်းဖြင့် ဒေသခံများ အလုပ်အကိုင် ရရှိပြီး ဒေသ ဖွံ့ဖြိုး တိုးတက် လာစေရန် ရည်ရွယ်ချက်ဖြင့် စက်ရုံများကို တည်ဆောက်ပေးထားခြင်း ဖြစ်၏။ ရှမ်းပြည်နယ်၊ ညောင်ရွှေ သကြားစက် ဆိုလျှင် လယ်ဝေးမြို့ ရှိ သကြားစက်ကို ပြောင်းရွှေ့ပြီး အင်းလေးကန် အနီး မိုင်းသောက် သကြားစက် အဖြစ် တည်ဆောက် ပေးခဲ့၏။ ထိုမှ တစ်ဖန် ညောင်ရွှေ မြို့သို့ ပြောင်းရွှေ့ပြီး သကြားစက် အသစ် တည်ဆောက် ပေးလိုက်ခြင်း ဖြစ်၏။ အင်းလေး ဒေသ၌ ညောင်ရွှေ သကြားစက် ဆိုပြီး သကြားစက် တစ်လုံး တည်ရှိသော်လည်း တစ်နှစ်မှ တစ်လပင် မလည်ပတ်နိုင်ဟု သိရ၏။ ထိုသို့ ဖြစ်ရခြင်းမှာ ကုန်ကြမ်း ဖြစ်သော ကြံပင် မထွက်၍ လည်း မဟုတ်၊ ဝန်ထမ်း အင်အား မရှိ၍လည်း မဟုတ်၊ စက်များ ပျက်စီး၍လည်း မဟုတ်၊ ဒေသခံ တောင်သူ ဦးကြီးများ၏ အသိပညာ ဖြင့် ပူးပေါင်း ဆောင်ရွက်မှု လိုအပ်နေသောကြောင့် ဖြစ်သည် ဆို၏။ ဆိုလိုသည်မှာ ကြံစိုက်တောင်သူများသည် မိမိတို့ ယာခင်းမှ ထွက်လာ သော ကြံပင်များကို စက်ရုံသို့ ရောင်းချရန် မိမိတို့ ဆန္ဒ အရ ကြိုတင် စာချုပ် ချုပ်ခဲ့သည့် အတိုင်း ပေးသွင်းကြရန် တာဝန် ပျက်ကွက်နေခြင်း

ကြောင့် အခက်အခဲများ ဖြစ်နေရသည်ဟု ဝန်ထမ်း တစ်ဦးက ရှင်းပြသွားသည်။ ထိုသို့ စာချုပ် အရ ကြံများ မရောင်းချခြင်းမှာ ကြံသကာချက်သူများနှင့် အရက် ချက်သူများက ကြားဖြတ် ဝယ်ယူနေကြခြင်းကြောင့် ဖြစ်သည် ဆို၏။ ညောင်ရွှေ ဒေသတွင် ကြံစိုက် ဧက တစ်သောင်းကျော် ရှိလေရာ တစ်ဧက အထွက်နှုန်း တန် ၂၀ ဖြင့် တွက်ပါက ကြံတန်ချိန် ၂ သိန်း ထွက်ရှိပေမည်။ ညောင်ရွှေ သကြားစက်သို့ ရောင်းချသော တန်ချိန်မှာ တစ်သောင်းတန်ပင် မပြည့်။ တန်ချိန် ငါးထောင်ကျော်သာ ရှိသည် ဆို၏။ ဒေသထွက်ရှိ ကြံတန် စုစုပေါင်း၏ ၂.၅% မှ ၅% မျှကိုသာ သကြားစက်သို့ ရောင်းချနေကြ၏။ ထိုကဲ့သို့ ထွက်ရှိ ကြံပင် ၉၅% ကို ဒေသသုံး ကြိတ်ခုံလေးများဖြင့် ကြိတ်ခွဲခြင်းကြောင့် ၅၀% သော ကြံရည်များသည် ကြံဖတ်များ အတွင်း၌ လေလွင့်ဆုံးရှုံးနေရလေ၏။ ကြံဖတ်များကို မီးရှို့ပစ်သဖြင့် နှစ်စဉ် ကြံရည် တန်ချိန် ထောင်ပေါင်း များစွာ နိုင်ငံတော် အတွက် နစ်နာ ဆုံးရှုံးနေရလေသည်။ ထိုသို့ ကြံပင်များကို လျာထားချက် အတိုင်း အပြည့်အဝ ဝယ်ယူ မရရှိသဖြင့် တစ်နှစ် ၃၆၅ ရက် အနက်၏ ရက်ပေါင်း ၂၅ ရက်မျှသာ သကြားစက်ကို လည်ပတ်ရသည်ဟု ဆို၏။ ထို့ကြောင့် ဒေသခံများ အလုပ်အကိုင် ရရှိမှုမှာလည်း နစ်နာ ဆုံးရှုံး ရပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေး အတွက်လည်း အဟန့်အတား တစ်ခု ပမာ ဖြစ်နေရသည် ဆို၏။ မိအေး နှစ်ခါနာ ဖြစ်နေပြီး အိတ်ပေါက်နှင့် ဖားကောက်ဆိုသလို ဖြစ်နေရသဖြင့် စုပေါင်း ဆောင်ရွက် အဖြေ ရှာသင့်ကြပေ၏။ မြန်မာနိုင်ငံတွင် ကြံစိုက် ဧက ခြောက်သိန်းခန့် ၅၈၉၂၇ ရှိလေရာ ထွက်သမျှ ကြံပင်၏ တစ်ဝက်ကိုသာ သကြားစက်ကြီးများဖြင့် ကြိတ်ယူ၍ ကြံရည် အပြည့်အဝ ထုတ်ယူနိုင်မည် ဆိုပါက ပြည်တွင်း သကြားလိုအပ်မှုကို ကျော်လွန်ပြီး နိုင်ငံခြားသို့ပင် သကြား တင်ပို့မှု ဖြစ်နိုင်သည် ဆို၏။ ထို့ကြောင့် ထုတ်ကုန် နှစ်ဆ၊ တိုးတက်ဖို့ အတွက် စိုက်ဧက တိုးတက်ခြင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်ခြင်းတို့အပြင် အလေအလွင့် နည်းပါးစေသော စက်မှု နည်းပညာများဖြင့် စုပေါင်း လုပ်ကိုင်သွားကြဖို့ ဆန္ဒပြု ရေးသားလိုက်ရပေသတည်း။


## မြန်မာနိုင်ငံ၏ ကြံစိုက်ဧက ဖော်ပြချက် ဇယား

| စဉ် | တိုင်း /ပြည်နယ် | ကြံစိုက်ဧကပေါင်း | |
|---|---|---|---|
| | | ၁၈၉၅–၈၆ | ၁၉၉၉–၂၀၀၀ |
| ၁။ | ကချင်ပြည်နယ် | ၂၀၅၆၈ | ၁၇၅၂၂ |
| ၂။ | ကရင်ပြည်နယ် | ၅၆၂၈ | ၁၅၃၄၆ |
| ၃။ | ကယားပြည်နယ် | – | ၅၄ |
| ၄။ | ချင်းပြည်နယ် | ၁၀၄၆ | ၇၆၁ |
| ၅။ | ရခိုင်ပြည်နယ် | ၉၂၇၁ | ၅၂၁၈ |
| ၆။ | မွန်ပြည်နယ် | ၂၆၁၆၀ | ၂၂၂၁၉ |
| ၇။ | ရှမ်းပြည်နယ် | ၃၂၆၄၆ | ၈၇၆၈၄ |
| ၈။ | စစ်ကိုင်းတိုင်း | ၁၃၆၈၂ | ၈၂၇၀၁ |
| ၉။ | မန္တလေးတိုင်း | ၉၅၄၄၁ | ၁၁၃၇၂၈ |
| ၁၀။ | မကွေးတိုင်း | ၁၂၃၆ | ၄၆၀၉၇ |
| ၁၁။ | ပဲခူးတိုင်း | ၉၂၆၉၉ | ၁၇၆၄၃၇ |
| ၁၂။ | ရန်ကုန်တိုင်း | ၃၄၉၄ | ၁၈၀၃၂ |
| ၁၃။ | ဧရာဝတီတိုင်း | ၄၅၈၆ | ၁၇၄၉ |
| ၁၄။ | တနင်္သာရီတိုင်း | ၁၂၃၂ | ၁၃၄၉ |
| | စုစုပေါင်းစိုက်ဧက | ၃၀၇၆၈၉ | ၅၈၈၉၂၇ |

ကျမ်းကိုး – Statistical Year book 2000.

(အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာန၊ စာအုပ် ၂၀၀၀ ပြည့်နှစ်ထုတ်)

■



## ဒေါ်လာရဖို့ ကြယ်လိပ်မွေးကြစို့

ကျွန်တော်တို့ ကုမ္ပဏီသည် ဂျပန်နိုင်ငံ GRIFEON ENTERPRISES LTD ၏ အကြံပြုချက် အရ မြန်မာနိုင်ငံတွင် မျိုးဆက်ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ကြယ်လိပ်မျိုးကို ကာကွယ်ရန်အတွက် လိပ် သုတေသန ခြံ တစ်ခုကို ညောင်ဦးမြို့မှာ တည်ထောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါနဲ့ပဲ သက်ဆိုင်ရာ သစ်တောရေးရာ ဝန်ကြီးဌာနသို့ လုပ်ငန်း စီမံချက်ကို တင်ပြပြီး ခွင့်ပြုချက် လျှောက်ထားခဲ့ပါတယ်။ သစ်တောရေးရာ ဝန်ကြီးဌာနမှ အဆင့်ဆင့် စစ်ဆေးပြီး ကြယ်လိပ် မွေးမြူရေး လုပ်ငန်းကို လုပ်ပိုင်ခွင့် ချပေးခဲ့ပါတယ်။ ၂၀၀၀ ခုနှစ် ဩဂုတ်လမှာ ကြယ်လိပ် မွေးမြူရေး လုပ်ငန်းကို စတင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ လိပ် ပညာရှင်များဟာ အကြိမ်ကြိမ် လာရောက်ပြီး ကြယ်လိပ် မွေးမြူနည်း၊ အစာ ကျွေးနည်း၊ ပြုစုနည်းများကို လိပ်ခြံတည်ဆောက်ပုံမှ အစ လမ်းညွှန် သင်ကြား ပြသပေးခဲ့ပါတယ်။ လိပ်များသည် ၂၀၀၁ ခုနှစ် မတ်လမှာပဲ ဥများကို ဥခဲ့ပြီး ယခု အကောင်များပေါက်နေပြီ ဖြစ်ပါတယ်။ ဤတင်ပြချက်များသည် ဧရာဝတီ ရောင်းဝယ်ရေး လုပ်ငန်း၏ မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဝင်းမှ လိပ် မွေးမြူလုပ်ငန်းနှင့် ပတ်သက်ပြီး ရှင်းလင်း တင်ပြ ပေးနေခြင်း ဖြစ်ပါ၏။ သစ်တောရေးရာ ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး သိုက်ထွန်းနှင့် သစ်တော

ဦးစီးဌာန ဝန်ထမ်းများသည် စိတ်ဝင်စားစွာ နားထောင် နေကြ၏။ နေရာမှာ ညောင်ဦးမြို့ ရွှေစည်းခုံ ဘုရား တောင်ဘက်၊ နန်းကြီးကုန်းရပ်ရှိ ရွှေပုံ တောင် သနပ်ခါးခြံ အတွင်းမှာ ဖြစ်ပါ၏။ "လိပ်တွေကို အစာ ကျွေးတော့ ဘာတွေကို ကျွေးပါသလဲ" ဒုတိယ ဝန်ကြီးမှ မေးလာပြန်၏။ "လိပ်စာ ဆိုတာကတော့ ထူးထူးခြားခြားတော့ ဘာတွေမှ မပါပါဘူး။ ဘူးသီး၊ ခဝဲသီး၊ သခွားသီး တို့ကို စင်းပြီး ကန်စွန်းရွက်၊ ဘူးရွက်တို့ ရောပြီး နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ကျွေးရပါတယ်" အခုတော့ ဂျပန် ပညာရှင်များ၏ ညွှန်ကြားချက် အရ ထုံးဓာတ်နှင့် ဗီတာမင်များ ပါဝင်တဲ့ လိပ်စာ ဘူးလေးတွေကို ဖောက်ပြီး အစာနှင့် နယ်ပြီး ကျွေးရပါတယ်ဟု လိပ်ခြံပိုင်ရှင်မှ ရှင်းပြပေးနေ၏။ လိပ်စာဘူးများကိုလည်း ပြသပေး၏။ ဒုဝန်ကြီးသည် သစ်တော ဝန်ထမ်းများကို လိပ် မွေးမြူရေး ပညာကို လေ့လာကြဖို့ လမ်းညွှန် မှာကြားနေ၏။ အထူးသဖြင့် အတူ လိုက်ပါလာကြသူများ ဖြစ်ကြသော ပုဂံမြို့ လောကနန္ဒာ ဘေးမဲ့ ဥယျာဉ် တာဝန်ခံနှင့် နွားထိုးကြီး မြို့နယ် မင်းစုံတောင် ဘေးမဲ့တော ထိန်းသိမ်း စောင့်ရှောက်ရေး ဝန်ထမ်းများကို လမ်းညွှန် မှာကြားနေ၏။

မှန်ပေသည်။ လိပ် မွေးမြူရေး ပညာမှာ မြန်မာ တိုင်းရင်းသား ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များသည် အတွေ့အကြုံ ဗဟုသုတ အတော် နည်းပါးနေသေးသော ပညာရပ် တစ်မျိုး ဖြစ်ပါ၏။ လိပ်ထီးနှင့် လိပ်မတို့ပင် မခွဲခြားတတ်သေးပေ။ နိုင်ငံခြား တိုင်းပြည်များတွင် ဘာသာရပ် အသီးသီး၌ ကျွမ်းကျင်သူ ပညာရှင်များ ရှိနေကြပြီ ဖြစ်ပါ၏။ ဥပမာ ဤကြယ်လိပ်မျိုးကို ဂျပန် လူငယ် တစ်ဦးသည် ထိုင်ဝမ် လိပ် ဈေးကွက်၌ သုံးလေးကောင်မျှကို တွေ့ခဲ့ရသည် ဆို၏။ ကြယ်လိပ်မျိုးသည် ကမ္ဘာပေါ်၌ မျိုးတုန်းခါနီးပြီဟု လိပ်ပညာရှင်များက သတ်မှတ် ထားကြ၏။ ထိုင်ဝမ်တွင် မမျှော်လင့်ဘဲ ကြယ်လိပ်များကို တွေ့လိုက်ရသဖြင့် ဂျပန် လူငယ်သည် လိပ်များအား သယ်ဆောင်လာရာ လမ်းကြောင်းကို ခြေရာ ခံပြီး လိုက်ခဲ့သည် ဆို၏။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ကြယ်လိပ်များကို လိုက်ရှာ၏။

မတွေ့ရ၊ မြန်မာနိုင်ငံဘက်မှ တင်သွင်းလာသည်ဟု သိရ၏။ မြန်မာနိုင်ငံသို့ လာရောက်ခဲ့၏။ မန္တလေးတွင် ရှာ၏။ မတွေ့ရ။ တောင်ကြီးတွင် ရှာ၏။ မတွေ့ရ။ ရန်ကုန်တွင် ရှာ၏။ မတွေ့ရ။ ညောင်ဦးမြို့တွင် ရှာ၏။ မတွေ့ရ။ သို့သော် ရောဝတီ ရောင်းဝယ်ရေး လုပ်ငန်း၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးခင်မောင်ဝင်းအား လိပ် ဓာတ်ပုံများကို ပြပြီး အရှာ ခိုင်းရ၏။ နောက်ဆုံးတွင် နမူနာ နှစ်ကောင် သုံးကောင်ကို ဝမ်းသာစွာ တွေ့လိုက်၏။ ဂျပန် လူငယ်သည် သိန်း ၃၀၀ ဆုကြီးကို ပါဂျဲရိုးကား ဆုပေါ ပူးတွဲ ပေါက်သွားသကဲ့သို့ ဝမ်းသာသွားရှာ၏။ ရောဝတီမြစ်နှင့် ချင်းတွင်းမြစ် အကြားသည် ထိုကြယ်လိပ်များ တည်ရှိရာ ဒေသဟု မှတ်ချက် ချလိုက်၏။ လုပ်ငန်း စီမံချက်ကို ရေးဆွဲစေပြီး သက်ဆိုင်ရာ သစ်တောရေးရာ ဝန်ကြီးထံ တင်ပြ ခွင့်ပြုချက် ရယူခဲ့ကြောင်း သိခဲ့ရပါ၏။

**"ကျွန်တော်တို့ ဂျပန် လူမျိုးတွေဟာ လိပ်သားကို မစားကြပါဘူး"**၊ လိပ်ဥကိုလည်း မနှစ်သက်ကြပါဘူး။ ဆေးဝါး ဖော်ဖို့ အခြား အသုံး ပြုဖို့ ဆိုပြီးလည်း ဤရှားပါးတဲ့ လိပ်တွေ အပါအဝင် အခြား လိပ်တွေကို သတ်ကြမှာ မဟုတ်ပါဘူး။ ကြယ်လိပ် ဆိုတဲ့ သတ္တဝါ တစ်မျိုးကို ကမ္ဘာပေါ်မှာ ဆက်လက် တည်ရှိနေစေလိုတဲ့ ဆန္ဒဟာ ကျွန်တော်တို့ရဲ့ အဓိက၊ ရည်ရွယ်ချက်ပါပဲ။ ကမ္ဘာ့ သဘာဝ ပတ်ဝန်း ကျင် ထိန်းသိမ်းနည်း တစ်မျိုးပါပဲ။ ဇီဝိတဒါန လုပ်ငန်းပါပဲ။ ဒီလောက် ရှားပါးလှတဲ့ ကြယ်လိပ်တွေကို သတ်လည်း မစားပါဘူး။ ရောင်းလည်း မစားပါဘူး။ မျိုးပွားပြီး သူတို့ မွေ့လျော် ပျော်ဖွယ်တဲ့ တောထဲ တောင် ထဲကို လွတ်လွတ်လပ်လပ် နေသွားနိုင်အောင် ဘေးမဲ့ လွှတ်ထားစေလို တာဟာ ကျွန်တော်တို့ရဲ့ အဓိက ဆန္ဒပါပဲ။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ နိုင်ငံ အတော်များများတွင် ကြယ်လိပ်ကို အိမ်မှာ မွေးမြူထားခြင်းဖြင့် အသက် ရှည်တယ်။ အန္တရာယ် ကင်းတယ်။ စီးပွားရေး လာဘ်လာဘ ကောင်းတယ် ဆိုပြီး အယူ ရှိနေကြပါတယ်။

သူတို့ကို မြန်မာနိုင်ငံ အစိုးရ အနေဖြင့် မျှဝေ ဖြန့်ဖြူး ရောင်းချမည် ဆိုပါကလည်း ကျွန်တော်တို့က ကန့်ကွက်ရန် မရှိပါဘူးဟု ဂျပန်

နိုင်ငံသား လိပ်ပညာရှင်က ပြောပြခဲ့ဖူးသည်ဟု သိရပါ၏။ လိပ် မွေးမြူခွင့် လိုင်စင် ရရှိသူ တိုင်းရင်းသား လုပ်ငန်းရှင်များ အနေဖြင့်လည်း ကြယ်လိပ်များကို နိုင်ငံတော် အစိုးရ၊ သစ်တောရေးရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ် အကောင်ရေကိုသာ နိုင်ငံခြားသို့ တင်ပို့ ရောင်းချ ကြရမည်ဟု သိရ၏။ အထူးသဖြင့် ယခု စုဆောင်းထားပြီးသော လိပ်များကို တိုက်ရိုက် ရောင်းချခွင့် မရှိ။ ထိုလိပ်များမှ ပေါက်ဖွားလာမည့် မျိုးဆက်သစ် လိပ်ပေါက်ကလေးများကိုသာ ရောင်းချကြရမည် ဖြစ်သည် ဆို၏။ လိပ်ကလည်း သက်တမ်းက ရှည်လျား လှပေ၏။ လိပ်ကလေးသည် အပျို ဖြစ်ရန် ၇ နှစ်မှ ၁၀ နှစ် ကြာသည် ဆို၏။

**"၇-၇-၂၀၀၁ နေ့ ကြေးမုံ သတင်းစာမှ ကြယ်လိပ် တစ်ကောင် ကို အမေရိကန် ဒေါ်လာ ၂၀၀ မှ ၂၀၀၀ အထိ ဈေးရတယ် ဟု ဖတ်ရပါတယ်"**။ ဟုတ်ပါသလား ဆိုပြီး စာရေးသူက မေးမိ၏။ **"ဒီလို ဆိုရင် လိပ် တစ်ကောင်ဟာ မော်တော်ဆိုင်ကယ် တစ်စီးဖိုး ရတယ်။ ဆန် တစ်ဆယ်တန် ဖိုးမက တန်ဖိုး ရှိတာပဲ"** ဟု စာရေးသူက မေးနေမိပြန်၏။

ဒါကတော့ ဒီလို ရှိပါတယ် ဆရာရယ်၊ အပြစ် အနာအဆာကင်းပြီး ကျန်းမာ သန်စွမ်းလို့ အသွေးအရောင် ကောင်းတဲ့ လိပ် ဆိုရင်တော့ ဟုတ်ချင်ရင် ဟုတ်ပါလိမ့်မယ်။ ကျွန်တော်တို့ နိုင်ငံမှာက ကြယ်လိပ်တွေကို စနစ်တကျ မွေးမြူနိုင်တဲ့ ခြံတွေ မရှိသေးတော့ တောထဲတောင်ထဲမှာ သဘာဝ အတိုင်း ပေါက်ဖွား ကြီးပြင်းနေတဲ့ လိပ်တွေဆိုတော့ ခြေထောက်က ကျိုးနေတာနဲ့၊ အခွံတွေ ကွာနေတာနဲ့ မီးလောင်ထားတာနဲ့ မျက်စိ ကန်းနေတာနဲ့ ချိနဲ့ ချိနဲ့နှင့် မသန်စွမ်းတာနဲ့ များနေတော့ နိုင်ငံခြားသားတွေက မကြိုက်ကြသေးပါဘူး။ နိုင်ငံခြားသားတွေက ကြယ်လိပ်ကို အိမ်မှာ အလှ မွေးလိုကြတာ ဆိုတော့ မသန်မစွမ်း ဒုက္ခိတ လိပ်တွေကို ဘယ်မှာ ကြိုက်နှစ်သက်ကြပါ့မလဲ။ **"တစ်ခုတော့ ရှိတယ် ဆရာရယ်။ ကြယ်လိပ်တွေကို စနစ်တကျ**

**မွေးပြီး စနစ်တကျ ပြုစု စောင့်ရှောက် ဆေးကုပေးပြီး ကျန်းကျန်း မာမာ သန်သန်စွမ်းစွမ်းနဲ့ အခွံကလည်း နက်ပြောင်ပြီး အဝါစင်း တွေ ရှင်းနေမယ်၊ အပြစ် အနာအဆာ ကင်းတဲ့ လိပ် ဆိုရင်တော့ ကျပ် တစ်ဆယ်သိန်းနှင့် အထက် ရနိုင်မယ်လို့ ခန့်မှန်းရတာပဲ"** ကျွန်တော်တို့ စုပေါင်းပြီး အများကြီး ကြိုးစားကြရဦးမှာပါ ဆရာရယ်၊ လိပ်စာ ဈေးနှုန်း၊ လိပ်ဆေးတွေကလည်း အတော် ဈေးကြီးတယ် ဆရာရဲ့ အုပ်ချုပ်မှု ဒါရိုက်တာကြီးက ရှင်းပြနေပြန်၏။ မှန်ပေမည်။ လိပ် မွေးမြူ ရေး ပညာမှာ လွယ်မလိုနှင့် ခက်ခဲလှပါ၏။ ကျွမ်းကျင်မှု နည်းပညာ များစွာ လို၏။ လိပ်ကလေးများ ထားသော ခြံတွင် အပူချိန်၊ စိုထိုင်းစမှ အစ အမြဲ တိုင်းထွာနေရ၏။ **"အခု ဆရာတို့ရဲ့ ရွှေပုံတောင် သနပ်ခါး ခြံကတော့ သနပ်ခါးပင်က နှစ်ထောင်ကျော်၊ စန္ဒကူး ပင်က တစ်ရာကျော်နဲ့ အခြား သစ်ပင် တွေကလည်း အရိပ် အာဝါသ ကောင်းတာကြောင့် လိပ်တွေ ပျော် ကြတာဗျ"** ဒါတောင်မှ နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ရေဖျန်း ပေးရသေးတယ်။ လိပ်မတွေ က ဥ ချပြီ ဆိုရင် မြေကြီးမှာ ၆ လက်မလောက် အနက် ကျင်း ယက် ပြီး ဥထားခဲ့ကြတာ။ မြေကြီးထဲမှ ဥကျင်းကိုလည်း လူ မသိနိုင်အောင် မြေ ဖို့ထားခဲ့ကြတာ။ လိပ် ပညာရှင်များတော့ သိတာပေါ့ဗျာ။ သဘာဝ အတိုင်း မြေကြီးထဲမှာ ဥထားခဲ့တဲ့ လိပ်ဥတွေကတော့ မပေါက်တဲ့ ဥက ပိုများပါတယ်။ လိပ်ကလေးတွေ ပေါက်လာပြန်တော့လည်း ရေ ငတ်ပြီး သေတာနဲ့ အစာ ငတ်ပြီး သေ တာနဲ့ လူ၊ ခွေး၊ တိရိစ္ဆာန်တွေရဲ့ ရန်ကြောင့် သေကြတာနဲ့ ဥတစ်ရာ ဥပေမဲ့ ၁၅ ကောင်လောက်ပဲ အကောင်ကြီး ဖြစ်ကြရတယ်လို့ လိပ် ပညာရှင်တွေက ခန့်မှန်းကြပါ တယ်။ အခုလို ကျွန်တော်တို့လို စနစ်တကျ နိုင်ငံခြား ပညာရှင်တွေရဲ့ လမ်းညွှန်ချက် အတိုင်း မွေးရင်တော့ လိပ်ဥ တစ်ရာကို အကောင် ၈၀ ရှင်သန်ပါတယ်။ လိပ်မျိုးလည်း မကြာခင် ပြန့်ပွားလာပြီး ကျွန်တော် မြန်မာနိုင်ငံဟာလည်း ကြယ်လိပ်များ ပျော်ပါးရာ နိုင်ငံ ဆိုပြီး ကမ္ဘာ ပေါ်မှာ ဂုဏ်ယူ နိုင်မှာ ဖြစ်ပါတယ် ဟု အုပ်ချုပ်မှု ဒါရိုက်တာကြီးမှ အားပါတရ ပြောပြပေးနေပါ၏။

သစ်တောရေးရာ ဝန်ကြီးဌာနသည် လိပ် ပညာဗဟုသုတ ပြန့်ပွားရေး အတွက် နိုင်ငံခြားမှ လိပ် ပညာရှင်များကို ဖိတ်ကြားပြီး သင်တန်းများကို ပို့ချ ပေးနေ၏။ အစိုးရ မဟုတ်သော NGO အဖွဲ့အစည်းများ၏ အကူအညီဖြင့် ကြယ်လိပ် မွေးမြူရေး လုပ်ငန်းကို အားပေး ကူညီနေကြောင်း သိရပါ၏။ မြန်မာနိုင်ငံတွင် လိပ်မျိုးစိတ်ပေါင်း ၃၁ မျိုး ကျက်စား နေထိုင်နေသည် ဆို၏။ ပင်လယ်လိပ် ၅ မျိုး၊ ရေလိပ် ၂၂ မျိုးနှင့် ကုန်းလိပ် ၄ မျိုး ရှိသည်ဟု သိရ၏။ ယင်းတို့အနက် မြန်မာနိုင်ငံတွင်သာ ကျက်စားပြီး မြန်မာနိုင်ငံ၌သာ တွေ့ရသော လိပ် အမျိုးမျိုး ရှိသည်ဟု ဆို၏။ ယင်းတို့မှာ

(၁) မြန်မာ့ ကြယ်လိပ် (Myanmar Star Tortoise)
(၂) ရခိုင်တောင်လိပ် (Arkan Forest Turtle)
(၃) မြန်မာ့ တိုက်လိပ် (Myanmar Roofed Turtle)
(၄) မြန်မာ့ ဆောက်လိပ် (Myanmar Eyed Turtle)
(၅) မြန်မာ့ ရေချိုလိပ် (Myanmar Flapshell Turtle)
(၆) မြန်မာ့ လိပ်ကြည် (သို့) ဒေါင်းလိပ် (Myanmar Peacock softsell Turtle) တို့ ဖြစ်ကြသည်။

မြန်မာ့ ကြယ်လိပ်သည် အဝါရောင် အောက်ခံပေါ်တွင် အနက်စင်းများ ပါရှိသဖြင့် အလွန် လှပသည်။ အမေရိကန်၊ ထိုင်ဝမ်၊ ဂျပန်၊ တရုတ်နိုင်ငံများတွင် ကြယ်လိပ်ကို မွေးထားပါက အသက် ရှည်ခြင်း၊ ကျန်းမာခြင်း လာဘ်လာဘ များစွာ ရရှိခြင်း စသော အကျိုးကျေးဇူးများ ဖြစ်စေသည်ဟု ယုံကြည်ကြနေကြ၏။ အိမ်မွေး တိရစ္ဆာန် အဖြစ် မွေးမြူနေကြသည် ဆို၏။ ကြယ်လိပ်သည် သဘာဝ အလျောက် အပူပိုင်း ဒေသတွင် သန်းပင်၊ ဒဟတ်ပင်၊ ရှားပင် စသော အင်တိုင်းတောများတွင် ဆင်ခြေလျှော ကုန်းမြင့်များ၌ နေထိုင် ကျက်စားနေကြသည်ဟု သိရသည်။ တချို့ ဒေသများတွင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ စားသောက်ခြင်း မပြုအပ်သော လိပ် ဖြစ်၍ နတ်လိပ်ဟုလည်း ခေါ်ဝေါ်ကြ၏။ ထိုလိပ်များကို သဘာဝ အတိုင်း ထားပါက မကြာသော ကာလတွင် မျိုးတုန်းတော့မည်ဟု လိပ် ပညာရှင်များက ခန့်မှန်းထားကြ၏။

အကြောင်းမှာ ဥ တစ်ရာလျှင် ၁၅ ကောင်မျှသာ ရှင်သန်ခြင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့် သေကြရခြင်းနှင့် နေထိုင်ရန် တောတောင် များ ပြုန်းတီးခြင်း၊ ရေ ရရန် ခက်ခဲခြင်း၊ အစာ ငတ်ခြင်းတို့ကြောင့် ဖြစ်သည် ဆို၏။ ထို့ကြောင့် ကြယ်လိပ် ချစ်သူ လိပ် ပညာရှင်များသည် ကြယ်လိပ်မျိုး မတုန်းရလေအောင် ကျွမ်းကျင်မှု ပညာများ ပေးပို့ခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း၊ ဆေးဝါး ထောက်ပံ့ခြင်းနှင့် မွေးမြူသူများ အတွက်လည်း အကျိုး ရှိစေရန် အချို့အဝက်ကို နိုင်ငံခြားသို့ ရောင်းချ စေခြင်းများ ကူညီ ဆောင်ရွက်လျက် ရှိကြောင်း သိရပါ၏။ ၁၁-၇-၂၀၀၁ နေ့တွင် ညောင်ဦးမြို့ ရွှေပုံတောင်ခြံ၌ ကြယ်လိပ် မွေးမြူရေး ကို သစ်တောရေးရာ ဒုတိယ ဝန်ကြီးသည် လာရောက် စစ်ဆေးစဉ် ကြယ်လိပ် မွေးမြူရေး ပညာပေး ဆောင်းပါးများကို ရေးပေးပါရန် စာရေးသူအားလည်း ပြောကြားခဲ့ပါ၏။ **"မြန်မာ တိုင်းရင်းသားများ ဒေါ်လာ ရဖို့၊ ကြယ်လိပ် မွေးကြစို့ဟု တိုက်တွန်း ရေးသား လိုက်ရပေတည်း။"**

■

**ရွှေပုံတောင် မွေးမြူရေး နှင့် သုတေသနခြံ**

- ရွှေပုံတောင်မွေးမြူရေး နှင့် သုတေသနခြံအတွင်းရှိ ကြယ်လိပ် အကောင် အရေအတွက်
  အထီး ( ၅၁ ) ကောင် ၊ အမ ( ၇၅ ) ကောင်
- မွေးမြူရေး နှင့် ကုသ ကျွေးမွေးရေး
  ဤခြံ၏ ထိန်းသိမ်းမှုများမှာ အချိန်ပြည့် စောင့်ရှောက်လျက်ရှိပြီး ဂျပန်နိုင်ငံ GRIFFON ENTERPRISES LTD မှ အကြံပြုချက်များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။
  ကျွေးမွေးသည့် အစားအစာ - ဘူးသီး ၊ ဘူးရွက် ၊ ကန်စွန်းရွက် ၊ ဂေါ်ဖီထုပ်
- လမ်းညွှန်မှုခံယူခြင်း
  ဤခြံသည် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပါသည်။ သစ်တောရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှု နှင့် ဝန်ကြီး ၊ ဒု-ဝန်ကြီး နှင့် ညွှန်ကြားရေးမှူးချုပ် တို့၏ ဦးဆောင်မှုကို ခံယူပါသည်။
- ပေါက်ဖွားမှုဆိုင်ရာ အချက်
  အမ တစ်ကောင် မျိုးဥ (6) ကောင်နှုန်း
  တစ်နှစ်လျှင် သားပေါက်ကြိမ် အနည်းဆုံး (၂) ကြိမ်
  ၂၀၀၁ - ၂၀၀၂ ခုနှစ် ခန့်မှန်း ပေါက်ဖွားအရေအတွက် (၂၀၀)

# အမွှေ ပေးဖို့ ထန်းစိုက်စို့

ထန်းပင်သည် နှစ်ရှည်ခံ သီးပင် တစ်မျိုး ဖြစ်သည်။ အညာဒေသတို့တွင် ထန်းပင်မှ ကျောက် ဖြစ်နေသော ထန်းကျောက်တုံးများကို တွေ့ရသည်။ ထိုထန်းကျောက်များသည် သက်တမ်း တစ်ဆယ်သန်းကျော် နှစ်ပေါင်း ရှိပြီဟု ဘူမိဗေဒ ပညာရှင်များက ဆိုကြသည်။ ထို့ကြောင့် ထန်းပင်များသည် အညာဒေသ၌ လူသားများ မပေါ်ပေါက်မီကပင် တည်ရှိနေပြီဟု ဆိုသည်။ အိန္ဒိယ နိုင်ငံ၌လည်း ဂေါတမ မြတ်စွာဘုရား၏ ခေတ်တော်ရာတွင် ထန်းရွက် ယပ်ပုံ ပါဝင်ခြင်းအားဖြင့် ရှေးနှစ်ပေါင်း များစွာကပင် ထန်းပင်များ ရှိနေပြီ ဖြစ်သည်။ ပုဂံ ခေတ်ဦးပိုင်းတွင် ပေါ်ပေါက်ခဲ့သော နတ် ကိုကြီးကျော်သည် ထန်းရည်ခါးနှင့် ကြက်သားကြော်ကို အလွန် ကြိုက်သည်။ သက္ကရာဇ် ၃၇၉ ခုနှစ်တွင် ရေးထိုးခဲ့သော အနော်ရထာ မင်းကြီး၏ တန့်ကြည်တောင် ဘုရားကျောက်စာတွင် 'ထန်းကား ၅၀၀ ဘုရားဝယ်၊ အင်္ဂတေ ကျောက်တုံးပျက်သောအခါ 'တင်လဲကော်' အလို့ငှာ လှူတော်မူသတည်း" ဟု ရေးသားထားသဖြင့် အနော်ရထာမင်း၏ လက်ထက်တွင် ထန်းပင်များ ရှိနေပြီး ထန်းရည်ကို ကြိုချက်၍ တင်လဲကော် ပြုလုပ်ပြီး အုတ် စီရာတွင် အသုံးပြုကြောင်း သိရသည်။ သက္ကရာဇ် ၄၅၁ ခုနှစ် ရေးထိုး၊

အနော်ရထာမင်း၏ မိဖုရား စောလှကြို လှူသော သစ်တော်သာ ကျောင်း ကျောက်စာ (ဘိုးတော်စပ်တို) တွင် "လှူသော မြေကား ကျားအိုယာမြောက် ရေက စသည်၊ အရှေ့ကုန်းရိုး၊ ထနောင်းကုန်းရိုး ကသည်၊ အရှေ့မြောက်ထောင့်၊ ချောင်းစနား တိုင်အောင် ထန်း ၃၀၀၀ မြေနှင့် တကွ... သက်ပန်း အရပ် ထန်း ၃၀၀၀' စသည်ဖြင့် ထန်းပင် များကို ကျောင်းဆောက် အလှူတွင် ထည့်သွင်း လှူဒါန်းခဲ့သည်။ နောင်အခါ ကျောင်း ပျက်လျှင် ပြုပြင်ရန် ငွေ စုဖို့ လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ထန်းသည် ငွေစု လက်မှတ် သဖွယ် အသုံးပြုခဲ့ကြသည်။

ထန်းပင်သည် မြန်မာနိုင်ငံတွင် မြောက်လတ္တီကျူ ၂၃½ ဒီဂရီ နှင့် တောင်လတ္တီကျူ ၂၃½ ဒီဂရီ အကြားတွင် ပေါက်ရောက်သည်။ ထန်းပင် ကြိုက်နှစ်သက်သော အပူချိန်မှာ ၇၅ ဒီဂရီမှ ၁၀၀ ဒီဂရီ ဖာရင်ဟိုက် အကြား ဖြစ်သည်။ မိုးရေချိန်မှာ ၃၀ မှ ၅၀ လက်မ အကြား ဖြစ်သည်။ ထန်းပင်သည် သစ်စေ့ချမ်း တစ်ချမ်းသာ ပါဝင်သော အပင် အမျိုးအစား ဖြစ်၍ ရေသောက်မြစ် မပါဝင်ပေ။ အပင် ခြေရင်း တွင် အမြစ်များ စုပြုံ၍ ဖြာထွက်သော အပင်မျိုး ဖြစ်သည်။ ထို့ကြောင့် ပင်စည် တစ်ခုသာ ပါဝင်သည်။ သစ်ကိုင်းများ မပါဝင်ပေ။ ထန်းပင် သည် ရေကို နှစ်သက်သော်လည်း ရေ ဝပ်ခြင်းကို မကြိုက်ပေ။ ထန်းပင် သည် မိုးနည်းရေရှား ရပ်ဝန်း ဒေသ၊ လွင်ပြင်များနှင့် ချိုင့်ဝှမ်းများ၊ ကုန်းဆင်းမြေများ ယာ၊ လယ်၊ ကန်ပေါင်ရိုးများတွင် အများအပြား ပေါက်ရောက်သည်။ ပခုက္ကူ မြို့သည် မိုးနည်းရေရှား ရပ်ဝန်းဒေသ၏ အလယ်တွင် တည်ရှိသည်။ ထန်းပင် အများဆုံး ပေါက်ရောက်ရာ အရပ်သည် ပခုက္ကူ မြို့ကို ဗဟို ပြုပြီး မိုင် ၅၀ ပတ်လည်တွင် အများဆုံး ပေါက်ရောက်သည်။ မိုင် ၁၀၀ ပတ်လည်တွင် ဒုတိယ အများဆုံး ပေါက်ရောက်သည်။ မြန်မာနိုင်ငံတွင် ထန်းပင် ဦးရေ စုစု ပေါင်း၏ ၉၈ ရာခိုင်နှုန်းသည် အညာဒေသ၌ ပေါက်ရောက်သည်။

## ၂၀၀၀ ခုနှစ်တွင်ရှိသော မြန်မာနိုင်ငံ၏ ထန်းစိုက်ဧက

| စဉ် | တိုင်း | ထန်းဧက |
|---|---|---|
| ၁။ | စစ်ကိုင်းတိုင်း | ၂၀၁၉၁ |
| ၂။ | မန္တလေးတိုင်း | ၂၈၂၈၃ |
| ၃။ | မကွေးတိုင်း | ၂၁၇၁၆ |
| ၄။ | ပဲခူးတိုင်း | ၁၃၁၁ |
| ၅။ | ရန်ကုန်တိုင်း | ၁၇၇ |
| ၆။ | ဧရာဝတီတိုင်း | ၇၀၁ |
| ၇။ | တနင်္သာရီတိုင်း | ၅၂၃ |
| | စုစုပေါင်း | ၇၂၉၀၂ |

## ပြည်နယ်များရှိ ထန်းစိုက်ဧက

| စဉ် | ပြည်နယ် | ထန်းဧက |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | - |
| ၂။ | ကယားပြည်နယ် | - |
| ၃။ | ကရင်ပြည်နယ် | ၆၄၃ |
| ၄။ | ချင်းပြည်နယ် | - |
| ၅။ | မွန်ပြည်နယ် | ၉၇၈ |
| ၆။ | ရခိုင်ပြည်နယ် | - |
| ၇။ | ရှမ်းပြည်နယ် | ၁၄ |
| | စုစုပေါင်း | ၁၆၅၃ |

ထန်းပင် အများဆုံး ပေါက်ရောက်သော မြို့နယ်များမှာ ရေ စကြို မြို့နယ်၊ တောင်သာ မြို့နယ်၊ နွားထိုးကြီး မြို့နယ်၊ မြိုင် မြို့ နယ်၊ ကျောက်ပန်းတောင်း မြို့နယ်၊ မလှိုင် မြို့နယ်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် ထန်းလျက်ကို အရက် ချက်ရာတွင် ၃၅ ရာခိုင်နှုန်း၊ မုန့် လုပ်ရာတွင် ၃၅ ရာခိုင်နှုန်းနှင့် စားသောက်ရာတွင် ၃၀ ရာခိုင်နှုန်း အသုံး ပြုကြသည်။ ၂၀၀၀ ခုနှစ် စာရင်း ဇယားများ အရ မြန်မာနိုင်ငံတွင် ထန်းလျက် တန်ပေါင်း ၂၈၈၃၀၀ (တန် သုံးသိန်း နီးပါး) နှင့် ပိဿာပေါင်း ၁၆၀၆.၆၃ သိန်းပေါင်း ပိဿာ ထွက်ရှိသည်။ ထန်းလျက်ကိုသာ အသုံး ပြုကြသည် မဟုတ်၊ ထန်းလက်၊ ထန်းရွက် များကို အိမ် မိုးရာတွင် အသုံး ပြုကြသည်။ ထန်းလက်ပြားကို လျှော် ထုတ်ယူပြီး ထန်းလျှော်ကို ချိတုတ်ရာတွင် ကြိုးအဖြစ် အသုံး ပြုကြသည်။ ထန်းလျှော် ထုတ်ယူပြီး ထန်းလက်ပြားများကို ကုလားထိုင်များ ပြုလုပ်ကြသည်။ ထန်းပင်များကို ခုတ်လှဲပြီး ခွဲစိတ်၍ ပျဉ်ကဲ့သို့ အိမ် ဆောက်ရာတွင် အသုံး ပြုကြသည်။ ထန်းသားသည် မိုး လုံသော နေရာတွင် အသုံး ပြုပါက နှစ်တစ်ရာကျော် အထိ ခိုင်သည်။ မြန်မာ ဘုရင်ခေတ်က ဆောက်လုပ်ခဲ့သော ဘုန်းတော်ကြီးကျောင်းများတွင် ထန်းသားများဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ခဲ့ရသည်။ ထန်းပင်မှ ထန်းရည် ထုတ်ယူရာ၌ ထန်းဖိုပင်များတွင် ထန်းနို့ခိုင်မှ ထုတ်ယူပြီး ထန်းမပင်များတွင် ထန်းသီးလုံးနုနုလေးများမှ ထုတ်ယူသည်။ ရင့်သော ထန်းသီးခိုင်များမှ သီးရင့်ရည်အဖြစ် ထုတ်ယူကြသေးသည်။ အညာမှ ထန်းပင်များကိုသာ ထန်းရည်ကို ထန်းလျက် ချက်ကြသည်။ အောက်အရပ် ဧရာဝတီတိုင်း၊ မွန်ပြည်နယ်တို့တွင် ထန်းရည်ကို ထန်းလျက် မချက်ကြပေ။ ထန်းရည်ချို၊ ထန်းရည်ခါး အဖြစ် သောက်သုံးကြသည်။ ရေခတ် ပါဝင်မှုများ၍ ထန်းလျက် ချက်ရန် မရဟု သိရသည်။ ထန်းရည်ခါးသည် ကျေးလက် လူငယ်များ အတွက် ဘီယာ ဖြစ်သည်။ ထန်းရည်ခါးသောက်ခြင်း ဓလေ့သည် မကောင်းမှုဟု ခေါ်ဆိုရမည် ဖြစ်သော်လည်း ကျေးလက် လူငယ်များ အတွက် စိတ် ပျော်ရွှင်ရန် ထွက်ပေါက် တစ်ခု ဖြစ်သည်။ လူမှုရေး၊ ဆက်ဆံရေး ဓလေ့ ထုံးစံလည်း ဖြစ်သည်။ ထူးခြား

မှ တစ်ခုမှာ ယောဒေသတွင် ထန်းရည်ခါးကို အပင် အောက်သို့ ချ မပေးပါ။ အပင်ပေါ်တွင် စင် ထိုးထားပြီး ထန်းရည်ခါး သောက်လိုသူ တိုင်းသည် ထန်းပင်ပေါ်သို့ တက်ပြီး သောက်ကြရသည်။ ထန်းပင်ပေါ် သို့ တက်ရန် အတွက်လည်း လှေကား မရှိပါ။ ဝါးလုံး အတက်ကလေး များကို နင်းပြီး တက်ကြရသည်။ ယောသားကြီးများ၏ အယူအဆ အရ ထန်းရည်ခါးကို မူးအောင် သောက်လျှင် ထန်းပင်ပေါ်မှ မဆင်း နိုင်အောင် ဖြစ်သည်ဟု ဆိုသည်။ ထန်းပင်ပေါ်မှ ဆင်းလာနိုင်လျှင် ထန်းရည်ခါး မမူးဟု ဆိုသည်။ ယော ဒေသသို့ ရောက်လျှင် ညနေပိုင်း တွင် ထန်းပင်များပေါ်၌ လူငယ် ၅ ဦးမှ ၁၀ ဦးခန့် အထိ စုပေါင်း ထန်းရည် သောက်နေကြပုံမှာ ကြည်နူးဖွယ်ရာ ဖြစ်ပါ၏။ မြင်ရသူများ မှာလည်း အသည်း ယားစရာ ကောင်းလှပါ၏။ တချို့ လူငယ်များသည် ထန်းလက်ကို လက်ဖြင့် ဆွဲထားပြီး တွဲလောင်း ဆွဲ၍ ဇွေ့ရမ်း ပြနေ တတ်ပါသေးသည်။ မြင်ရသူများပင် တထိတ်ထိတ်၊ တလန့်လန့် ဖြစ်ရ ပါသည်။ ထန်းပင်ထိပ်၊ စင်များပေါ်တွင် ရပ်သူက ရပ်၊ ထိုင်သူက ထိုင်၊ စကားနိုင် လုနေကြသည်မှာ ဆူညံနေပါတော့၏။

ထန်းပင်များ ယခုတိုင် ပေါများသည်မှာ သက်တမ်း ရှည်ခြင်း နှင့် စိုက်ပျိုးရန် လွယ်ကူခြင်းကြောင့် ဖြစ်ပါသည်။ သူ့ သဘာဝ အလျောက် မျိုးပွား ပေါက်ရောက်တတ်ပါသည်။ စိုက်ပျိုးရာတွင် လည်း ပေါက်ပြားဖြင့် စီပေါက်သွားပြီး ထန်းစေ့များကို ထည့်၊ မြေကို ခြေ ထောက်ဖြင့် ဖို့သွားရုံဖြင့် စိုက်ပျိုးပြီး ဖြစ်သည်။ ထန်းဖို ဖြစ်လိုပါက ထန်းစေ့ကို မှောက်လျှက် စိုက်ရပြီး ထန်းမပင် ဖြစ်လိုပါက ထန်းစေ့ကို ပက်လက် စိုက်ရသည်ဟု ဒေသခံ ထန်းတောင်သူများက ပြောဆိုတတ် ကြပါသည်။ ထန်းသည် အလွန် လွယ်ကူသော စိုက်ပျိုးသီးပင် ဖြစ် သည်။ တစ်ခါ စိုက်ပြီးလျှင်လည်း ရေ လောင်းရန် မလို၊ ပြုစုရန် မလို သဘာဝ အလျောက် အပင် ဖြစ်ထွန်းသည်။ သို့သော် ထန်း စိုက်ပျိုးချိန်မှာ စက်တင်ဘာလ ၁၀ ရက် မတိုင်မီ စိုက်ရသည်။ စက်

တင်ဘာလ ၁၀ ရက် ကျော်လျှင် ထန်းစေ့ကို စိုက်ပျိုးသော်လည်း ထန်းပင် မဖြစ်ထွန်းဟု သိရသည်။ ထန်းပင်သည် နှစ် ပေါင်း ၂၀ မှ ၂၅ နှစ် အထိ သက်တမ်း ရှိမှသာ ထန်းရည် ထုတ်ယူနိုင်သည်။ တချို့ ရေ များသော ဒေသများတွင် ၁၀ - ၁၅ နှစ်ရှိ ထန်းပင် များသည်ပင် ထန်းသီးစ ပြနေသည်ကို တွေ့ရတတ်သည်။ စာရေးသူတို့ ဒေသ ပိုက်သင်ရွာ၏ အရှေ့၊ ရှင်မ တောင်ခြေမှ ဝါးသုံးအိုင် ရွာ၊ ဝါးကန် ရွာ၊ ကန်ပေါက် ရွာတို့တွင် စာရေးသူတို့ ငယ်စဉ်က ထန်းပင် လုံးဝ မရှိပါ။ ယခုတော့ ထန်းပင်ကြီးတွေ တဝေဝေ၊ ပေပင်ကြီးတွေ မတ်မတ် မလေးနေတဲ့ အရပ် ဖြစ်နေပါပြီ။ ၁၉၇၆ ခုနှစ်တွင် မကွေးတိုင်း ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီး တင်မြင့်သည် မကွေးတိုင်း အတွင်း၌ ထန်းပင် တစ်သန်း စိုက်ပျိုးရန် စီမံကိန်း ချပြီး ညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်ကို မြိုင် မြို့နယ်၊ ဝါးသုံးအိုင် ရွာ၊ ဝါးကန် ရွာ၊ ဒေါင်အိုကြီး ရွာ၊ ကန်နီ ရွာသားများက တသွေမတိမ်း လိုက်နာ စိုက် ပျိုးခဲ့သည်။ စီမံကိန်းထက်ပင် ကျော်လွန်အောင် စိုက်ပျိုးခဲ့ကြသည်။ စာရေးသူတို့ ငယ်စဉ်က ထန်းပင် ဟူ၍ မူးလို့တောင် ရှူစရာ မတွေ့မြင် ရသော ထိုရွာများတွင် ယခုအခါ ထန်းလျက် အထွက် ကောင်းသော ဒေသ ဖြစ်နေပါပြီ။ နေ့စဉ် ထန်းလျက် ပိဿာ တစ်သောင်းကျော် နေ့စဉ် ဝင်ငွေ တန်ဖိုး ကျပ် တစ်ဆယ်သိန်းဖိုး ထွက်နေပါပြီ။ လူကြီးများ ပေးခဲ့သော အမွေကို သားသမီးများ ခံစားနေကြရပါပြီ။ တစ်ခါ စိုက် လျှင် သားစဉ် မြေးဆက် ခံစားရသော ငွေစု လက်မှတ် သစ်ပင် ဖြစ် ပါသည်။ ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၈ ခုနှစ်ကို ထန်း နှစ်ဟု သတ်မှတ် ပေးခဲ့ပြီး ထန်းပင် ၂ သန်း စိုက်ပျိုးကြရန် စီမံကိန်း ချ ဆောင်ရွက် စေခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင်လည်း ထန်းပင် ၅ သန်း စိုက်ပျိုးကြရန် စီမံချက်ချ ဆောင်ရွက်စေခဲ့ပါသည်။ နောင် နှစ် ပေါင်း ၂၀ ကြာသောအခါ အညာမြေကို ထန်းမြေဟု ခေါ်ဆိုကြရပေ

တော့မည်။ နိုင်ငံတော် အကြီးအကဲများ၏ အမြော်အမြင် ကြီးမားစွာဖြင့် လမ်းညွှန်မှု ပေးခဲ့သော ထန်း စိုက်ပျိုး စီမံကိန်းကြီးကို သားသမီး၊ မြေး၊ မြစ်များ အတွက် ငွေစု လက်မှတ် ပေးခဲ့ခြင်းဟု သဘော ထားပြီး ပါဝင် ဆောင်ရွက်ကြဖို့ တိုက်တွန်း ရေးသားလိုရပေသတည်း။

အမွေပေးဖို့ ထန်းစိုက်စို့ဟု ဆိုချင်ပါ၏။

**၁၉၇၅/၇၆ ခုနှစ် စာရင်းအရ ထန်းလျက် အများဆုံး ထွက်ရှိသော မြို့နယ်များ စာရင်း**


| စဉ် | မြို့နယ် | ထန်းလက်အထွက် ပိဿာပေါင်း |
|---|---|---|
| ၁။ | ရေစကြို မြို့နယ် | ၄၃၅၂၉၄၀ ပိဿာ |
| ၂။ | နွားထိုးကြီး မြို့နယ် | ၄၀၀၁၇၆၀ ပိဿာ |
| ၃။ | မလှိုင် မြို့နယ် | ၃၈၇၃၅၁၁ ပိဿာ |
| ၄။ | ပုဂံညောင်ဦး မြို့နယ် | ၃၅၈၂၅၀၀ ပိဿာ |
| ၅။ | ကျောက်ပန်းတောင်းမြို့နယ် | ၂၉၄၀၄၅၈ ပိဿာ |
| ၆။ | မြိုင် မြို့နယ် | ၂၄၄၄၄၄၂ ပိဿာ |
| ၇။ | တောင်သာ မြို့နယ် | ၂၃၁၂၈၀၀ ပိဿာ |
| ၈။ | ငါးစွန်း မြို့နယ် | ၁၇၅၉၇၂၈ ပိဿာ |
| ၉။ | တံတားဦး မြို့နယ် | ၁၆၀၂၀၀၀ ပိဿာ |
| ၁၀။ | အရာတော် မြို့နယ် | ၁၂၆၆၈၅၆ ပိဿာ |


ကျမ်းကိုး- နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး အစီရင်ခံစာ (၁၉၇၆-၇၈)

## ၂၀၀၀ ခုနှစ် ထန်းလျက် အထွက်ပြ ဇယား

| စဉ် | ခုနှစ် | အထွက် ပိဿာသိန်းပေါင်း | ၁၉၈၅–၈၆ နှင့် နှိုင်းယှဉ်မှု |
|---|---|---|---|
| ၁။ | ၁၉၈၅–၈၆ | ၁၃၅၃.၄၇ | ၁၀၀ ရာခိုင်နှုန်း |
| ၂။ | ၁၉၉၁–၉၂ | ၁၂၆၅.၇၇ | ၉၄ ရာခိုင်နှုန်း |
| ၃။ | ၁၉၉၂–၉၃ | ၁၁၇၇.၄၄ | ၈၇ ရာခိုင်နှုန်း |
| ၄။ | ၁၉၉၃–၉၄ | ၁၁၈၇.၄၀ | ၈၈ ရာခိုင်နှုန်း |
| ၅။ | ၁၉၉၄–၉၅ | ၁၄၁၅.၆၇ | ၁၀၄ ရာခိုင်နှုန်း |
| ၆။ | ၁၉၉၅–၉၆ | ၁၃၂၉.၂၁ | ၉၈ ရာခိုင်နှုန်း |
| ၇။ | ၁၉၉၆–၉၇ | ၁၄၇၁.၆၅ | ၁၀၉ ရာခိုင်နှုန်း |
| ၈။ | ၁၉၉၇–၉၈ | ၁၅၀၁.၅၀ | ၁၀၉ ရာခိုင်နှုန်း |
| ၉။ | ၁၉၉၈–၉၉ | ၁၆၄၀.၈၄ | ၁၂၁ ရာခိုင်နှုန်း |
| ၁၀။ | ၁၉၉၉–၂၀၀၁ | ၁၆၀၆.၆၃ | ၁၁၉ ရာခိုင်နှုန်း |

ကျမ်းကိုး– အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန STATISTICAL YEAR BOOK 2000





# ရွှေနိုင်ငံ သို့မဟုတ် သယံဇာတ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံမှာ သယံဇာတ ပစ္စည်းများ ပေါကြွယ်ဝကြောင်း တစ်ကမ္ဘာစလုံးက လက်ခံ ထားကြသည်။ 'သယံဇာတ ပစ္စည်း' ဆိုလျှင် ကျွန်ုပ်တို့၏ စိတ်ထဲတွင် ကျောက်စိမ်း၊ ပတ္တမြား စသည်တို့ကိုသာ မြင်လာမိ၏။

အမှန်မှာ ထို ကျောက်သံ၊ ပတ္တမြားသည် နိုင်ငံတော် အတွက် အသေးအမွှား ပစ္စည်းကလေးများသာ ဖြစ်၏။ ဥပမာ ၁၉၉၁-၉၂ ခုနှစ်မှ ၁၉၉၅-၉၆ ခုနှစ် အတွင်း နိုင်ငံတော်မှ ရရှိသော ကုန်ထုတ်ပစ္စည်းတန်ဖိုးများကို ကြည့်လိုက်လျှင် ကျောက်မျက်ရတနာ ရောင်းရငွေသည် ကျပ်သန်းပေါင်း ၅၁၄.၁၈ မျှသာ ရှိ၏။ ငါးပုစွန် ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၁၃၂၀.၄ မျှသာ ရှိ၏။ နှမ်း ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၉၂၉.၉ ဖြစ်၏။ ပဲတီစိမ်း ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၁၀၈၉.၁ ဖြစ်၏။ ဆန် ရောင်းရငွေမှာ ကျပ်သန်းပေါင်း ၂၄၁၂.၄ ဖြစ်၏။ ချော ဆိုသည်ကလည်း ထုတ်ပြီး ရောင်းရခြင်း မဟုတ်။ မလောက်ငှ၍ တင်သွင်း နေရသေး၏။ ထို့ကြောင့် ကျွန်တော်သည် နိုင်ငံခြားသားများနှင့် တွေ့ဆုံ ဆွေးနွေးတိုင်း မြန်မာနိုင်ငံမှ မည်သည့် သယံဇာတ ပစ္စည်းများ

ကို ထုတ်လုပ်လိုကြောင်း သို့မဟုတ် ဝယ်ယူလိုကြောင်း အမြဲ မေးမြန်းခဲ့စမ်းလေ့ ရှိ၏။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှ မည်သည့် သယံဇာတ ပစ္စည်းမျိုးကို ထုတ်လုပ်လို့ ရမယ်ဟု လူကြီးမင်း ထင်ပါသလဲ"

"ကျွန်တော်၏ အယူအဆကတော့ အများဆုံးနဲ့ အကျိုး အရှိဆုံး ထုတ်ယူ ရနိုင်တဲ့ ပစ္စည်းကတော့ လူပဲ ဖြစ်မယ် ထင်ပါတယ်"

ကျွန်တော့်မှာ မျက်လုံး ပြူးသွားမိ၏။ 'အမျိုးသမီးများကို ဆိုလိုတာလား' ဟုလည်း စိတ်မှာ ထင်လာ၏။ သို့သော် သူက သူ၏ စကားကို ကျွန်တော် နားမလည်ဘူး ထင်ပြီး ဆက်လက်၍ ရှင်းပြ၏။

"ခင်ဗျားတို့ မြန်မာနိုင်ငံမှာ လူများဟာ...

၁။ အခြေခံ အဆင့်အတန်း မြင့်ကြပါတယ်။ လူတိုင်းလိုလို အင်္ဂလိပ်စာ နည်းနည်းတော့ အလုပ် လုပ်လို့ ဖြစ်အောင် ပြောတတ်တယ်၊ ရေးတတ်တယ်၊ မှတ်တတ်တယ်၊ ဖတ်တတ်ကြပါတယ်။

၂။ မည်သည့် စီးပွားရေး လုပ်ငန်း မဆို မြန်မာ ပြည်သူပြည်သားများဟာ လေ့ကျင့် သင်ကြားပေးလိုက်လျှင် တတ်လွယ်တယ်။ လုပ်ကိုင်တတ်ပါတယ်။

၃။ အလုပ် လုပ်လိုတဲ့ ဆန္ဒတွေလည်း ရှိကြတယ်။

၄။ လူတွေကလည်း အားနေကြတယ်။ ယနေ့ အများဆုံး အလုပ်လုပ်တဲ့ မြန်မာ တစ်ဦးဟာ ပျမ်းမျှ တစ်နေ့ ရှစ်နာရီ မပြည့်သေးဘူး။ လုံးဝ အလုပ် မလုပ်ကြတဲ့ မြန်မာတွေကလည်း အများကြီးပဲ။

၅။ လုပ်အားခကိုလည်း များများ ပေးစရာ မလိုဘူး။ ဥပမာ တစ်နေ့ ၂ ဒေါ်လာ ၃ ဒေါ်လာလောက် ပေးရင် လုပ်မယ့် လူတွေ အများကြီး ရှိတယ်။ ဥပမာ ခင်ဗျားတို့လို ဆရာဝန်ကိုပင် ငှားလို့ ရနိုင်တယ်။ ခင်ဗျား လက်ခံမလား" ဟု ကျွန်တော်ကို ခနဲ့တဲ့တဲ့ မေးငေါ့ ပြနေ၏။

"ခင်ဗျားကို ပြောတာ မဟုတ်ပါဘူး" ဟုလည်း သူ၏ စကားကို သူကပင် ပြန်ပြီး ပိတ်၏။ 'အတော် လည်တဲ့ သူပါပဲ' ဟု ကျွန်တော့်မှာ တွေးမိ၏။

"အဲဒီတော့ ခင်ဗျားတို့ နိုင်ငံ တိုးတက်ချင်ရင် လူကို အသုံး ပြုပါ။ လူဟာ အကောင်းဆုံး အများဆုံး အလွယ်ကူဆုံး ရနိုင်တဲ့ သယံ ဇာတ ပစ္စည်းပါပဲ။ ဘာ လုပ်ငန်းတွေ လုပ်လုပ် လူ မရှိရင် အလကားပဲ နိုင်ငံခြား တိုင်းပြည်တွေမှာ လူရဲ့ လုပ်အားတွေဟာ ရှားပါးကုန်တွေ ဖြစ်နေပြီ။ ခင်ဗျားတို့ နိုင်ငံမှာလို လူအားတွေ ပေါတဲ့ နိုင်ငံဟာ ကမ္ဘာ ပေါ်မှာ ရှာလို့ မရနိုင်ဘူး။ ကျွန်တော် ရောက်တဲ့ ဒေသတွေမှာ လူတွေ အလုပ် မလုပ်ဘဲ ကစားနေတာ၊ ဆော့နေတာ၊ အိပ်နေတာ၊ စကားပြော နေတာ၊ ပျော်နေတာ တွေ့ရတယ်။ တောရွာတွေမှာလည်း တွေ့ရတယ် မြို့ပေါ်တွေမှာလည်း တွေ့ရတယ်"

ဤသည်တို့မှာ 'မစ္စတာ ရေးဖာဆန်' ဆိုသူ၏ အမြင်များ ဖြစ် သူ၏ မိဘများသည် ဖင်ဘာတွေ နိုင်ငံမှာ တောင်သူလယ်သမားများ ဖြစ်သည် ဆို၏။ တစ်ဖန် နိုင်ငံခြားသား တစ်ဦး၏ အမြင်ကလည်း မှတ်သားဖို့ရာ ကောင်းပါ၏။

၁။ ကမ္ဘာပေါ်မှာ ခင်ဗျားတို့ရဲ့ မြန်မာပြည် မြေပုံကလေးဟာ ချစ်စရာ အကောင်းဆုံးပဲ။ မြစ်ကြီးများကလည်း မြောက်ကနေ တောင်ကို အပြိုင် စီးဆင်းနေတယ်။ မြစ် တစ်မြစ်နဲ့ တစ်မြစ်ကလည်း သိပ် ပြီး မဝေးဘူး။ ရေ အတွက် ဘာမှ ပူစရာ မလိုဘူး။ ငွေ နည်းနည်း ကုန်တာနဲ့ စိုက်ပျိုးရေးကို လိုသလောက် ရနိုင်တယ်။

၂။ ကမ္ဘာ့စံနှုန်းများနဲ့ အညီ ထုတ်ယူနိုင်တဲ့ သစ်ပင် သစ်တောတွေ လည်း အများကြီး ရှိတယ်။

၃။ မြေလွတ် မြေရိုင်းတွေလည်း အများကြီး ရှိသေးတယ်။ ဘာ သစ်ပင်တွေကို စိုက်စိုက် ရနိုင်တယ်။

၄။ အသုံး ချလို့ ရနိုင်တဲ့ လုပ်သားတွေ အများကြီး ရှိနေတယ်။

၅။ ခိုင်မာတဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ တည်ရှိနေတယ်။ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းတွေကို အများ ကြီး လုပ်နိုင်တယ်။

၆။ တောင်ဘက်မှာ ရှည်လျားတဲ့ ပင်လယ် ကမ်းရိုးတန်းကြီး ရှိတယ်

မြန်မာ့ ပင်လယ်မှာ သယံဇာတ ပစ္စည်းတွေကလည်း ဘာမှ မထုတ်ရသေးဘူး။ ငါးပုစွန် ဆိုတာ အသေးအမွှားပဲ။

၇။ အရေး အကြီးဆုံးကတော့ အိန္ဒိယ၊ တရုတ်ပြည်၊ ဘင်္ဂလားဒေ့ရှ်၊ အာဆီယံ စတဲ့ နိုင်ငံကြီးတွေရဲ့ ကြားမှာ တည်ရှိနေခြင်းပဲ။ ကုန်သွယ်ရေး၊ စစ်ရေး၊ အလွန် အရေးကြီးတဲ့ နိုင်ငံပါပဲ" ဟု မှတ်ချက် ချနေ၏။

"အဲ... တစ်ခုတော့ ရှိတယ်။ လူတွေ အလုပ် လုပ်လာအောင် လုပ်ပေးနိုင်တဲ့ တစ်နေ့မှာ ခင်ဗျားတို့ နိုင်ငံဟာ ချမ်းသာလာမှာ သေချာတယ်ဗျာ။ ခင်ဗျားတို့ မြန်မာလူမျိုးတွေဟာ ဘာ အကြောင်းကြောင့် များ အခြား တိုင်းပြည်တွေကို သွားပြီး အလုပ် ရှာနေကြတယ် ဆိုတာ ကျွန်တော် စဉ်းစား မရဘူး" ဟုလည်း ဆိုနေပြန်၏။

"မြန်မာနိုင်ငံမှာ အလုပ် လုပ်ရင် ချမ်းသာမယ်။ အလုပ် မလုပ်ကြတာတောင် ထမင်း မငတ်ကြဘူး။ အဲဒီလောက် ကောင်းတဲ့ နိုင်ငံ ပါပဲဗျာ" ဟု ဆိုပြန်၏။ သူ၏ အဆိုအရ မည်သည့် အစိုးရ တက်တက် မည်သည့် နိုင်ငံရေး စနစ် ထူထောင် ထူထောင် လူတွေအလုပ် လုပ်လာဖို့ ဆောင်ရွက်နိုင်တဲ့ တစ်နေ့မှာ ချမ်းသာလာမည်ဟု မှတ်ချက် ချသွား၏။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူကြီးမင်း အနှစ်သက်ဆုံး တွေ့ ခဲ့ရတာကို ပြောပြစမ်းပါ" ဟု နိုင်ငံခြားသူ တစ်ဦးကို မေးမိ၏။

"ကျွန်မ အနှစ်သက်ဆုံး၊ သဘော အကျဆုံးကတော့ မြန်မာ လူထုကြီးပါပဲ။ ဘာကြောင့် ဆိုတော့

၁။ လုံချည်နဲ့ ထဘီတွေကိုပဲ ဝတ်နေကြတယ်။ အလွန် ထူးခြားတဲ့ မြင်ကွင်းပါပဲ။ ဘယ် နိုင်ငံမှ မတွေ့နိုင်ဘူး။

၂။ လူတွေရဲ့ မျက်နှာတွေက ဘယ်သူ့ကိုပဲ ကြည့်ကြည့် ပြုံးနေကြတယ်။

၃။ လူတွေဟာ ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးကြဘူး။ ကျွန်မ တို့ တစ်ဦးတည်းပင် နေ့ သွားသွား ည သွားသွား လွတ်လွတ် လပ်လပ် သွားလို့ ရတယ်။ ကျေးလက် တောရွာတွေ သွားသွား၊ မြို့ပေါ်မှာ သွားသွား လွတ်လွတ်လပ်လပ် သွားလို့ နားလို့ ရ တယ်။ တည်းခိုလို့ ရတယ်။ တည်းခိုခန်း မရှိရင် ဘုန်းတော်ကြီး

ကျောင်းတွေမှာ ဝင်ပြီး တည်းချင်ရင်လည်း ရတယ်" ဟု ရယ်ရယ်မောမော ပြောပြနေ၏။

ထိုကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ရောက်လာသည့် နိုင်ငံခြားသား အားလုံးက နှစ်သက်ကြ၏။ စွဲမက်ကြ၏။ သို့သော် နှစ်သက်ပုံချင်းကဖြင့် မတူ။ အားလုံးသည် သယံဇာတတွေ ဖြစ်ကြောင်းပါ ခင်ဗျား။

ရွှေကဲ့သို့ တန်ဖိုး ရှိသော နိုင်ငံ၊ ရွှေကဲ့သို့ မြတ်နိုးရသော နိုင်ငံဖြစ်၍ 'ရွှေနိုင်ငံ' ဟု ခေါ်နေကြကြောင်းပါ ခင်ဗျား။

**မြန်မာနိုင်ငံ လူဦးရေ အသက်အပိုင်းအခြား ၁၉၉၇-၉၈**

| အသက်အုပ်စု | လူဦးရေ သန်းပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ၀ - ၁၄ နှစ် | ၁၅.၄၅ | ၃၃.၁ % |
| ၁၅ -၅၉ နှစ် | ၂၇.၆၀ | ၅၉.၀၅ % |
| ၆၀ - နှစ် အထက် | ၃.၅၅ | ၇.၆၅ % |

■

ကျမ်းကိုး: STATITICAL YEAR BOOK 2000

## အထူးခွဲစိတ်ဆရာကြီး

"ဒါက အထူးခွဲစိတ် ဆရာကြီး ဦးဖြူပါ"

ကျွန်တော်က မိတ်ဆွေ နှစ်ဦးကို အသီးသီး မိတ်ဆက် ပေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို အများက အဲဒီလိုပဲ ခေါ်ကြပါတယ်"

အထူးခွဲစိတ် ဆရာကြီးက သူ့ကိုယ်သူ မိတ်ဆက်လိုက်ပြန်၏။

"ဟုတ်ကဲ့ပါခင်ဗျာ၊ အခုလို အထူးကု ဆရာဝန်ကြီးတွေနဲ့ တွေ့ခွင့်၊ သိခွင့်ရတာ ဝမ်းသာပါတယ်"

မိတ်ဆက် ခံရသူက ဆိုလာသည်။

"ဟောဗျာ၊ ခင်ဗျား ထင်တာ မှားနေပြီ၊ သူက အထူးခွဲစိတ် ဆရာကြီးတော့ မှန်ပါတယ်ဗျ၊ ခွဲစိတ် အထူးကု ဆရာဝန်ကြီး မဟုတ်ဘူး၊ သူရခဲ့တဲ့ ဘွဲ့ကလည်း ဆရာဝန်ဘွဲ့ မဟုတ်ဘူး၊ သစ်တော သိပ္ပံဘွဲ့ဗျ"

ကျွန်တော်က ရှင်းပြပေးနေရပြန်ပါပြီ။

ဒီလိုဗျာ၊ ကျွန်တော် မိတ်ဆက်ပေးတာက "အထူးခွဲစိတ် ဆရာကြီး" ဆိုပြီး မိတ်ဆက် ပေးတာပဲ။ 'ကု' ဆိုတဲ့ စာလုံးလည်း မပါဘူး။ ဆရာဝန်ဆိုပြီးလည်း မပါဘူး။ ကျွန်တော့် ကိုယ်ပင် ပစ္စုပ္ပန်မှ မိတ်ဆွေတွေက အထူးခွဲစိတ် ဆရာဝန်ကြီး ဆိုပြီး ခေါ်ကြတယ်။ 'ကု' ဆိုတဲ့ စာလုံးတစ်လုံးတော့ မပါဘူး။ ထိုအချိန်က ကျွန်တော်သည် သစ်စက်ပိုင်တစ်ဦး ဖြစ်၏။ အားလုံး ရယ်ကြရ၏။

ကျွန်တော်၏ မိတ်ဆွေကို လက်ညှိုးညွှန်ပြပြီး "သူ ခွဲစိတ်တာ လူကို မဟုတ်ဘူးဗျ၊ သစ်ကို ခွဲတာ၊ သစ်ခွဲတဲ့ အထူး ခွဲစိတ်ဆရာဝန် ကြီးတွေ မြန်မာပြည်မှာ အများအပြား ရှိပါတယ်ဗျာ" ဆိုပြီး ကျွန်တော် က ရှင်းပြ ပေးနေရပြန်ပါပြီ။ ကျွန်တော်တို့၏ စကားဝိုင်းကလေးလည်း ပိုမို စိုပြည် လာနေပြန်၏။

"ဆရာသက် ပြောတဲ့ အထူး ခွဲစိတ်ပုံလေးကို ရှင်းပြပါဦး" အနားတွင် နားထောင်နေသူ ဒေါက်တာစိန်ဝင်းက အဆိုပြုလာ ပြန်သည်။

"ဟာဗျာ ခင်ဗျားတို့လည်း သိသားပဲ၊ ဒါပေမဲ့ ထပ်ပြီး ရှင်းပြရ ဦးမှာပေါ့၊ ဥပမာဗျာ– သစ်လုံး တစ်လုံးကို ခွဲတယ် ဆိုကြပါစို့၊ ကျွန်တော် က မခွဲမီ သစ်လုံးထိပ်မှာ ဝိုင်းပြပေးလိုက်တယ်။ သစ်လုံးကို ထက်ခြမ်း အခွဲခိုင်းတယ်။ ပြီးတော့ ဖရဲသီးကို စိတ်သလို လေးစိတ် အစိတ်ခိုင်း တယ်။ သစ်ကြောလေးတွေကို အစင်းလိုက်· တည့်အောင် အခွဲခိုင်း တယ်။ ကျွန်တော်ရဲ့ လွှဝိုင်းခုံကိုလည်း သီးခြား ပြုလုပ်ထားတယ်။ ကပ်တုံး ခေါ်တဲ့ ပုံစံ ကပ်တုံးကို ဘယ်ဘက်မှာ တစ်ခု၊ ညာဘက်မှာ တစ်ခု တပ်ဆင်ထားတယ်။ အဲဒီလို ကပ်တုံးကို နှစ်ဖက်မှာ တပ်ဆင် ထားမှသာ ဟိုဘက်ကပ်ပြီး ပုံစံနဲ့ ခွဲလိုက်၊ နောက်တစ်ခါ လွှချောင်း ကျတော့ ဟိုဘက် ကပ်တုံးမှာ ကပ်ပြီး ခွဲလိုက်၊ လုပ်ရတာ၊ အဲဒီလို ကပ်တုံးကို ဘယ်ဘက်မှာ တစ်ခု၊ ညာဘက်မှာ တစ်ခု လုပ်မထားရင် သစ်ခွဲသား ယောင်ချမ်းများကို ရှေ့နောက် လှည့်လည်ပြီး ခွဲယူရတာ၊ အဲဒီလို ခွဲတဲ့ နည်းပညာကို ဂျပန် သစ်ခွဲပညာရှင် တစ်ဦးက သင်ပေး သွားတာ၊ အခု ကျွန်တော်ရဲ့ သစ်စက်မှာ ခွဲသမျှ သစ်ခွဲသားများရဲ့ ထက်ဝက်ကျော်ဟာ အကြောစဉ်း သစ်ခွဲသားတွေ ထွက်တယ်ဗျ" ဆိုပြီး ကျွန်တော်၏ မိတ်ဆွေ ခွဲစိတ် အထူးကု ဆရာကြီးက ရှင်းပြပေးနေ၏။

"သစ်ခွဲသားပဲဗျာ၊ ဘယ်လို ပုံစံပဲ ထွက်လာ ထွက်လာ အတူတူပဲ မဟုတ်လား"

အခြား တစ်ဦးက မေးလာပြန်သည်။

"ဟာဗျာ၊ ဘယ်မှာ တူမှာလဲ၊ ကျွန်တော်တို့ မြန်မာတွေကတော့

ကျွန်း ခွဲသားဆိုရင် အကြောစဉ်းတွေကို ဖြတ်ပြီး ခွဲထားတဲ့ သစ်ခွဲသား ကိုမှ အကွက်တွေ ပေါ်တယ်ဆိုပြီး ကြိုက်ကြတာ၊ နိုင်ငံခြားသားတွေ ကတော့ မကြိုက်ဘူးဗျာ၊ သစ်ကြောလေးတွေ မျဉ်းပြိုင် ဖြစ်နေမှ အကြောစဉ်းသစ် ဆိုပြီး ဈေးပိုပေးကြတာ၊ ဥပမာဗျာ ယနေ့ ပေါက်ဈေး နဲ့ ပြောရရင် ကျွန်းသစ်ခွဲသား ( ၆ လက်မ × ၂ လက်မ) တစ်တန်ကို ရိုးရိုးဆိုလျှင် အမေရိကန် ဒေါ်လာ ၂၀၀၀ ဈေး လောက် ရှိတယ်။ အကြောစဉ်း (Quater-Saw) ဆိုရင် ခွဲသား တစ်တန်ကို အမေရိကန် ဒေါ်လာ ၃၆၀၀ မှ ၄၀၀၀ အထိ ဈေးရတယ်။ နှစ်ဆပေါ့ဗျာ ဒါက သစ်က သည်သစ်ပဲ ခွဲစိတ်မှု ပညာ သုံးလိုက်တာနဲ့ ဈေးနှုန်း ၂ ဆ ပိုရတယ်။

"ဘယ်သူတွေက ဘာသုံးဖို့ ဒီလို ဈေးပိုပေးပြီး ဝယ်ကြတာလဲ ဗျာ" ကိုမြဦးက ဝင်ပြီး ဆွေးနွေးလာပြန်၏။

"ဒီ ကျွန်းသစ်တွေကို အမေရိကန်၊ ပြင်သစ်၊ ဟောင်ကောင်၊ အင်္ဂလန် တို့မှာ အပျော်စီး သင်္ဘောလေးတွေ လုပ်ပြီး ရောင်းကြတယ်။ ဒီလို အကြောစဉ်း ကျွန်းသစ်လေးတွေကို ကြမ်းခင်း အဖြစ် သုံးတယ် ပြောတာပဲ။ အကြောစဉ်း သစ်ခွဲသားကမှ ပိုလည်း ခိုင်တယ်။ ပိုလည်း လှတယ်ပေါ့ဗျာ။ သူတို့က မိန်းကလေးကိုပဲ မျက်လုံးလေးကပြာမှ၊ ဆံပင်လေးက ရွှေရောင် တောက်နေမှ လှတယ် ထင်ကြတာပဲ။ ဟဲ... ဟဲ..."

"သူတို့ မျက်စိနဲ့ သူတို့ အလှပေါ့ဗျာ။ ကျွန်ုပ်တို့ကတော့ ဒေါ်လာပိုရရင် ပြီးတာပဲ။ သူတို့ ကြိုက်သလို၊ ခိုင်းသလို ခွဲပေးကြရ မှာပဲ၊ နိုင်ငံတော်မှာလည်း တစ်နှစ်မှာ ကျွန်းခွဲသား တန် ၁၀၀၀ ရောင်းရ လျှင် ရိုးရိုးခွဲပြီး ရောင်းရင် ဒေါ်လာ နှစ်သန်း ဝင်ငွေရတယ်။ အကြောစဉ်း ဖြစ်အောင် ခွဲပြီး ရောင်းလျှင် ဒေါ်လာ လေးသန်း ရတယ် ဆိုတော့ ဒီသစ်ကို ခွဲပြီး ရောင်းရတာချင်း အတူတူ၊ နိုင်ငံခြားငွေ ပိုရတာပေါ့" ဆိုပြီး အထူးခွဲစိတ် ဆရာကြီးက ရှင်းပြလိုက်တော့၏။

"သစ်ခွဲတဲ့ အထူးခွဲစိတ် ဆရာကြီးရဲ့ ပညာကလည်း တိုင်းပြည် အတွက် အရေးကြီးပါပေ၏ဟု မှတ်ချက် ပြုလိုက်ကြပါတော့၏"

# နိဂုံး

စာရေးသူသည် မြန်မာနိုင်ငံ၌ စီးပွားရေး လုပ်ကိုင်နိုင်သော အခြေအနေ၊ သယံဇာတ အရင်းအမြစ် (Resources) များကို အမှန်တကယ် စီးပွားရေး လုပ်ငန်းရှင် အမျိုးမျိုးတို့၏ အတွေ့အကြုံ၊ ဗဟုသုတ၊ အမြင်၊ အတွေးတို့ကို တင်ပြခဲ့ပြီး ဖြစ်ပါ၏။ စာဖတ်သူအား ဘာတွေကို လုပ်ပါ၊ ဘာတွေကို ရှောင်ပါ ဆိုပြီး အဆိုအမိန့်တွေ ပေးသော ဆရာကြီး လုပ်ခြင်း မဟုတ်ပါ။ အမိန့် မပေးပါနှင့်၊ နမူနာ ပြ လုပ်စမ်းပါ ဆိုသော စကားကဲ့သို့ စုဆောင်း ဖော်ပြလိုက်ခြင်း ဖြစ် ပါသည်။ စာဖတ်သူများ အနေဖြင့် စီးပွားရေး အခက်အခဲ အတွင်းမှ ရုန်းထွက်လိုသော ဆန္ဒလေး ဖြစ်ပေါ်လာပြီး ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လျှင် စာရေးသူ၏ ဆန္ဒ ပြည့်ဝပြီး ဖြစ်ပါသည်။ သင်လည်း ဤ စာအုပ်ကို ဖတ်ရကျိုး နပ်သွားပြီဟု ဆိုချင်ပါသည်။ သင်၏ ပင်ကို ဉာဏ်ဖြင့် ဆင်ခြင် သုံးသပ်ပြီး ဆင်းရဲ တွင်းမှ ရုန်းထွက်နိုင်ပါစေဟု ဆန္ဒပြု ရေးသား လိုက်ရပေသတည်း။

ဒေါက်တာသက်လွင်